www.burmeseclassic.com

မောင်ဝံသ

# ရိုးမမြင်မြေမမြင်

ဒုတိယအကြိမ်



ALL THE KING'S MEN

Robert Penn Warren

www.burmeseclassic.com

www.burmeseclassic.com

## မောင်ဝံသ၏ ထုတ်ဝေပြီးစာအုပ်များ

| | | |
|---|---|---|
| ၁။ | ကစ်ဆင်းဂျား (အတ္ထုပ္ပတ္တိ) | ၁၉၇၃၊ ၁၉၇၃၊ ၁၉၇၄ |
| ၂။ | မိုရှေဒါယန် (အတ္ထုပ္ပတ္တိ) | ၁၉၇၄၊ ၁၉၇၆၊ ၂၀၀၂ |
| ၃။ | နစ်ဆင် (အတ္ထုပ္ပတ္တိ) | ၁၉၇၄ |
| ၄။ | ပြည်သူ့သမ္မတအာယန်းဒေး(သို့) ချီလီပြည်မှကြယ်နီ (အတ္ထုပ္ပတ္တိ) | ၁၉၇၅ |
| ၅။ | အီဂျစ်သမ္မတဆဒတ် (အတ္ထုပ္ပတ္တိ) | ၁၉၇၅၊ ၁၉၇၇ |
| ၆။ | သမ္မတကတော်၏ဘဝခရီး (အတ္ထုပ္ပတ္တိ) | ၁၉၇၆ |
| ၇။ | မာရှယ်တီတိုး (အတ္ထုပ္ပတ္တိ) | ၁၉၇၇၊ ၁၉၈၀ |
| ၈။ | မြန်မာချစ်သော မောင့်ဘက်တန် (အတ္ထုပ္ပတ္တိ) | ၁၉၇၈ |
| ၉။ | ခရုးရှက် (အတ္ထုပ္ပတ္တိ) | ၁၉၇၉ |
| ၁၀။ | ကစ်ဆင်းဂျား၏ အိမ်ဖြူတော်နှစ်များ | ၁၉၈၁ |
| ၁၁။ | မိုးမမြင် မြေမမြင် (နိုင်ငံရေးနောက်ခံဝတ္ထု ဘာသာပြန်)* | ၁၉၈၁ |
| ၁၂။ | ခေတ်ပြိုင်ကမ္ဘာ့ရေးရာအဘိဓာန် | ၁၉၈၂ |
| ၁၃။ | ကစ်ဆင်းဂျား၏ ကသောင်းကနင်းနှစ်များ | ၁၉၈၃ |
| ၁၄။ | စတီးဝဲလ်နှင့် မြန်မာပြည်စစ်မျက်နှာ | ၁၉၈၄ |
| ၁၅။ | ရှေ့နေကြီး ပယ်ရီမေဆင်နှင့် ခွေးအူသံအမှု | ၁၉၇၉ |
| ၁၆။ | .................... နှုနစ်လွှာပိုဖြူအမှု | ၁၉၈၀ |
| ၁၇။ | .................... တေလေမအမှု | ၁၉၈၀ |
| ၁၈။ | .................... လှို့ဝှက်သောစာရေးဆရာမအမှု | ၁၉၈၀ |
| ၁၉။ | .................... သေနတ်ကိုင်သောကလေးအမှု | ၁၉၈၀ |
| ၂၀။ | .................... ကတ္တီပါလက်သည်းအမှု | ၁၉၈၁ |
| ၂၁။ | .................... စားပွဲထိုးမကလေးအမှု | ၁၉၈၁ |
| ၂၂။ | .................... ခြေရာပျောက်သက်သေအမှု | ၁၉၈၁ |
| ၂၃။ | .................... ကချေသည်မအမှု | ၁၉၈၂ |
| ၂၄။ | .................... ဆေးလိပ်သည်မလေးအမှု | ၁၉၈၂ |
| ၂၅။ | .................... အစားထိုးမျက်နှာအမှု | ၁၉၈၃ |
| ၂၆။ | .................... လက်နှိပ်စက်စာရေးမအမှု | ၁၉၈၃ |
| ၂၇။ | .................... နှစ်ခြမ်းကွဲအိမ်ကြီးအမှု | ၁၉၈၃ |
| ၂၈။ | .................... အမွေခံအိမ်ကြီးအမှု | ၁၉၈၄ |
| ၂၉။ | .................... အိုင်အိုယူလူသတ်မှု | ၁၉၉၂ |
| ၃၀။ | .................... လင်ကွာမလေးအမှု | ၁၉၉၃ |
| ၃၁။ | အရှင်ဇနကာဘိဝံသ၏ အနာဂတ်သာသနာရေးမျှော်မှန်းချက်များ | ၁၉၉၃ |
| ၃၂။ | ကြယ်များဆီသို့ (အာကာသသိပ္ပံဘာသာပြန်) | ၂၀၀၂ |

ယခုလ

* မိုးမမြင်မြေမမြင် (တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

# မိုးမမြင် မြေမမြင်

မောင်ဝံသ

BURMESE CLASSIC

## *All The King's Men*

**by Robert Penn Warren**

**A Modern Classic and Winner of a Pulitzer for Fiction**

ဒေါင်းစာပေ
၁၁၃/၃၃ လမ်း၊ ရန်ကုန်။ ဖုန်း- ၃၇၃၂၁၀

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်ခြင်း

| | |
|---|---|
| ပထမအကြိမ် | ၁၉၈၁၊ စက်တင်ဘာလ |
| ဒုတိယအကြိမ် | ၂၀၀၂၊ စက်တင်ဘာလ |

မုခ်ကြည်ချက်စာပေ၊ ဦးကျော်ဟင် (၀၅၁၀)၊ ၁၁၁/၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်က စာမူခွင့်ပြုချက် အမှတ် ၄၆/၂၀၀၂/ (၅) နှင့် မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၅၁/၂၀၀၂/ (၇) အရ ပုံနှိပ်ထုတ်ဝေသည်။ မျက်နှာဖုံးနှင့် အတွင်း စာသားပုံနှိပ်သူ-ဒေါ်ဘင်ရီ (၀၂၈၃၉)၊ နန်းသစင် ပုံနှိပ်တိုက်၊ ၁၉၆၊ ၃၉ လမ်း၊ ရန်ကုန်။ အဖုံးရိုက် နောင်စိုး။

အုပ်ရေ ၅၀၀၊ တန်ဖိုး ၆၀၀ ကျပ်။


www.burmeseclassic.com

www.burmeseclassic.com

## မောင်ဝံသ၏ အစီရင်ခံစာ

ဤဝတ္ထုနှင့် ပတ်သက်၍ စာဖတ်ပရိသတ်ထံ တလေးတစား အစီရင်ခံလိုသော အချက် သုံးချက် ရှိပါသည်။

ပထမအချက် တင်ပြလိုသည်မှာ ဤဝတ္ထုသည် အမေရိကန်နိုင်ငံမှ အထင်ရှားဆုံး သတင်းစာဆရာ စာရေးဆရာများအနက် ရှေ့တန်းမှ ရှိခဲ့သည့် ရောဘတ်ပင်းဝါးရင်း၏ ခေတ်သစ် ဂန္ထဝင်မြောက်ဝတ္ထုဖြစ်ပြီး ၁၉၄၆–၄၇ ခုနှစ်က ဝတ္ထုစာပေဆိုင်ရာ ပူလစ်ဇာဆုကြီး ဆွတ်ခူးခဲ့ကာ ရုပ်ရှင်ရိုက်ကူးသည့် အခါ၌လည်း အော်စကာဆုများ ဆွတ်ခူးခဲ့ကြောင်း ဖြစ်ပါသည်။

ဒုတိယအချက်မှာ ဤဝတ္ထု၏ ဩဇာကြီးခဲ့ပုံ ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က ထုတ်ဝေခဲ့သော (All The King's Men) ခေါ် ဤဝတ္ထု၏ ခေါင်းစဉ်ကို အမှတ်မထင် ဖြစ်ခဲ့သူများအဖို့ ၁၉၇၄ ခုနှစ်က ဟိုးလေးတကျော် ထင်ရှားခဲ့သော All The President's Men ဟူသော စာအုပ်နှင့် ရုပ်ရှင်ကိုသာ မှတ်မိကြလိမ့်မည် ဖြစ်ပါသည်။

All The President's Men မှာ ဝုဒ်ဝပ်ဒ်နှင့် ဘန် စတိန်းခေါ် ဝါရှင်တန်ပို့စ် သတင်းစာမှ သတင်းထောက် နှစ်ယောက် ထိုစဉ်က အမေရိကန် သမ္မတ နစ်ဆင်၏ ဝါးတားဂိတ် အရှုပ်တော်ပုံကို ထောက်လှမ်းစုံစမ်း သတင်းရေး ဖော်ထုတ်နိုင်ခဲ့ပြီးနောက် သူတို့၏ အတွေ့အကြုံများကို စာအုပ်ပြန်ရေးခဲ့ခြင်း ဖြစ်သည်။ (ထိုစာအုပ်ကို ကျွန်တော်တို့၏ လွမ်းဆွတ်ရသော မိတ်ဆွေကြီး ကွယ်လွန်သူ ဦးကျော်တင့်က 'သမ္မတနှင့် သူ့လူများ' ဟူသော ခေါင်းစဉ်ဖြင့် မြန်မာပြန်ဆို ထုတ်ဝေခဲ့ပါသည်။)

အစွဲဆုံး စာအုပ် တစ်အုပ်ဖြစ်ခဲ့သော All The President's Men ခေါင်းစဉ်သည် စင်စစ်အားဖြင့် ယခု ကျွန်တော် မြန်မာပြန်တင်ပြသည့် All The King's Men ဝတ္ထုခေါင်းစဉ်ကို အမှီပြု၍ ဉာဏ်ကွန့်ထားခြင်း ဖြစ်ပါသည်။ King နေရာတွင် President ထည့်လိုက်ခြင်းသာ ဖြစ်ပါသည်။

All The President's Men က တကယ့်အဖြစ်အပျက်ဖြစ်ပြီး All The King's Men မှာ စိတ်ကူးယဉ် ထိုးဇာတ်ဝတ္ထု ဖြစ်သည့်တိုင်အောင် ထိုးဇာတ်ဝတ္ထု၏ ခေါင်းစဉ်ကို တကယ့် အဖြစ်အပျက် စာအုပ်က မှီးရသည်အထိ ဩဇာကြီးခဲ့ပုံကို ထောက်ချင့်ကြည့်နိုင်ပါသည်။ ခေတ်အဆက်ဆက် မရိုးနိုင်ဘဲ အသက်ဝင်

www.burmeseclassic.com

www.burmeseclassic.com

နေမည့် ကိုယ်စားပြု ဇာတ်ကောင်များကို ဤဝတ္ထုတွင် စာဖတ်ပရိသတ်များ တွေ့ရသောအခါတွင် အဘယ်ကြောင့် ဤဝတ္ထု ဩဇာကြီးမားခဲ့ကြောင်းကို သဘောပေါက်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

တတိယအားဖြင့် ကျွန်တော် တင်ပြလိုသည့် အချက်မှာ ဤဝတ္ထုအပေါ်တွင် မြန်မာပြန်သူ၏ ခံစားချက် ဖြစ်ပါသည်။

ကျွန်တော်သည် ရသဝတ္ထုရေးသားခြင်းသော်လည်းကောင်း၊ ရသဝတ္ထု မြန်မာပြန်ဆိုခြင်းသော် လည်းကောင်း နည်းပါးလှပါသည်။ သတင်းစာဆရာ တစ်ယောက်နှင့် အနီးစပ်ဆုံးဖြစ်သော အဖြစ်အပျက်များကို ရေးသားတင်ပြသည့် ဘက်၌သာ အားသန်ခဲ့ပါသည်။

ယခု ဤဝတ္ထုကို ကျွန်တော် ဖတ်မိသောအခါ၌မူ မဖြစ်မနေ မြန်မာပြန်လိုသောဆန္ဒ ပြင်းပြစွာ ပေါ်ပေါက်လာသည်အထိ ဤဝတ္ထု၏ ‘ဖမ်းစားခြင်း’ ကို ခံခဲ့ရပါသည်။

မူရင်းစာအုပ်ရေးသူ ရောဘတ်ပင်းဝါးရင်းမှာ သတင်းစာဆရာ၊ စာရေးဆရာ၊ ကဗျာဆရာအဖြစ် သုံးဖက်သုံးတန်၌ အောင်မြင်ထင်ရှားသူ ဖြစ်ပါသည်။ သတင်းစာဆရာ တစ်ယောက်ကရေးသော ရသဝတ္ထုလည်းဖြစ်၊ နိုင်ငံရေးနောက်ခံနှင့် နိုင်ငံရေး ဇာတ်ကောင်များ လှုပ်ရှားပါဝင်ထားသော ဇာတ်လမ်းလည်း ဖြစ်သဖြင့် ကျွန်တော် ပို၍ အလေးအနက်စွဲလမ်းခဲ့ပါသည်။

အထူးသဖြင့် ဤဝတ္ထုထဲမှ ဇာတ်ကြောင်းပြန်ပြောသူ (ကျွန်တော်) ဇာတ်ကောင် ဖြစ်သော သတင်းစာဆရာ ဂျက်ဘာဒင်၏စရိုက်ကို မြန်မာပြန်သူ အနေဖြင့် နီးစပ်စွာ ထိတွေ့ခံစားမိပါသည်။

ဂျက်ဘာဒင်သည် ပုဂ္ဂိုလ်ရေးဘဝ ရည်မှန်းချက် ကြီးကြီးမားမား ထားသူ မဟုတ်။ ပတ်ဝန်းကျင်လောကကြီးမှာ ကောင်းတာတွေ ဖြစ်နေဖို့သာ လိုလားသည်။ သူကိုယ်တိုင် ခေါင်းဆောင် တက်လုပ်လိုသူမဟုတ်။ သူမျှော်လင့်ချက်ထားသော ခေါင်းဆောင်တစ်ယောက်၏ အနီးကပ် မိတ်ဆွေအဖြစ် နေထိုင်ပြီး ကောင်းရာကောင်းကြောင်းတွေဖြစ်လာအောင် တတ်အားသမျှ ကူညီလုပ်ကိုင်ပေးလိုသူမျှသာ ဖြစ်သည်။

ဤဝတ္ထုသည် ဝတ္ထုကောင်းတစ်ပုဒ် အနေဖြင့် ဇာတ်အိမ်ဖွဲ့စည်းမှု စလယ်ဆုံး ကောင်းမွန်ပြည့်စုံရုံမျှမက လူ့သဘာဝ လူ့စရိုက် သရုပ်ဖော်ရာ၌လည်း အတွေးသစ် အမြင်သစ်များကို ပေးနိုင်စွမ်းရှိသည်ဟု ကျွန်တော် ယုံကြည်ပါသည်။

**မောင်မိုးသ**

**ရန်ကုန်မြို့**
**၁၉၈၁၊ မတ်လ ၁ ရက်**

www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယအကြိမ် ပုံနှိပ်ခြင်းအတွက် စာရေးသူ၏ အမှာ

'မိုးမမြင် မြေမမြင်' ဘာသာပြန်စာမူကို ၁၉၈၁ ခုနှစ် စက်တင်ဘာလတွင် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့၍ ယခု ဤအမှာစာကို ရေးချိန်တွင် နှစ် ၂၀ ဘင်းတင်း ကြာခဲ့ပြီ ဖြစ်ပါသည်။

မူရင်းဝတ္ထုရေးသူအကြောင်းနှင့် မူရင်းဝတ္ထု၏ သြဇာကြီးမားခဲ့ပုံများကို ပထမအကြိမ် ပုံနှိပ်ခြင်းအမှာစာတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထိုအမှာစာထဲမှ ကျွန်တော်၏ ထင်မြင်ချက်များကို ယခု ထပ်မံအတည်ပြုပါသည်။

ဤဝတ္ထုကို ဘာသာပြန်စဉ်က ကျွန်တော်သည် သတင်းစာ အယ်ဒီတာ တစ်ဦးဖြစ်၍ ယခုအခါ အငြိမ်းစားတစ်ဦး ဖြစ်နေပါပြီ။

စာဖတ်သူလည်း ဂျက်ဘာဒင် ပြောပြသော ဇာတ်ကြောင်းကို နှားဆောင်ပြီး သူနှင့်အတူ ဝေမျှခံစားနိုင်ကြလိမ့်မည်ဟု ကျွန်တော် မျှော်လင့်ပါကြောင်း။

**မောင်ဝံသ**

ရန်ကုန်မြို့
၂၀၀၁၊ ဩဂုတ် ၂၇

www.burmeseclassic.com

www.burmeseclassic.com

## ဉာဏ်ပွင့်မှု အတွေးအခေါ် ကောက်နုတ်ချက်များ

There is a lot of things you never get if you wait till you are aksed.

ယူပါတော့လို့ ပြောတဲ့အထိ စောင့်နေရင် ဘယ်တော့မှ မရတာ များတယ်။

*   *   *

There is nothing but dirt on this green earth, except there is water, and there is dirt under the water too.

ဟောဒီ စိမ်းလန်းတဲ့ ကမ္ဘာကြီးပေါ်မှာ အညစ်အကြေး အပုပ်အဆွေးတွေကလွဲရင် ဘာမှ မရှိပါဘူး။ ရေရှိတဲ့ နေရာတွေက လွဲရင်ပေါ့လေ။ ဒါတောင် ရေအောက်မှာလည်း အပုပ်အဆွေးတွေ ရှိနေတာပါပဲ။

*   *   *

For what reason is a man most likely to do something dishonest?

The answewer is: 'Ambition, Love, Fear, Money.'

လူတစ်ယောက်ဟာ မရိုးသားတဲ့ အလုပ်ကို ဘယ်အကြောင်းကြောင့် လုပ်တတ်ကြသလဲ။

*   *   *

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



(က) ရည်မှန်းချက် ကြီးမားလွန်း၍ [တခြားလူတွေက သူ့ကို ကြီးမြတ်သူဟု အထင်ခံလို၍]၊ (ခ) ကြိုက်မရှက်ဟူသည့် စကားအတိုင်း အချစ်ရေး ရှုပ်ထွေး၍၊ (ဂ) မိမိအား အနှိုင်းရာယ် ပြုမည်ကို ကြောက်တတ်၍၊ (ဃ) ငွေကြေး လိုချင်တပ်မက်၍။ ဒီအကြောင်းတွေကြောင့် လူတွေဟာ မရိုးမဖြောင့်လုပ်တတ် ကိုင်တတ်ကြတယ်။

*　　*　　*

Either killing or creating may be a crime punishable by death and the death always comes by the criminal's own hand and every man is his own destroyer. If a man knew how to live he would never die.

လူသတ်ခြင်း၊ လူဖန်တီးခြင်း နှစ်မျိုးစလုံးဟာ သေခြင်းတရားနဲ့ ပြစ်ဒဏ်ခတ်ခံရနိုင်တဲ့ ပြစ်မှုဖြစ်တယ်။ သေခြင်းတရားဆိုတာ ရာဇဝတ်ကောင်ကိုယ်တိုင်ရဲ့ လက်က ဖြစ်ပေါ်လာတာချည်းပဲ။ လူတိုင်းဟာ သူ့ကိုယ်သူ ပြန်ဖျက်ဆီးသူတွေချည်း။ လူတစ်ယောက်ဟာ ဘယ်လို နေရမယ်ဆိုတာ သိရင် ဘယ်တော့မှ မသေ။

*　　*　　*

He has a picture of the world in his mind, and when the world doesn't fit the picture, he wants throw the world away.

သူ့ရင်ထဲမှာ သူဖြစ်စေချင်တဲ့ ကမ္ဘာကြီးရဲ့ ပုံကားချပ်ရှိတယ်။ တကယ့် ကမ္ဘာကြီးက သူ့ပုံကားချပ်နဲ့ မကိုက်ညီရင် ကမ္ဘာကြီးကိုပဲ သူက လွှင့်ပစ်ချင်တဲ့ လူမျိုး။

*　　*　　*

Politics is always a matter of choices, and there is always a price to make a choice.

နိုင်ငံရေးဆိုတာ စိတ်ကြိုက်လမ်းရွေးကြရတာပဲ။ ရွေးချယ်မှုတိုင်းအတွက် တန်ဖိုးတော့ ပေးရတာချည်း။

*　　*　　*

www.burmeseclassic.com

www.burmeseclassic.com



You cannot lose what you have never had. You are never guilty of a crime which you did not commit.
သင့်မှာ ဘယ်တုန်းကမှ ဘာမှ မရှိခဲ့လျှင် သင်သည် ဆုံးရှုံးမှု မရှိနိုင်။
သင် မကျူးလွန်ခဲ့သော ပြစ်မှုအတွက် သင်သည် ဘယ်တော့မှ အပြစ် မရှိနိုင်။

* * *

We students of history always learn that human being is very complicated and that they are not good or bad but are good and bad and the good comes out of bad and the bad out of good.
ကျွန်တော်တို့ သမိုင်းသမားတွေဟာ လူသားရဲ့ သိမ်မွေ့နက်နဲမှုကို အမြဲလေ့လာကြရတယ်။ လူသားတွေဟာ ကောင်းလည်း မကောင်း၊ ဆိုးလည်း မဆိုးဘူး။ ဒါပေမယ့် လူသားတွေဟာပဲ ကောင်းလည်းကောင်း၊ ဆိုးလည်းဆိုးတယ်။ ပြီးတော့ ဆိုးတာတွေထဲက ကောင်းတာတွေ ထွက်လာတတ်သလို ကောင်းတာတွေထဲက ဆိုးတာတွေ ထွက်လာတတ်ပြန်တယ်။

* * *

Make them cry, or make them laugh, make them think you're their friends, or make them think you're god. Or make them angry. Even angry at you. Make them feel some thing. But don't try to improve their minds.
(ရွေးကောက်ပွဲ တရားဟောတဲ့နေရာမှာ) လူတွေကို ငိုအောင်၊ ဒါမှမဟုတ် ရယ်အောင်လုပ်။ ခင်ဗျားဟာ သူတို့ရဲ့ မိတ်ဆွေရင်းချာလို့ ထင်လာအောင် လုပ်။ ဒါမှမဟုတ် ခင်ဗျားဟာ ကယ်တင်ရှင် ဘုရားတစ်ဆူလိုလို ထင်လာအောင် လုပ်။ ဒါမှမဟုတ် သူတို့ကို စိတ်ဆိုးလာအောင် ဆွပေး။ ဟောပြောနေတဲ့ ခင်ဗျားကိုပဲ ဖြစ်ဖြစ် စိတ်ဆိုးလာအောင်လုပ်။

www.burmeseclassic.com

www.burmeseclassic.com



နာ ထောင်နေတဲ့ ပရိသတ် တစ်ခုခု ခံစားလာရအောင် လုပ်ရမယ်။ ဒါပေမယ့် သူတို့ စိတ်ဓာတ်တွေ တိုးတက်အမြင်ကျယ်လာအောင်ဆိုပြီး ကြိုးစားတာမျိုးတော့ မလုပ်လေနဲ့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

မေဆင်စီးတီးမြို့ကလေး။

မေဆင်စီးတီးသို့ သွားမည်ဆိုလျှင် ပြည်နယ်မြို့တော်၏ အရှေ့မြောက်ဘက်သို့ ၅၈ အဝေးပြေး လမ်းမကြီးအတိုင်း ကားမောင်း၍ သွားရသည်။ လမ်းမကြီးကား လမ်းကောင်း လမ်းသစ်ကြီးတစ်ခုပင်။ သို့မဟုတ်လျှင်လည်း ကျွန်တော်တို့ ခရီးသွားနေစဉ် ထိုနေ့ ထိုရက်၌ လမ်းသစ်ကြီးဖြစ်၍ နေချေသည်။

လမ်းမကြီးတစ်လျှောက် မျှော်ကြည့်လိုက်လျှင် မိုင်ပေါင်းများစွာ ဖြောင့်ဖြူးနေသည်ကို တွေ့ရမည်။ လမ်းဖြူးဖြူးကြီးသည် နေအပူရှိန်ဖြင့် တောက်ပသျက်ရှိသည်။ သို့ဖြစ်၍ လမ်းအလယ်ကြောမှ မျဉ်းကြောင်းအနက်ကြီးများသည် သင်းခနဲ ပေါ်လွင်၍ နေသည်။

ရံဖန်ရံခါ အခြားကားတစ်စီးသည် သင့်ကားဆီသို့ နေရောင် တပြောင်ပြောင်ကြားမှ တူရူပြု၍ ထွက်ပေါ်လာကာ ဝေါခနဲ ဖြတ်သွားလိမ့်မည်။ မိုးကုပ်စက်ဝိုင်းကြီးဆီအထိ ဦးခိုက်သွားသည်ထင်ရသော ဝေးလံလှသော ရှေ့ဆီမှ လမ်းမကြီးသည် တောက်ပလျက် တံလျှပ်များ ထနေတော့သည်။ ထိုနေရာသို့ ရောက်သွားပြန်တော့လည်း ရှေ့ဆီမှာ တံလျှပ်များစွာကို ထပ်မံတွေ့နေရပေဦးမည်။

၅၈ အဝေးပြေးလမ်းမကြီးအပေါ်ဝယ် မိုင်ပေါင်းများစွာ မောင်းနှင်သွားပြီးလျှင် ကျေးလက်လွင်ပြင်ဒေသ ကျယ်ပြောလှသော ဝါစိုက်ခင်းများဆီသို့ ဆိုက်ရောက်လိမ့်မည်။ မြေသားနီနီ တောင်ကုန်းနိမ့်နိမ့်ကလေးများနှင့် ချုံပင် နွယ်ပင်များက ဝါခင်းကြီးကို အနားသတ်ပေးထားသကဲ့သို့ ရှိသည်။

ရှေးရှေးယခင်ကမူ ဤနေရာ ဤဒေသတစ်ခွင်တွင် 'သင်းရှူးတောကြီးများ' ရှိခဲ့ဖူးပါ၏။ ယခုမူကား လုံးဝပျောက်ကွယ်ကုန်ချေပြီ။

(ဒုတိယအကြိမ်)

www.burmeseclassic.com



'လူလွန်မသား' တို့ ဤအရပ် ဤဒေသရောက်လာခဲ့ကြပြီးနောက် သစ်စက်ငယ်များ တည်ဆောက်၊ ရထားလမ်းများ ဖောက်လုပ်ကြသည်မှအစ ထင်းရှူးတောကြီး ပျောက်ကွယ်သွားရခြင်း ဖြစ်သည်။ ထိုလုပ်ငန်းများ ဆောင်ရွက်ကြစဉ်က လုပ်သားများကို တစ်နေ့တစ်ဒေါ်လာနှုန်း အခကြေးငွေဖြင့် ငှားရမ်းဆောင်ရွက်စေခဲ့ကြ၏။ ထို့ကြောင့်လည်း ထိုသစ်စက်များ၌ အလုပ်လုပ်ကိုင်ကြရန် ဟိုမှ သည်မှ အရပ်ရပ်မှ အလုပ်လုပ်လိုသူတို့ လာရောက်ခဲ့ကြ၏။ သို့ဖြင့် ထိုနေရာတစ်ကြောရှိ ထင်းရှူးတောကြီး ရုတ်တရက် ပျောက်ကွယ်သွားခဲ့ရ ခြင်းဖြစ်သည်။ ထင်းရှူးတောကြီး ပြောင်တ...းသောအခါ ထိုနေရာမှ သစ်စက်ကိရိယာများကိုလည်း လူလွန်မသားတို့က ရွှေ့ပြော...ယူသွားကြတော့သည်။ သစ်သယ်ရာ၌ သုံးခဲ့သော ရထားလမ်းသည်ပင် မြက်တောများဖြင့် ဖုံးခဲ့ချေပြီ။

ဤတွင် အလုပ်လက်မဲ့ ကျန်ရှိနေ...သော လုပ်သားကြီးများသည် ပိုင်ရှင်မဲ့ အခွံချည်းကျန်ရှိသည့် သစ်စက်အဆော...ဟောင်းကို ခွာဖျက် ထင်းဆိုက်လိုက်တော့သည်။ လုပ်ခကြေးငွေလ... ပေါက်ရလမ်း မရှိတော့ပြီ။ စက်ပိုင်အလုပ်ရှင် လူလွန်မသားတို့ကား စိန်လက်စွပ တဖွေးဖွေး၊ အဝတ်အစား တပြောင်ပြောင်ဖြင့် ထွက်ခွာသွားကြကုန်သည်။ ကျန်ခဲ့ကြသူ အလုပ်သမားများအနက် အများအပြားမှာ ထိုနေရာ၌ပင် အခြေစိုက် နေထိုင်လိုက်ကြတော့သည်။ ယင်းကဲ့သို့ ကျန်ခဲ့ကြသူ လူပေါင်း ၄၀၀၀ ခန့်နှင့် ၎င်းတို့၏ မျိုးဆက်များ၏ ကျေးရွာဖြင့် မေဆင်စီ တီး မြို့ကလေး ပေါ်ထွန်း လာခဲ့ပေသတည်း။

၅၈ အဝေ ပြေးလမ်းမကြီးအတိုင်း ဆက်မောင်းလာလျှင် ဝါဠမ်းစက်နှင့် လူ...စ်ခံတက်အာပေ စက်ကို တွေ့ကြရမည်။ မြို့စွန်တွင် လူမည်းတို့၏ အိမ်ငယ်က...လေးများ...လည်း ...။ ထိုမှတစ်ဖန် မီးရထားလမ်းကိုကျော်ပြီး လမ်းငယ်တစ်ခုတစ်လျှောက် ဆက်မော... ...င် ယခင်က ဆေးဖြူသုတ်ထားခဲ့ဖူးသော အိမ်ငယ်များကို တွေ့ရမည်။ သစ်... ...းမှ အကိုင်းအခက်အရွယ်များသည် အပူရှိန်ကြောင့် အောက်ဘက်သို့ ကိုင်းကျနေသ... ...ူလွန်းသော ရာသီတွင် သစ်ပင်များထက်မှ ပုစဉ်းရင်ကွဲတို့၏ အသံကိုလည်း ဆူညံစွာ ကြားရမည် ဖြစ်သည်။

ယင်း မြင်ကွင်းများမှာ ယခင် သုံးနှစ်ခန့်က ထိုဒေသသို့ ကျွန်တော် နောက်ဆုံးအကြိ...ရောက်ခဲ့စဉ် ...ွေ့ခဲ့ရသော မေဆင်စီးတီးမြို့ကလေး၏ မြင်ကွင်းဖြစ်ပါ၏။ ထိုက...လမှာ ၁၉၃၆ ခုနှစ် နွေရာသီ ဖြစ်သည်။ ကျွန်တော်သည် ကျွန်တော်၏ 'ဆရာကြီး' နှင့်အတူ ရှေ့ဆုံးကားဖြစ်သော ကာဒီလက်ကားကြီးပေါ်၌ လိုက်ပါခဲ့သည်။ ထိုကားကြီးပေါ်တွင် 'ဆရာကြီး'၊ 'ဆရာကြီး'၏ ဇနီး၊ ကျွန်တော်၊ မစ္စတာဒပ်ဖီ၊ 'ဆရာကြီး' ၏ သားနှင့် ဖိုးသကြား' တို့ ပါရှိခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီး' ကား၏ နောက်မှ လိုက်ရသော ဒုတိယကားမှာ ကျွန်တော်တို့ စီးလာသော ကားကြီးလောက် ခံ့ညားခြင်း မရှိ။ ထိုကားပေါ်တွင် သတင်းထောက်များ၊ ဓာတ်ပုံဆရာ တစ်ယောက်နှင့် 'ဆရာကြီး' ၏ အတွင်းရေးမှူးမကလေး ဆာဒီဘတ်တို့ လိုက်ပါခဲ့ကြ၏။ ထိုနေ့က သူမ၏ တာဝန်မှာ ပါလာသော သတင်းထောက်များနှင့် ဓာတ်ပုံဆရာတို့အား လိုလေသေးမရှိ ပြုစုရန် ဖြစ်သည်။

ကာဒီလက်ကားကြီးကို မောင်းရသူမှာ 'ဖိုးသကြား' ဟု အနွတ္ထသညာ မှည့်ခေါ်ထားခြင်းခံရသူ ဖြစ်၏။ 'ဖိုးသကြား' ကားမောင်းသည်ကို ကြည့်ရသည်မှာ ကြည်နူးဖွယ်ပင်။ [illegible]ဆိုးသဖြင့် ကားမြန်မြန်မောင်းသည်ကို စီးရဲသူ ဖြစ်မှသည်း ကြည်နူးတတ်ပေလိမ့်မည်။ ကျွန်တော်တို့၏ 'ဆရာကြီး' မှာမူ ကားအမြန်မောင်းသည်ကို သဘောကျသူ ဖြစ်၏။ ဆရာကြီးသည် ယာဉ်မောင်း 'ဖိုးသကြား' နှင့် ယှဉ်လျက် [illegible]မ အမြဲစီးလေ့ရှိသည်။ သို့ရာတွင် သူ့ယာဉ်မောင်းလုပ်သူက ရှေ့မှ ကားကြီးမျာ[illegible]ရှီးခနဲ ဖြတ်ကျော်တက်လိုက်လျှင် ဆရာကြီးက သူ့ယာဉ်မောင်းကို ကြည့်ပြီး သွားကို စေ့ပြီး ပြုံးတတ်၏။ ဤအခါမျိုးတွင် 'ဖိုးသကြား' သည် စကားထစ်သူဖြစ်၍ ထစ်ထစ်ငေါ့ငေါ့ပင် အခြေအနေကို ရှင်းပြတတ်၏။

'ဒီ... ဒီ ဒီခွေးမသား၊ ကျွန်...ကျွန်တော်တို့ ကား လာနေတာ သိရက်သားနဲ့ လမ်း... လမ်း လမ်းမပေးချင်ဘူး'

သူ့အကြောင်း သိသူများက ကားမောင်းသော ကိစ္စတွင် သူ့ကို မည်သူမျှ ဆန့်ကျင်ဆွေးနွေးခြင်း မရှိကြ။ အခြား အကြောင်းတစ်ခုလည်း ရှိသေး၏။ 'ဖိုးသကြား' သည် ဘယ်ဘက်လက်မောင်းအောက်[illegible]ကြားတွင် သေနတ်အမြဲဆောင်ထားတတ်သူဖြစ်လျက် လက်လည်း [illegible]မြန်သည်။

လူပုံပန်းမှာကား 'ဖိုးသကြား' [illegible]အရပ်အမောင်းသည် ၅ ပေ ၂ လက်မခန့်သာ ရှိ၏။ ၂၇ နှစ်၊ ၂၈ [illegible]ပင် မကျော်သေးသော်လည်း ထိပ်ပြောင်လုမတတ် ဆံပင်ကျွတ်နေသူ ဖြစ်သည်။ သူ၏ ထူးခြားချက်တစ်ခုမှာကား လည်စည်းအနီ အမြဲစည်းထားခြင်း ဖြစ်သည်။ သူ၏ အမည်မှန်မှာ 'အိုရှိန်း' ဖြစ်သည်။ သို့သော် အချိုကြိုက်လွန်းသဖြင့် သူ့အား 'ဖိုးသကြား' [illegible] ခေါ်နေကြခြင်း ဖြစ်၏။ သွားလေရာရာ သူ၏ အိတ်ထဲတွင် [illegible]ကြား[illegible]လုံးများအပြည့်ပါသည်အထိ အချိုကြိုက်လှသည်။

ဆရာကြီး၏ သားအမည်မှာ တွမ်ဖြစ်ပြီး ရှေ့ခန်းတွင် ဆရာကြီးနှင့်အတူ ထိုင်၏။ ထိုအချိန်က တွမ်သည် အသက် ၁၈- ၁၉ ခန့်သာ ရှိသေး၏။ သို့သော် အရွယ်ရင့်သဖြင့် ထို့ထက်မကကြီးပြီဟု ထင်ရသည်။ ထွားထွားကျိုင်းကျိုင်း

www.burmeseclassic.com

www.burmeseclassic.com



မောက်မောက်လည်း သူတန်ခေ ယောက်ျားပီသသူ ဖြစ်သည်။ လက်ရွေးစင် ဘောလုံးသမားတစ်ဦးလည်း ဖြစ်သည်။ ဘောလုံးသမားကောင်းဖြစ်၍လည်း သူ့အနည်း ဘောင်းဘီ မကြာခဏ ပါလာတတ်သည်။

ဆရာကြီး၏ ဇနီးအမည်မှာ လူစီစတာ့ခ် ဖြစ်၏။ ဆရာကြီး၏ ဇနီး လူစီစတာ့ခ်၊ မစ္စတာဒပ်ဖီနှင့် ကျွန်တော်တို့ သုံးဦးက နောက်တန်းတွင် ထိုင်သည်။ ဆရာကြီး၏ ဇနီးက အလယ်မှ ထိုင်၏။ ထိုနေ့က ကျွန်တော်တို့ အုပ်စုမှာ အပျော်ခရီးထွက်သူ တစ်စုတို့၏ ခံစားမှုမျိုး မရှိခဲ့ပါ။ စကားပြောရန်ပင် ရာသီဥတုက မှုပြင်းလှသဖြင့် ပျော်စရာခရီးဟု မဆိုနိုင်ပါချေ။

ကျွန်တော်သည် တစ်လမ်းလုံး လမ်းမကြီး တစ်လျှောက်နှင့် ကျွန်တော်တို့ ဖြတ်ကျော်တက်ခဲ့သော ကားများကိုသာ တစ်စီးပြီး တစ်စီး ကြည့်ကာလိုက်လာခဲ့၏။

မစ္စတာဒပ်ဖီနှင့် မစ္စက် လူစီစတာ့ခ်တို့ နှစ်ဦးကား မျက်နှာကြောတည့်ကြသူများ မဟုတ်။ ဆရာကြီး၏ ဇနီးသည် တစ်လမ်းလုံးစဉ်းစားလာဟန်တူ၏။ သူ့တွင် စဉ်းစားရန် ကိစ္စ အများအပြားရှိသည် မဟုတ်ပါလား။

လူစီ ပျို့ရွယ်စဉ်ကာလ မေဆင်စီးတီးမြို့တွင် ကျောင်းဆရာမ အလုပ်လုပ်ခဲ့စဉ်မှသည် ယနေ့အထိ အဖြစ်အပျက်များအကြောင်း စဉ်းစားလာဖွယ်ရှိပါ၏။ လူစီသည် ကျောင်းဆရာမ ဘဝမှာပင် ကျေးတောသား လယ်သမားကလေး တစ်ဦးကို လက်ထပ်ယူခဲ့၏။ ခြေလက် တုတ်တုတ်ခိုင်ခိုင်၊ နဖူးပေါ် ဝဲကျနေသော ဆံပင်ညိုမှောင်မှောင်၊ နေလောင်ထားသော အသားအရေတို့ဖြင့် လယ်သမားငယ် တစ်ဦး၊ သူ၏ မျက်လုံးမှာကား ဈူးရှသည်။ လူစီကို ကြည့်လေသည့် အခါတိုင်း ထိုမျက်လုံးများထဲ၌ ‘ခိုင်မာသော အချစ်နှောင်ထုံးဖွဲ့မှု’ ကို တွေ့ခဲ့ရပေလိမ့်မည်။ ထိုနောက်ပိုင်း ပေါ်ပေါက်လာခဲ့သော များစွာသော အပြောင်းအလဲများ။

လူစီအဖို့ စဉ်းစားစရာတွေ အများကြီးရှိနိုင်ပါသည်။

ထိုနေ့ကား စနေနေ့ မွန်းလွဲပိုင်း ဖြစ်သည်။

မေဆင်စီးတီးမြို့၏ ပန်းခြံကြီးမှာ ပရိသတ်များဖြင့် စည်ကားလျက်ရှိသည်။ စားသောက်ဆိုင် တစ်ဆိုင်ရှေ့၌ ကားရပ်လိုက် ပြီးနောက် ကျွန်တော်တို့ အားလုံးဆင်းကြသည်။ ကျွန်တော့်ဆရာကြီးက သူ့ဇနီး ဆိုင်ထဲဝင်နိုင်ရန်အတွက် တံခါးစောင့်ဖွင့်ပေးသည်။ လူစီ ပထမဝင်ပြီးမှ ဆရာကြီး ဝင်လိုက်သည်။ ထို့နောက် ကျွန်တော်တို့ ဝင်လိုက်ကြသည်။

ဆိုင်အတွင်း၌ လူအတော်များများ ရှိနေ၏။ ဆရာကြီးက ထိုလူတွေကြား၌ ဦးထုပ်ကို ကိုင်လျက် ရပ်နေသည်။ တစ်မိနစ်ခန့် ထိုအတိုင်းရပ်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဆရာခဲမှန့် လိုက်ချပေးနေသော စားပွဲထိုး မိန်းကလေးတစ်ယောက်က ဆရာကြီးကို တွေ့သွားကာ ချက်ချင်း မှတ်မိသွားသည်။ မိန်းကလေးသည် စိတ်လှုပ်ရှားစွာဖြင့် အတွင်းခန်းထဲ ဖျတ်ခနဲ ဝင်ပြေးကာ ပိုင်ရှင်ကို သတင်းပို့ဟန်တူသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် ပိုင်ရှင်နှင့်တူသူ တစ်ဦး အတွင်းခန်းမှ ဒရောသောပါး ထွက်လာပြီး အော်ဟစ်လိုက်သည်။

"အလို... ဝီလီပါလား..."

ပြောပြောဆိုဆို ပိုင်ရှင်က ဆရာကြီးကို လက်ဆွဲနှုတ်ဆက်လျက် ဆိုင်ထဲရှိ လူထုနှင့် မိတ်ဆက်လိုက်၏။

"လူကြီးမင်းများခင်ဗျား၊ ဟောဒီမှာ ဒီပုဂ္ဂိုလ်ကြီးဟာ ဝီလီပါပဲ"

အသက် သုံးနှစ်ကျော်ပြီးသူတိုင်း သူ မည်သူ ဆိုသည်ကို သိနေကြသည်။ အကယ်၍ ဝီလီဟူသည် အဘယ်သူနည်း...ဟု မသိသူရှိပါကလည်း နံရံထက်ရှိ ဓာတ်ပုံကြီးကို မော့ကြည့်လိုက်ရုံဖြင့် သိနိုင်၏။ ဓာတ်ပုံထဲမှ ဝီလီသည် ကြည့်သူကို ရူးရူးဝါးဝါး ပြန်ကြည့်နေပေလိမ့်မည်။

ထိုဓာတ်ပုံကြီး၏အောက်၌ အောက်ပါ စာတန်းကိုလည်း တွေ့နိုင်ပါ၏။

"ပြည်သူတို့ရဲ့ နှလုံးသားကို ကျွန်တော် အမြဲနားလည်အောင် လေ့လာပါတယ်" ဟူ၏။

ထိုစာတန်းအောက်တွင် ဝီလီစတာ့ခ်ဟု လက်မှတ်ထိုးထားသည်ကို တွေ့ရမည်။

ဤဓာတ်ပုံမျိုးကို ကျွန်တော်သည် နေရာပေါင်း ထောင်ပေါင်းများစွာ၌ တွေ့မြင်ပြီး ဖြစ်ပါ၏။

ထိုအချိန်တွင် ပရိသတ်ထဲမှ တစ်ယောက်က လှမ်းအော်နှုတ်ဆက်၏။

"ဗျို့... ဝီလီ..."

အသံလာရာဆီသို့ ဆရာကြီးက လှမ်းကြည့်ပြီး လက်ကမ်းလိုက်၏။ လှမ်းနှုတ်ဆက်သူမှာ အသက်အရွယ် အိုမင်းပြီဖြစ်သော သားရေရောင် မျက်နှာနှင့် အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး၊ အသားအရေ ရှုတ်တွတွ ဝတ်စုံပြာ ဝတ်ဆင်ထားသူ ဖြစ်၏။ ဆရာကြီးက ထိုပုဂ္ဂိုလ်ထံအရောက် လက်ကမ်းပေးလျက် နာမည်ကို ... ၁ နှုတ်ဆက်သည်။

"နေကောင်းတယ်နော်၊ မာလက်စီယာ..."

"ကောင်းပါ့ဗျာ..."

"ခင်ဗျား သားကောဗျ"

"သားကတော့ မနိပ်ပါဘူးဗျာ..."

www.burmeseclassic.com

www.burmeseclassic.com



"ဖျားနေလို့လား…"

"မဟုတ်ဘူး… ထောင်ထဲရောက်နေတယ်လေ"

"ဘုရားရေ… ထောင်ထဲရောက်နေတယ်၊ ဘယ်လိုဖြစ်လို့လဲဗျာ၊ ခင်ဗျား သားလို လူကောင်းကလေးတွေကိုမှ ထောင်ထဲသွင်းနေကြတာ ဒီနယ်က လူတွေ ဘယ်လိုဖြစ်ကြတာလဲ"

"အင်း… ကလေးကတော့ လူကောင်းကလေးပါပဲ၊ ဒါပေမယ့် ရန်ဖြစ်တယ်ဆိုတော့လည်း သူလုပ် ကိုယ်လုပ် လုပ်ကြရင်း ကလေးကပဲ ထိုးတယ် ထင်ပါရဲ့ဗျာ၊ သူ့စားချက်နဲ့ သူ့ရန်ဘက် သေသွားရှာတယ်"

"အင်း… ကံအကြောင်းမလှဘူး ဆိုရမှာပေါ့လေ"

"ကျွန်တော် အခု သူ ထောင်ကျရတာကို မကျေနပ်လို့ ပြောနေတာ မဟုတ်ပါဘူး၊ ရန်ပွဲဆိုတော့လည်း ဒီလိုပဲပေါ့"

"အေးပါဗျာ… ခင်ဗျား ချာတိတ်ကို အားပေးပါ၊ အားမလျှော့ပါနဲ့ဦးလို့"

"ဟာ… မဟုတ်ဘူး၊ သူကိုယ်တိုင်ကလည်း အယူခံတွေ ဘာတွေ မလုပ်ပါဘူး"

ဤအချိန်၌ ဆရာကြီးသည် စကားဖြတ်ပြီး လှည့်ထွက်ရန် ဟန်ပြင်လိုက်ပြီ ဖြစ်၏။ သို့သော် သားရေရောင် မျက်နှာနှင့် အဘိုးကြီးက နံရံပေါ်မှ ခါတ်ပုံကြီးကို လှမ်းကြည့်လျက် ပြောလိုက်သေးသည်။

"ဝီလီ၊ ခင်ဗျား ဟိုခါတ်ပုံထဲမှာ ကြည့်ရတာ အလိုမကျသလို ဘာလိုလို ပါလား"

"ဟုတ်တယ်ဗျ၊ လွှတ်တော်ထဲက ဟိုအမတ်တစ်သိုက် သဘောပေါက်လောက်အောင် ပြောရဆိုရလွန်းလို့ ဘဝင်မကျ ဖြစ်နေခဲ့တာ အမှန်ပဲ"

"ဒါဆိုလည်း ဒီလူတွေကို အပြတ်တိုက်ပစ်ပေါ့ ဝီလီ" ဟု ပရိသတ်ထဲက တစ်ယောက်က လှမ်းအော်လိုက်သည်။

"စိတ်ချ–စိတ်ချ၊ ဒီလူတွေကို ကျုပ်တိုက်ပါမယ်၊ အောင်ပွဲလည်း ခံပါ့မယ်" ဝီလီက ယင်းသို့ စကားပြန် အဖြေပေးရင် ဆိုင်ပိုင်ရှင်ဘက် လှည့်လိုက်ပြီး ကျွန်တော်တို့ လူစုအတွက် အအေးသောက်ရန် မှာလိုက်၏။

ထိုအချိန်တွင် ဆိုင်အပြင်၌ ရောက်နေကြပြီဖြစ်သော ပရိသတ်ကြီးက အော်ဟစ် တောင်းဆိုလျက် ရှိနေ၏။ ဝီလီအပြင်ထွက်၍ လူလုံးပြရန်နှင့် မိန့်ခွန်းပြောရန် တောင်းဆိုကြခြင်း ဖြစ်သည်။

"ကျုပ် ဒီကိုလာတာ မိန့်ခွန်းပြောဖို့ မဟုတ်ဘူးဗျို့၊ ကျုပ် အဖေကို လာတွေ့တာ" ဝီလီက မတ်တတ်ရပ်လျက် အအေးသောက်ရင်း ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပြောသည်ဖြစ်စေ အအေးတစ်ခွက် သောက်ပြီးချိန်တွင်ကား ဝီလီသည် တံခါးဖွင့်လျက် လှုအုပ်ကြီးဆီ သွားမိလျက်သား ဖြစ်နေ၏။ ဝီလီ ထွက်လာသည် ဆိုလျှင်ပင် လှုအုပ်ကြီးကလည်း လမ်းရှဲပေး၏။ ကျွန်တော်တို့ လှုစုပါ ဆရာကြီးနောက်မှ ပါသွားကြရာ ကျွန်တော်တို့ တစ်ဖွဲ့လုံး လွန်သွားချိန်၌ လှုအုပ်ကြီးအတွင်း လမ်းပြန်ပိတ်သွားချေ၏။ ဆရာကြီးသည် ဆိုင်ထဲမှ ထွက်ပြီးနောက် လမ်းကို ဖြတ်ကူးလျက် မြက်ခင်းမှတစ်ဆင့် တစ်ဖက်ရှိ တရားရုံ လှေကားပေါ် တက်သွားသည်။ လှေကားထစ်များပေါ်သို့ မည်သူမျှ တက်လိုက်သွားကြ။ ဆရာကြီးတစ်ယောက်တည်းသာ တက်သွားပြီး ထိပ်အရောက်တွင် ဆရာကြီးက ပရိသတ်ဘက် ပြန်လှည့်ကာ ငုံ့ကြည့်လိုက်သည်။

ဆရာကြီး၏ ဆံစများသည် သူ့နဖူးပြင်ပေါ်၌ ဝဲကျလျက် ရှိနေ၏။ သူ့လက်မောင်း တစ်ဖက်တစ်ချက်အောက်၌ ချွေးစို့နေသည်ကိုပင် အောက်မှ လှမ်းမြင်နိုင်၏။

ထိုနောက်တွင်ကား ဆရာကြီး၏ မျက်လုံးများ ရုတ်တရက် ပြူးကျယ်လာသည်၊ အရောင်တောက်လာသည်ကို တွေ့လိုက်ရ၏။ ကျွန်တော့်စိတ်ထဲတွင် ဆရာကြီး တစ်ခုခု ပြောတော့မည်ဟု သိပြီး ဖြစ်နေပါ၏။ ဆရာကြီး၏ မျက်လုံးများ ယင်းသို့ ပြူးထွက်လာလျှင် ဆရာကြီး၏ အရှုတ္တအတွင်းပိုင်း၌ တစ်စုံ တစ်ရာသောအကြောင်း ကိန်းအောင်းလာမှန်း သိသာသကဲ့သို့ မျက်လုံးများက လည်း အရောင်တောက်လာတော့သည်။ ထိုမျက်နှာ အမူအရာကို တွေ့လိုက်သည် ဆိုလျှင်ပင် တစ်ကိုယ်လုံး ရှိန်းဖိန်းသွားသည်အထိ လက်အေးကြီးနှင့် ဆုပ်ကိုင်ခံ လိုက်ရသကဲ့သို့ ခံစားမိကြဖွယ်ရှိသည်။

ဆရာကြီးက ထိုအမူအရာဖြင့် လှေကားထိပ်၌ ရပ်လိုက်သည်နှင့် တစ မှိုင်နက် လှုအုပ်ကြီးသည် အလိုလို ငြိမ်ကျသွား၏။ ဤတွင် ဆရာကြီးက စကား စပြောတော့သည်။

"ကျွန်တော် အခု ဒီကို ရောက်လာတာ မိန့်ခွန်းခြွေဖို့ မဟုတ်ပါဘူး ခင်ဗျား၊ ကျွန်တော့်အဖေကို လာတွေ့တာပါ" သူ့စကား ပြောသံသည် ထိုဒေသ တစ်ခွင်မှ တောင်သူလယ်သမားတို့၏ လေယူလေသိမ်းအတိုင်းပင် ဖြစ်၏။

"ဒါကြောင့် ကျွန်တော် မိန့်ခွန်းပြောဖို့ ရောက်လာတာ မဟုတ်ပါခင်ဗျား" ဟူ စကားသံမှာမူကား ဆရာကြီး၏ မူလလေသံ ပြန်ဖြစ်လာ၏။

"အခု ကျွန်တော် ဒီကိုရောက်လာတာက ကျွန်တော့်ကို တစ်ခုခု [illegible] ပါလို့ ပန်ကြားဖို့ ရောက်လာတာလည်း မဟုတ်ပါဘူး ခင်ဗျား၊ ကျွန်တော်တို့ နိုင်ငံရေးသမားတွေဆိုတာကတော့ လှုထုဆီက တစ်ခုခု အမြဲတောင်းခံလေ့ရှိကြပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါပေမယ့် ဒီကနေ့မှာတော့ ကျွန်တော်ဟာ နိုင်ငံရေးသမား တစ်ယောက် အနေနဲ့ ဒီကိုလာတာ မဟုတ်ပါဘူး၊ ဒါကြောင့် ကျွန်တော့်ကို မဲပေးကြပါလို့ လည်း ကျွန်တော် မတောင်းခဲ့ပါဘူး၊ ဒီကနေ့ဆိုရင် အဲဒီလို ကျွန်တော် ပန်ကြား တောင်းခံဖို့လည်း မလိုဘူး မဟုတ်လား ခင်ဗျား၊ ဒါကြောင့်လည်း ဟိုမြို့တော်ကြီး မှာရှိတဲ့ တချို့နိုင်ငံခေါင်းဆောင် တချို့က ကျွန်တော့်ကို သဘောမကျကြတာပဲ၊ တချို့ လူတွေနဲ့ ကျွန်တော်တွဲလို့ မရဘူးခင်ဗျ၊ ကျွန်တော် ကြိုးစားကြည့်ပါတယ်၊ သိမ်သိမ်မွေ့မွေ့လည်း ဆက်ဆံကြည့်ခဲ့ပါတယ်၊ ဒါတောင် ကျွန်တော့်ကို သူတို့က သဘောမကျကြဘူးခင်ဗျ၊ ဘာပဲပြောပြော ကျွန်တော်ဟာ ခုအထိတော့ ဒီ ပြည်နယ်ရဲ့ ဘုရင်ခံပါပဲ၊ ဒီတော့ ကျွန်တော့်ကို သဘောကျသည်ဖြစ်စေ၊ မကျသည် ဖြစ်စေ ကျွန်တော်နဲ့တော့ သူတို့ ဆက်ဆံနေကြရဦးမှာပါ၊ အင်း ခင်ဗျားတို့တစ်တွေ လည်း ကျွန်တော်နဲ့ ဆက်ဆံဖို့ အကြောင်းရှိနေကြဦးမှာပါပဲ၊ ဒါဟာ မကောင်းတဲ့ အခြေအနေတော့ မဟုတ်ပါဘူးနော်"

ဆရာကြီးက ခေတ္တရပ်လိုက်ပြီး သူ့ဘာသာသူ ဖြေရှင်းပြော၏။

"ဟုတ်တယ် မဟုတ်လားဗျာ" ဤအသံမှာ စောစောက အသံ မဟုတ်ပြန်တော့။ ပျော့ပျောင်းလာသည်။ ခပ်ဖြည်းဖြည်းလည်း ဆက်ပြောသည်။

"ကျွန်တော် အခု ဒီကို ရောက်လာတာဟာ ဒါကြောင့်မို့ ခင်ဗျားတို့ ဆီက တစ်ခုခု တောင်းခံဖို့ မဟုတ်ရပါဘူးခင်ဗျား၊ ကျွန်တော့်ဖခင်ရဲ့ ဇာတိအိမ် ကို ခဏ အလည်အပတ် ပြန်လာတာပါ"

ခေတ္တနားပြီး လေပျော့ပျော့ဖြင့် ပြောပြန်၏။

"လူတစ်ယောက်ဟာ သူ့သွားကို သွားရမယ်လို့ ခံစားမိလာတဲ့အတွက် သူ့ဇာတိရပ်မြေက အဝေးကို ထွက်သွားခဲ့ရတယ်၊ တစ်ရပ်တစ်ကျေးဆိုတော့ ဇာတိမြေနဲ့ ရေမြေကအစ မတူ ခြားနားသပေါ့။ တစ်ရပ်တစ်ကျေးမှာက လူစိမ်း တွေကိုပဲ ရင်ဆိုင်ရတာပေါ့။ မြင်နေကျ လူတွေ မဟုတ်သလို ကြားနေကျ ကျက်မိနေတဲ့အသံတွေလည်း မဟုတ်၊ သူစိမ်းတစ်ရံဆံတွေရဲ့ အသံတွေဟာ သူ့နား ထဲမှာ ဆူညံနေသလို ဖြစ်နေတယ်။ ဒါကြောင့် ဒီသူစိမ်း အသံတွေဟာ သူ နားယဉ်နေတဲ့ အသံတွေကိုတောင် လွှမ်းသွားလေ့ရှိတယ်။ ဒါပေမယ့် ဒီသူစိမ်း အသံတွေကို မကြားရတဲ့အချိန် တစ်မိနစ်လောက်ဆိုပါတော့၊ အဲဒီ တစ်မိနစ် အချိန်ပိုင်းကလေးမှာ သူနားယဉ်နေတဲ့ကြားနေကျ အသံတွေ သူ့နားထဲ ပြန်ရောက် လာလေ့ ရှိကြပါတယ်။ ကြားနေကျ အသံတွေက ဘာတွေ ပြောနေကြသလဲဆို တော့...

"မင်းဇာတိမြေကို ပြန်ခဲ့ပေဦး၊ ပြန်ခဲ့ပေဦးလို့ ဆိုဆိုနေတယ်။ အဲဒါ ကြောင့် ဟော အခု ဇာတိမြေကို သူ ပြန်ရောက်လာရပါတယ် ခင်ဗျား"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကား ထိုနေရာအရောက် ရုတ်တရက် သူ့စကား ရပ်ပစ်လိုက်သည်။ နောက်ထပ် မိနစ်ဝက်ခန့်အထိလည်း သူလုံးဝ စကားမထွက်။ မလှုပ်မယှက် ငြိမ်သက်နေသည်။ ရှေ့ရှိ ပရိသတ်ကြီးကို မမြင်တော့သည့်အလား။ ခဏအကြာတွင် ပြန်မြင်သွားဟန်ဖြင့် စိုက်ကြည့်လိုက်ပြန်၏။ ထို့နောက် ပြုံးရယ်လိုက်ကာ "အဲဒါကြောင့် သူ ပြန်ရောက်လာပါပြီ၊ ဒီတော့ သူ ဘာပြောမလဲ။ မိဘပြည်သူများခင်ဗျာ...ကျန်းမာ ချမ်းသာပါစေ...အဲဒါပဲ ကျွန်တော့်မှာ ပြောစရာရှိပါတယ် ခင်ဗျား"

ဤမျှသာ မိန့်ခွန်းခြွေသည်။ ထို့နောက် သူသည် ပြုံးလျက် ငုံ့ကြည့်သည်။ ပရိသတ်ထဲမှ တစ်ယောက်ယောက်နှင့် မျက်လုံးချင်း ဆုံနေမိသည့်အလား။ ထို့နောက် အခြားတစ်ဦးကို အလားတူ ကြည့်လိုက်ပြန်သည်။ ထို့နောက် ချက်ချင်း သူ့ကားထိပ်မှ ဆင်းလာကာ လူအုပ်ကြားထဲ ဖြတ်လျှောက်ရန်ပြင်သည်။ ရှေ့တွင် သည်သူမျှ မရှိသည့်အလား လျှောက်သွားခြင်းဖြစ်၏။ ဤတွင် လူထု ကလည်း လမ်းရှဲပေးကြ၏။ ကျွန်တော်တို့က ဆရာကြီးနောက်မှ လိုက်လျှောက် သွားသည်။ ကျွန်တော်တို့ နောက်တွင် လမ်းရှဲပေးသော လူအုပ်ကြီး ပြန်ပြန်စေ့ သွား၏။

ယခုအချိန်၌ကား ပရိသတ်က အော်ဟစ် သြဘာပေးလျက် ရှိနေပြီ။

"ဝိလီ...ဝိလီ...တို့ဝိလီကွ"

ဆရာကြီးသည် ကာဒီလက်ကားကြီးဆီ တိုက်ရိုက် လျှောက်သွားပြီး ကားထဲဝင်ထိုင်လိုက်သည်။ ကျွန်တော်တို့လည်း အလားတူ ကားထဲဝင်လိုက်ချိန် ယာဉ်မောင်း 'ဖိုးသကြား' က ဖြည်းဖြည်းမောင်းရင်း လူအုပ်ဆီမှ ကားကို မောင်းထွက်သည်။ လူအုပ်ကြီးကမူကား ကျွန်တော်တို့ကားများဆီသို့သာ ကြည့်နေကြ၏။ ပန်းခြံအပြင်ရောက်သည်နှင့် လူရှင်းပြီဖြစ်၍ ကားအရှိန် ပိုမြှင့်ပြီး မြို့ထဲ ဖြတ်မောင်းခဲ့တော့သည်။

တစ်နေရာအရောက် အုတ်အဆောက်အအုံ စာသင်ကျောင်း တစ်ခုကို ဖြတ်မောင်းသွားခဲ့ရာ ကျွန်တော်သည် ယခု ကျွန်တော့်ဆရာကြီး ဝိလီနှင့် ဟိုအရင် တစ်ချိန်က ပထမဆုံးအကြိမ် စတင်တွေ့ဆုံခဲ့ရပုံကို ချက်ချင်း ပြန်ပြောင်း သတိရလိုက်မိသည်။ ထိုအချိန်ကဆိုပါက ဆရာကြီးသည် မြို့နယ်အဆင့် နိုင်ငံရေး သမားကလေးတစ်ဦးမျှသာ ဖြစ်သေး၏။ ယခု ကျွန်တော်တို့ ဖြတ်မောင်းလာသော 'ကျောင်း' ဆောက်လုပ်ရေး ငွေကြေးကိစ္စအတွက် ဆရာကြီးပြည်နယ် မြို့တော်သို့ ရောက်လာခဲ့စဉ် စမြင်တွေ့ဖူးခြင်း ဖြစ်သည်။

၁၉၂၂ ခုနှစ်၊ ဇွန် သို့မဟုတ် ဇူလိုင်လအတွင်း ပူအိုက်သော ညနေခင်းက ဖြစ်ပါသည်။ ကျွန်တော်သည် မစ္စတာ ဆလိုတ်၏ ဆိုင်ခန်း နောက်ဖေး

www.burmeseclassic.com

www.burmeseclassic.com



ဘက်၌ ထိုင်နေ၏။ မစ္စတာ ဒပ်ဖီသည်လည်း ကျွန်တော်နှင့်အတူ ရှိနေခဲ့၏။ ကျွန်တော်တို့သည် အဲလက်မစ်ချယ်ဆိုသူကို စောင့်နေကြခြင်း ဖြစ်ပါ၏။ ယိုအချိန်က ကျွန်တော်လည်း သတင်းထောက်တစ်ယောက်ဖြစ်၍ ကျွန်တော်သိလို သောကိစ္စ တစ်ခုအကြောင်း အဲလက်ထံမှ သတင်းနှိုက်ရန် ရှိနေသည်။ ကျွန်တော် 'ခရော်နီကယ်' သတင်းစာ၌ လုပ်နေမှန်း ဒပ်ဖီလည်း သိ၏။ ခရော်နီကယ် သတင်းစာမှာ ထိုအချိန်က ကျွန်တော်တို့၏ ပြည်နယ်ဘုရင်ခံဖြစ်သူ ဂျိုးဟဲရစ် ဆန်နှင့် အဖွဲ့ဘက်မှ ထောက်ခံရေးသားနေသော သတင်းစာ ဖြစ်ကြောင်းလည်း ဒပ်ဖီ သိပြီးသား ဖြစ်ပါ၏။ ဒပ်ဖီကိုယ်တိုင်လည်း ဂျိုးဟဲရစ်ဆန်၏ ဘက်သား တစ်ဦးဖြစ်သည်။ ဒပ်ဖီသည် ထိုကာလကတည်းက ယခုကဲ့သို့ပင် ဝဝပြပြ ဖြစ်၏။

ကျွန်တော်တို့ စောင့်နေခိုက် အဲလက်ဝင်လာ၏။ ဆရာကြီးသည် အဲလက်နှင့်အတူ ပါလာခြင်း ဖြစ်သည်။ သို့သော် ဝီလီကို 'ဆရာကြီး' ဖြစ်လာမည့် သူဟု ထိုစဉ်က မည်သူမျှ သိခဲ့ကြမည် မဟုတ်။ ကျွန်တော်ကိုယ်တိုင်လည်း မသိခဲ့သည်မှာ အမှန်။

ကျွန်တော် မသိခဲ့လေသမှု ဤမျှသာ မဟုတ်သေး။ ယင်းသို့ တွေ့ဆုံ လိုက်ရသူသည်ပင်လျှင် ကျွန်တော့်အတွက် မ,စမည့်ပုဂ္ဂိုလ် ဖြစ်ခဲ့ကြောင်းလည်း ကျွန်တော် လုံးဝမသိ။

ဤ မ, စမည့်ပုဂ္ဂိုလ်၏ အရပ်အမောင်းမှာ ၅ ပေ ၁၁ လက်မခန့် ရှိပြီ ရင်အုပ်ကျယ်ကျယ် အပေါ်ပိုင်းထွားထွား ကိုယ်ဟန်ရှိ၏။ အတော်ရှည်နေ သော ဘောင်းဘီနှင့် အပေါ်စား ဝတ်စုံကို ဝတ်ဆင်ထား၏။ ညာဘက်လက်ထဲ တွင် မီးခိုးရောင် ဦးထုပ်ကို ကိုင်ထားသည်။ ဦးထုပ်မှာလည်း ချွေးအစွန်း အကွက် များနှင့် ဦးထုပ်အဟောင်းဖြစ်၏။

အဲလက်က မိတ်ဆက်ပေး၏။

'ဟောဒါ ဝီလီစတာ့ခ်ပါပဲ၊ ဝီလီဆိုတာက မေဆင်စီးတီးမြို့မှာတုန်းက ကိုယ်နဲ့ ကျောင်းနေဖက်သူငယ်ချင်း၊ ကျောင်းမှာကတည်းက သူက စာသိပ် ကြိုးစားတာ၊ ဒါကြောင့် ဆရာမက သိပ်သဘောကျတယ်၊ ခုလည်း ဆရာမ အချစ်တော်ပါပဲလေ၊ ဟုတ်ဖူးလား ဝီလီ" အဲလက်က ဝီလီကို ပြုံး၍ နောက် ပြောင်မေမြန်းပြီးမှ စကားဆက်သည်။

"ဝီလီက ဆရာမတစ်ယောက်နဲ့ လက်ထပ်လိုက်တယ်လေ၊ ဆရာမကို တောင် ရအောင် ယူခဲ့တယ်ဆိုပါတော့'

အဲလက်က ထပ်ရယ်ရင်း ပြောနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ မိတ်ဆက်ပေးလိုက်သည်နှင့် ဝီလီသည် ညာဘက်တွင် ကိုင်ထားသော ဦးထုပ်ကို ဘယ်လက်သို့ ပြောင်းလျက် ကျွန်တော်နှင့် လက်ဆွဲနှုတ်ဆက်ရန် လက်ကမ်းပေး၏။ ဝီလီ၏ လက်မှာ ကြီးမားလှချေဘိ။ လက်ဆွဲနှုတ်ဆက်စဉ်တွင် သူ့လက်ကြီးမှာ ပျော့စိစိ။ သို့သော် လက်ဝါးအတွင်းပိုင်း မာကျောလှသောကြောင့် တဖြည်းဖြည်း ထိတွေ့သိလာရ၏။

သူ့လက်အကြောင်း ပြောရလျှင် မကြာမြင့်မီကာလက လယ်ယာလုပ်ငန်းခွင်၌ တောင်သူလယ်သမား လုပ်လာခဲ့သူ၊ မကြာမီကမှ ထွန်တုံးသွန်သန်ကို လက်မှချခဲ့သူ၏ လက်မျိုး ဖြစ်ပါ၏။

ဝီလီ၏ မျက်နှာသည် ခပ်အမ်းအမ်း ဖြစ်နေသော်လည်း ချက်ချင်းပင် စကားဆိုပါ၏။

"မစ္စတာဘာဒင်နဲ့ တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျား" ပြောပြောဆိုဆို ကျွန်တော့်ကို မျက်ရိပ်တစ်ချက် ဝင့်ပြလိုက်သည်ဟု ကျွန်တော် သတိပြုလိုက်မိပါ၏။

နောက် ၁၂ နှစ်မျှ ကြာခဲ့ပြီးသော တစ်ချိန်၌ ကျွန်တော်က သူ့ကို ပြန်မေးကြည့်ဖူးသည်။

"ဆရာကြီး၊ ကျွန်တော်တို့ ပထမဆုံး စတွေ့တာ ဟိုမစ္စတာ ဆလိတ်ရဲ့ ဆိုင်ခန်းနောက်ဖေးဘက်မှာလေ၊ အဲဒါ ဆရာကြီး မှတ်မိသေးလား"

သူက မှတ်မိကြောင်း ဖြေသည်။ သို့သော် မှတ်မှတ်ရရ အဖြစ်မျိုး အနေဖြင့်ကား မဟုတ်။

"ကျွန်တော်တို့ လက်ဆွဲနှုတ်ဆက်ကြတာကိုကော မှတ်မိသေးလား ဆရာကြီး"

"အင်း..."

"အဲဒီလက်ဆွဲနှုတ်ဆက်ချိန်မှာ ဆရာကြီး ကျွန်တော့်ကို မျက်ရိပ်တစ်ချက် ဝင့်ပြခဲ့တယ် မဟုတ်လား"

"ဒါကတော့ လျှို့ဝှက်ချက် တစ်ခုပေါ့ ကိုယ့်လူရဲ့"

"ဆရာကြီး မမှတ်မိတော့လို့လား"

"မှတ်မိပါတယ်"

"အဲဒီတုန်းက ကျွန်တော့်စိတ်ထဲမှာ ဆရာကြီးရဲ့ အကြည့်ကို နားလည်လိုက်တာက ဆရာကြီးနဲ့ ကျွန်တော်ဟာ အဲလက်နဲ့ ဒပ်ဖိတို့အပေါ် တစ်သဘောတည်း မြင်နေကြတယ်၊ ဒီငနဲတွေကို သိပ်မယုံနဲ့လို့ ဆရာကြီး ဆိုလိုခဲ့တာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကောင်း ဟုတ်မှာပေါ့ကွာ၊ အဲလက်ဟာ ကိုယ့်ကျောင်းနေဖက် သူငယ်ချင်းပေမယ့် သူ့အပေါ် ကိုယ်စိတ်မချ မယုံကြည်နိုင်တာဟာ မဆန်းပါဘူး။ ဟိုဘုတ်ပြ ဒပ်ဖီတစ်ကောင်ကလည်း တစ်မျိုးပဲ၊ ဒါပေမယ့် ဒပ်ဖီကျတော့ ကိုင်တတ်ရင် အသုံးဝင်တယ်ကွ"

"သူ့ကို ဘယ်လိုကိုင်ရမယ်လို့ ဆရာကြီး သိတယ် မဟုတ်လား၊ ဒါကြောင့်လည်း ဆရာကြီး သူ့ကို လက်ထောက်ဘုရင်ခံအဖြစ် တာဝန်ပေးထားတာ မဟုတ်လား"

ဆရာကြီးက ခေါင်းညိတ်အဖြေပေးရင်း ပြောသည်။

"လက်ထောက် ဘုရင်ခံအဖြစ် တစ်ဦးဦးကိုတော့ တာဝန်ပေးရမယ် မဟုတ်လားကွ၊ ဒပ်ဖီကို ဘယ်သူမှ စိတ်မချရဲကြဘူး၊ မယုံကြည်ရဲကြဘူး၊ ဒါကို လူတိုင်းကလည်း သိနေတယ်၊ ဒီတော့ မင်းစဉ်းစားကြည့်။ **တခြားလူတွေက ယုံကြည်စိတ်ချတယ်ဆိုတဲ့ လူမျိုး မင်း တာဝန်ပေးထားပြီ ဆိုပါတော့၊ မင်းညလုံးပေါက် အိပ်ပျော်မှာတောင် မဟုတ်တော့ဘူး။ ဘာလို့လဲဆိုတော့ မင်းအတွက် စိတ်မချရလို့ကွ၊ အဲဒီတော့ ဘယ်သူမှ စိတ်မချ မယုံကြည်ရဲတဲ့ ဒပ်ဖီကို မင်းရထားရင် မင်း စိတ်ချလက်ချ အိပ်တော့၊ မင်းအတွက် စိတ်ချရပြီ။ တစ်ခုတော့ ရှိတယ်၊ မင်း သူ့ကို အမြဲတမ်းတော့ ခြောက်လှန့်ထားရလိမ့်မယ်"**

"ဒါနဲ့ နေပါဦး ဆရာကြီး၊ ကျွန်တော်နဲ့ စတွေ့တဲ့နေ့က ဆလိတ်ရဲ့ ဆိုင်ခန်း နောက်ဖေးဘက်မှာ ဆရာကြီး ကျွန်တော့်ကို မျက်စိတစ်ဖက်ပင့်ပြီး အချက်ပြခဲ့တာ ဟုတ်လား မဟုတ်လား ပြောစမ်းပါ"

"အေးလေ၊ ဒါ ပြန်ပြောရရင် မင်း တခြား ဘာမှ စဉ်းစား စရာတောင် ရှိမှာ မဟုတ်တော့ဘူး"

ဤသို့ဖြင့် ကျွန်တော်သည် ထိုကိစ္စအတွက် ဘယ်တော့မှ မရှင်းဘဲ ရှိခဲ့ရပါသည်။

ထိုနေ့က ဆရာကြီးသည် ဒပ်ဖီနှင့်လည်း လက်ဆွဲနှုတ်ဆက်ပါ၏။ သို့ရာတွင် ဒပ်ဖီအား မျက်ရိပ်ပြသည်ကို မတွေ့ရပါ။ ဖိတ်ခေါ်သူက ထိုင်ခိုင်းချိန်တွင်မှ ဝီလီသည် ကုလားထိုင်တွင် နေရာယူထိုင်၏။ ဆလိတ်က ရှေ့ခန်းမှ ကူးလာပြီး နောက် နှုတ်ဆက်ရင်း ဧည့်ခံရန် ပြင်၏။

"တစ်ခုခု သောက်ကြပါလား"

ဒပ်ဖီက တစ်ဖွဲ့လုံးအတွက် သောက်စရာမှာသည်။ ဤတွင် ဝီလီက ဝင်ပြောသည်။

"ကျွန်တော့်အတွက် အရက် ထည့်မမှာနဲ့နော်၊ ဧည့်ခံတဲ့အတွက်တော့ ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အဲလက်က လှမ်းနောက်၏။

"ဩော်... ဆရာမက အရက်သောက်တာ မကြိုက်ဘူးထင်တယ်"

"ဟုတ်ကဲ့၊ လူစီက အရက်သောက်တာ မကြိုက်ဘူး ဆိုပါတော့ဗျာ" ဟု ဝီလီက သိမ်မွေ့စွာ ပြောသည်။

"ဗျာ... လူစီသိမှာမှ မဟုတ်ဘဲ" ဟု ဒပ်ဖီက ဝင်ပြောသည်။

အဲလက်က ဆက်ပြောမနေတော့ဘဲ ဆလိတ်ကို လှမ်းမှာ၏။

"လုပ်ပါ၊ ဝီလီအတွက်ပါ အရက်မှာလိုက်ပါ"

ဒပ်ဖီကလည်း "ကိုင်း... လုပ်ဗျာ၊ အားလုံးအတွက်သာ ယူခဲ့ပေတော့" ဟု ထပ်ဆင့်မှာကြားလိုက်သည်။

ဆလိတ်က အဲလက်ကို လည်းကောင်း၊ ဒပ်ဖီကို လည်းကောင်း၊ ဝီလီကို လည်းကောင်း တစ်ချက်စီ ကြည့်လိုက်ပြီးနောက် သူ့ဝါဒကို ပြောလေသည်။

"ကျွန်တော်က အရက်ရောင်းတဲ့လူပါ၊ ဒါပေမယ့် သောက်ချင်တဲ့လူကိုသာ ရောင်းတယ်၊ မသောက်ချင်တဲ့လူကို အတင်း မသောက်ခိုင်းလိုပါဘူးဗျာ"

ထိုနေ့က ဆလိတ်၏ ထိုစကားသည် နောင်သောအခါ ဆလိတ်တစ်ယောက် ကြီးပွားရာ ကြီးပွားကြောင်း ကံကြမ္မာ ဖြစ်လာခဲ့ချေသည်။ ယနေ့ဆိုလျှင် ဆလိတ်၏ စားသောက်ဆိုင်ကြီးမှာ ဟိန်းနေပြီ ဖြစ်ပါ၏။ မြို့တော်အတွင်း အကောင်းဆုံးနေရာ၊ လုပ်ငန်း အကွက်အကွင်းအကျဆုံး နေရာကိုလည်း ရထားပြီ ဖြစ်ပါ၏။ ဧည့်သည်ဘောဂများမှာလည်း အကောင်းစားများဖြင့် အတိပြီး၏။

ကျွန်တော်တို့အတွက် ဆလိတ်ကိုယ်တိုင် အရက်ယူလာပေးသည်။ ဝီလီအတွက်မှာကား လိမ္မော်ရည်အေးအေးတစ်ခွက်။

လိမ္မော်ရည်ပုလင်းကို ဝီလီ လက်နှစ်ဖက်ဖြင့် စုကိုင်ကာ လှမ်းယူပြီး သောက်သည်။

သူ့ပါးစပ်ကို ကြည့်ပါက ကလေးငယ်တစ်ဦး၏ ပါးစပ်အလား ပုံသဏ္ဌာန် မကျသေးဟန် ရှိနေ၏။ သို့သော် အသေအချာ အချိန်ကြာကြာ ကြည့်မြင်ကား သူ့ပါးစပ်သည် နှုတ်ရည်လျှာရည် ပြည့်ဝသော ပါးစပ်ဖြစ်ကြောင်း တွေ့နိုင်၏။ သူ့မျက်လုံးများကိုလည်း ကြည့်ပါ။ မျက်ဝန်းကျယ်၊ မျက်လုံးပြူးပြူးဖြင့် ကြည့်လျှင် စိုက်ကြည့်တတ်၏။ ညိုမှောင်သော ဆံစများကလည်း နဖူးပေါ်ကျနေတတ်သည်။ ထိုအချိန် ထိုကာလက ထိုဝီလီမှာ မေဆင်စီးတီး တောမြို့သားကလေး ဝီလီသာ ဖြစ်ပါ၏။

အဲလက်က ရှေ့သို့ ကိုင်းလျက် ဒပ်ဖီကို လှမ်းပြောသည်။

"အခု ဝီလီက နိုင်ငံရေးသမားပေါက်စ ဖြစ်နေပြီဗျ၊ မေဆင်စီးတီးမှာ ... သွပ်ရှားနေတယ်၊ အခုဆို ကျောင်းကော်မတီ ငွေထိန်းဗျ"

www.burmeseclassic.com

www.burmeseclassic.com



ဒပ်ဖီ၏ အမှုအရာကို ထိုစဉ်က မြင်ရသည်မှာ ဝီလီကဲ့သို့သော အညတရ တောမြို့သားကလေးတစ်ဦးကို တကယ့်နိုင်ငံရေးသမား အစစ်ဖြစ်ကြောင်း လက်ခံလိုဟန် မပေါ်။ သို့ရာတွင် အမှန်စစ်စစ် ဝီလီသည် တကယ့် နိုင်ငံရေးသမား ဖြစ်ပါ၏။ အကြောင်းသော်ကား ထိုနေ့ နောက်ပိုင်းတွင် ဝီလီ၏ ကျောင်းအတွက် လိုအပ်နေသော ရန်ပုံငွေ ဝီလီရသွားသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကျောင်းဆောက်ဖြစ်ခဲ့သည်။ ထိုမှ ၁၂ နှစ်အကြာ ယနေ့တွင် ဆရာကြီးဝီလီသည် ကာဒီလက် ကားအနက်ရောင်ကြီးဖြင့် ထိုကျောင်း အဆောက်အအုံရှေ့မှ ဖြတ်မောင်းသွားနေချေပြီတကား။

တစ်မိုင်ခန့် ခရီးတွင်အပြီး ဆရာကြီးက ကျွန်တော့်ကို လှမ်းပြောသည်။

"ဂျက်...ဒီတစ်ခု အသေအချာမှတ်ထားစမ်းကွာ၊ စောစောက အဘိုးကြီးပြောတဲ့ ထောင်ကျနေတဲ့ သူ့သားရယ်၊ ပြီးတော့ လူသတ်မှုရယ်၊ အဲဒီကိစ္စ..."

"နာမည်က ဘယ်သူတဲ့လဲ"

"ဘယ်သိပါ့မလဲကွ၊ ဒါပေမယ့် ကောင်လေးက လူကောင်းလေးပါကွာ"

"မဟုတ်ပါဘူး၊ အဘိုးကြီး နာမည်ပါ"

"ဩော်...မာလက်စီယာဝင်းတဲ့၊ အဲဒီအမှု ဘယ်တော့စစ်မှာလဲ၊ စုံစမ်းပြီးတော့ ဝတ်လုံကောင်းကောင်း တစ်ယောက် ငှားပေးလိုက်ပါ"

"ဝတ်လုံ အဲလ်ဘတ်အီဗန်ကို ငှားမလား"

"ဒီလို လူပျော့ဝတ်လုံမျိုး မလိုချင်ဘူး"

"ကောင်းပါပြီ၊ ကျွန်တော် သင့်သလို ရှာပြီး ငှားပေးလိုက်ပါ့မယ်"

"ဒီလိုလုပ်နော်၊ ငှားတဲ့နေရာမှာ မင်းက တိုက်ရိုက်ငှားတဲ့ အဓိပ္ပာယ် မပေါက်စေနဲ့၊ တခြား မိတ်ဆွေ တစ်ယောက်က ငှားတဲ့ အနေနဲ့ ငှားပါ၊ မင်းမိတ်ဆွေကလည်း စိတ်ချရပါစေနော်"

ဒပ်ဖီက ကြားဝင်ပြောလာ၏။

"ဒီမယ် ဆရာကြီး၊ ဒီအမှုမှာ အသတ်ခံရတာ ဘယ်သူလို့ကော ဆရာကြီး သိရဲ့လား၊ သေသူဟာ ဆရာဝန်တစ်ယောက်ရဲ့ သားဖြစ်နေတယ်။ အဲဒီ ဆရာဝန်ဟာ ဒီမြို့မှာ အရေးပါသူ ဖြစ်နိုင်တယ်နော်၊ ဆရာကြီးလည်း နိုင်ငံရေးအကြောင်း သိလျက်သားနဲ့"

ဆရာကြီးက ဒပ်ဖီကို ဆတ်ခနဲ လှည့်ကြည့်လိုက်ပြီး ပြောလာ၏။

"ဒပ်ဖီ၊ ခင်ဗျား ဘာမှ မသိပါကလား၊ ဒီ မာလက်စီယာ ဆိုတဲ့ အဘိုးကြီးကို ငယ်ငယ်ကတည်းက ကျုပ်သိခဲ့တယ်၊ သူ့သားကလည်း လူကောင်းလေး တစ်ယောက်၊ ဒါကြောင့် အသတ်ခံရတာ ဘယ်သူဖြစ်ဖြစ် ကျုပ် ဂရုမစိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘူးဗျ၊ ဒီ မြို့သူမြို့သားတွေကလည်း ဒီရန်ပွဲအကြောင်း သိနေကြတာပဲ၊ သူလုပ်ကိုယ်လုပ် ရန်ပွဲမှာ ဟိုကလေးက ထိုးတဲ့ ဓားချက် ထိသွားလို့ ကံဆိုးရှာတာ၊ ဒါကြောင့် အမှုစစ်တဲ့အခါ မြို့သူမြို့သားတွေက အဘိုးကြီး မာလက်စီယာရဲ့သားကလေးဘက်က စာနာကြမှာဗျ၊ ပြီးတော့ ဝတ်လုံဗွာ တာကလည်း ဝတ်လုံကိုယ်တိုင် သူ့ကို ဘယ်သူက ငှားပြီး ဒီကို လွှတ်လိုက်သလဲတောင် သိမှာမဟုတ်ဘူး၊ ကဲ… ရှင်းရဲ့လား၊ စာနဲ့ ရေးပြရဦးမှာလားဗျ"

ဆရာကြီးသည် ချက်ချင်းပင် ဖိုးသကြားကို လှမ်းကလိလိုက်သည်။

"ဖိုးသကြားရေ… ဒီနေရာမှာ ရှုမျှော်ခင်းကြည့်ပြီး ကြည်နူးချိန် မရဘူ ကွ၊ ခေါက်ကျနေပြီ"

ဖိုးသကြားလည်း အလိုက်တသိပင် ကာဒီလက် ကားကြီး၏ အရှိန်ကို မြှင့်တင်လိုက်တော့၏။

သိပ်မကြာလိုက်ပါ။ ကျွန်တော်တို့ ကားကြီးသည် လမ်းမကြီးမှ ခွဲထွက်သော ကျောက်လမ်းပေါ် ရောက်လာ၏။ မညီမညာ ကျောက်လမ်းပေါ် ဖုန်တထောင်းထောင်းအကြား ဖြတ်ပြီး မကြာမီတွင် အိမ်တစ်လုံးကို လှမ်းမြင်ရ၏။

အပြင်ပန်း အမြင်အရ ဆေးမသုတ် အလှမခြယ် အိမ်ဟောင်း အိမ်အိုကြီးသဖွယ် တွေ့ရသည်။ လယ်တောထဲမှ လယ်သမားအိမ် ထုံးစံအတိုင်းပင် ဖြစ်သည်။ ခြံသဲ သစ်ပင်များအောက်တွင် ကြက်များကို တွေ့ရသကဲ့သို့ အိပ်ပျော်နေသော ခွေးများကိုလည်း တွေ့ရပါ၏။ အိမ်ထဲတွင်လည်း လူသူဟူ၍ အမျိုးသမီး တစ်ဦးသာ ရှိပုံမြင်ရသည်။

တစ်ခါကဆိုသော် ဤအိမ်ကြီးကိုကြည့်ပြီး ကျွန်တော် အံ့သြခဲ့ရဖူးပါ၏။ စဉ်းစား နေသည့်တိုင် ဆရာကြီးသည် အဘယ်ကြောင့် ဤအိမ်ကြီးကို မပြင်ဆေးသနည်း။ ဆေးမသုတ်ချေသနည်း။ နောက်တော့ ဘာကြောင့် မလုပ်သည်ကို ဆရာကြီး ပိုသိလိမ့်မည်ဟု ကျွန်တော် စဉ်းစားမိလာ၏။ အပြင်ပိုင်း ဘာမှ မလုပ်သော်လည်း အိမ်အတွင်းပိုင်းကိုကား မွမ်းမံသည်။ အတွင်းပိုင်း မွမ်းမမှုကို အိမ်နီးချင်းတို့ မမြင်တွေ့နိုင်။ မမြင်သော အကြောင်းကို ဘယ်သူမှ ပြောကြမည် မဟုတ်။ အပြင်ပန်း ပြင်ဆင် မွမ်းမံဆေးသုတ်လျှင်ကား အိမ်နီးချင်း ပီပီ ဆင့်ကြ ဆေးကြ ရှိကြတော့မည်။

**"သူ့သား ဘုရင်ခံဖြစ်သွားတာနဲ့ပဲ အဘိုးကြီးက အိမ်ကို ခမ်းခမ်းနားနား လုပ်လာသဟော့…"** ဟူသော အသံဗလံများ ထွက်လာနိုင်သည်။

ကျွန်တော်တို့ ရောက်သွားချိန် ဆရာကြီး၏ဖခင် အဘိုးကြီးက အိမ်လှေကားမှ ဆီးကြို၏။ ဆရာကြီးက သူ့ဖခင်ဆီ လှမ်းသွားပြီး ဖက်လဲတကင်း

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်သည်။ အဘိုးကြီးကလည်း သားဖြစ်သူအား ဝမ်းသာအယ်လဲနှုတ်ဆက်၏။ ဆရာကြီးက်တော် လူစီကမူကား ဘာမျှ နှုတ်ဆက်စကား ပြောမနေဘဲ အဘိုးကြီးဆီ တန်းသွားလျက် အဘိုးကြီး၏ ဘယ်ဘက်ပါးကို အနမ်းဖြင့် နှုတ်ဆက်သည်။ ဤတွင် အဘိုးကြီးကလည်း သူ့ချွေးမ၏ ကျောကလေးကို သုံးလေးချက် ယုယစွာ လှမ်းပုတ်ရင်း နှုတ်ဆက်စကားဆိုလေသည်။

အဘိုးကြီးနှင့် လူစီတို့သည် ဝီလီကို ချစ်ကြသူများဖြစ်သဖြင့် ခွဲဝေ၍ ချစ်နေကြရသည်။ ဟိုတုန်းက ဝီလီတစ်ယောက် အထပ်ခိုးကလေးပေါ်တွင် ဥပဒေစာအုပ်များ ဖတ်ရှုလေ့လာ ကြိုးစားနေခဲ့သော ကာလအကြောင်း နှစ်ဦးသား ပြန်ပြောင်း သတိရနေကြပုံရှိသည်။

ဆရာကြီးက ဒပ်ဖ်နှင့် သူ့ဖခင်ကို မိတ်ဆက်ပေးသည်။ ထို့နောက် ပါလာသူအားလုံးနှင့် မိတ်ဆက်၏။ ဒုတိယကားပေါ်မှ လူများနှင့်လည်း မိတ်ဆက်ပေးသည်။ ကျွန်တော့်အလှည့်တွင် ဆရာကြီးက တကူးတက မိတ်ဆက်ပြောဆို၏။

"ဖေဖေ၊ သူ့ကို မှတ်မိရဲ့လား၊ ဂျက်ဘာဒင်လေ"

"ဟာ... မှတ်မိတာပေါ့"

အဘိုးကြီးက ချက်ချင်း ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်သည်။ အားလုံး အိမ်ထဲနေသားတကျ ထိုင်မိကြချိန်တွင် အိမ်စေတစ်ယောက်က ရေအေးအေး အရင်တည်ခင်းသည်။ ထိုအချိန်တွင် ပါလာသော ဓာတ်ပုံဆရာက သူ့နာရီကို ကြည့်လျက် ဆရာကြီးကို လှမ်း သတိပေး၏။

"ဆရာကြီး နေသားတကျ ဖြစ်ပြီဆိုရင် ဓာတ်ပုံ စ,ရိုက်ကြရအောင်လား"

ဆရာကြီးက နားလည်စွာဖြင့် သူ့ဇနီးကို ကြည့်သည်။ သူ့ဇနီးကလည်း အသင့်ဖြစ်နေပြီဖြစ်၍ သူ့ဖခင်ကို လှမ်းပြော၏။

*"ဖေဖေ... ကျွန်တော်တို့ အမှတ်တရ ဓာတ်ပုံရိုက်ကြရအောင်"*

အိမ်ရှေ့ဆင်ဝင်သို့ ဆရာကြီးက ဦးဆောင်ခေါ်သွားသည်။ ဓာတ်ပုံဆရာကလည်း သူ့တာဝန်သူ ကျွမ်းကျင်စွာ ဆောင်ရွက်သည်။ ဆရာကြီးတစ်ဦးတည်းပုံ၊ ဆရာကြီးနှင့် သူ့ခွေးတစ်ပုံ၊ မိသားစုတစ်ပုံ၊ ထို့နောက် ကျွန်တော့် အစီအစဉ်အရ ဆရာကြီးငယ်စဉ်က နေခဲ့သော အခန်းအတွင်း ဆရာကြီးကို သီးသန့်ဓာတ်ပုံရိုက်ယူစေသည်။ ငယ်စဉ်က ဖတ်ခဲ့သော ကျောင်းစာအုပ်ကို ကိုင်ရင်း ထိုင်လျက်ရိုက်ယူရန် ဖြစ်၏။

အခန်းမှာ ကျဉ်းကျဉ်းကလေး ဖြစ်သည်။

ကြမ်းခင်းရော နံရံများပါ သစ်သားထည်များ ဖြစ်သည်။ နံရံများမှာ အဝါရောင် သုတ်ခဲ့ဖူးဟန် တူသော်လည်း ဆေးရောင်များ ကွာကျနေပြီ၊ အခန်း

www.burmeseclassic.com

www.burmeseclassic.com



တွင်း၌ သစ်သားခုတင်တစ်လုံး၊ စားပွဲတစ်လုံး၊ ကုလားထိုင်ကြမ်းကြမ်းနှစ်လုံး၊ သံချေးတက်နေပြီဖြစ်သော သံဖြူမီးဖိုတစ်လုံး ရှိသည်။ မီးဖိုအနောက်ဘက် နံရံတွင် ကျောင်းစာအုပ်များနှင့် ဥပဒေစာအုပ်များ ထားရှိသော စာအုပ်စင်များ ကပ်ရိုက်ထားသည်။

ဆရာကြီးက အခန်းအလယ်မှနေ၍ လှည့်ပတ်ကြည့်ရင်း

"အားလုံး ရှိနေတုန်းပါပဲလား" ဟု ပြောသည်။

သို့ရာတွင် 'တစ်ခု' မရှိတော့သည်ကို သူမသိပါ။ မျက်နှာဝိုင်းဝိုင်း၊ နှဖူးပေါ် ဆံပင်များ ဝဲကျနေသည့် လူငယ်ကလေးကား မရှိတော့ပါ။ ပါးစပ်ဖြင့် မကြာမကြာ ကိုက်တတ်သဖြင့် ဖင်ဘက်ပိုင်းတွင် သွားရာများဖြင့် ပွနေသော ခဲတံကလေးကို ကိုင်ကာ မှန်အိမ်မီးရောင်အောက်တွင် စားပွဲကို မှီရင်း ငိုက်နေသည့် လူငယ်ကလေးကား မရှိတော့ပါ။ ပြတင်းမှ မြောက်လေ ဆော်သွေးချိန်တွင် မီးဖိုထဲ၌ မီးမရှိတော့ချိန် အမှောင်ထဲတွင် ခုတင်ပေါ်၌ အေးအေးနှင့် ကွေးနေသည့် လူငယ်ကလေးကား မရှိတော့ပါ။

ဆရာကြီး၏ ငယ်စဉ်က အခန်းအဟောင်းအတွင်း ဆရာကြီး၏ ပုံကို ဓာတ်ပုံဆရာက အမျိုးမျိုး ရိုက်ယူနေစဉ် ကျွန်တော်အောက်ထပ် ဆင်းခဲ့သည်။ အောက်ဖေး တံခါးမှထွက်လျက် ခြံထဲလျှောက်ကြည့်မိ၏။ လယ်သမားတို့ထုံးစံ မြင်းဇောင်းလည်း ရှိသည်။

အချိန်မှာ နေဝင်တော့မည်။

ကျွန်တော်သည် ဝင်းထရံကို မှီလျက် အနောက်ဘက်တစ်ခွင် လှမ်းမျှော်ကြည့်နေမိ၏။ ကိစ္စရှိလျှင် ကျွန်တော့်ကို သူတို့ ခေါ်ကြလိမ့်မည်။ ယနေ့ည ဆရာကြီး မိသားစုသည် ဤအိမ်တွင်ပင် သူ့ဖခင်နှင့် အိပ်ကြလိမ့်မည်။ သတင်းထောက်များ၊ ဓာတ်ပုံဆရာများနှင့် အတွင်းရေးမှူးမ ဆာဒီတို့ကမူ ပြည်နယ်မြို့တော်သို့ ပြန်ကြလိမ့်မည်။ ဒပ်ဗီနှင့် ကျွန်တော်က ဤအိမ်တွင် ကျန်ခဲ့မည်။

ဝင်းထရံကို မှီရပ်ရင်း အဝေးကို မျှော်ကြည့်လျက် ဟိုဒီ စဉ်းစားမိနေစဉ် ကုတ်အင်္ကျီအိတ်အတွင်း ပါလာသော အရက်ပုလင်းကို လက်က စမ်းမိ၍ ထုတ်ပြီး တစ်ကျိုက် မော့ချလိုက်၏။ ထိုအချိန်တွင် ကျွန်တော်ရှိရာသို့ တစ်စုံတစ်ဦး လာနေကြောင်း ခြေသံကြားရ၏။ သို့သော် ကျွန်တော် လှည့်မကြည့်။ ကျွန်တော့်ထံသို့ ရောက်လာပြီး ကျွန်တော့်ကဲ့သို့ပင် နေဝင်ချိန်ကို လှမ်းကြည့်ရန် ဝင်းထရံကို လာမှီကြောင်း သိလိုက်ရ၏။ ထိုနောက်တွင်ကား ကျွန်တော် ကုတ်အင်္ကျီအိတ်ထဲမှ အရက်ပုလင်းကို လက်တစ်စုံက စမ်းလာရင်း နှုတ်မှလည်း ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လည်း တစ်ကျိုက်မော့မယ်ကွာ"

ဤကား ဆရာကြီး၏ အသံ။

"ယူသောက်ပါ၊ အိတ်ထဲပါနေကျဆိုတာ ဆရာကြီး သိသားပဲ"

ဆရာကြီးသည် ကျွန်တော့်အိတ်ထဲမှ ပုလင်းကို နှိုက်ယူပြီး တစ်ကျိုက် မော့သည် ကြားရ၏။

"မင်း ခြံထဲ ဒီနေရာသွားမယ်လို့ ကိုယ်သိထားပါတယ်ကွာ"

"ဆရာကြီး နည်းနည်းပါးပါးလည်း မော့ချင်တယ် မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ကွ၊ ဖေဖေကလည်း အရက်သောက်တာ မကြိုက်ဘူး"

"တစ်ခါတုန်းက ကျွန်တော် တစ်ခု မှတ်မိနေပါသေးတယ်၊ ဆရာကြီး ကတော်လည်း အရက်သောက်တာ မကြိုက်ဘူးဆို ဆရာကြီး"

"အခြေအနေတွေ ပြောင်း လဲကုန်ပြီကွ"

ဆရာကြီးသည် နောက်တစ်ကျိုက် မော့လိုက်ပြန်၏။ ပြီးမှ ဆက်ပြော၏။

"ဒါပေမယ့် လူစိတ်တစ်ယောက် ပြောင်းမပြောင်းတော့ မသိနိုင်တော့ဘူး၊ သူကိုယ်တိုင်ကတော့ ဘယ်တော့မှ မသောက်ဘူးကွာ၊ ခုတော့ ဒီအရက်ဟာ စိတ်သက်သာ အပန်းပြေစေကြောင်း သူ သိကောင်းပါရဲ့"

ကျွန်တော်က ရယ်လိုက်ပြီး ဆက်မေး၏။

"ဆရာကြီးမှာ စိတ်မသက်သာစရာများကော ရှိလို့လား"

"ဟာ... ရှိတာပေါ့ကွာ၊ ပင်ပန်း နွမ်းနယ်ရတာတွေကို ဘယ်နည်းမလဲ၊ စိတ်ပန်း... လူပန်း"

ကျွန်တော်တို့ နှစ်ယောက် နေဝင်ဆည်းဆာချိန်၏ အလှကို ဆက် ကြည့်နေကြသည်။ ခဏအကြာ၌ ဆရာကြီးက ပြော၏။

"အေး... ကိုယ်တို့ ဒီအရပ်မှာကတော့ အပြောင်းအလဲ သိပ်မရှိလှ ပေဘူး"

ကျွန်တော်တို့ နောက်ဘက်မှ ခြံတံခါး ဖွင့်ဝင်လာသံကြား၍ လှည့်ကြည့် လိုက်ရာ အတွင်းရေးမှူးမကလေး ဆာဒီဘတ် ရေးကြီးသုတ်ပျာ လာနေသည်ကို တွေ့ရ၏။ ကျွန်တော့်ထံ ပုလင်း ပြန်ကမ်းပေးပြီး ဆရာကြီးက ဆာဒီအနားရောက် ရောက်ချင်း မေးလိုက်၏။

"ဘာထူးလို့လဲကွ"

သူမက ချက်ချင်းမဖြေ။ အရေးတကြီး အမောဟာကော ဖြစ်လာဟန်ဖြင့် သက်ပြင်း ရှူနေသည်။ ညနေ နေခြည်က သူမ၏ မျက်နှာပေါ် ကြကျနေသည်။ ခက်မှောင်သော တိုနံ့ ဆံပင်များမှာ ဝိုင်ယာကြိုးမျှင်များကဲ့သို့ ထို ထို ယောင်

www.burmeseclassic.com

www.burmeseclassic.com



သောင် ဖြစ်နေပြီး စူးရှတောက်ပြောင်သော မျက်ခုံနက်နက်သည် ပေါ်လွင်၍ နေ၏။

"ဘာဖြစ်သလဲ၊ ပြောစမ်းပါ" ဟု ဆရာကြီးက ထပ်မေးသည်။

"ဟို...ဟို တရားသူကြီး အာဝင်လေ..."

"ပြောစမ်း၊ ပြောစမ်း၊ ဘာဖြစ်လဲ"

ဆရာကြီးက အရေးတကြီး မေးသည်။

"နေပါဦး ဆရာကြီးရဲ့၊ အသက်ဝအောင် ရှူစမ်းပါရစေဦး"

"အခုလည်း အသက်ရှူနေတာပဲ မဟုတ်လား" ဟု ဆရာကြီးက ပြောကာ ခြံဝင်းထရံကို မှီပြီး သွားစေ့လျက် ပြုံးလိုက်သည်။ ဆာဒီက ပြန်ပြော သည်။

"ရယ်စရာသတင်း ထင်နေသလား ဆရာကြီး၊ ကျွန်မပြောတာ ကြား သိုက်ရင် ရယ်စရာ မဟုတ်ဘူးဆိုတာ သိရလိမ့်မယ်၊ တရားသူကြီးအာဝင်က အထက်လွှတ်တော် ရွေးကောက်ပွဲမှာ ကယ်လာဟန်ကို ထောက်ခံတော့မယ်လို့ ကြေညာလိုက်ပြီရှင့်"

သုံးစက္ကန့်မျှ ငြိမ်သွားသည်။ သို့ရာတွင် အကြာကြီးဟု ထင်လိုက်ရသည်။ ဆိုသုံးစက္ကန့်...သီတင်းတစ်ပတ်ခန့် ကြာသည်ဟုပင် ထင်လိုက်ရသည်။

ပြီးတော့မှ ဆရာကြီးက ပျစ်ပျစ်နှစ်နှစ် ပြောလိုက်သည်။

"လုပ်တော့မယ်၊ ဒီ လူ လွန်မသားကြီးကတော့..."

"သူ့ကြေညာချက်က ဒီနေ့ညနေ သတင်းစာတွေထဲမှာ ပါလာတာတဲ့၊ ဆရာကြီးရဲ့ရုံးက မတ်လော့က ဖုန်းလှမ်းဆက်ပြီး ဆရာကြီးဆီ သတင်းပို့ခိုင်း ဘာ" ဟု ဆာဒီက ဆက်ပြောသည်။

ဆရာကြီးက "လူလွန်မသားကြီး" ဟု၍ ထပ်မံ ရေရွတ်လိုက်ပြီး ခြံဝင်းထရံကို မှီနေရာမှ မတ်မတ်ရပ်လိုက်သည်။

"ကဲ...လာကြ" ဟု ဆိုကာ ရှေ့မှ ထွက်သွားသဖြင့် ကျွန်တော်တို့ ကုန်းမြင့်ကလေး အတိုင်း အိမ်ဆီသို့ တက်လိုက်သွားကြသည်။ ဆရာကြီးနှင့် ဆာဒီက ယှဉ်လျက်။ ကျွန်တော်က နောက်က လိုက်သွားသည်။

ခြံတံခါးနားအရောက် ဆရာကြီးက ဆာဒီကို အမိန့်ပေးသည်။ "ကျွန်တဲ့ သူတွေကို ရှင်းလိုက်၊ မြို့ကိုပြန်ကြပစေတော့"

"ဟိုင်နီဒပ်ဖ်ကို ညစာ အတူစားဖို့ ဖိတ်ထားတယ်လေ ဆရာကြီး" ဟု ဆာဒီက သတိပေးသည်။

"အခု မဖိတ်တော့ဘူးလေ၊ သွားကြပစေတော့"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကြိုက်တာပေါ့ ဆရာကြီးရယ်" ဟု ဆာဒီက လိုလိုလားလား ပြောသည်။ သူမသည် မစ္စတာဒပ်ဖီကို အတော်မျက်မုန်းကျိုးနေပုံရသည်။

ဆာဒီက ဆရာကြီးနှင့် အတူပါလာသော အဖွဲ့သားများကို မြို့ပြန်ခိုင်းပြီး အမြန်ဆုံး ရှင်းလင်းပစ်သည်။ ကျွန်တော်က အိမ်တစ်ဖက်ရှိ ခြံထဲဆင်းသွားပြီး သစ်ပင်တစ်ပင်အောက်တွင် ကုတ်အင်္ကျီကို ချွတ်လျက် လွှတ်လွှတ်လပ်လပ် လဲလျောင်း နားနေလိုက်သည်။

အိပ်ပျော်သွားသည်ပင် ထင်၏။ ဆရာကြီး လာခေါ်တော့မှ ဖျတ်ခနဲ လန့်နိုးလာသည်။

"ညစာ စားကြရအောင်ဟေ့"

ညစာ စားပြီးပြီးချင်း ဆရာကြီးက ကြေညာသည်။

"ဂျက်ရယ်၊ ဖိုးသကြားရယ်၊ ကိုယ်ရယ် ဒီည ကားနဲ့ တစ်နေရာသွားကြရအောင်"

ဆရာကြီး၏ထုံးစံမှာ မည်သူ့ကိုမျှ ကြိုပြောလေ့ မရှိ။ လူစီက ဆရာကြီးကို လှမ်းကြည့်၏။ သို့သော် ဘာမျှ မပြော။ အဘိုးကြီးကမူကား လှမ်းကြည့်ပြီး ပြော၏။

"ဒီည ဒီမှာ အိပ်မယ်ဆို၊ ခုဟာက အလုပ်ကိစ္စလား"

"အလုပ်ကိစ္စ မဟုတ်ပါဘူး၊ အပျင်းပြေ အပန်းပြေပါပဲ"

ဖြေပြီးပြီးချင်း ဆရာကြီး နေရာမှထလျက် လူစီနှင့် သူ့သားကို နှုတ်ဆက်ပြီး တံခါးဆီ တန်းသွား၏။

ကျွန်တော် ကာဒီလက် ကားကြီးဆီ ရောက်သွားချိန်တွင် ဆရာကြီးမှာ ရှေ့ခန်း၌ အသင့်ရှိနေချေပြီ။ ဖိုးသကြား ယာဉ်မောင်းနေရာ ဝင်ထိုင်အပြီး စကားထစ်ထစ်ဖြင့် မေး၏။

"ဘ... ဘ... ဘယ်"

ပြီးအောင်ပင် မစောင့်တော့ဘဲ ဆရာကြီးက ဖြေ၏။

"ဘာဒင်လင်းဒင်းမြို့ကို မောင်းကွာ"

ဘာဒင်လင်းဒင်းမြို့ကိုသွားမည်ဟု ကျွန်တော် မှန်းမိဖို့ ကောင်းပါ၏။ ထိုမြို့သည် ဤနေရာမှ မိုင် ၁၃၀ ကွာ အနောက်တောင်အရပ်၌ တည်ရှိ၏။ အသွားအပြန် ဆိုပါက မိုင် ၂၆၀ ဝေးသည်။ ယခု ကိုးနာရီထိုးတော့မည်။ အစောဆုံး မနက်ဖြန် မနက်စောစောစာ စားချိန်ခန့်တွင်မှ ပြန်ရောက်နိုင် ရှိ၏။

ကျွန်တော်သည် နောက်တန်းထိုင်ခုံကို မှီလျက် လိုက်ပြီး မျက်စိမှိတ် စဉ်းစားနေ၏။ ဘာဒင်လင်းဒင်းမြို့ မည်သူ့ထံ သွားမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုမြို့သွားရာ လမ်းကိုလည်း ကျွန်တော်သိသည်။ ထိုမြို့အကြောင်းကို သည်း ကျွန်တော်သိသည်။ ဘာဒင်လင်းဒင်း (ဘာဒင်စု) ဆိုသော ထိုမြို့နာမည် သည်ပင်လျှင် ကျွန်တော့် ဘိုးဘွား (ဘာဒင်မျိုးဆက်) တို့၏ အမည်ကို မှည့်ခေါ် ထားခြင်း ဖြစ်ပါ၏။ ဂျက်ဘာဒင်ဟုခေါ်သော ကျွန်တော့်ကိုလည်း ထိုမြို့တွင် မွေးသည်။ ထိုမြို့မှာပင် ကျွန်တော်ကြီးသည်။ ယခု ကျွန်တော်တို့ ရောက်သွား လျှင် တစ်မြို့လုံး အိပ်မောကျနေချိမ့်မည်။

ထိုမြို့ရှိ အဆောက်အအုံ တစ်ခု၌ ကျွန်တော့်ကို မွေးဖွားသည်။ ယနေ့ ညလည်း ကျွန်တော့်မိခင်သည် ထိုအဆောက်အအုံ အခန်းတစ်ခု၌ အိပ်စက် လဲလျောင်းနေပေလိမ့်မည်။ ကျွန်တော့်မိခင်၏ နောက်အိမ်ထောင်ဖြစ်သော သီယိုဒို မာရဲလ်သည်လည်း အတူ ရှိနေပေလိမ့်မည်။ ကျွန်တော့် ပထွေးမှာ အမေ့ထက် အနည်းငယ် ငယ်၏။ သို့သော် အမေက အရွယ်တင်သည်။ ထိုပထွေးသည်လည်း ကျွန်တော်၏ ပထွေး အမှတ် ၁ မဟုတ်သေး။

စတင်တန် မိသားစု နေထိုင်ခဲ့သည့် အိမ်ကြီးမှာ အင်နီနှင့် အဒမ်တို့ မောင်နှမ ပြည်နယ်မြို့တော်သို့ ပြောင်းသွားသည်ဖြစ်၍ အလွတ်အတိုင်း ရှိပေလိမ့် မည်။ ထိုမောင်နှမသည် ငယ်ငယ်က ကျွန်တော်နှင့် ကစားဖော်များ ဖြစ်ခဲ့ကြ၏။ သူတို့တွင် ဖခင် မရှိပြီ။ စတင်တန် မိသားစုအိမ် ဟိုမှာဘက်တွင် တရားသူကြီး အာဝင်၏ အိမ်ရှိ၏။ သူ့ဆီ ယခု ကျွန်တော်တို့ သွားလည်ခြင်း မဟုတ်ပါလား။

"ဆရာကြီး ဟိုရောက်ရင် ဘာကစ, ဘယ်လိုပြောမလဲ"

"ဘာပြောရမှန်းတောင် မသိပါဘူးကွာ၊ ပြောလည်း မပြောချင်ပါဘူး၊ သူ့ကို တွေ့ရရင် တော်ပါပြီ"

"သူ့ကိုတော့ စေ့စေ့ကြည့်ပြီး ခြိမ်းခြောက်လို့ ရမယ်မထင်ဘူး၊ ရမယ် ဆင်ရင် မှားလိမ့်မယ်"

"တွေ့ရရင် တော်ပါပြီကွာ"

"အချိန်ကိုလည်း ကြည့်ပါဦး၊ အချိန်မတော်ကြီးဗျ၊ မြို့မှာ သူ့ကို တွေ့ရင်လည်း ဖြစ်တာပဲဟာ"

"ဘုရင်ခံက တရားသူကြီးကို သွားတွေ့တယ်ဆိုတာ မသင့်ဘူးလို့ မင်းထင်သလား"

"အင်းလေ အာစရိက ပြည်နယ်ဘုရင်ခံပဲ"

"တို့ကတော့ တစ်မျိုးပဲကွ၊ ကိုယ် သမ္မတ ဖြစ်နေတောင် တွေ့ချင်ရင် အဲဒီလူကို သွားတွေ့ပစ်လိုက်မှာပဲ"

"အာစရိ အဲလိုများ သွားတွေ့ရင် ကျွန်တော့်ကိုတော့ အိမ်မှာပဲ ထားခဲ့ ပါဗျာ နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ထားခဲ့နိုင်မလဲကွ၊ တို့ သမ္မတဖြစ်လာရင် မင်းနဲ့ ဖိုးသကြားကို အိမ်ဖြူတော်အထိကို ခေါ်သွားရမယ်။ ဖိုးသကြားက အနောက်ဆောင်ထဲမှာ သေနတ်ပစ်ကျင့်နေ၊ မောင်ရင်က မောင်ရင့်ကောင်မလေးကို ရှေ့ခန်းက ခေါ်သွင်းနိုင်တယ်"

သူက ပြုံးရင်း ရယ်ရင်း ပြောလာခြင်း ဖြစ်ပါ၏။ ထိုနောက် ဘာဒင်လင်းဒင်းရောက်သည်အထိ စကားမပြောဖြစ်ကြတော့။

"ဂျက်ရေ၊ ဖိုးသကြားကို မင်းကပဲ တရားသူကြီးအိမ်အထိ လမ်းညွှန်လေ၊ ဒါက မင်းဇာတိမြို့ပဲဟာ"

မှန်၏။ ဤမြို့သည် ကျွန်တော်၏ ဇာတိမြို့ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော့်မိတ်ဆွေများ ဤမြို့တွင် နေခဲ့ကြဖူးသည်။ အင်နီနှင့် အဒမ်တို့ မောင်နှမသည် ၎င်းတို့၏ ဖခင်မုဆိုးဖိုကြီး ဘုရင်ခံဟောင်း စတင်တန်နှင့် အိမ်ကြီးတစ်ဆောင်တွင် နေခဲ့ကြသည်။ အဒမ်နှင့် ကျွန်တော်သည် မက္ကဆီကို ပင်လယ်ကွေ့တစ်လျှောက် နေရာအနှံ့ ငါးဖမ်းထွက် အပျော်လှေစီးထွက်ခဲ့ကြသည်။ မြို့အနီးတောနယ်များတွင် အဒမ်နှင့် ကျွန်တော် တောလည်ထွက်ခဲ့ကြသည်။ အင်နီလည်း ကျွန်တော်တို့နှင့် ပါတတ်သည်။ အင်နီသည် ကျွန်တော်တို့အောက် လေးနှစ်ငယ်သည်။ ယခုတော့ အင်နီသည် အပျိုဖျန်းကလေး မဟုတ်တော့၊ အပျိုကြီးတစ်ယောက် ဖြစ်နေပြီ။ အင်နီ့ကို ကျွန်တော် ချစ်လွန်းမက ချစ်ခဲ့ဖူးသည်။ ဘာဝကြင်ဖော်အဖြစ် စိတ်ကူးယဉ်ခဲ့ကြသည်။ သို့ရာတွင် ထိုနေ့ရက်များ ကုန်လွန်ခဲ့ချေပြီ။ ယခုတော့ အင်နီသည် အပျိုကြီးဖြစ်နေပြီး ပြည်နယ်မြို့တော်သို့ ပြောင်းရွှေ့နေလျက်ရှိသည်။ ကျွန်တော့်သူငယ်ချင်း အဒမ်ကာ နာမည်ကျော် ခွဲစိတ်ကုဆရာဝန်ကြီး ဖြစ်နေပါပြီ။

တရားသူကြီး အာဝင်ကား ကျွန်တော့်ကို တောလည်သွားရာ၌ ခေါ်သွားတတ်သူ၊ သေနတ်ပစ် သင်ပေးသူ၊ မြင်းစီးသင်ပေးသူပေတည်း။ ကျွန်တော့်ကို သူ့အိမ်ရှိ စာအုပ်များထဲမှ သမိုင်းစာအုပ်များကို ဖတ်ခိုင်းကာ သမိုင်းဘာသာရပ်၌ စိတ်ဝင်စားအောင် ပျိုးထောင်ပေးခဲ့သူလည်း ဖြစ်သည်။ တရားသူကြီးအာဝင်သည် ကျွန်တော့်အဖို့ ဖခင်သဖွယ် ဖြစ်ပါသည်။ ကျွန်တော့်မိခင် နောက်ယူသည့်ယောကျ်ားများထက် ကျွန်တော့်အပေါ် ဖခင်ဆန်သူ ဖြစ်ပါပေသည်။

တရားသူကြီး အာဝင်၏ အိမ်သွားရာလမ်းကို ကျွန်တော်ပင် လမ်းပြပေးသဖြင့် ဖိုးသကြားလည်း ဆိုက်ဆိုက်မြိုက်မြိုက် အလွယ်တကူ မောင်းပို့နိုင်ခဲ့၏။ ဝက်သစ်ချပင်အုပ်များ အကြားမှ အဖြူရောင်အိမ်ကြီးကို မှန်းကြည့်ပြီး ဆရာကြီးက စကားစပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခန်းထဲမှာတော့ မီးတွေ့ရသေးတယ်ကွ၊ ဒီ လူလွန်မသားကြီး အိပ်သေးဟန် မတူဘူး၊ တံခါးသွားခေါက်ပြီး သူ့ကို ကိုယ်က တွေ့ချင်လို့ဆိုတာ ပြောလိုက်စမ်းပါ"

"တံခါးဖွင့် မပေးရင်ကော"

"ဖွင့်ပါလိမ့်မယ်ကွာ၊ ဖွင့်မပေးရင်လည်း ပွင့်လာအောင် မင်းတာဝန်ပဲဟာ၊ ဒါမျိုးတွေလုပ်ဖို့ မောင်ရင့်ကို ကိုယ်လခပေးထားတာ မဟုတ်လား"

အိမ်လှေကားထိပ်အရောက် ကျွန်တော်က တံခါးခေါက်လိုက်ရာ အာဝင် ကိုယ်တိုင် တံခါးလာဖွင့်၏။

"မင်္ဂလာညပါ တရားသူကြီးမင်း၊ ကျွန်တော် ဂျက်ဘာဒင်ပါ ခင်ဗျ"

"ဟေ... ဂျက်လားကွ၊ လာဟေ့ လာဟေ့"

အာဝင်က တအံ့တဩ ဝမ်းမြောက်ဝမ်းသာ ကျွန်တော့်ကို ဖက်လဲတကင်း ကြိုဆိုသည်။

ကျွန်တော်ကလည်း အာဝင်နှင့် လက်ဆွဲနှုတ်ဆက်လိုက်ပြီး အိမ်ထဲ ဝင်သည်။

"ကဲ... ဆို၊ တို့ ဘာကူညီရမလဲ၊ ငါ့သား မင်း ဒုက္ခတွေ့လာလို့လား၊ ကဲ တံခါးပိတ်ပါရစေဦး"

အာဝင်က ပြောပြောဆိုဆို အိမ်ပြင်ကြည့်လိုက်ပြီး အံ့သြခက်ထန်သွားပုံ ရ၏။ အကြောင်းမူ ဆရာကြီးသည် တံခါးဝ၌ မားမားကြီး ရပ်လာသောကြောင့် ဖြစ်၏။ အာဝင်၏ အမူအရာ အနည်းငယ် တင်းမာသွားသည်။ ဆရာကြီးကပင် ကျွန်တော့်ကိုယ်စား အဖြေပေး၏။

"ဂျက်မှာ ဘာပြဿနာမှ မရှိပါဘူးဗျာ၊ ကျွန်တော့်မှာလည်း ပြဿနာ မရှိပါဘူး"

ပြောပြောဆိုဆို ဆရာကြီးလည်း အိမ်ထဲဝင်လာသည်။

အာဝင်က ကျွန်တော့်ကို စိုက်ကြည့်လိုက်ပြီး အေးစက်စက် အသံဖြင့် ဖြည်းဖြည်းပြော၏။

"ဩော်... ဂျက်၊ မင်းနဲ့ ပါလာတာကိုး၊ ကောင်းပါပြီ ဘုရင်ခံမင်းခင်ဗျား၊ ဘုရင်ခံမင်း ကျွန်တော်နဲ့ ပြောစရာများ ရှိလို့ပါလား" ဟု ဆရာကြီးကို ငုံ့ကြည့်ပြီး တစ်ဆက်တည်း ပြောသည်။ အာဝင်သည် ဆရာကြီးထက် သုံးလေးလက်မခန့် အရပ်ပိုမြင့်သည်။

"ဘာပြောလို့ ဘာလုပ်ရမယ်တော့ မသိသေးပါဘူး၊ ခဏထိုင်ခွင့်ရရင်တော့ နည်းနည်းပြောချင်တာ ရှိပါတယ်" ဟု ဆရာကြီးက ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင်တော့ ဘုရင်ခံမင်းကို ကျွန်တော် တစ်ခုပြောပါရစေ ခင်ဗျာ၊ အခုအချိန်ဟာ ကျွန်တော် အိပ်ရာဝင်ချိန် ဖြစ်ပါတယ်"

ဆရာကြီးက ကြားဖြတ်ပြောလိုက်၏။

"စောပါသေးတယ်လေ" ပြောပြောဆိုဆို ဆရာကြီးက ဦးဆောင်ပြီး မီးလင်းနေသော စာကြည့်ခန်းဘက် လျှောက်သွားသဖြင့် ကျွန်တော်တို့လည်း သူ့နောက်မှ လိုက်သွားကြ၏။ ဆရာကြီး နေသားတကျ ကုလားထိုင်၌ ထိုင်ပြီး ချိန်အထိ အာဝင်က မထိုင်။ အခန်းအလယ်၌ ရပ်နေသည်။ စကားလည်းမပြော။ သည်တော့ ဆရာကြီးကပင် အရက်ပုလင်း ဗီရိုဘက် မျက်စပစ်ပြရင်း အာဝင်ကိုရော ကျွန်တော့်ကိုပါ လှမ်းပြော၏။

"တရားသူကြီးမင်း…စိတ်မရှိဘူးဆိုရင် ကျွန်တော့်အတွက် အရက်နည်းနည်း ဂျက်ကို ထည့်ပေးခွင့်ပြုပါ"

တရားသူကြီး အာဝင်က ဆရာကြီးကို တိုက်ရိုက် အဖြေမပေး၊ ကျွန်တော့်ကို လှမ်းပြောလာသည်။

"အလို…ဂျက်ရေ၊ မင်းလုပ်ငန်း တာဝန်တွေထဲမှာ အရက်ပါ ထည့်ပေးရတဲ့ အစေခံတာဝန်မျိုးလည်း ပါနေတာကိုး၊ ဒါကို တို့ မသိဘူးကွာ"

ဤစကားကြောင့် တရားသူကြီး၏ မျက်နှာကို ကျွန်တော်ဖြတ်ရိုက်လိုက်ချင်၏။ အရေထဲ ဆရာကြီးကပါ ရောယောင်ရယ်သွမ်းသွေးလာရာ ဆရာကြီး၏ မျက်နှာကိုလည်း ကျွန်တော် ဖြတ်ရိုက်လိုက်ချင်သည်။ နှစ်ဦးစလုံးကို ဖြတ်ရိုက်ပစ်ပြီးလျှင် အခန်းထဲမှ ထွက်သွားလိုက်ချင်၏။

သို့သော် ကျွန်တော် ဘာမှ မလုပ်ဖြစ်ပါ။ အခန်းထဲ၌ပင် ရှိနေခဲ့ပါသည်။ ဘဝ်ခါတစ်ရံ ဆန္ဒကတခြား လက်တွေ့ကတခြား ဖြစ်တတ်သည် မဟုတ်ပါလား။ ဆရာကြီးကပင် စကားစပြန်သည်။

"ဟုတ်ကဲ့ တစ်ခါတလေ ဂျက်က ကျွန်တော့်ကို အရက်ငှဲ့ပေးပါတယ်၊ တစ်ခါတလေကျတော့လည်း ကျွန်တော်က ဂျက်ကို အရက်ငှဲ့ပေးပါတယ်" ပြောပြောဆိုဆို နေရာမှ ထလိုက်ပြီး ဆရာကြီးက အရက်နှစ်ခွက် ထည့်သည်။ ပြီးနောက် ကျွန်တော့်ကို တစ်ခွက်ကမ်းပေး၏။ ဆရာကြီးသည် အရက်ကိုစွဲနှင့် ဆက်စပ်လျက် တရားသူကြီးကို လှမ်းပြောလိုက်သေးသည်။

"အင်း…တစ်ခါတလေတော့လည်း ကိုယ်လိုချင်တာ ထုတ်ပြောယူမှပဲ ရတတ်တယ်၊ ယူပါလို့ အပြောကို စောင့်နေရင် လက်လွတ်သွားတတ်တာတွေ အများကြီး ဗျ၊ ကျုပ်က စိတ်မရှည်ဘူးဗျာ၊ ဒါကြောင့်လည်း လူကြီးလူကောင်း ပုံစံ မပေါက်တာဘဲ၊ ခင်ဗျားကျတော့ တော်ပါတယ်၊ အမြဲတမ်း စိတ်ရှည်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ခေတ္တနားပြီး ဆရာကြီးကပင် ဆက်ပြောပြန်၏။

"ဩော်...ဒီနေ့ညနေ သတင်းစာ ဖတ်ပြီးပြီလား၊ ရှိကော ရှိပါသလား"

အာဝင်က ချက်ချင်း အဖြေပေးသည်။

"ဒီနေ့ညနေ သတင်းစာထဲမှာ ကယ်လာဟန်ကို ထောက်ခံမယ်ဆိုတဲ့ ကျုပ်ရဲ့ ကြေညာချက်ပါလို့ မဟုတ်လား"

"ခင်ဗျားကိုယ်တိုင်ပြောတာကို သိပ်ကြားချင်လို့ အခုရောက်လာတာပါပဲ၊ ဒီအကြောင်း ဒီပြင်လူက ကျုပ်ကို သတင်းပေးတယ်၊ ကျုပ်က မယုံဘူး"

"အဲဒါ အမှန်ပါပဲ၊ ကဲ အခု ဘုရင်ခံမင်း အမှန်အတိုင်း ကြားရ သိရ ပြီဆိုတော့"

"နေဦးဗျ၊ ကျုပ် နောက်တစ်ခွက်လောက် သောက်လိုက်ပါရစေဦး"

ပြောပြောဆိုဆို အရက်ထပ်ထည့်ရင်း ဆရာကြီးကပင် ဆက်ပြော၏။

"ဟိုတစ်ခါ ခင်ဗျားနဲ့ ကျုပ် ဆွေးနွေးဖူးတုန်းကတော့ ခင်ဗျားက ကျုပ်လူ မာစတားစ်ကို အထက်လွှတ်တော်အမတ်နေရာအတွက် ထောက်ခံမယ် ဆိုဗျ"

"ဒီလိုတော့ အတိအကျ မပြောခဲ့ပါဘူး၊ ပြောလေ့လည်း မရှိပါဘူး၊ ခင်ဗျားလူ မာစတားစ်ကိုလည်း ကျုပ်နည်းနည်းမှ မယုံဘူးဗျ"

"နေဦး၊ မာစတားစ် နောက်ကြောင်းများ တစ်ယောက်ယောက်က မကောင်းသတင်းလွှင့် အပုပ်ချသလား မသိဘူး၊ နောက်ကြောင်းပြန်ဖော်ပြီး အပုပ်ချ တယ်ဆိုတာကတော့ဗျာ ပြောရတာ အတော်ခက်တဲ့ ကိစ္စမျိုးပဲ၊ တကယ်ကတော့ ဟောဒီစိမ်းလန်းတဲ့ ကမ္ဘာမြေကြီးပေါ်မှာ ရှိသမျှအာလုံးသော ပစ္စည်းတွေဟာ အပုပ်အဆွေး အညစ်အကြေးတွေချည်းပဲ မဟုတ်လား၊ ရေရှိတဲ့ နေရာတွေက လွဲရင်ပေါ့လေ၊ ဒါတောင် ရေအောက်တွေမှာလည်း အပုပ်အဆွေးတွေ ရှိနေတာပါပဲ၊ ဒါပေမယ့်ဗျာ ဒီလူဟာ ကျုပ်စကား နာထောင်တယ်ဗျ၊ နားမထောင်ရင်လည်း သူ့ကို ကျုပ်ကိုင်နိုင်ပါတယ်၊ ဒါပေမယ့် ကယ်လာဟန်ကျတော့ သူ ဘာလုပ်မယ် ဘယ်သူမှ မသိဘူးဗျ"

"ဒါတော့ မတတ်နိုင်တော့ဘူးလေ၊ နောင်ခါလာ နောင်ခါရှေးပေါ့၊ ကဲပဲဆိုပါတော့"

"ဗျာ...ကဲတရားပေါ့ ပုံချမယ်လား၊ ခင်ဗျားလည်း ဒီပြည်နယ်မှာ နိုင်ငံရေးလုပ်လာတာ နှစ်ပေါင်း ၄၀ လောက် ရှိပါပြီဗျာ၊ နိုင်ငံရေးသမားတွေက အပင်ပန်းခံလုပ်၊ ခင်ဗျားကတော့ တစ်သက်လုံး အေးအေးဆေးဆေး တရုံးသူကြီး ပဲ၊ ဒီတော့ ဒီလောက်အေးတဲ့ အလုပ်မျိုးအပေါ် ခင်ဗျား မတွယ်တာတော့ဘူး လားဗျ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း...ကျုပ်ကို ဘယ်သူမှ ခြိမ်းခြောက်လို့ မရဘူး မှတ်ပါ"

"မခြိမ်းခြောက်ရပါလား၊ ဒါပေမယ့် ဥပမာ ကယ်လာဟန်မှာ နောက်ကြောင်း မရှင်းတာ တစ်ခုခုရှိတယ်လို့ ခင်ဗျားသိရရင်ကော"

"ကျုပ်ကတော့ ကယ်လာဟန်မှ ကယ်လာဟန်ပဲဗျာ၊ ကဲ...ဘုရင်ခံမင်းမြတ်ခင်ဗျား၊ ကျွန်တော့်အိမ်က ပြန်ကြွတော့ပါလို့"

ဆရာကြီးက ကျွန်တော့်ကို လှမ်းကြည့်ပြီး ပြောသည်။

"ဟော့...ဂျက်၊ မင်းမှန်တယ်ကွ၊ ဒီလူကို ဘယ်လိုမှ ခြိမ်းခြောက်လို့ မရဘူးဆိုတာ"

ဤတွင် တရားသူကြီး အာဝင်က ခပ်တိုးတိုး ထပ်ပြော၏။

"ကဲ...ကျုပ်အိမ်က ထွက်သွားကြပါတော့"

ဆရာကြီးသည် ဖြည်းလေးစွာ ထိုင်ရာမှ ထရင်း နှုတ်ဆက်ခဲ့သေး၏။

"ကျုပ်ကတော့ တာဝန်ရှိတဲ့အတိုင်း လာပြောတာပဲ၊ ကဲ...ကျုပ်သွားမယ်၊ စိတ်တော့ မဆိုးပါဘူး ဝမ်းနည်းတာတစ်ခုပါပဲ၊ ကဲ...ဂျက်ရေ သွားကြစို့"

ကျွန်တော် နေရာမှ မရွေ့သေးမီ အာဝင်က ကျွန်တော့်ကို လှမ်းပြော၏။

"ကဲ...ဂျက်၊ မင်းအလုပ်ရှင်က မင်းကို ခေါ်နေပြီ၊ သွားပေဦးတော့၊ ဩော်...တစ်ခုတော့ ရှိတယ်၊ မင်းအမေနဲ့ ဒီအပတ် တို့တွေ့ဖို့ရှိတယ်၊ မင်း ဒီအလုပ် ဆက်လုပ်နေဦးမယ်လို့ပဲ တို့ သတင်းပေးလိုက်ရမှာလား"

ကျွန်တော်တို့ ကားထဲအရောက် ဆရာကြီးက စပြောပြန်၏။

"ဂျက်ရေ၊ မင်းလုပ်ဖို့တာဝန် တစ်ခု ပေါ်လာပြီကွ"

"ကယ်လာဟန်ရဲ့ နောက်ကြောင်း ဖော်ထုတ်ဖို့လား"

"မဟုတ်ဘူး၊ တရားသူကြီး အာဝင်ရဲ့ နောက်ကြောင်း ဖော်ထုတ်ပေးဖို့"

"အာဝင်ရဲ့မကောင်းကြောင်း ဘယ်သူမှ အပြစ်ရှာလို့ တွေ့မယ်မထင်ဘူးဗျ"

"မင်းရှာရင် တွေ့နိုင်ပါတယ်ကွာ"

နောက်ထပ် မိုင် ၂၀ လောက် ခရီးပေါက်ပြီးမှ ကျွန်တော်က တစ်ခု ထပ်ပြော၏။

"ရွေးကောက်ပွဲ မတိုင်ခင်အထိ သူ့နောက်ကြောင်း ကျွန်တော် အပြစ်ရှာမရရင်ကောဗျာ"

"မင်းကလည်းကွာ၊ ရွေးကောက်ပွဲကိစ္စ ကိုယ်ဘာမှ စိုးရိမ်မှု မရှိပါဘူး။ အားလုံး စီစဉ်ပြီးသားပါ၊ မာစတားစ်နိုင်မှာလည်း သေချာပါတယ်၊ တရားသူကြီး အာဝင်နောက်ကြောင်း အမည်းစက်သာ မင်းရအောင် ဖော်ထုတ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ငါးမိုင်လောက် ရောက်ပြီးမှ ကျွန်တော်က ထပ်ပြောမိပြန်သည်။

"ဘာမှ မတွေ့ရရင်ကောဗျာ"

"တစ်ခုခုတော့ ရှိတတ်စမြဲပါကွ"

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မဆင်စီးတီးကို ကျွန်တော် နောက်ဆုံး ရောက်ခဲ့သည်မှာ ဆရာကြီးနှင့်အတူ အဖွဲ့သားများပါ ကာဒီလက်ကားကြီးဖြင့် ရောက်ခဲ့သော ထိုအခေါက်ဖြစ်ပါ၏။ လမ်းမကြီးမှာလည်း ထိုအချိန်က အသစ်စက်စက်။ ယခုဆိုလျှင် ၁၉၃၉ ခုနှစ်သို့ ရောက်နေပြီဖြစ်၍ သုံးနှစ်ခန့်ပင် ကြာခဲ့ချေပြီ။

မဆင်စီးတီးသို့ ကျွန်တော် ပထမဆုံးအကြိမ် ရောက်ဖူးခဲ့သည်မှာကား ၁၉၂၂ ခုနှစ်က ဖြစ်၏။ ထိုအချိန်က ကျွန်တော်ပိုင် ကားအိုကလေးဖြင့် လမ်းမကြီးပေါ် ဖြတ်မောင်းခဲ့ရပေသည်။

ထိုစဉ်က ကျွန်တော်သည် ခရော်နီကယ်သတင်းစာ၌ သတင်းထောက် လုပ်နေခဲ့ရာ တစ်နေ့တွင် အယ်ဒီတာက ကျွန်တော့်ကို ခေါ်ပြီး တာဝန်တစ်ခု ပေး၏။

"ဂျက်...မင်းကားလေးနဲ့ မဆင်စီးတီးကို ချက်ချင်းပြေးစမ်းကွာ၊ ဟိုမှာ ဗီလီစတာ့ခ်ဆိုတဲ့ လူတစ်ယောက် နာမည် တော်တော်ကြီးနေတယ်၊ ကျောင်း ဆောက်ရေး ကိစ္စတစ်ခုမှာ ဒေသခံနိုင်ငံရေးသမား တော်တော်များများကို ဆန့်ကျင်ရဲ့ လောက်အောင် ကျော်ကြားနေတယ်၊ သူက အမှန်ဘက်က ရဲရဲဝံ့ဝံ့ ရပ်တည်ပြီး ဟိုလူတွေကို ဆန့်ကျင်နေတာကွ၊ အဲဒီ ဗီလီစတာ့ခ်အကြောင်း သတင်းလိုချင် တယ်"

"ဟုတ်ကဲ့၊ ဗီလီဟာ အဲဒီကျောင်းမှာ ဘဏ္ဍာရေးမှူးပဲ၊ မကြာခင် လပိုင်း လောက်တုန်းက ကျွန်တော် သူ့ကို ဒီမြို့မှာ မစ္စတာဆလိတ်ရဲ့ ဆိုင်နောက်ဘေး ခန်းမှာ တွေ့ခဲ့ဖူးတယ်ဗျ၊ ကျောင်းရန်ပုံငွေရဖို့ကိစ္စ သူဒီကို တက်လာတုန်းကလေ၊ သူ့ဇနီးကလည်း ကျောင်းဆရာမတစ်ယောက်ပဲ၊ ကျွန်တော့်အထင်တော့ ဆရာမ



www.burmeseclassic.com

www.burmeseclassic.com


ကိုယ်တိုင်ကလည်း ကျောင်းရန်ပုံငွေကို နိုင်ငံရေးသမားတွေ ခြစားပစ်မှာ စိုးရိမ်နေပုံရတယ်"

"ဒီအတိုင်းဆို ဆရာမလည်း ပြုတ်လိမ့်မယ်၊ ဝီလီလည်း ပြုတ်လိမ့်မယ် မကြာဘူး၊ ဒီဆရာမကလည်း အဲဒီ နိုင်ငံရေးသမားတွေရဲ့ ညစ်ကွက်မျိုးကို မသိသားဆိုးရွားလှချည်လား"

"ဒါကတော့ဗျာ၊ နိုင်ငံရေးသမားဆိုတာ ဒီက လူတွေ ဒီမှာ လုပ်ကြသလို ဟိုကလူတွေကလည်း ဟိုမှာ ဒီအတိုင်းလုပ်နေကြတာပါပဲ"

"ဟုတ်တယ်၊ ဒီတော့ မင်း မေဆင်စီးစီးကို ပြေးပြီး ဝီလီအကြောင်း သတင်းလိုက်ခဲ့ပေတော့"

သို့ဖြင့် ကျွန်တော် မေဆင်စီးတီးသို့ ရောက်ခဲ့ရပါ၏။ မွန်းလွဲပိုင်းရောက်ရောက်ချင်း တစ်နေရာ၌ ထမင်းသွားစားသည်။ ပြီးနောက် မြို့ထဲဖြတ်လျက် အုပ်ချုပ်ရေးရုံးဆီသို့ လမ်းလျှောက်သွားခဲ့သည်။

ရုံးအဆောက်အအုံထဲ ဝင်လိုက်သည်နှင့် အခန်းတစ်ခန်းတွင်း၌ လူသုံးဦးတွေ့ရပြီး အခြား အခန်းတစ်ခုတွင်ကား ဝီလီကို တစ်ဦးတည်း အဖော်မပါ တွေ့ခဲ့ရ၏။

ဝီလီကို ကျွန်တော်က လှမ်းနှုတ်ဆက်လိုက်ရာ တစ္ဆေသရဲတွေ့လိုက်ရသည့်အလား၊ နိုင်ငံခြားသားတစ်ဦးက စကားပြောလာသည့်အလား ကျွန်တော့်ကို မော့်ကြည့်နေ၏။ ကျွန်တော့်ကို ပြန်လှန်နှုတ်ဆက်နိုင်ခြင်း မရှိလောက်အောင် ဖြစ်နေရှာသည်။ ကျွန်းတစ်ကျွန်းပေါ် တစ်ဦးတည်း နှစ် ၂၀ ခန့် ရောက်နေသဖြင့် စကား မပြောတတ်တော့သူ၏ ပုံမျိုး။ သို့သော် ခဏအကြာတွင်ကား ပြန်လှန်နှုတ်ဆက်လာပါ၏။

"ဟဲလို..." ထို့နောက် ဆလိတ်၏ ဆိုင်ခန်း၌ ကျွန်တော်နှင့် တွေ့ဖူးသည်ကို သတိရဟန်ဖြင့် ဆက်မေး၏။

"ဆိုဗျာ... ကိစ္စက"

"အယ်ဒီတာက သတင်းကိစ္စအတွက် လွှတ်လိုက်လို့ပဲဗျို့၊ ဒီမှာ ဖြစ်နေတာတွေ သိချင်လို့တဲ့၊ ဒီမှာ ဘာတွေ ဖြစ်နေသလဲဗျ၊ ဒါ သတင်းကောင်း ဖြစ်ချင်လည်း ဖြစ်လိမ့်မယ်"

"ဟာ... ပြောရတာပေါ့" ဆိုလျက် ဝီလီက အားလုံးပြောပြ၏။ အိမ်အထိ ခေါ်သွားပြီး ည ၁၁ နာရီတိုင်အောင် ဆက်ပြောပြီ၊ ပြောသည့်နေရာမှာ သူ့အဖေအိမ် ဝရန်တာတွင် ဖြစ်သည်။ သူပြောပြီ ချိန်တွင် သူ့ဇနီး ဆရာမ လူစီပင် သူတို့ သာကလေးကို သိပ်ပြီးနေချေပြီ။ သူ့အဖေအိမ်သို့ သူတို့ လင်မယား

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းနေကြရသည်မှာလည်း အကြောင်းရှိ၏။ သူ့ဇနီးကျောင်းဆရာမကိုယ်တိုင် အလုပ်ပြုတ်သွားပြီဖြစ်သောကြောင့်တည်း။ ဝီလီလည်း ကျောင်းဘဏ္ဍာရေးမှူးအဖြစ် နောက်တစ်ကြိမ် တင်မြှောက်ခံရရန် အကြောင်းမရှိတော့သောကြောင့် သူတို့ လင်မယား မြို့ပေါ်၌ အိမ်ငှားခ အကုန်ခံပြီး နေရန် မလိုတော့။

သူ့ဇနီးကလည်း ထိုညက ဝင်ပြောပြသေး၏။

"ကျွန်မ အဲဒီကျောင်းမှာ ဆရာမလုပ်လာတာ ခြောက်နှစ်ရှိပါပြီရှင်၊ အသင်အပြ မကောင်းဘူးလို့ ဘယ်သူကမှ မပြောခဲ့ဖူးပါဘူး၊ ခုတော့ ကျွန်မဆီ အထက်က စာရေးလာတယ်၊ ကျွန်မ စာသင်တာနဲ့ ပတ်သက်လို့ သဘောမကျတဲ့ အိုင်စာတွေ ရထားတယ် ဘာညာနဲ့ပေါ့"

ဆရာမလူစီသည် ထိုအချိန်က အသက် ၂၅ နှစ်ခန့်သာ ရှိသေး၏။ သို့သော်အရွယ်နှင့် မလိုက်အောင်ပင် နပျိုသည်။

"ကျွန်မ သူတို့ကျောင်းမှာ မလုပ်ရလည်း မမှုပါဘူး၊ လုပ်လည်း မလုပ်ချင်ပါဘူးရှင်၊ အခု ကျောင်းသစ်က 'ခြစားမှု' အပြည့်နဲ့ ဆောက်မယ့် ကျောင်းသစ် မဟုတ်လား"

ဝီလီကလည်း ထို 'ခြ' များနှင့် လက်တွဲမလုပ်လို။

"ကျွန်တော် ရွေးကောက်ပွဲတော့ ဝင်ဖို့ ရည်ရွယ်ထားတယ်ဗျ၊ တစ်မဲမှ မရချင်နေပါစေ၊ ဝင်ကို ဝင်ဦးမယ်"

ရွေးကောက်ပွဲ ရောက်လာသည့်အခါ ဝီလီသည် တကယ်လည်း ဝင်ရောက် အရွေးခံပါ၏။ သူ မျှော်လင့်သည့် တစ်မဲမျှ မရဆိုသော အခြေအနေ ထက်ကား ကောင်းပါ၏။ မဲအတော်အသင့်ရသည်။ သို့သော် ရှုံးသည်။

ဝီလီပြောပြသော 'ကျောင်း' အကြောင်းမှာ စိတ်ဝင်စားစရာ...။

ထိုကျောင်းသစ်ဆောက်လုပ်ရန်အတွက် ဂျက်ဖာဆောက်လုပ်ရေး ကုမ္ပဏီ က ဒေါ်လာ ၁၄၂၀၀၀ ဖြင့် တာဝန်ယူ၏။ ဂျေအိပ်မ်းကုမ္ပဏီကမူကား ဒေါ်လာ ၁၆၅၀၀၀ ရမှ ဆောက်နိုင်မည်ဟု ကမ်းလှမ်းသည်။ ဝီလီက ဂျက်ဖာကုမ္ပဏီကို လက်ခံချင်၏။ သို့သော် အခြား နိုင်ငံရေးသမားများကမူကား ကျန်ကုမ္ပဏီကို လက်ခံလိုကြ၏။ ဤတွင် မစ္စတာ ပီးလ်ဗျရီဆိုသူ ဦးဆောင်သော နိုင်ငံရေးသမား များက မြို့ထဲသို့ သတင်းတစ်ခု လွှင့်လိုက်၏။

ဂျက်ဖာကုမ္ပဏီ ကန်ထရိုက်ရသွားလျှင် ကျွမ်းကျင်သော နီဂရိုးလူမည်း အလုပ်သမားများ ခေါ်လာပြီး ကျောင်းဆောက်ခိုင်းလိမ့်မည်။ မြို့ခံ အလုပ်သမား များ လုပ်ခရမည် ဖြစ်သည့်တိုင် ကျွမ်း ကျင်သော လူမည်းများလောက် လုပ်ခရ မည် မဟုတ်ဟူသော သတင်းဖြစ်သည်။ ဤတွင် မြို့ခံတို့စိတ်တွင် မှို့ကုမ္ပဏီ က ဈေးများနေသော အချက်အကြောင်း မေ့သွားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မှန်တစ်ခုမှာ ခေါင်းဆောင် ပီးလ်ဗျရီသည် မိုးကုမ္ပဏီမှ အုတ်စက်လုပ်ငန်းပိုင်ရှင်တစ်ဦး၏ ဆွေမျိုးဖြစ်၏။ ထိုအုတ်စက်မှ အုတ်အမျိုးအစားမှာ အဆင့်အတန်းမမီဟု ပြည်နယ်ဆောက်လုပ်ရေး အင်စပိတ်တော်ကလည်း သတ်မှတ်ထားပြီး ဖြစ်၏။ မိုးကုမ္ပဏီ ကန်ထရိုက်ရလျှင် ထိုအဆင့်မမီ အုတ်တို့ဖြင့် ကျောင်းဆောက်မည်မှာလည်း သေချာနေ၏။

သို့သော် ပီးလ်ဗျရီနှင့် အပေါင်းပါတို့ကို ဆန့်ကျင်တိုက်ခိုက်ရာ၌ ဝီလီတစ်ယောက် ကံမကောင်းခဲ့။ မြို့ခံတို့ကလည်း ဝီလီတင်ပြသည်ကို လက်မခံလိုကြ။ သို့ဖြင့် ဝီလီအစား အခြားတစ်ဦး ကျောင်းဘဏ္ဍာရေးမှူး ဖြစ်လာလေသည်။ သို့ဖြင့် မိုးကုမ္ပဏီက ကျောင်းဆောက်ရန် ကန်ထရိုက် ရသွားတော့၏။ ကျောင်းဆောက်ပြီးသွားသောအခါ ဆေးမျှပင် မခြောက်သေးမီ လိုက်ပြင်နေရတော့၏။ ပီ လ်ဗျရီနှင့် အပေါင်းပါတို့ မိုးကုမ္ပဏီထံမှ လာဘ်ရလိုက်သည်မှာလည်း အမှန်ဖြစ်၏။ ထိုနောက်တွင်ကား ထိုကျောင်းဆောက်ရေး ကိစ္စအားလုံးကိုပင် မေ့မေ့ပျောက်ပျောက်ဖြစ်ခဲ့တော့၏။ မေ့နေလိုက်ကြသည်မှာ သုံးနှစ်ခန့် ကြာခဲ့ချေသည်။ ကျောင်းဆောက်အပြီး သုံးနှစ်ကြာသော နေ့တစ်နေ့တွင်ကား ဝီလီကို ဆန့်ကျင်ခဲ့ကြသည့် နိုင်ငံရေးသမားတို့ ကံဆိုးမိုးမှောင်ကျလေတော့၏။ ဝီလီကိုယ်တိုင်ပင် မသိလိုက်ရပါဘဲ ပီးလ်ဗျရီ လူစုက ဝီလီအတွက် တစ်စုံတစ်ရာ ထောင်ပေးလာကြချေကုန်၏။ ထိုအကြောင်းကို ဘဏ္ဍာရေးမှူးဖြုတ် ဝီလီလည်း ကျွန်တော့်ကို ထိုညက ပြောမပြနိုင်သေး။ ထို့ကြောင့် ကျွန်တော်လည်း မသိခဲ့နိုင်သေး။

ကျွန်တော်တို့ သတင်းစာသည် မေဆင်စီးတီးမြို့ဝန်းကျင်မှ နိုင်ငံရေးသမားတို့၏ သိက္ခာမဲ့မှု၊ အကျင့်ပျက်မှုများအကြောင်း ဖွဲ့ဖွဲ့နွဲ့နွဲ့ ဖော်ပြလိုက်၏။ ယခင်က ထိုနိုင်ငံရေးသမားများကို ထောက်ခံခဲ့သော်လည်း ယခုမူကား ဝီလီကဲ့သို့ ကျေးလက် လူများစုဘက်မှ ရပ်တည်ကာကွယ် ဆောင်ရွက်သူ အကြောင်းသတင်းများကို ဦးစားပေး ထောက်ခံရေးသားလာ၏။

ထိုနှစ်က ရွေးကောက်ပွဲတွင် ဝီလီရှုံး၏။ သို့သော် ရှုံးနိမ့်သွားသော လယ်သမားကလေး ဝီလီ၏ ဓာတ်ပုံကို ကျွန်တော်တို့ သတင်းစာက အသားပေးဖော်ပြရာတွင် ပုံစာ တစ်ခုပင် ဖြည့်ပေးလိုက်သေး၏။ ထိုပုံစာမှာကား သူ့ခံယူချက်အတိုင်း ရပ်တည်သူ ဟူသတည်း။

သို့ဖြင့် ဝီလီသည် ကျွန်တော်တို့ သတင်းစာအတွက် စံပြနိုင်ငံရေးသမားလည်း ဖြစ်လာခဲ့လေတော့၏။ ဝီလီ၏ ဓာတ်ပုံအောက်တွင် ဝီလီ ကိုယ်တိုင်ပေးလာသော ရွေးကောက်ပွဲဆိုင်ရာ ကြေညာချက်ကိုလည်း ဖော်ပြလိုက်သေး၏။

“ဟုတ်ကဲ့ သန့်သန့်ရှင်းရှင်းပဲ ကျွန်တော် ရှုံးခဲ့ပါပြီ၊ ဒီတော့ အဖေ့လယ်တောကို ပြန်ပြီး ကျွန်တော် လယ်လုပ်ပါမယ်၊ လယ်လုပ်ရင်း ဥပဒေတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို ထပ်လှေ့လာပါဦးမယ်၊ ကျွန်တော့်အတွက် လိုအပ်နေသေးလို့ ဖြစ်ပါတယ်၊ မေဆင်စီးတီးမြို့တော်သူ မြို့တော်သားများအပေါ် ကျွန်တော် ယုံကြည်မှုအပြည့် ရှိပါတယ်၊ အချိန်က အမှန်ကို ဖော်ထုတ်ပေးသွားမှာပါ”

သို့ဖြင့် ကျောင်းသစ်ကြီးကို မိုးကုမ္ပဏီက တည်ဆောက်ခွင့်ရခဲ့ရာ ပီးလ်ဒုရီ၏ ခေတ်မျိုးပိုင် အုတ်စက်မှ အုတ်အညံ့စားများကို တကယ်ပင် အသုံးပြုခဲ့၏။

ကျောင်း၏ ပုံသဏ္ဍာန်မှာ လေးထောင့် အဆောက်အအုံ ဖြစ်သည်။ လှေကားများကို ဘေးဘက်မှ တပ်ထား၏။ အရေးပေါ် မီးဘေး အစရှိသည်တို့ ကြုံလျှင် အပေါ်ထပ်မှ ကျောင်းသူကျောင်းသားများ ထိုသံလှေကားဖြင့် ဆင်းရန် ဖြစ်သည်။ ထိုနှစ်က အမှန်တကယ် မီးဘေးမကြုံခဲ့သော်လည်း ထိုအရန် သံလှေကားများမှ အမြန်ဆင်းနည်းအတွက် ကလေးတို့ လေ့ကျင့်ခဲ့ကြကုန်၏။

နောက်နှစ်နှစ်အကြာတွင် အမှန်တကယ် မီးဘေး ကြုံလာ၏။ ကျောင်းအပေါ်ထပ်ရှိ ကျောင်းသူကျောင်းသားများ အရန်လှေကားများမှတစ်ဆင့် အောက်သို့ စုပြုံဆင်းကြရ၏။ အငယ်ဆုံးကလေးများ၊ အလတ်ကလေးများနှင့် နောက်ဆုံးခပ်ကြီးကြီး ကလေးများ တစ်သုတ်ပြီးတစ်သုတ် ဆင်းကြစဉ် ခပ်ကြီးကြီးကလေးများအလှည့်၌ လှေကားထိပ် စုပြုံ တိုးဝှေ့နေစဉ် အောက်ခံအုတ်ခုံ ပြိုကျလေသည်။ အုတ်ခုံပြိုသည်နှင့် လှေကားတစ်ခုလုံး ပြုတ်ထွက်သွားခဲ့ရာ ကလေးအားလုံး ဟိုမှသည်မှ မြေပေါ်သို့ လွင့်စဉ်ကျသွားကြ၏။ စာရင်းချုပ်လိုက်သော် သုံးဦးသေ၊ ၁၀ ဦးခန့် ဒဏ်ရာရခဲ့ကြ၏။ ဤအရေးအခင်းသည် ဝီလီအတွက် ကံထလာခြင်း ဖြစ်ခဲ့တော့၏။ ဝီလီက ထိုအခွင့်အရေးကို အသုံးချခြင်းမရှိ။ လူထုကမူ အခြေအနေအကြောင်း နားလည်နေပြီး ဖြစ်သည်။

ထိုကျောင်းသားကလေးများ၏ အသုဘကို ဝီလီသွားရောက်ပို့ဆောင်ခဲ့ရာ သေဆုံးရသူ ကလေးဖခင်တစ်ဦးက ဝီလီကို မရိုတင်ကဲ လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်လျက် နှောင်တစကား ဆို၏။

“အို...ဘုရားသခင်၊ တပည့်တော် ဆန္ဒမဲပေးမှားခဲ့ပြီဖြစ်၍ တပည့်တော် ပြစ်ဒဏ်ခတ်ခြင်း ခံရပါပြီ၊ သိက္ခာထိန်းသူကို ဆန္ဒကျင်မဲပေးမိခြင်းအတွက် ပြစ်ဒဏ်ခံရပါပြီ”

ဤတွင် အမျိုးသမီးတချို့ကလည်း ငိုကြ၏။ သို့ဖြင့် ဝီလီထံသို့ လူအတော်များများ လာရောက် နှုတ်ဆက်ကြသည်။ ဝီလီတစ်ယောက် ကံထလာခြင်းဟု ဆိုရမည်။ မလိုချင်သောအခါ ကံကြမ္မာကောင်းအလှည့် ကြုံတတ်ခြင်း ဖြစ်သည်။ ထိုအကြောင်းနှင့် ဆက်စပ်၍ မြို့မှ ထုတ်ဝေသော သတင်းစာများ၌ ဝီလီ၏ ဓာတ်ပုံ ဝေဝေဆာဆာနှင့် ဖော်ပြခံရသည်။ သို့တိုင် ဝီလီက ရွေးကောက်

www.burmeseclassic.com

www.burmeseclassic.com



ပွဲ တစ်စုံတစ်ခုမျှ မဝင်သေး၊ ဖခင်၏ လက်ငုတ်လယ်ယာလုပ်ငန်းခွင် ဖိလုပ်နေပြီး ညညတွင် ဥပဒေစာအုပ်များကိုလည်း လေ့လာသည်။

သို့သော် တစ်နေ့တွင် ဝီလီတစ်ယောက် ရုတ်တရက် ပြည်နယ်ဘုရင်ခံ ရွေးကောက်ပွဲတွင် ဝင်ယှဉ်ပြိုင်တော့သည်။ ထိုအချိန်က ထိုပြည်နယ်တွင် ဒီမိုကရက်တစ်ပါတီမှချည်း အုပ်စုကြီးအဓိကရ နှစ်ခုရှိနေ၏။ ဂျိုဟာရီဆင်နှင့် မက္ကမာဖီတို့ ဦးဆောင်သော အုပ်စုများ ဖြစ်သည်။ ဟာရီဆင်သည် ယခင်က ဘုရင်ခံ ဖြစ်ခဲ့ဖူးသည်။ မက္ကမာဖီမှာ လက်ရှိဘုရင်ခံဖြစ်၏။ နှစ်ဦးလုံး ယခုဘုရင်ခံ ရွေးပွဲဝင်ကြမည်။ ဟာရီဆင်သည် မြို့သားဖြစ်သည်နှင့် အညီ မြို့လူထုမဲ ရရန် သေချာသကဲ့သို့ မက္ကမာဖီမှာ နယ်ဆန္ဒမဲ သေချာနေသည်။ ထို့ကြောင့် နှစ်ဦးစလုံး ဆန္ဒမဲ အပြည့်ရဖွယ် မရှိ။ ထိုအခြေအနေ၌ ဝီလီတစ်ယောက် ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်လာခြင်း ဖြစ်သည်။

ဟာရီဆင်၏ အဖွဲ့သားများက ဝီလီကို ဝင်ပြိုင်စေခြင်းဖြင့် မက္ကမာဖီ၏ နယ်ဆန္ဒမဲများ အကွဲကွဲ အပြားပြား ဖြစ်မည်ဟု နားလည်သည်။ သို့ဖြင့် ဝီလီသည် ဖျက်မြင်း ဖြစ်လာတော့၏။ ဝီလီနှင့် အပေးအယူ တစ်စုံတစ်ရာ ပြုလုပ်ခြင်းကား မရှိ။ ပြည်နယ်မြို့တော်မှ လူကြီးလူကောင်းများ ကားကြီး ကားကောင်းများဖြင့် ဝီလီ၏ အိမ်သို့ ရောက်လာကြပြီး ဘုရင်ခံ ရွေးကောက်ပွဲ၌ ဝီလီဝင်ရန် တိုက်တွန်းသည်။ ပြည်နယ် အကျိုးအတွက်ဟု ဆိုကြသည်။ ဝီလီကလည်း ဝင်ပြိုင်ရန် သဘောတူလိုက်သည်။ ဝီလီထံ လာရောက်ကြသူများတွင် 'တိုင်နီးဒပ်ဖီ' ခေါ် ဒပ်ဖီလည်း ပါ၏။

သို့ဖြင့် ဝီလီတစ်ယောက် ဘုရင်ခံ ရွေးကောက်ပွဲ ဝင်ပြိုင်ရန် အသင့်ဖြစ်လာခဲ့တော့၏။ ကျောင်းဘဏ္ဍာရေးမှူး အရွေးခံခဲ့၍ ရှုံးကတည်းက ဥပဒေပညာကို အိမ်၌ အပြင်းအထန် လေ့လာနေခဲ့ရာ ယခုဆိုသော် ရှေ့နေတစ်ဦးပင် ဖြစ်နေချေပြီ။ ဘုရင်ခံ ရွေးကောက်ပွဲအတွက် မဲဆွယ် တရားဟောထွက်ရေး ကိစ္စများတွင် ဒပ်ဖီက မန်နေဂျာအဖြစ် ဆောင်ရွက်သည်။ ဒပ်ဖီက ဝီလီကို လူထုနှင့် မိတ်ဆက်ပေးရာတွင် ပြည်နယ်ဘုရင်ခံသစ် ဝီလီစတာ့ခ်ဟုပင် မိတ်ဆက်ပေးလေ့ရှိ၏။ ဝီလီက အရိုးခံ သက်သက်ဖြင့် ရွေးကောက်ပွဲဝင်ခြင်းဖြစ်သည်။ ဒပ်ဖီနှင့် အဖွဲ့ကို နည်းနည်းကလေးမျှ လေ့လာကြည့်မိခြင်း မရှိ။ တစ်ချက်မျှ လေ့လာကြည့်လိုက်လျှင်ပင် ဒပ်ဖီတို့၏ အတွင်းသဘော ပေါ်လာရန် ရှိနေပါ၏။ သို့သော် ကျွန်တော် နားလည်လာသည်မှာကား ဒပ်ဖီသည် ဝီလီ၏ မမြင်နိုင်စွမ်းသော အင်အားစွမ်းအင်ကြောင့် ဝီလီကို ချဉ်းကပ်လာခြင်းပင်တည်း။

တရားပွဲများအတွက် ဝီလီသည် ပြည်နယ်အနှံ့သို့ ကားကြီးကားကောင်းများဖြင့် ရောက်ရှိခဲ့၏။ ကားခ တစ်စိတ်တစ်ဒေသခန့်သာ ပေးခဲ့ရ၏။ မိန့်ခွန်း

www.burmeseclassic.com

www.burmeseclassic.com



ပြောရာ၌လည်း အရည်အသွေး တဖြည်းဖြည်းကောင်းလာအောင် ကြိုးစားခဲ့ရာ၏။ ခရီးထွက်စဉ် ဝီလီတည်းခိုသော ဟိုတယ်ခန်းသို့ သွားကြည့်ပါက မိန့်ခွန်းပြောလေ့ကျင့်နေသည်ကို အတိုင်းသား တွေ့ရမည် ဖြစ်၏။

ကျွန်တော်သည် ခရော်နီကယ်လ်သတင်းစာ၏ သတင်းထောက်အဖြစ် ဝီလီအကြောင်း သတင်းလိုက်ယူလျက်ရှိရာ တစ်ခါတစ်ရံ ဟိုတယ်တွင် ဝီလီနှင့် အခန်းချင်းကပ် နေရာရလေ့ရှိ၏။ ထို့ကြောင့်လည်း ဝီလီမိန့်ခွန်းပြော လေ့ကျင့်နေပုံကို အတိုင်းသား တွေ့ခဲ့ ကြားခဲ့ရခြင်း ဖြစ်သည်။

ဝီလီ၏ မိန့်ခွန်းများတွင် အချက်အလက်ပေါင်း မြောက်မြားစွာ ပါဝင်၏။ သို့သော် မည်သူမျှ ဂရုတစိုက် နားထောင်ခြင်း မရှိ။ ထိုအခြေအနေကို သူကိုယ်တိုင်လည်း သိနေ၏။ သို့သော် ဘာကြောင့်ဟုကား မသိ။

တစ်ညတွင် ဝီလီသည် ကပ်လျက်ရှိသော ကျွန်တော့်အခန်းသို့ လာလည်ရင်း အာလာပသလ္လာပ ပြောဆို ညည်းတွား၏။

"ပရိသတ်က ကိုယ့်မိန့်ခွန်းကို စိတ်ဝင်စားပုံ မရဘူးကွ။ အခွန်အကောက်စနစ်သစ်အကြောင်း တင်ပြတာလည်း စိတ်ဝင်စားပုံ မရဘူး၊ ဘာလိုနေလဲ မသိတော့ဘူးကွာ"

ကျွန်တော်လည်း ထင်မြင်ချက် ပြောပြလိုက်သည်။

"အေးဗျ၊ ခင်ဗျား မိန့်ခွန်းကို ကျုပ်လည်း ကြားပါတယ်၊ သူတို့က ဒါတွေ ဘာတွေ ဂရုစိုက်တာ မဟုတ်ဘူးဗျ၊ ဒီလို စမ်းကြည့်ဗျာ၊ ပရိသတ်ကို ရယ်အောင်လုပ်၊ အော်ဟစ်အောင်လုပ်၊ ခင်ဗျားဟာ သူတို့နဲ့ ရင်းနှီးတဲ့ မိတ်ဆွေလို့ ထင်လာအောင်လုပ်၊ ဒါမှမဟုတ်ရင်လည်း ကယ်တင်ရှင် ဘုရားသခင်လို့ ထင်လာအောင်လုပ်၊ ဒါမှမဟုတ်ရင်လည်း ခင်ဗျားကို သူတို့ ဒေါပွလာအောင်လုပ်၊ သူတို့အသိဉာဏ် အရည်အသွေး မြင့်လာအောင်တို့ ဘာတို့ မကြိုးစားနဲ့"

ဝီလီက ကျွန်တော့်ထင်မြင်ချက်ကို စဉ်းစားပြီး မှတ်ချက်ချသည်။

"အေးကွ၊ တချို့က အဲဒီလိုပဲ ပြောနေကြတယ်"

ထိုညက ညဉ့်နက်ပိုင်းတွင် ကျွန်တော် ဟိုတယ်စားသောက်ခန်း၌ ကော်ဖီသောက်နေစဉ် ဆာဒီရောက်လာသည်။ ဆာဒီဘတ်သည် ဝီလီ၏ မိတ်သစ်ထဲမှ တစ်ဦးဖြစ်၏။ ကျွန်တော် ဆာဒီကို သိနေသည်မှာကား ကြာချေပြီ။ ဂျူဟာရီဆင်အုပ်စုနှင့် နီးစပ်သူ ဖြစ်သည်။ လူသည်ဟုကား မဆိုနိုင်။ ကိုယ်လုံးကိုယ်ပေါက် ဖြောင့်သော်လည်း ဝတ်စားဆင်ယင်ပုံ အချိုးမကျ။ ဆံပင်တိုတိုကလည်း သူ့အလှကို ဖျက်နေသည်။ ထိုညက ကျွန်တော့်စားပွဲသို့ ရောက်လာပြီး ထိုင်ပါရစေဟု ခွင့်တောင်း၏။ သို့ရာတွင် ကျွန်တော် စကား မပြန်ရသေးမီမှာပင် ဝင်ထိုင်ပြီး ဖြစ်နေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဒီမှာ ရှင်နဲ့ ထိုင်ခွင့်ပြုပါ"

"ထိုင်ချင်ထိုင်၊ ရပ်ချင်ရပ်၊ တုံးလုံးလှဲချင် လှဲပေရော့၊ ကဲ...တစ်ခုခု ကော စားဦးမလား"

"ကျေးဇူးတင်ပါတယ်ရှင်၊ မစားတော့ပါဘူး"

ထိုညက ဝီလီ ရွေးကောက်ပွဲ ဝင်ရခြင်း အကြောင်းရင်းမှာ ဖျက်မြင်း အဖြစ် အသုံးချခံရခြင်းဖြစ်ကြောင်း လူတိုင်း သိနေသည်။ ဝီလီကားမသိ... အစချီကာ ဝီလီအကြောင်း ကျွန်တော် ပြောပြခဲ့၏။ မည်သို့ဖြစ်စေ ဝီလီကား ဆက်လုပ်သွားမည်သာ ဖြစ်သည်ဟု ဆာဒီက ရှင်းပြ၏။ ထိုညက တွေ့ကြပြီး နောက်ပိုင်း ဆာဒီနှင့် ကျွန်တော် တော်တော်နှင့် မတွေ့ကြ။ အပ်တန်မြို့သို့ ရောက်မှ တစ်ခါ ပြန်တွေ့သည်။

ပြည်နယ် အနောက်ပိုင်းတွင် တည်ရှိပြီး ကျောက်မီးသွေးတွင်း လုပ်ငန်း ရှိလျက် အလုပ်သမား အများအပြားတို့ တစ်ပတ်လျှင် ခုနစ်ရက် အလုပ်ဆင်း ကြရသည်။ နေရာထိုင်ခင်းမှာလည်း တန်းလျားများတွင် ဖြစ်၏။

အစီအစဉ်အရ ထိုမြို့တွင် အစည်းအဝေး ဟောပြောပွဲ ပြုလုပ်မည်။ တက်ရောက်သူများကို အသားကင်များဖြင့် ဧည့်ခံကျွေးမွေးသည်။ အသားကင် အကျွေးအမွေးဖြင့် ဧည့်ခံမည် ဆိုသဖြင့် ၁၅ မိုင်အရပ်မှလည်း လာကြဖွယ်ရှိသည်။

ကျွန်တော်လည်း ဟိုတယ်တစ်ခုတွင် သွားရောက် တည်းခိုအနားယူ နေခဲ့ရာ ည ၁၀ နာရီခွဲခန့်တွင် တံခါးခေါက်သံ ကြားရ၍ ဖွင့်လိုက်ရာ ဝီလီ ဖြစ်နေသည်။

"ခင်ဗျားက တစ်နေ့လုံး ဘယ်ပျောက်နေတာလဲဗျ"

"ဒီလိုပေါ့ကွာ၊ ဟိုလျှောက် ဒီလျှောက် လေ့လာရသပေါ့"

ပြောပြောဆိုဆို ကျွန်တော့်စားပွဲတွင် ထိုင်ရင်း စားပွဲပေါ်မှ ပုလင်းဖွင့် ၍ ခွက် နှစ်ခွက်ထဲ အရက်ထည့်နေသည်ကို တွေ့ရ၏။ ထို့ကြောင့် ကျွန်တော် က လှမ်းမေးသည်။

"ဘာဖြစ်လာတာလဲဗျ"

မဆီမဆိုင် သူ့အဖြေမှာ...

"ဘုရင်ခံဖြစ်ချင်တာကတော့ မငြင်းလိုပါဘူးကွာ၊ ဖြစ်ချင်လိုက်တာမှ ညညဆို အိပ်တောင် မပျော်ဘူး၊ အင်း...ဟိုလူတွေနဲ့ စာရင် ကိုယ်ဟာ သူတို့ ထက်ကောင်းတဲ့ ဘုရင်ခံအဖြစ် တာဝန်ထမ်းပြနိုင်ပါတယ်၊ ဒါပေမဲ့ ဒီပြည်နယ် မှာ အမှန်တကယ် လိုနေတာက..."

www.burmeseclassic.com

www.burmeseclassic.com



ပြည်နယ်၏ လိုအပ်ချက်အကြောင်း ယခင်ကလည်း ကျွန်တော် သူ့မိန့်ခွန်းများအရ ကြားပြီး ဖြစ်ပါ၏။

ထို့ကြောင့် ကျွန်တော် နားထောင်နေပုံ မရသည်ကို သတိပြုမိဟန်ဖြင့် ဝီလီက အခန်းထဲ ခေါက်တုံ့ခေါက်ပြန် လျှောက်ပြောနေရာမှ ကျွန်တော်ရှေ့တွင် ရပ်လိုက်ပြီး မေး၏။

"ဟုတ်တယ် မဟုတ်လားကွ၊ ဒီပြည်နယ်အတွက် အဲဒါတွေ လိုတယ် မဟုတ်လား"

"ဟာ... သိပ်ဟုတ်တာပေါ့ဗျာ"

"ဒါပေမယ့်ကွာ အဲဒီအကြောင်း ကိုယ်ပြောပြခဲ့တာ ပရိသတ်က နားမထောင်ဘူးကွ၊ ဒီတော့ ကိုယ်လည်း အရွေးခံရမယ် မထင်ပါဘူး၊ သူတို့ထိုက်နဲ့ သူတို့ကံပေါ့လေ၊ သူတို့နဲ့ ထိုက်တန်တဲ့သူ သူတို့ ရမှာပေါ့"

"ခင်ဗျား သက်သာလိုသက်သာငြား ကျုပ်ကို လာပြောပြနေတာလား" ဤပြည်နယ်အတွက် ဘာတွေလိုနေကြောင်း ကျွန်တော်လည်းသိ၊ အားလုံးလည်း သိ။ သို့သော် စနစ်တကျ ရှိသော အစိုးရလည်း လိုနေပါချေ၏။

"ဒီလို မဟုတ်ပါဘူးကွာ၊ မင်း ကိုယ့်ဘက်က စိတ်မာတ်ရေးရာ ထောက်ခံဆေးဖို့ ကိုယ်ပြောနေတာ မဟုတ်ပါဘူး၊ ဘယ်သူ့ဆီကမှလည်း ဒါ ကိုယ်မမျှော်လင့်ပါဘူး"

"ဒီလိုဆို ခင်ဗျား ဘာလုပ်ရမယ်လို့ တွေးထားသလဲဗျ"

"မသိတော့ပါဘူးကွာ၊ တစ်ခုတော့ ရှိတယ်၊ ပရိသတ်တော့ နားထောင်စေချင်တာပေါ့"

သူ့စကား ထိုနေရာအရောက် ဆာဒီတစ်ယောက် အခန်းထဲ ဝင်လာသည်။

"ဟဲလို..." နှုတ်ဆက်ရင်း ဆာဒီက စားပွဲပေါ်မှ ပုလင်းကို မြင်သဖြင့် တစ်ခန်းလုံး၏ အခြေအနေကို အကဲခတ်မိသွားပုံရ၏။

"ဘယ်လိုဖြစ်နေကြတာလဲရှင့်"

"ဘာမှ မဖြစ်ပါဘူး၊ ဒါပေမယ့် ဝီလီကတော့ သူ အရွေးမခံရတော့ဘူးလို့ တွက်မိနေတယ်တဲ့"

"ရှင်က ဝီလီကို ပြောလို့လား"

"မဟုတ်ရပါဘူး၊ ဝီလီကိုယ်တိုင် ပြောတာပါ"

ဤတွင် ဆာဒီသည် ဝီလီဘက် လှည့်မေးပြန်၏။

"နေပါဦး ဝီလီ၊ ရှင့်ကိုကော ဘယ်သူက ဒီလိုပြောလာလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတာလဲ"

ဝိလီက ပြန်မေးနေသည်။ ဆာဒီက မဖြေလေ၊ ထပ်မေးလေ၊ သုံးခါခန့် ဝိလီ ထပ်မေးတော့မှ ဆာဒီက ဖြေသည်။

"ရှင် လူအ, ပဲ၊ ရှင့်ကို ဟိုလူတွေက အသုံးချနေကြတာ ရှင် သိရဲ့လား"

"ဘာ ကိုယ့်ကို အသုံးချနေတယ် ဟုတ်လား"

"ဟုတ်တယ်၊ မက္ကမာဖီရဲ့ မဲတွေကို ခွဲပစ်နိုင်အောင် ရှင့်ကို ဖျက်မြင်း အဖြစ် အသုံးချနေတာ"

ဝိလီက ကျွန်တော့်ကို ကြည့်ပြီး မေးလာ၏။

"အဲဒါ ဟုတ်လားကွ"

"ဒီလိုပဲ ပြောနေကြတယ်လေဗျာ"

ဤအချက် သူ့ကို ချက်ကောင်းထိသွားပုံရပါ၏။ ပုလင်းထဲမှ အရက် အတော်များများ ဖန်ခွက်ထဲထည့်လိုက်ပြီး မော့ချသည်။

"ကြည့်သောက်ဦးနော်၊ ခင်ဗျားက သောက်လေ့သောက်ထ ရှိတာ မဟုတ် ဘူး"

ဆာဒီကလည်း ဝင်ထောက်သည်။

"အရက်တင် မဟုတ်ဘူး၊ တခြားလည်း သူ မကျွမ်းကျင်တာတွေ အများကြီးရှင့်၊ ဘုရင်ခံ မဖြစ်နိုင်ဘူး ဆိုတာလည်း သူတွေးမိပုံ မပေါ်ခဲ့ဘူး" ဆာဒီက ရယ်ရင်း ပုလင်းကို ဝိလီဘက်ထိုးပေးလိုက်ပြန်သည်။ ဝိလီကလည်း ထပ်ငှဲ့ထပ်သောက်သည်။ ထို့နောက် ပြောလိုက်သေး၏။

"ဟုတ်တယ်၊ ဒါပေမယ့် အရက်ကတော့ ခွဲမသောက်သင့်ပါဘူးလေ"

ဆာဒီက ထပ်ရယ်နေချိန် ဝိလီတစ်ယောက် ကုလားထိုင်ကြီးပေါ် ထိုင်ချ လိုက်ရာ တစ်ကိုယ်လုံး ချွေးပြန်နေ၏။ ဆာဒီက ထိုအမူအရာကို ကြည့်ပြီး ထပ်ရယ်နေပြန်၏။ ဤတွင် ဝိလီတစ်ယောက် ကုလားထိုင်မှ ထလျက် သောက် ၏။

"ငါ ဒီကောင့်ကို သတ်ပစ်မယ်၊ သတ်ကို သတ်ပစ်မယ်"

ဆာဒီက ဝိလီကို ကုလားထိုင်ပေါ် တွန်းချ ထိုင်ခိုင်းရင်း ပြောလိုက်ပြန် ၏။

"ရှင် ဘာမှ မလုပ်နိုင်ပါဘူး၊ ဘုရင်ခံလည်း မဖြစ်နိုင်ဘူး၊ အသုံးချခံရတဲ့ အတွက်လည်း ဘာမှ ရမှာမဟုတ်ဘူး၊ ဘာကြောင့်လဲ သိရဲ့လား"

"ဘာပဲပြောပြော ငါ ဒီကောင်တွေကို သတ်ပစ်မယ်"

ဆာဒီက ရယ်ရင်း ထပ်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေ ပြောမနေနဲ့၊ ရှင် ဘာမှ လုပ်နိုင်မှာလည်း မဟုတ်ဘူး၊ ဘာကြောင့်လဲ သိလား၊ ရှင်အေ တော့်းမို့လို့ သိပြီလား"

ကျွန်တော် ကုလားထိုင်မှထပြီး အပြင်ထွက်ခဲ့သည်။ နှစ်နာရီခန့်အကြာ ကျွန်တော် ပြန်ရောက်လာသည်နှင့် ဆာဒီတစ်ဦးတည်း အခန်းတွင်းထိုင်နေ၏။ စားပွဲပေါ်မှ ပုလင်းထဲတွင်လည်း အရက်တစ်စက်မျှ မကျန်တော့။ တစ်ခန်းလုံးလည်း စီးကရက် မီးခိုးဖြင့် မှောင်နေ၏။ စီးကရက် အငွေ့များ အဘယ်မျှ မှောင်နေသနည်းဆိုပါက ဓားဖြင့် ခွဲလှျှင်ပင် ရနိုင်ကောင်း၏။

ဝီလီ ပြန်သွားပြီဟု ပထမတစ်စက္ကန့် နှစ်စက္ကန့်ခန့်တွင် ကျွန်တော် ထင်ခဲ့၏။ သို့သော် ကျွန်တော့်ခုတင်ပေါ် လှမ်းကြည့်လိုက်တော့ ဝီလီတစ်ယောက် အစန့်သား။ ကျွန်တော် ခုတင်နားအထိ သွားကြည့်ရာ အိပ်ပျော်နေချေပြီ။ ဤတွင်မှ ဆာဒီက အခြေအနေ ရှင်းပြ၏။

"ရှင်ထွက်သွားပြီးနောက်ပိုင်း သောင်ကျန်းနေသေးတယ်၊ သူ အမေရိကန် သမ္မတဖြစ်မယ်၊ ဘာညာအထိ အော်နေတယ်၊ ဒါနဲ့ ကျွန်မလည်း သူ ငြိမ်ကျ သွားအောင် လုပ်လိုက်ရတာပေါ့"

"မနက်ဖြန် တရားပွဲ သူသွားဟောမယ် မဟုတ်လား"

"ဒါတော့ မသိနိုင်တော့ဘူး၊ စောစောက အော်တဲ့အထိ အဲဒီအကြောင်း တော့ မပါတော့ဘူးရှင်၊ ဟို သူ့မိန်းမ လူစီဆီ စာရေးလိုက်ဦးမယ်ဆိုပြီး သွား လိုက်တာ ရှင့် ခုတင်ပေါ်ပဲ ရောက်တော့တယ်"

"ဒီအကြောင်း တွေ ဒပ်ဖီသိသွားပြီလား"

"သိလည်း ဂရုစိုက်စရာ မလိုဘူးလေ"

ကျွန်တော် ဝီလီကို ငုံ့ကြည့်လိုက်၏။

"သူ့ကိုတော့ ကိုယ့်ခုတင်မှာပဲ သိပ်ထား လိုက်ကြစို့၊ ကိုယ်က သူ့အခန်း သွားအိပ်မယ်၊ ဒီမှာ သူ့အခန်းသော့ သူ့အိတ်ထဲက ရပြီ"

"ဖိနပ်တော့ ချွတ်ပေးခဲ့ပါဦးလေ"

ဆာဒီအကြံပေးချက်အတိုင်း ဝီလီကို ဖိနပ်ချွတ်ပေးလိုက်ပြီး ကျွန်တော် နှင့် ဆာဒီတို့အပြင်ထွက်ခဲ့ကြသည်။ ဆာဒီ သူ့အခန်း သူပြန်၊ ကျွန်တော်က ဝီလီအခန်း သွားအိပ်ခဲ့ရာ မနက် ၉ နာရီခန့်တွင် ဆာဒီပင် ကျွန်တော့်ကို တံခါး လာခေါက်နှိုးသည်။

"ကဲ နားထောင်၊ ဒပ်ဖီလည်း တရားပွဲကို သွားလိမ့်မယ်၊ ကျွန်မ ကားတစ်စီးတည်း လိုက်သွားမယ်၊ ဝီလီကိုလည်း စောစောလာစေချင်သတဲ့၊ လူထုနဲ့ ရောနှောစေချင်တယ် ဆိုပါတော့၊ ဒါပေမယ့် ကျွန်မက ပြောလိုက်တယ် ဝီလီ သိပ်နေမကောင်းလို့ နည်းနည်းနောက်ကျမယ်လို့"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ် ဝီလီကို ကိုယ်နှိုးပြီး လွှတ်လိုက်မယ်"

"လာလာ မလာလာ ကိစ္စတော့ မရှိဘူး"

"ဒါပေမယ့် ကိုယ်ကြိုးစားပြီး ခေါ်လာမယ်"

"ကြိုက်သလိုသာလုပ်"

ဆာဒီ ပြန်သွားချိန် ကျွန်တော် ဝီလီ၏ အခြေအနေကို သွားကြည့်၏။ မျက်လုံးပွင့်လာသည်မှတစ်ပါး ညက ပုံစံအတိုင်း ရှိနေသည်။

ကျွန်တော်က နှုတ်ဆက်လိုက်ရာ သူကလည်း ပြန်ပြောလာ၏။

"ကိုယ်ညက သိပ်လွန်သွားတယ် ထင်တယ်၊ အရင်တစ်ခါက လွဲလို့ မသောက်ဖူးဘူးကွ"

"ဒါပေါ့၊ လူစိတ်က အရက်သောက်တာမှ မကြိုက်ဘဲ၊ ကဲ အခု ဘယ်လို နေသေးသလဲ ဆိုပါဦး"

"ကောင်းသွားပါပြီ" ပြောပြောဆိုဆို ခုတင်ပေါ် ထိုင်လိုက်၏။

"နေပါဦး ခင်ဗျား တရားပွဲကို သွားမယ် မဟုတ်လား၊ ဒပ်ဗီက ခင်ဗျားကို လာစေချင်တယ်၊ လူထုနဲ့လည်း ရောရောထွေးထွေး ရှိစေချင်ပုံရတယ်"

ထိုနေ့ မွန်းလွဲပိုင်းတွင်မှ ဝီလီတစ်ယောက် အသင့် ဖြစ်သဖြင့် ကျွန်တော် တရားပွဲသို့ ခေါ်သွားခဲ့၏။ စင်မြင့်အနီးတွင် သူ့ကို ထားခဲ့၍ ကျွန်တော်ကမူ လူအုပ်တွင် ဝင် စနည်းနာသည်။ အသားကင် အစားအသောက်ပါ ညော်ခံသဖြင့် ပရိသတ် ဝက်ဝက်ကွဲစည်ကားနေချေ၏။ ဌာနေပုဂ္ဂိုလ်များနှင့် သဘာပတိ လုပ်သူတို့ ပထမတရား ဟောကြ၏။ ထို့နောက် ဝီလီအလှည့် ရောက်လာရာ အိတ်ထဲမှ စာရွက်တစ်ရွက် ဆွဲထုတ်လျက် တရားဟောတော့သည်။

"မိတ်ဆွေများခင်ဗျား"

သူ့ တရားစစချင်း တစ်စုံတစ်ယောက်က ကျွန်တော့်အင်္ကျီလက် လာဆွဲသည်။

"ရှင် ဘယ်လိုလုပ် သူ့ကို ခေါ်လာသလဲ"

ဆာဒီ ဖြစ်၏။

"နောက်တစ်ခွက် ထပ်တိုက်ပြီး ခေါ်လာခဲ့ရတာပေါ့"

"အလို တစ်ပုလင်းလုံး မှိုမပစ်လိုက်ဘူးလား" ဆာဒီသည် ဝီလီအပေါ် ထောက်ထားစာနာသော အမူအရာမရှိ။ မနှစ်လိုသော အမူအရာဖြင့်ပင် တရားဟောသည်ကို ကြည့်နေ၏။

မိနစ်ခွန်းအစတွင် ပရိသတ်ကြီးကို မိတ်ဆွေများဟု အဓိပ္ပာယ်သုံးလေးမျိုး ဖြင့် ဖွင့်သွား၏။ ထို့နောက်တွင်ကား မိန့်ခွန်းမှတ်စု စာရွက်ကြည့်လိုက် တရားဟောလိုက် အချိန်ရလာသည်။ သူ့တရားမှာ–

www.burmeseclassic.com

www.burmeseclassic.com



"ခုကျွန်တော်ပြောမယ့် မိန့်ခွန်းကတော့ ဟောဒီပြည်နယ်မှာ ဘာတွေလိုနေတယ်ဆိုတာပါပဲ၊ ဒါပေမယ့် ခင်ဗျားတို့လည် သိနေတော့ ပြောစရာလိုမယ် မထင်ပါဘူး၊ ခင်ဗျားတို့ ကိုယ်တိုင်ဟာလည် ပြည်နယ်လို့ ဆိုရမယ့် ပုဂ္ဂိုလ်တွေပဲဟာ၊ လိုတာတွေ ခင်ဗျားတို့လည်း သိတာပေါ့၊ ကျုပ် အခုပြောချင်ဘာကတော့ ခင်ဗျားတို့ ဘောင်းဘီတွေ ခင်ဗျားတို့ ပြန်ကြည့် ကြည့်စမ်းဗျာ၊ ဒူးနားအပေါက်အပြဲတွေချည်းပဲ မဟုတ်လား၊ ခင်ဗျားတို့ ဝမ်းခေါင်းထဲက အသံတွေ ခင်ဗျားတို့ ပြန်နားထောင်ကြည့်စမ်းပါ၊ ဆာလောင်လို့ တကြွတ်ကြွတ်မြည်နေသလားလို့၊ လက်ထဲကိုကော လှမ်းကြည့်စမ်းပါဦး၊ သီးနှံတွေတော့ ရှိပါရဲ့၊ ပို့ဆောင်ဆက်သွယ်ရေး အဆင်မပြေလို့ ဈေးမပို့နိုင်တာကြောင့် နွမ်းကုန်ပြီမဟုတ်လား၊ ကလေးတွေကိုကော ပြန်ကြည့်ကြည့်ပါဦး၊ သူတို့အတွက် နေစရာကျောင်းမရှိလို့ ခင်ဗျားတို့လိုပဲ မသိနားမလည်သူတွေအဖြစ် ကြီးပြင်းလာကြမှာပဲမဟုတ်လား"

ဝီလီက ပရိသတ်ကို တစ်ချက်စိုက်ကြည့်ရင်း ခေတ္တနားပြီးမှ ဆက်ပြောသည်။

"ခင်ဗျားတို့မှာ ဘာတွေ လိုနေတယ်ဆိုတာ ကျုပ်မပြောရဘဲ ခင်ဗျားတို့သိပြီးသာ ပါဗျ၊ ဒီတော့ ခင်ဗျားတို့ မသိသေးတဲ့ ဇာတ်လမ်းကလေး တစ်ပုဒ်အကြောင်း ကျုပ်ပြောပြမယ်၊ ဇာတ်လမ်းက ရယ်စရာ ဇာတ်လမ်းကလေး ပါပဲ၊ ဒီတော့ ရယ်ဖို့သာ ပြင်ထားကြပေတော့၊ ဇာတ်လမ်းကလည် ခင်ဗျားတို့လိုသယ်သမား တစ်ယောက်အကြောင်းဗျ၊ ဒီလယ်သမားကလေး ဟာ ခင်ဗျားတို့လိုပဲ လယ်သမား သားသမီးအဖြစ်နဲ့ ကြီးပြင်းလာတယ်၊ ဒါကြောင့် လယ်ယာလုပ်ငန်းအကြောင်း ခင်ဗျားတို့လိုပဲ နားလည်တယ်၊ ခြောက်မိုင်လောက် ဝေးတဲ့နေရာက ကျောင်းကိုလည်း ခင်ဗျားတို့လိုပဲ မနက်စောစောထ နွားတွေ အစာကျွေးနို့ညှစ်ပြီး ကျောင်းအမီ ပြေးတက်ခဲ့ရတယ်၊ အဲဒီ တစ်ခန်းစာ ကျောင်းကလေးဆွအတွက်တောင် အခွန် ဘယ်လောက် မြင့်မြင့်မားမား ပေးရတယ်ဆိုတာကလည်း ခင်ဗျားတို့ သိသလို သူသိတယ်။ လမ်းခွန် ဘယ်လောက် ပေးနေရပေမယ့်လမ်း မကောင်းတာလည်း သူသိတယ်၊ ဒီတော့ ဒါတွေအတွက် တစ်ခုခု လုပ်ချင်ရင်ကိုယ့်ဘာသာကိုယ် လုပ်ရမှာပဲလို့ နားလည်ပြီး အဲဒီလယ်သမားလေး ဟာ ညဥ့်မှာဥပဒေတွေ ဘာတွေ လေ့လာတယ်၊ ပထမတော့ သူလိုတာအတွက် သူ လုပ်ယူဖို့ဥဒ် စာ ရာက နောက်တော့ တစ်ယောက်တည် မဖြစ်နိုင်ဘူး၊ သူ့လိုအခြားလယ်သမားတွေလည်း ရှိနေသေးတာကိုး၊ အားလုံး အတွက် မပါဘဲ အားလုံးအကူအညီမပါဘဲလည်း ဘာမှ သူမလုပ်နိုင်ကြောင်း သိပါတယ်၊ အားလုံးလက်တွဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာလည်း သူသိပါတယ်၊ အရင် နှစ်နှစ်လောက်က သူ့ဇာတိမြို့မှာ သူစပြီး စမ်းကြည့်တယ်၊ ဘာတွေ့ကြုံရသလဲဆိုတော့ နိုင်ငံရေးမသမာမှုကြောင့် ဖြစ်လာရတဲ့ စံမမီအုတ်တွေနဲ့ ဆောက်လိုက်တဲ့ ကျောင်းကြီးဟာ ပြိုကျပါလေရော၊ ဒီမှာတင် ကျောင်းသားသုံးယောက်သေ၊ ၁၀ ယောက်လောက် ဒဏ်ရာရခဲ့ကြတယ်၊ ဒီအကြောင်း ခင်ဗျားတို့လည်း သိပြီးသားပါ၊ ဒီလယ်သမားလေးဟာ အဲဒီနိုင်ငံရေး မသမာမှုတွေကို ခံတိုက်ခဲ့တယ်၊ ဒါပေမယ့် ရှုံးခဲ့တယ်ဗျ၊ ဒါကြောင့်လည်း ဒီကျောင်း ပြိုကျခဲ့ရတာကိုး၊ ဒီလယ်သမားလေးက မလျှော့ပါဘူး၊ နောက်တစ်ခါ ဆက်တိုက်ဦးမယ် စိတ်ကူးတယ်၊ အခြေအနေတူမှာ မဟုတ်ဘူးလို့ တွက်ထားတယ်...။

"ဟို...စံမမီအုတ်ကိစ္စ သူတိုက်ခဲ့မှန်းသိတော့ လူထုက သူ့ကို သိနေကြပြီ၊ ဒီလိုပဲ မြို့တော်ဆီက ပုဂ္ဂိုလ်ခေါင်းဆောင်ကြီးတွေကလည်း သူ့အကြောင်း သိကြပါတယ်၊ တစ်နေ့တော့ မြို့ပေါ်က ပုဂ္ဂိုလ်ခေါင်းဆောင်ကြီးတွေဟာ ကားကြီးကားကောင်းတွေနဲ့ လယ်သမားကလေးနေတဲ့ လယ်သမားကလေးရဲ့ အဖေ့အိမ်ကို ရောက်လာကြပြီး လယ်သမားကလေးကို ဘုရင်ခံရွေးပွဲဝင်ခိုင်းတယ်"

ဝီလီ၏ မိန့်ခွန်း ထိုနေရာအရောက် ကျွန်တော် ဒပ်ဖိကို လှမ်းကြည့်မိရာ စိုးရိမ်သောဟန် ပေါ်နေ၏။ ဝီလီက ဆက်ပြောသည်။

"သူတို့ လာပြောတော့ လယ်သမားကလေးကလည်း သူတို့ကို ယုံကြည်ဟာနဲ့ လက်ခံလိုက်တယ်၊ သူကလည်း တွေးတယ်၊ သူ့လုပ်ဖော်ကိုင်ဖက်တွေကသာ သူ့ကို ရွေးရင် သူလို လယ်သမားကလေးတောင် ဘုရင်ခံ ဖြစ်နိုင်တယ်ပေါ့လေ၊ အဲဒီတုန်းက ဘုရင်ခံရွေးပွဲဝင်မယ့် လူနှစ်ယောက်အနက် ဂျိုဟာရီဆင်ဟာ အကျင့်သိက္ခာပိုင်း မကောင်းဘူး၊ မက္ကမာဖီကတော့ အားနည်းလွန်းတယ်၊ ဒါကြောင့် သိက္ခာရှိရှိ အစိုးရအဖွဲ့မျိုး လယ်သမားကလေးက ဦးဆောင်ဖွဲ့စည်း ဆောင်ရွက်သွားစေလိုပါသတဲ့၊ သူ့ကို အဲဒီလို လာတိုက်တွန်းတဲ့လူတွေ ဘယ်သူတွေလဲ သိလား၊ သူတို့ဟာ တခြားသူတွေ မဟုတ်ဘူးဗျ၊ ဂျိုဟာရီဆင်ရဲ့လူတွေ၊ မက္ကမာဖီရဲ့ နယ်မဲတွေကို လယ်သမားကလေးက ဖျက်မြင်းအနေနဲ့ ဝင်ခွဲပေးဖို့ ရည်ရွယ်ကြတယ်လေ...။

"ဒါကို ကျုပ်သိတယ်ထင်လို့လား၊ လုံးဝ မသိခဲ့ဘူးဗျို့၊ ဟောဟိုနားမှာ ရပ်နေတဲ့ ဟိုအမျိုးသမီးက ပြောတော့မှ ကျုပ် ဒါကို သိလာတယ်"

ဆာဒီကို ဝီလီက လက်ညှိုးထိုးပြ ပြောသဖြင့် ကျွန်တော်က ဆာဒီကို လှမ်းပြောလိုက်မိ၏။

"ဆာဒီရေ၊ မင်းတော့ အလုပ်ပြုတ်တော့မယ် ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ဒပ်ဖီသည် စင်မြင့်ဆီ လျှောက်သွားနေချေပြီ။ တီးဝိုင်းကလည်း စတီးရန် အချက်ပြတော့ မယောင်ယောင်။ အမှန်စင်စစ် ဝီလီ၏ မိန့်ခွန်းကို ရပ်စေချင်သည့် အဓိပ္ပာယ် အမူအရာဖြစ်သည်။ သို့ဖြင့် ဝီလီအနားသို့ ဒပ်ဖီရောက်သွားသောအခါ ဝီလီက ဒပ်ဖီကို လက်ညှိုးထိုးပြီး ပြောပြန်၏။

"ကြည့်ကြပါ... ကြည့်ကြပါ၊ ဟောဒီလူပါပဲ၊ ကျုပ်ဆီလာပြောတဲ့ သစ္စာဖောက်"

ဒပ်ဖီစင်မြင့်မှ ဝေးရာဘက် ထွက်သွားတော့၏။ ဝီလီရည်ရွယ်ပြီး လုပ်လေလုပ်ကား မသိရ။ လုပ်ကား လုပ်လိုက်ချေပြီ။ ပရိသတ်က ဒပ်ဖီသွားရာ လိုက်ကြည့်နေခဲ့ကြကုန်၏။ ဝီလီက ဆက်ပြန်၏။

"ကဲ... ဒီ လူလိမ်လူညာတွေ လိမ်ကြပါစေလေ၊ ကျုပ်တို့ ခင်ဗျားတို့ကလည်း မသိသားဆိုးရွားကြ မဟုတ်လားဗျ၊ သူတို့ဟာ ခင်ဗျားတို့ကို အကြိမ်တစ်ထောင်လောက်လည်း လိမ်ခဲ့ညာခဲ့ပြီးပြီ။ ခုတော့ ကျုပ်က တစ်ယောက်ယောက်ကို လှည့်ရ ပတ်ရတော့မယ်၊ အခု ကျုပ် ဘုရင်ခံရွေးကောက်ပွဲ မဝင်တော့ဘူး၊ ဘာကြောင့်လဲ သိလား၊ အမှန်တရားကို သိလာရလို့ပဲ၊ အမှန်ကတော့ ဆင်းရဲသားလယ်သမားတွေ ဘာလိုချင်သလဲ၊ သူတို့ဘာသာ လုပ်ယူရမယ်၊ ဟိုဇိမ်ခံကားကြီးသက ပုဂ္ဂိုလ်တွေက လယ်သမားတွေအတွက် ဘာမှ လုပ်မပေးနိုင်ပါဘူး၊ ဒါကြောင့် ဒီ ဘုရင်ခံ ရွေးကောက်ပွဲ ကျုပ်မဝင်တော့ဘူး၊ အဲ... နောက်တစ်ကြိမ်မှာ ကျုပ်ဝင်ရင်တော့ ကျုပ်ဘာသာကျုပ်ပဲ ဝင်တော့မယ်..."

"အဲ... အခုတော့ ဂျိုဟာရီဆင်တစ်ယောက် ဒီ ပြည်နယ်မှာ နောင်ဘာမှ လုပ်လို့ မရတော့အောင် ကျုပ် မက္ကမာဖီကို ကူညီသွားမယ်၊ မက္ကမာဖီလည်း ဒါ သူ့အတွက် နောက်ဆုံး အခွင့်အရေးပဲ၊ ဒီတော့ သူ ဘာတွေ ဆောင်ရွက်ပေးမလဲ၊ စောင့်ကြည့်ကြရအောင်၊ ကျုပ် ဒီအကြောင်းကို နေရာအနှံ့ လိုက်ဟောပြောပြမယ်၊ ဘယ်သူမှ ကျုပ်ကို မတားနိုင်ပါဘူး"

ကျွန်တော်က ဆာဒီဘက် လှည့်ပြောလိုက်မိ၏။

"ကိုယ်တော့ အနီးဆုံးတယ်လီဖုန်းနဲ့ ဒီအကြောင်း သတင်းစာတိုက် သတင်းပို့ဦးမှပဲ၊ မင်း ဒီက စောင့်ကြည့်ပေး၊ ဘာတွေ ဖြစ်သလဲ မှတ်ထားနော်"

"ဟုတ်ပြီလေ"

"ပြီးတော့ ဝီလီကို မြို့ထဲခေါ်ခဲ့နော်"

"ဟုတ်ပါပြီ၊ သွားနှင့်ပါ"

ကျွန်တော် ထွက်လာစဉ် စင်မြင့်ဘက် လှမ်းကြည့်လိုက်ရာ ဝီလီတစ်ယောက် မိန့်ခွန်းစာရွက်များကို လွှင့်ပစ်ပြီး သူ့ရင်ဘတ် သူ ထုနေသည်ကို တွေ့လိုက်ရသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ဝီလီသည် သူ့ကတိအတိုင်း ဆောင်ရွက်ခဲ့၏။ တစ်နယ်လုံး အနှံ့ ကားအိုကလေးတစ်စီးဖြင့် လျှောက်သွားတရားဟော၏။ နေရာမရွေး ဟောပြောသည်။ မိန့်ခွန်းအစတွင်လည်း "မိတ်ဆွေများ ခင်ဗျား... အများခင်ဗျာ" အစချီလျက် သူ့ဓာတ်လမ်းကို အထက်ပါအတိုင်းဟောသည်။ ဤတစ်ကြိမ်တွင် မက္ကမာဖီ မှလွဲ၍ အခြားမရှိသဖြင့် မက္ကမာဖီကိုသာ မဲပေးကြရန်လည်း ဟောပြော၏။

သို့ဖြင့် ထိုရွေးကောက်ပွဲတွင် မက္ကမာဖီဘုရင်ခံအဖြစ် အရွေးခံခဲ့ရ၏။ ဝီလီဟောပြောပေးသော ဒေသများမှ အများဆုံးမဲရ၏။ မက္ကမာဖီ ဘုရင်ခံ ဖြစ်သွားချိန် ဝီလီသည် မေဆင်စီးတီးသို့ ပြန်လျက် ရှေ့နေလိုက်နေ၏။ ရှေ့နေဘဝတွင် အရေးပါသော အမှုအတော်များများ အနိုင်ရလိုက်သဖြင့် သူ့ဘဝ၌ ပထမဆုံး ဝင်ငွေ အမြောက်အမြား ရခဲ့၏။

၁၉၃၀ ပြည့်နှစ်အထိ ဝီလီနှင့် ကျွန်တော် မတွေ့ဖြစ်ခဲ့ကြ။ ၁၉၃၀ ပြည့်နှစ်တွင်ကား ဝီလီတစ်ယောက် ဘုရင်ခံရွေးကောက်ပွဲဝင်သည်။ ထိုအချိန် ပြန်တွေ့ကြရ၏။ ထိုရွေးကောက်ပွဲမှာ အမှန်စင်စစ် 'ရွေးကောက်ပွဲမဟုတ်။ တိုက်ပွဲ ဘစ်ခုဟုပင် ဆိုရပေလိမ့်မည်။ တိုက်ပွဲပြီးသွားချိန်တွင် ထိုဒေသ၌ ဒီမိုကရက်တစ် ပါတီပင် မရှိသလောက် ဖြစ်သွားလျက် ဝီလီ တစ်ဦးတည်းသာ ကျန်နေခဲ့၏။ ဝီလီအောင်ပွဲခံချေပြီတကား။

ဝီလီနှင့်အတူ အခြားနှစ်ဦး လက်တွဲလျက်ရှိသည်။ တစ်ဦးမှာ ဆာဒီ ဘတ်ဖြစ်ပြီး အခြားတစ်ဦးမှာ ဟာပ်မီလာဆိုသူ ဟားဘတ်ကက္ကသိုလ်မှ ဥပဒေဘွဲ့ရ တစ်ဦး ဖြစ်သည်။ ပထမကမ္ဘာစစ် သူရဲကောင်းလည်းဖြစ်၊ သန့်ရှင်းရိုးသားသူ လည်း ဖြစ်သည်။ နိုင်ငံရေး မလုပ်ဖူးခဲ့။ သို့ကြောင့် ရွေးကောက်ပွဲ ပြီးချိန်၌ မီလာသည်လည်း ပြည်နယ်ရှေ့နေချုပ် ဖြစ်လာခဲ့တော့၏။

ဂျိုဟာယ်ရီဆင် အခြေမလှကြောင်း သိရသောအခါ သူ့လူများသည် ဝီလီဘက်သို့ ပြောင်းလဲထောက်ခံ လာခဲ့ကြကုန်၏။ ဝီလီကလည်း ထောက်ခံ၏။ ဒပ်ဖီကို ပထမ လမ်းမင်းကြီး။ ထိုနောက် နောက်သက်တမ်းတွင် လက်ထောက် ဘုရင်ခံအဖြစ်ပင် ဝီလီလက်ခံခဲ့၏။ ထို့ကြောင့် ကျွန်တော်က ထိုအကြောင်း မေးကြည့်မိဖူးသည်။

"ခင်ဗျား... ဒပ်ဖီကို ဘာကြောင့် ဆက်သုံးထားတာလဲဗျ"

သူက ရယ်ပြီးနေ၏။ မဖြေ။ သို့သော် တစ်ခါတွင်ကား ဖြေသော၏။

"သူ့ကို မြင်နေရရင် အကြောင်းအရာ တစ်ခုကို အမြဲသတိရနေစေတယ် လေကွာ"

"ဘယ်အကြောင်းအရာလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို သူတို့ လာလိုမ့်တုန်းက အကြောင်းလေကွာ၊ အဲဒါကို ကိုယ် ဘယ်တော့မှ မေ့လို့ မဖြစ်ဘူး"

ထိုမျှသာမက ဝီလီတွင် အခြားအကြောင်း ရှိနေပါလေဦးမည်။ ဒပ်ဖီကို ထိုမျှ ကြည့်ရှုထားနိုင်သည်ဟုလည်း ဂုဏ်ယူကြွားဝါလိုဟန်ရှိ၏။ ဒပ်ဖီကို တဖြည်းဖြည်း နိုင်ငံရေးစင်မြင့်မှ ပျောက်ကွယ်သွားအောင် လုပ်ပစ်နိုင်သည် ဟုလည်း ဂုဏ်ယူနေလိုပုံရ၏။ ကျွန်တော် တွေ့ရသော အကြောင်းတစ်ခုမှာကား ဒပ်ဖီသည် ဝီလီ၏ ဓားစာခံဖြစ်သည်။ အပြစ်တင်ခံရဖွယ်ရှိလျှင် ဒပ်ဖီသည် ဝီလီ၏ ကိုယ်ပွား မဟုတ်ပါလား။ ထိုအမြင်ကို တဖြည်းဖြည်းမှ ကျွန်တော် သိလာခြင်း ဖြစ်ပါသည်။

ယခုဆိုသော် ဝီလီတစ်ယောက် ဘုရင်ခံ ဖြစ်လာခဲ့ချေပြီ။ ထိုနောက်ပိုင်း၌ ဝီလီ ဘာဖြစ်လာချေဦးမည်နည်း ဘယ်သူမျှ မသိနိုင်။

ထိုအချိန် ထိုကာလကလေးတွင်ပင် ကျွန်တော် အလုပ်ပြုတ်ရပါချေ၏။ ကျွန်တော်သည် ခရော်နီကယ်လ် သတင်းစာ၏ နိုင်ငံရေး သတင်းထောက် ဖြစ်သည်။ သတင်းစာက မက္ကမာဖီကို ထောက်ခံရာ မက္ကမာဖီဘက်မှ ထောက်ခံ ဆောင်းပါးများ ရေးခိုင်းလာချိန် ကျွန်တော် အလုပ်မသွားတော့။ ထို့ကြောင့် ကျွန်တော်အား နေချေပြီ။ လွတ်လွတ်လပ်လပ် ညဥ့်နက်သန်းခေါင်မှအိပ်၊ ထချင်သည့်အချိန်ထ၊ တစ်ခါတစ်ရလည်း စောစောအိပ်ရာဝင်သည်။ အလုပ်လက်မဲ့ ဘဝ ပြန်ရောက်ပြန် ချေပြီ။ ဤအဖြစ်မျိုး ကျွန်တော် ယခင်ကလည်း ကြုံခဲ့ဖူးပြီး ဖြစ်ပါ၏။ တက္ကသိုလ်မှ ထွက်စတစ်ကြိမ်နှင့် ဇနီး လွီစ်က ကွာလိုက်စဉ်က တစ်ကြိမ် အိမ်မှဆင်းခဲ့ပြီး ယခုကဲ့သို့ ဟိုတယ်ကျဉ်း၌ နေခဲ့ဖူးသည်။ အိပ်ချင်တိုင်း အိပ်မိခဲ့သဖြင့် 'မဟာ အိပ်ခွင့် ကြုံရခြင်း"ဟုပင် ကျွန်တော် သတ်မှတ်ခဲ့ပါ၏။

ထိုကာလ၌ ကျွန်တော်သည် တစ်မြို့တည်းသား ငယ်ပေါင်း သူငယ်ချင်း အဒမ်စတင်တန်ထံ သွားလည်တတ်၏။ အဒမ်သည် ယခုသော် ကျော်ကြားသော ဆရာဝန်ကြီး ဖြစ်နေပြီတည်း။ လူပျိုဘဝပင် ရှိသေး၏။ သူ အလွန် အလုပ်များ သော်လည်း ကျွန်တော်နှင့် တွေ့ချိန်များတွင်ကား ချည်ခံစကားပြောလာ၏။ သူ့ နေနည်း ထိုင်နည်းမှာ ရိုးရိုးကုပ်ကုပ်ပင် ဖြစ်သည်။ အဘယ်ကြောင့် ဤမျှ ကျော်ကြားနေပါလျက် ဤကဲ့သို့ ခပ်မွဲမွဲ ဖြစ်ရပါချေသနည်း။ နောက်မှ နားလည် လာသည်မှာကား အဒမ်သည် သူ့ခွဲစိတ် ကုသပေးလေသမျှအတွက် လူအတော် များများထံမှ တစ်စုံတစ်ရာ တောင်းခံခြင်း မရှိသောကြောင့် ဖြစ်ချေသည်။

ကျွန်တော် သူ့ဆီသွားရောက် လည်ပတ်ချိန် အားလုံးနီးပါး၌ပင် အဒမ် သည် စန္ဒရားပေါ်၌ အချိန်ကုန်လေ့ ရှိပါ၏။ ညောင်းသွားတော့မှ ကျွန်တော်နှင့်

www.burmeseclassic.com

www.burmeseclassic.com



အတူ အရက်ဝင်သောက်လေ့ရှိ၏။ သူသောက်သော အရက်များမှာ အပျော့စားမျိုးဖြစ်သည်။ အတူ ထိုင်ပင်ထိုင်နေကြသော်လည်း စကားကား ပြောဖြစ်ချင်မှ ပြောဖြစ်ပါ၏။ ကျွန်တော်တို့ ငယ်စဉ် ငါးမျှားသွားစဉ်ကကဲ့သို့ပင် စကားမပြောဖြစ်ကြဘဲ ကိုယ့်အရသာနှင့်ကိုယ် အတွေးကြော မျောခဲ့ကြခြင်း ဖြစ်သည်။ တစ်ခါတွင်ကား အဒမ်က ကျွန်တော့်ကို ပြောလာ၏။

"အေးကွာ တို့ငယ်ငယ်တုန်းက မင်းရယ်၊ ကိုယ်ရယ်၊ အင်နီရယ် သိပ်ပျော်ကြတာပဲနော်"

"ဟုတ်တာယ်၊ အခုကော မင်း မပျော်ဘူးလားကွ"

ကျွန်တော် အင်နီကို သတိရလာသည်။

"တွေးတောင် ပြန်မတွေးချင်တော့ဘူး၊ သိပ်သတိရတယ်ကွာ"

ထိုငယ်စဉ်ကလောက် မပျော်မိတော့ကြောင်း အဒမ်က ညည်းရှာပါ၏။

အင်နီနှင့် တွေ့သောအခါ အင်နီကို ကျွန်တော် လေ့လာကြည့်မိပါ၏။ ဟိုတုန်းကနှင့် မတူတော့သော အင်နီ ဖြစ်သည်။ ယခင်ကလို ငယ်မူငယ်သွေးကြွကြွ မဟုတ်တော့။ အဒမ်နှင့် အင်နီတို့သည် မောင်နှမဖြစ်ကြရာ အမြွှာမောင်နှမသဖွယ် အတော် တူညီ၏။ မျက်လုံးပြာကြီးများမှာလည်း နှစ်ဦးလုံး ခပ်ဆင်ဆင်။ အပြုံးများလည်း အလားတူ။ ပါးစပ်အနေအထားချင်းကား မတူကြချေ။ အင်နီ၏ ပါးစပ်က ပို၍ လှသည်။

အင်နီသည် ယခင်ကကဲ့သို့ပင် ကျွန်တော်နှင့်တစ်ခါ ညစာစားကြ၏။ နောက်ဆုံးတွေ့ချိန်က ကျွန်တော့်ကို အင်နီကပင် ပြောလာ၏။

"ကိုယ် မင်းအဖေနဲ့ တွေ့တယ်ကွ၊ သူ့အကြောင်း သူ ဘယ်လို ရှိနေတယ်ဆိုတာ မင်းသိမှာလား"

"ဟိုတုန်းကလိုပဲ နေမှာပေါ့ကွာ၊ သူ့အတွက် ဘာမှ မျှော်လင့်ချက်မရှိတဲ့ လူတွေအတွက် အလုပ် လုပ်ပေးနေမှာပဲပေါ့"

"နေဦးကွ၊ မင်းအဖေ နေထိုင်ကောင်းပုံ မပေါ်ရှာဘူး၊ တွေ့စက ကိုယ်တောင် မမှတ်မိဘူး၊ မင်းသွားတွေ့လိုက်ဖို့တော့ ကောင်းတယ်ထင်တယ်"

"အေး... မတွေ့တာ တစ်နှစ်လောက်တော့ ရှိပြီ"

"ဂျက် မင်းဒီလောက်တော့ မရက်စက်သင့်ဘူး၊ သွားတွေ့သင့်ပါတယ်"

အင်နီက ထိုသို့ပင် ကျွန်တော့်ကို တိုက်တွန်းဖူးပါသည်။

"တွေ့ပြီး ဘာပြောရမှာလဲ၊ သူ့ကို ဘယ်သူမှ ပြောလို့ရတာ မဟုတ်ဘူး၊ သူလုပ်ချင်တာ စွတ်လုပ်နေတာပဲ။ ဥပဒေနဲ့ အသက်မွေးနေရတာနေ မေမေ့ကို

www.burmeseclassic.com

www.burmeseclassic.com



မှန်းလို့ ထွက်သွားပြီး ဒီလိုနေနေတာ၊ သူ့ထိုက်နဲ့သူ့ကံ၊ မမေလိုချင်တာ သူမပေးနိုင်ရင် ဒါတော့ ဘာတတ်နိုင်မှာတဲ့လဲကွ"

"ဒီလိုလည်း မပြောနဲ့လေဂျက်"

"အင်နီရယ်၊ မင်းအဖေက ဘုရင်ခံကြီး ဖြစ်ခဲ့ဖူးတယ်ဆိုပြီးတော့ တို့ကို အဘွားကြီးလေမျိုးနဲ့တော့ မဆုံးမပါနဲ့ကွာ၊ ကိုယ့်မိသားစု အခြေအနေမှန်အကြောင်း ကိုယ် နားလည်ပါတယ်၊ ကိုယ့်အမေကိုလည်း ကိုယ်နားလည်ပါတယ်"

"ဂျက် မင်း သူတို့ကို နည်းနည်းပါးပါးလောက်တော့ ခွင့်လွှတ်သင့်ပါတယ်"

"ကိုယ်တော့ သူတို့အကြောင်း တွေးတောင် မတွေးချင်ပါဘူး"

ကျွန်တော် ထိုသို့ပြောသောအခါ အင်နီတစ်ယောက် မျက်ရည်လည်နေရှာပါ၏။ ကျွန်တော် စိတ်မကောင်းပါ။

"မင်း ဘယ်တော့မှ စိတ်မကောင်းဖြစ်မယ့် ကောင်မျိုးလည်း မဟုတ်ပါဘူးဂျက်ရာ၊ ဝမ်းသာတတ်မယ့် ကောင်မျိုးလည်း မဟုတ်ပါဘူး၊ မင်းက လူတစ်မျိုးပဲ"

အမှန်ကတော့ ကျွန်တော် ထိုညနေက တကယ် စိတ်မကောင်းဖြစ်ခဲ့ရပါသည်။ သာယာသော ညနေကလေးကို ကျွန်တော် ဖျက်ဆီးလိုက်ခဲ့ပါချေပြီ ဘကား...

ထိုနောက်ပိုင်းတွင် ကျွန်တော် အလုပ်တစ်ခု ရလိုက်ပြန်၏။ ဆာဒီဘတ်က တစ်မနက် ကျွန်တော့်ထံ ဖုန်းဆက်ပြီး ပြောလာသည်။ ထိုနေ့နံနက် ၁၀ နာရီတွင် ဘုရင်ခံ၏ အိမ်တော်သို့ လာရန် ဆရာကြီးက တွေ့လို၍ ခေါ်နေကြောင်း ပြောလာခြင်းဖြစ်၏။

"ဘယ်က ဆရာကြီးလဲ ဆာဒီ"

"ဝီလီစတာ့ခ်လေ၊ ဘုရင်ခံ ဝီလီစတာ့ခ်ပေါ့၊ ရှင် သတင်းစာလေး ဘာလေးတောင် မဖတ်မိဘူးလား"

"မဖတ်မိဘူးကွ၊ အော... ဆံပင်ညှပ်ဆိုင်မှာ ဝီလီအကြောင်းတော့ တစ်ယောက်က ပြောနေသံ ကြားမိပါရဲ့"

"ဟုတ်တယ်၊ အဲဒါ မှန်တယ်ရှင့်၊ ရှင့်ကို အခုမနက် ၁၀ နာရီမှာ တွေ့ချင်တယ်တဲ့"

ထိုနေ့က ခမ်းနားလှသော ဘုရင်ခံ၏ ရုံးခန်းထဲ ကျွန်တော် ရောက်သွားခဲ့ရာ ဘုရင်ခံကြီး ဝီလီကို တွေ့လိုက်ရပါ၏။ ယခင်ဝီလီအတိုင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားများသာ ခြားနားသွား၏။ ကျွန်တော့်ကို တွေ့သောအခါ ဝမ်းသာအားရ လက်ဆွဲနှုတ်ဆက်လျက် မေး၏။

"မင်း အလုပ်ပြုတ်သွားတယ်ဆိုကွ"

"ပြုတ်တာ မဟုတ်ပါဘူး၊ ကျွန်တော်က ထွက်ပစ်လိုက်တာပါ"

"အလုပ်တစ်ခု လက်ခံမလား"

"အကျိုးအကြောင်းတော့ သိပါရစေဦး"

"တစ်လ ဒေါ်လာ ၃၀၀ ရမယ်ကွာ၊ ခရီးထွက်ရင်လည်း ခရီးစရိတ်ရဦးမယ်"

"အလုပ်ရှင်က ဘယ်သူလဲ၊ ပြည်နယ်အစိုးရလား"

"မဟုတ်ပါဘူး၊ ကိုယ့်ဝန်ထမ်းပါ"

"ကြိုးစားကြည့်မယ်လေ"

"ကောင်းတယ်၊ လူစီကလည်း မင်းကို တွေ့ချင်နေတယ်၊ မနက်ဖြန်ည ညစာ တို့နဲ့ လာစားကွ၊ ဘုရင်ခံရဲ့ အိမ်တော်မှာနော်"

"ညစာ စားပွဲမှာ ဘာလာလုပ်ပေးရမှာလဲ"

"သောက်ရုံ စားရုံပေါ့ကွ၊ ၆ နာရီခွဲအရောက် လာနော်"

"မဟုတ်ဘူး၊ အလုပ်အကြောင်းကိုက ဘာတွေ လုပ်ပေးရမှာလဲလို့"

"ငါလည်း မသိသေးဘူးကွ၊ တစ်ခုခုတော့ တစ်ခုခုပေါ့"

မှန်ပါသည်။ ဗိလိပြောတာ မှန်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ကျွန်တော် ဇာတိရပ်မြေ ပြန်ရောက်တိုင်း မေမေ့ကို ဒီအတိုင်း တွေ့ရတတ်သည်။

ကျွန်တော် အိမ်ထဲ ဝင်လိုက်သည်ဆိုလျှင်ပင် မေမေသည် မိန်းမပျိုကလေး တစ်ဦးပမာ ကျွန်တော့်ကို ပြုံးပြီး ကြိုတတ်ပါ၏။ ပြီးနောက် ကျွန်တော့်အနီးထိ တိုးကပ်လာပြီး မော့်ကြည့်ပါလိမ့်မည်။ ချစ်သော အနမ်းကို မျှော်လင့်ပုံရပါသည်။ ဆံမေ၏ ပါးပြင်သည် ဟိုတုန်းက ရန့် ရှိနေဆဲပင် ဖြစ်ပါ၏။

၁၉၃၃ ခုနှစ်က မရောက်သည်မှာ ကြာပြီဖြစ်၍ ကျွန်တော်အိမ်ပြန်သွားသောအခါ မေမေသည် ထိုအတိုင်းပင် ကျွန်တော့်ကို ကြိုရှာ၏။ သို့သော် ဘုရင်ခံ ဝီလီစတာ့ခ်ထံတွင် အလုပ်လုပ်ပေးနေခြင်းအတွက်ကား သားအမိနှစ်ယောက် စကားများခဲ့ရပါ၏။ ဝီလီအတွက် အလုပ် လုပ်ပေးနေသော နှစ်နှစ်ခွဲလုံးလုံး အမေနှင့် ကျွန်တော် မကြာခဏ အချီအချ ဖြစ်ကြရသည်။

မေမေသည် ယခုဆို ၅၅ နှစ်ခန့် ရှိပါ၏။ သို့သော် ၃၅ နှစ်ခန့်ဟုပင် ထင်ရဆဲ ဖြစ်သည်။

ကျွန်တော်နှင့် ပြန်တွေ့ရလျှင် မေမေသည် ဟိုတုန်းကကဲ့သို့ပင် ပိုက်ပိုက်ထွေးထွေး ယုယပါ၏။ ထို့နောက်သော်ကား ကျွန်တော့်အလုပ်အကြောင်း မကျေမနပ် ပြောပါချေသည်။

"ဝီလီဆီမှာ မလုပ်ပါနဲ့ သားရယ်၊ မင်းပထွေးဆီမှာ အလုပ်တွေ အများကြီး ရှိပါတယ်"

"ပထွေးဆီ အလုပ်မလုပ်ချင်ပါဘူး မေမေရာ"

မေမေသည် အိမ်ထောင်ဆက်များသည် ဆိုရပါမည်။ သီယိုဒိုနှင့်မယူမီ အခြားတစ်ဦးနှင့် အိမ်ထောင်ပြုသေး၏။

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



"မင်းဖေဖေ တစ်ခါမှ ဒီမြို့ကို ပြန်လာတာ မတွေ့ဘူးကွ"

"သေပြီလားမှ မသိတာ"

"သေတော့ မသေပါဘူး၊ သေသလိုပဲ ဆိုပါတော့လေ၊ ထွက်သွားတာကို"

"ဖေဖေ ဘာကြောင့် ထွက်သွားတာလဲ မေမေ"

"မေမေ့ကို မချစ်တော့လို့ပေါ့ သားရယ်၊ ဒါကြောင့် မေမေ့ကိုထားပြီး ထွက်သွားတာပေါ့"

"ကျွန်တော်ကတော့ မေမေ့ကို ချစ်ပါတယ်၊ အမြဲလည်း ချစ်သွားမှာပါ မေမေ"

"အေးပေါ့၊ သားက မေမေ့ကို ချစ်တာပဲဟာ"

မေမေသည် ကျွန်တော့်ကို ရင်ခွင်ထဲ ပွေ့ထားလိုက်ပါသတည်း။

အာလစ်ဘာဒင်သည် ကျွန်တော့်ဖေဖေ ဖြစ်၏။ ပြည်နယ်ရှေ့နေချုပ် ဥပဒေပညာရှင်ကြီးလည်း ဖြစ်ပါ၏။ သို့သော် မေမေနှင့် မပေါင်းတော့၊ စွန့်ပစ်သွားသည်။ ကျွန်တော် ၆ နှစ်သားကတည်းက ဖေဖေထွက်သွား၏။ ယခုဆိုလျှင် မေမေသည် နောက်ထပ်အိမ်ထောင် သုံးဆက် ပြုပြီးဖြစ်၏။

ယခု ကျွန်တော် ပြန်ရောက်သောအခေါက်တွင် မိုးကောင်းလွန်းလှသည်။ ပထွေး၏ မိုးကာကို ကောက်ဝတ်လျက် ရောက်ပြီးနောက်တစ်နေ့၌ ကျွန်တော် အပြင်ထွက်ခဲ့၏။ အဒမ်နှင့် အင်နီတို့၏ ဖခင် စတင်တန်အိမ်ကို ကျော်လျက် တရားသူကြီးအာဝင်အိမ် သွားလည်ခြင်း ဖြစ်သည်။ နောက်တစ်နေ့တွင် မြို့ထဲ လျှောက်လည်မိပြန်၏။ ဟိုတုန်းက အဒမ်၊ အင်နီနှင့် ကျွန်တော်တို့ အမြဲရောက်လေ့ရှိသော ပင်လယ်ကမ်းခြေဆိပ်သို့လည်း သွားခဲ့ပါ၏။

ကျွန်တော်တို့ သုံးဦး ထိုဆိပ်ကမ်းသို့ ရောက်ခဲ့စဉ်က တပျော်တပါး ရေကူးဆော့ကစားခဲ့ကြ၏။ အင်နီက ရေကူးရအောင်ဟု ပြောစဉ် အဒမ်က မုန်တိုင်းရှိကြောင်း သတိပေးသည်။ သို့သော် မရ။ အင်နီ ရေထဲဆင်းပြေးသွားသဖြင့် ကျွန်တော်တို့ပါ ရေကူးဖြစ်ခဲ့ရကြ၏။ အင်နီနှင့် ၄၊ ၅၊ ၆ ပေကွာတွင် ကျွန်တော်လည်း အင်နီကဲ့သို့ပင် ပက်လက်လှန် ကိုယ်ဖော့ရင်း ကောင်းကင်ပြာကြီးကို စိုက်ကြည့်နေမိခဲ့သည်။

ကောင်းကင်၌ မိုးသားတိမ်လိပ်တို့ တက်လာသည်ကို တွေ့ရ၏။ အင်နီကမူကား မျက်လုံးစုံမှိတ်လျက် ကိုယ်ဖော့ရေကူးနေဆဲပင် ဖြစ်သည်။ ပက်လက် အိပ်ပျော်နေသည့်အလား။ ကျွန်တော့် မျက်စိတွင် ဖျောက်၍ မရတော့။ ထိုနေ့သည်ပင် ကျွန်တော် အင်နီကို ချစ်နေပြီဖြစ်ကြောင်း ကိုယ့်ဘာသာကိုယ် သိမိသောနေ့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ခေါက် ကျွန်တော် မေမေ့ဆီ ပြန်ရောက်ခိုက်တွင် တရားသူကြီးအာဝင်က ကျွန်တော်တို့ကို ညစာဖိတ်ကျွေးသည်။ မေမေ၊ ကျွန်တော့်ပထွေးနှင့် ကျွန်တော့်အတွက် အဖော်အဖြစ် ဒူမွန်ဒီဆိုသူ အမျိုးသမီးငယ်တစ်ဦးလည်း ပါသည်။

ထမင်းစားပြီး၍ ဧည့်ခန်း၌ စကားပြောကြစဉ် အားလုံးက ကျွန်တော့်ကို စိုက်ကြည့်နေကြသည်။ ကျွန်တော် အဓိပ္ပာယ်နားလည်လိုက်ရပါ၏။ ကျွန်တော်က ကျွန်တော့်အလုပ်အကြောင်း ဒူမွန်ဒီကို ရှင်းပြရ၏။

"ကျွန်တော် နိုင်ငံရေး မလုပ်ပါဘူးဗျာ၊ အသက်မွေးဝမ်းကျောင်းအလုပ် လုပ်တာပါ"

တရားသူကြီးက ဝင်နှောင့်၏။

"မယုံနဲ့ မယုံနဲ့၊ ဂျက်ဟာ နှယ်နှယ် မဟုတ်ဘူး၊ ခုဆို ဩဇာအလွန်ကြီးနေတဲ့လူ"

"ဟုတ်ကဲ့ ကျွန်မလည်း သတိထားမိပါတယ်"

ကျွန်တော် မတတ်သာပြီ။

"ဟုတ်ကဲ့ ဆိုပါတော့၊ ကျွန်တော် ဩဇာကြီးတယ်ပဲ ထားပါတော့၊ ကဲ အချုပ်ထဲမှာ အသိတစ်ယောက်ယောက်များ ရှိနေလား၊ လွတ်အောင် လုပ်ပေးလိုက်မယ်"

တရားသူကြီး၏ အိမ်နီးချင်း မစ္စတာပက်တန်က ဝင်ပြော၏။

"အေး ရှိလာလိမ့်မယ်၊ ဒီလူတွေက ပြည်သူ့ဘဏ္ဍာတွေနဲ့ အားလုံး အခမဲ့ လျှောက်ပေးနေတယ်၊ ခိုးတဲ့လူတွေကလည်း ခိုးနေတယ်၊ ဘယ်သူက ငွေ လာပေးမှာလဲ၊ အဲဒီလူ ထောင်ထဲရောက်လိမ့်မယ်ကွ၊ အဲဒီအကြောင်း မင်းတို့ဘုရင်ခံ ဝီလီက ဘာများ ပြောဖူးသလဲ"

"ကျွန်တော့်ကိုတော့ ဘာမှ မပြောဖူးဘူးဗျ"

"အေး ခိုးတဲ့လူတွေက နောက်ပိုင်း ဝီလီကို ပြန်ချလိမ့်မယ်၊ အဲဒီအချိန် ဝီလီက ဘာလုပ်မလဲ မေးကြည့်ကွာ"

တရားသူကြီးက ကြားဝင်သည်။

"မစ္စတာပက်တန်... ခေတ်က ပြောင်းနေပြီဗျ၊ ဒီခေတ်မှာ အစိုးရက အခမဲ့ တော်တော်များများ လုပ်ပေးနေတာ"

"ဟုတ်တယ် တော်တော် ပြောင်းလဲနေတယ်၊ ဝီလီလို လူတောင် ပြည်နယ်တစ်ခုလုံးကို ကိုင်လှုပ်နိုင်နေပြီ မဟုတ်လား၊ တဖြည်းဖြည်းနဲ့ ပြည်နယ်သားတစ်ဝက် သူ့လခစားချည်း ဖြစ်ကုန်တော့မယ်၊ ကျန်တစ်ဝက်က အဲဒီအချိန်

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဆန့်ကျင်မဲ မပေးရဲတော့ဘူးပေါ့၊ အဲဒီမှာတင် အခွန်အကောက်တွေလည်း တက်လာတော့မယ်"

ပထမတော့ ကျွန်တော် နားမလည်။

"ဒီပြည်နယ်အစိုးရက ပြည်နယ်သားတွေအတွက် တစ်ခုခု လုပ်ပေးနေတယ်ဆိုရင် ဘုရင်ခံ ဝီလီစတာ့ခ် ရွေးကောက်ပွဲနိုင်မှာ မဟုတ်လားဗျ"

မိနစ်ဝက်ခန့် စကားမပြောဖြစ်ကြ။ ထို့နောက်တွင်မှ မေမေက ပြောလာသည်။

"သားစိတ်ထဲ ဘယ်လိုရှိနေတယ် မေမေ မသိတော့ပါဘူးကွယ်"

ထိုနေ့က တစ်ချိန်လုံး မေမေမှအပ ကျွန်လူအားလုံး ထိုအကြောင်းသာ ပြောခဲ့ကြပါ၏။

နောက်တစ်နေ့တွင် မေမေ၊ ကျွန်တော်နှင့် ဒူမွန်ဒီတို့ ဆုံမိကြပြန်၏။

မေမေက တိုးတိုးပြောသည်။

"ကလေးမ ဦးလေးတစ်ယောက်က သူဌေးကွယ့်၊ ကလေးမက သူ့အမွေအားလုံးကိုရမှာ"

"မေမေရယ် ကျွန်တော် ငွေကြေးအပေါ် စိတ်မဝင်စားပါဘူး၊ လိုချင်ရင် ဒေါ်လာ ၁၀၀၀၀ တောင်ရအောင် လုပ်နိုင်ပါတယ်၊ ခိုးတာ မဟုတ်ဘူးနော် မေမေ၊ ကျွန်တော့် သတင်းအလုပ်က သိပ်ဝင်ငွေကောင်းတာ၊ ငွေကိစ္စ ဝီလီလည်း ကင်းတယ်မေမေ"

"ဒါပေမယ့် သားရယ်၊ မစ္စတာပက်တန်တို့ ပြောကြတယ် မဟုတ်လား၊ သား တွဲလုပ်နေရတဲ့ လူတွေက သူခိုးတွေ ဆိုတော့ စိုးရိမ်လို့ပါ၊ ဘာကွ ဝီလီက ငွေနဲ့ကင်းတယ် ဟုတ်လား"

"ဟုတ်ပါတယ် မေမေ၊ သူ စိတ်ဝင်စားတာက ငွေမဟုတ်ဘူး၊ နာမည်ကောင်းရဖို့ပဲ၊ ဒီတော့ စေတနာသမားလို့ ခေါ်နိုင်တာပေါ့၊ ဒါပေမယ့် မစ္စတာပက်တန်တို့လို မကျက်တကျက် ပေါင်မုန့်တွေသာ ငွေဆိုမှငွေ၊ ငွေပဲစိတ်ဝင်စားနေကြတာ"

"သားရယ် ဒီလို မပြောပါနဲ့ကွယ်၊ ပြီးတော့... အမေ့သား ထိုက်ထိုက်တန်တန် မိန်းကလေးတစ်ယောက်ယောက်နဲ့ အိမ်ထောင်လည်း ပြုသင့်ပြီ၊ သင့်လျော်တဲ့ အလုပ်အကိုင် တစ်ခုခုလည်း လုပ်ပေါ့၊ တရားသူကြီး အာဝင်တို့၊ သီယိုဒိုတို့လည်း ကူညီနိုင်တာပဲ ဥစ္စာ"

မေမေ ဆုပ်နယ်လျက်ရှိသော ကျွန်တော့်လက်ကို ဆတ်ခနဲ ကျွန်တော် ပြန်ရုပ်လျက် ကျွန်တော်က အဖြေပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူတွေဆီက ဘာတစ်ခုမှ ကျွန်တော် အကူအညီ မလိုချင်ဘူး မေမေ၊ ဘယ်သူ့ဆီကမှလည်း အကူအညီမလိုချင်ဘူး၊ မိန်းမလည်း မလိုချင်ဘူး၊ တခြား အလုပ်လည်း မလုပ်ချင်ဘူး၊ ငွေဆိုရင်လည်း ကျွန်တော် ရနေသလောက်နဲ့ပဲ ကျေနပ်ပါတယ်၊ ပို မလိုချင်ပါဘူး၊ မေမေလည်း ကိုယ့်ဟာနဲ့ကိုယ် အဆင်ပြေ နေတော့ ကျွန်တော့်မှာ ပူစရာလည်း မရှိဘူး"

မေမေက ဘာမှ မပြောတော့သကဲ့သို့ လှုပ်ရှားမှုလည်း မပြု၊ ငြိမ်နေသည်။ ကျွန်တော်ကပင် ဆက်ပြောသည်။

"မေမေ့ငွေတွေလည်း ကျွန်တော် မလိုချင်ဘူးနော်"

မေမေက စိတ်မကောင်းစွာ ပြောလာပါ၏။

"သား... မေမေ့မှာ ရှိသမျှဟာ သားအတွက်ချည်းပဲ၊ ဒါကို သား မသိဘူးလားကွယ့်"

ကျွန်တော့်လက်ကို လှမ်းဆွဲရင်း ပြောနေပြန်ပါ၏။

ကျွန်တော်က စိတ်မရှည်နိုင်တော့၍ လှမ်းပြောမိတော့သည်။

"မေမေရယ်၊ ကိုယ့်သား တစ်ခါတလေကလေး ပြန်လာတာ စိတ်အေး အေးလေး နေပါရစေ၊ ဒီအကြောင်းတွေ မပြောကြစို့နဲ့လား"

မေမေ ဘာမျှ မပြောတော့သော်လည်း ကျွန်တော့်လက်များကို ဆုပ်နယ်နေရှာပါ၏။

နောက်ထပ် နှစ်နာရီခန့် ကြာသောအခါတွင်မူကား ကျွန်တော်သည် ဘာဒင်လင်းဒင်းမှ ပြန်ခွာခဲ့ပြီတည်း။ ကားမောင်းပြန်လာခဲ့ခြင်းဖြစ်ရာ မိုးက သဲသဲမဲမဲ ရွာနေ၏။

တိုက်ဆိုင်ချေသည်လား မပြောတတ်။ ယခင် ၃၇ နှစ်ခန့်ဖြစ်သော ၁၈၉၆ ခုနှစ်ခန့်က ဥပဒေပညာရှင် ရှေ့နေကြီး တစ်ဦးသည် ယခုကဲ့သို့ မိုးထဲ တွင် အခြား ပြည်နယ်ရှိ မြို့ငယ်တစ်မြို့သို့ သက်သေများကို သွားတွေ့၏။ အဆောက်အအုံ တစ်ခုထဲတွင် အဆောက်အအုံ အလုပ်သမားကြီး တစ်ဦး၏ သမီးငယ်တစ်ဦးကို လှေကားပေါ်၌ ရှေ့နေကြီးက တွေ့လိုက်ရသည်။ ကိစ္စပြီးသော အခါ ထိုမိန်းမပျိုကို ရှေ့နေကြီးက ခေါ်ပြန်ပါသည်။ ထိုမိန်းကလေးကို ရှေ့နေကြီး ကတော် ကောက်လိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်တော်ဆိုသော သတ္တဝါ ယခု လူလားမြောက်လျက် ဤကားထဲတွင် ရောက်နေခြင်းပါတည်း။

ထိုညက သန်းခေါင်ယံတွင် ကျွန်တော် ဟိုတယ်သို့ ပြန်ရောက်၏။ ဟိုတယ်စာရေးက ဖုန်းနံပါတ် တစ်ခုပေးပြီး ဆာဒီကို ခေါ်ရန် အကြောင်းကြား သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဖုန်းဆက်လိုက်သောအခါ…

'အလိုလေး၊ ခမ္မပဲ ပြန်ရောက်သလား ကိုယ်တော်ချော၊ ရှင် ဘယ်သွား ဘာလုပ်နေတာလဲ၊ ဘာဒင်လင်းဒင်းကနေ ခြေကျင်ပြန်လာတာလား၊ အခု ကျွန်မဆီ မြန်မြန် အရောက်လာပေတော့"

သူ ပေးသော လိပ်စာအတိုင်း မာခိန်း ဟိုတယ်အခန်း ၉၀၅ သို့ ကျွန်တော် ရောက်သွားခဲ့ရာ ဖုန်းတစ်ခုအောက်၌ ဆာဒီကို တွေ့ရသည်။ ဆာဒီက အတွင်းခန်းဘက် လမ်းညွှန်သဖြင့် ဝင်လိုက်သည်တွင် ဗီလီကို တွေ့လိုက်ရ၏။

ဆရာကြီးသည် ဂျက်ကက် အင်္ကျီ ချွတ်ပြီးဖြစ်လျက် ရှေ့ကုလားထိုင်တွင် ခြေတင်ထိုင်ရင်း လက်ကလည်း တစ်စုံတစ်ခု ရှင်းပြနေဟန်ဖြင့် သူ့ရှေ့ရှိ လူတစ်ဦးကို တစ်စုံတစ်ရာ ပြောနေ၏။ သူ့ရှေ့ရှိ ပုဂ္ဂိုလ်မှာ ပြည်နယ်စာရင်း အရာရှိချုပ် မစ္စတာ ကိုင်ရမ်ဘီရိုက် ဖြစ်၏။

"ဝင်ခွင့်ပြုပါ" ကျွန်တော်က ခွင့်တောင်းရင်း အနားကပ်သွား၏။

ဆရာကြီးက ကျွန်တော့်ကို လှမ်းပြောလာ၏။

"တံခါးပိတ်လိုက်ကွာ၊ ပြီးတော့ ထိုင်နားထောင်"

ဆရာကြီးက စာရင်းအရာရှိချုပ်ကို ဆက်လက် ဆွေးပွက်ပြန်သည်။ အဆူခံရသူမှာ စိတ်မကောင်းစွာဖြင့် ရပ်နားထောင်နေသည်။

"ကဲ… အခု ခင်ဗျား လုပ်ရမှာက အနေအထိုင်ကအစ ခပ်ကုပ်ကုပ် နေထိုင်လုပ်ကိုင်ပေါ့၊ ပြီးတော့ အမိန့်အတိုင်း လိုက်နာပါ"

"ဟုတ်ကဲ့ခင်ဗျ"

"ဒီလိုဆိုရင် အခု ခင်ဗျားအပေါ် အရေးယူထားမှု ရပ်စဲလိုက်မယ်၊ ဒါ ခင်ဗျားကို ချစ်လို့ခင်လို့ လုပ်ပေးတာ မဟုတ်ဘူးနော်၊ ဟိုကောင်တွေ သူတို့ လုပ်ချင်တိုင်း လုပ်လို့ မရဘူးလို့ သိစေချင်လို့ပဲ၊ ကျုပ်သဘောထား ခင်ဗျား ရှင်းတယ်နော်"

"ဟုတ်ကဲ့ခင်ဗျာ"

"ကဲ… ဒီလိုဆို ဟိုစားပွဲမှာထိုင်၊ ကျုပ်ပြောတဲ့အတိုင်း လိုက်ရေး" ထိုပုဂ္ဂိုလ်လိုက်ရေးရန် အသင့်ဖြစ်တော့မှ ဗီလီက နှုတ်တိုက်ချပေးသည်။

ဘုရင်ခံ မစ္စတာဗီလီခင်ဗျား…

ကျွန်တော်သည် ကျန်းမာရေး ချွတ်ယွင်းသဖြင့် တာဝန်များ မထမ်းဆောင်နိုင်တော့ပါသောကြောင့် အထက်ပါ လျှောက်လွှာတင်သော နေ့စွဲမှ အစပြု၍ သို့မဟုတ်၊ ခွင့်ပြုနိုင်သော နေ့မှအစပြု၍ ရာထူးမှ နုတ်ထွက်ခွင့်ပြုပါရန်…

လေးစားစွာဖြင့်…

www.burmeseclassic.com

www.burmeseclassic.com



"ကဲ... လက်မှတ်ထိုးလိုက်တော့၊ နေ့စွဲလုံးဝ မထည့်နဲ့နော်၊ ကျုပ်လို အခါမှ နေ့စွဲထည့်လိုက်မယ်၊ ပြီးရင် ယူခဲ့"

ဝီလီက သျှောက်လွှာ လက်ထဲရောက်ချိန်၌ ဖတ်ကြည့်ပြီး ပြန်နိုင်ပြီဖြစ်ကြောင်း မစ္စတာရိုက်ကို ပြောလိုက်သည်။ နှစ်ဦးတည်း ကျန်တော့မှ ကျွန်တော်က မေးကြည့်၏။

"အဲဒါက ဘာလုပ်တာလဲဗျ"

"မင်း သတင်းစာတောင် မဖတ်ဘူးလားကွ"

"ဟုတ်ကဲ့ ကျွန်တော် ရက်ရှည် အနားသွားယူနေလို့ပါ"

"ဒီလိုကွာ ဒီလူကြီးက သိပ်သူဌေးဖြစ်ချင်နေတယ်ထင်ပါရဲ့၊ ပုဂ္ဂိုလ်ဘချို့ ငွေရရာ ရကြောင်း လုပ်ကြတာကို ဒီလူကြီးက မဂ္ဂမာဖီရဲ့အဖွဲ့ကို လွှတ်တော်ထဲမှာ သွားပြောတယ်၊ ဒီမှာတင် တို့ကို တရားစွဲမယ် ဘာမယ် ဖြစ်လာရော"

"သူတို့ မအောင်မြင်နိုင်ပါဘူးဗျ"

"ကြိုးစားရုံတောင် မကြိုးစားပါဘူးကွ၊ ဒါပေမယ့် သူတို့ကို ဒီလိုတော့ ကိုင်ထားမှ"

"ကျွန်တော်က အခု ဘာလုပ်ပေးရမှာပါလဲ"

"ကွာ...ဟို အဲကွိုင်လ်ဆိုတဲ့ လူအကြောင်း ရနိုင်သမျှ အချက်အလက်တွေ စုပေးဖို့ပါ"

"ဟုတ်ကဲ့ ရပါတယ်" ပြောပြောဆိုဆို ကျွန်တော် နေရာမှ ထလိုက်သည်။ ထိုအချိန် ဆာဒီတစ်ယောက် တံခါးပေါက်မှ အထဲရောက်လာပြီး သတင်းပို့၏။

"မစ္စတာမီလာက တွေ့ချင်လို့ပါတဲ့"

"အထဲလွှတ်လိုက်ပါလေ"

မီလာဆိုသူမှာ တက္ကသိုလ်ဘွဲ့ရ သန့်ရှင်းရိုးသားသူ စစ်ပြန်တစ်ဦး ဖြစ်ရာ ပြည်နယ်ရှေ့နေချုပ်အဖြစ် ဆရာကြီးက ခန့်ထားသူ ဖြစ်၏။

အထဲရောက်လာလျှင် ဆရာကြီးနှင့် မီလာတို့ လက်ဆွဲနှုတ်ဆက်ကြ၏။ ဆရာကြီးခွင့်ပြုသည့်တိုင် မထိုင်ဘဲ ပြောသည်။

"ကိစ္စမရှိပါဘူး ဝီလီ၊ ခင်ဗျားသာထိုင်ပါ"

ဆရာကြီးက ရှေ့ကုလားထိုင်ပေါ် ခြေတင်ထိုင်ရင်း မေးသည်။

"ဆို...ကျုပ်ကို တွေ့ချင်တာ ဘာကိစ္စလဲ"

"ခင်ဗျား သိပြီးဖြစ်မယ် ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါတော့လေ"

"ခင်ဗျား မစ္စတာရိုက်ကို အကာအကွယ်ပေးမလို့ မဟုတ်လား"

"သူ့ကိုတော့ ဂရုစိုက်ဖို့ မဟုတ်ဘူး၊ တခြား တစ်ခုကို အကာအကွယ် ပေးချင်လို့ပါပဲ"

"သူ့မှာ အပြစ်ရှိတယ်နော်"

"မစ္စတာရိုက်ဟာ စက်ရုပ်ပဲ၊ ဒါပေမယ့် စက်ရုပ်ကိုကော အပြစ်မပေး ရတော့ဘူးတဲ့လား၊ ခု သူ့ကို ကျုပ်ကိုင်ထားပါတယ်"

"စကားအဖြစ်တော့ ကောင်းပါလေရဲ့၊ ဒါပေမယ့် တကယ်လက်တွေ့က ခင်ဗျားဟာ မစ္စတာရိုက်ကို အကာအကွယ်ပေးနေတာ ဖြစ်နေတယ်"

"ကျုပ်က တခြား တစ်စုံတစ်ခုကို အကာအကွယ်ပေးနေတာပါ၊ မက္ကမာ ဖီတို့လူစု သူ့ကိုလုပ်ရင် နောက် ဘာတွေ ထပ်လုပ်မလဲ မသိနိုင်ဘူးနော်၊ ကျုပ်တို့ လုပ်တာအားလုံး သူတို့ ကြိုက်မယ်ထင်လို့လား၊ ဟိုလမ်းမကြီး စီမံကိန်းတို့၊ ပြည်သူ့ကျန်းမာရေးဥပဒေကြမ်းတို့၊ အကောက်ခွန်သစ်တို့…"

"ဟုတ်တယ် သူတို့ မကြိုက်တာအမှန်၊ မက္ကမာဖီအုပ်စုကို ထောက်ခံတဲ့ လူတွေကတောင် မကြိုက်ကြဘူး"

"ခင်ဗျားကော ကြိုက်ရဲ့လား"

"ကြိုက်ပါတယ်၊ ဒါပေမယ့် လုပ်မယ့်လူတွေတော့ မကြိုက်ဘူးဗျာ"

"သြော်…မိလာ၊ ခင်ဗျား သတိမထားမိဘူးလားဗျာ၊ မစ္စတာရိုက်ကို သူတို့ ရည်ရွယ်တာ မဟုတ်ဘူး၊ ပြည်နယ်အစိုးရကို ရည်ရွယ်တာဗျ၊ ပြည်နယ် အစိုးရကို ချချင်တာ၊ သူတို့ကို အခု ရပ်တန့်က ရပ်စေရမယ်၊ ဒါကြောင့် ရိုက် နဲ့ ဒပ်ဖီကို သုံးရမှာ"

မစ္စတာမိလာက ခါးတောင့်တောင့်ပြင်၍ ပြောလာ၏။

"ဒီလိုဆိုရင်တော့ ကျွန်တော့်ဖွက်စာကို လက်ခံပါခင်ဗျား"

"ခင်ဗျား တော်တော်ကြာကြာ စဉ်းစားပြီးမှ လာပြောတာလား၊ ဘာကြောင့်လဲ"

မိလာက အဖြေမပေး။

"ကဲ ကျုပ်ကပဲ ပြောပါ့မယ်ဗျာ၊ ခင်ဗျား ဥပဒေရေးမှာ ၁၅ နှစ်လောက် လုပ်ခဲ့ပြီးပြီ မဟုတ်လား၊ ပြည်နယ်အစိုးရအဖွဲ့ထဲက ကောင်တွေ ဘာမှ မလုပ် နိုင်အောင်ထိန်းခဲ့ပြီးပြီ မဟုတ်လား၊ ဒီတော့ ဘာဖြစ်လဲ ချမ်းသာတဲ့သူတွေ ပိုချမ်းသာကုန်တယ်၊ မွဲတဲ့လူတွေ ပိုမွဲလာတယ်။ ဒီအချိန် ကျုပ်ရောက်လာတယ်၊ ခင်ဗျား ကျုပ်တို့အထဲဝင်ပြီး အဲဒီဟာတွေ အပြောင်းအလဲ လုပ်ချင်လာတယ်၊

www.burmeseclassic.com

www.burmeseclassic.com



လုပ်လည်း လုပ်ခဲ့ပြီ၊ ခင်ဗျား ဘယ်လောက်ထိ ဆောင်ရွက်အကျိုးပြုနိုင်ခဲ့ပြလဲ၊ ခုဆို 'ခြိနိုင်ငံရေးသမား' ကိုးဦးကိုတောင် ထောင်ထဲပို့နိုင်ခဲ့ပြီ မဟုတ်လား၊ ဒါပေမယ့် သူတို့နောက်က ကျောထောက်နောက်ခံ အသိုင်းအဝိုင်းကို ခင်ဗျား မကိုင်နိုင်သေးဘူးဗျ၊ ဥပဒေကြောင်းကလည်း ဘာမှ မတတ်နိုင်ဘူး၊ လုပ်နိုင်တဲ့ နည်းတစ်ခုက ပြည်နယ်အစိုးရအဖွဲ့အာဏာ သူတို့လက်မရောက်ရေးဘဲ၊ ခင်ဗျား ဒါကို သိပါတယ်၊ ပြီးတော့ ခင်ဗျားက သန့်သန့်ရှင်းရှင်းလည်း လုပ် ချင်တယ်၊ ဒီတော့ ခင်ဗျား အခု နုတ်ထွက်ရင် ပြည်နယ်အတွက်ရော ပြည်နယ်သူ ပြည်နယ်သားတွေအတွက်ရော နစ်နာမှာပေါ့ဗျာ"

"ကျွန်တော် ဆုံးဖြတ်ပြီးနေပါပြီ၊ ဆုံးဖြတ်ချက် မပြင်နိုင်တော့ပါဘူး"

မီလာထွက်သွားချိန် ဆရာကြီးက တံခါးထပိတ်ပြီး ကျွန်တော့်ကို စိုက် ကြည့်နေရာ ကျွန်တော်ကလည်း မတ်တတ်ရပ်လိုက်ပြီး စိုက်ကြည့်နေမိ၏။

"ရိုက်ကိစ္စ ကိုယ်မှားတယ်လို့ ထင်သလား"

"ကျွန်တော့်အလုပ်က စဉ်းစားဖို့ မဟုတ်ပါဘူးဗျာ၊ ဒီတော့ ခင်ဗျား လည်း လုပ်ချင်တာ လုပ်လိုက်ပြီးပြီပဲ၊ ဘာကြောင့် ဒီအကြောင်း ဆက်စဉ်းစား နေဦးမှာလဲ" ဤတွင် ဆရာကြီးက စကားတစ်ခု ပြောလာ၏။

"ဟော့ ဂျက်၊ လူစီကလည်း ကိုယ့်ကို ကွာတော့မလို့တဲ့"

ကျွန်တော် သူ့ကိုပြောလိုက်သော ကိစ္စအတွက် အဖြေတချို့တဝက် ပြောလာခြင်း ဖြစ်ပါ၏။ ကျွန်တော်ကား အံ့အားသင့်သွားခဲ့သည်။ ကျွန်တော်သည် ပိတ်ထားသော အခန်းတံခါးဘက် လှမ်းကြည့်မိ၏။ အပြင်တွင် ဆာဒီတစ်ယောက် ထိုင်နေပေလိမ့်မည်။ ကျွန်တော် တံခါးဘက် လှမ်းကြည့်လိုက်သည်ကို ဆရာကြီးက သိမိပုံရ၏။

"သူ့ကြောင့် မဟုတ်ဘူးကွ၊ ဆာဒီနဲ့ ကိုယ့်ကိစ္စ လူစီ ဘာမှ မသိပါဘူး"

"ဒီလိုလည်း မပြောနဲ့လေဗျာ၊ လူစီလည်း မိန်းမသားပဲဟာ၊ ဒါမျိုး ဆိုတာ မိန်းမသားတွေ သိပ်သိတတ်တယ်"

"မဟုတ်ပါဘူးဆိုကွာ၊ ရိုက်ကိစ္စကွ၊ ရိုက်ကိစ္စ၊ ကိုယ်က ရိုက်ကို အကာ အကွယ်ပေးရင် လူစီက ကိုယ့်ကို ကွာမယ်ရှင်းမယ်တဲ့"

ဆရာကြီးသည် ခြေလေးလှမ်းစီ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရင်း ဆက်ပြောပြန်၏။

ကျွန်တော်သည် ပြည်နယ်ဘုရင်ခံရွေးပွဲ ပထမအကြိမ် ဝင်ရန် ဒီလို စတော့ခ် ကြိုးစားနေစဉ်က ကျွန်တော်နှင့် ကပ်လျက် အခန်းထဲ၌ အချက်အလက် များနှင့် ကိန်းဂဏန်းများဖြင့် ပြည့်နက်နေသော မိန့်ခွန်းကြီးကိုင်လျက် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေခဲ့သော ဟိုယခင်အချိန်ကို ပြန်သတိရမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ခက်တယ်ကွာ၊ ဒီကိစ္စ သူတို့ဘာမှလည်း နားမလည်ကြတော့ ခက်တယ်၊ ပြောလို့လည်း မဖြစ်"

ထို့နောက် ခေတ္တနားပြီး ဆက်ပြောပြန်၏။

"ကိုယ်ဘာရည်ရွယ်လုပ်တာလဲ သိလား၊ ဟိုကောင်တွေ အုပ်စုကို နိုင်လိုက်တာနဲ့ တစ်ပြိုင်နက် ကိုယ့်ပြည်နယ်အတွက် ကမ္ဘာပေါ်မှာ အကြီးဆုံး အခမဲ့ဆေးရုံကြီးတစ်ခု ဆောက်ချင်တယ်၊ အကောင်းဆုံးလည်း ဖြစ်ရမယ်၊ ဖြစ်အောင်ကို လုပ်ချင်နေတယ်၊ လုပ်ကိုလည်း လုပ်မယ်ကွ"

"ကျွန်တော် ယုံပါတယ်ဗျာ"

ဆာဒီသည် ဆရာကြီး၏ ကမ္ဘာထဲမှာ လူစီအပြင် တစ်ဦးတည်းသော မိန်းကလေး မဟုတ်သေး။ အခြား အများကြီး ရှိသေး၏။ ထိုအကြောင်း လူစီမသိသေး။ ဆာဒီကမူ အခြားမိန်းမများနှင့် ဆရာကြီးအကြောင်း သိနေ၏။

ဆရာကြီးဘဝတွင် ဆာဒီအပြင် အခြားမိန်းမများ ပါ ရှိနေသေးကြောင်း ပထမသိလိုက်ခဲ့ရသော နေ့တစ်နေ့ကမူ ဆာဒီတစ်ယောက် ကျွန်တော့်အခန်းထဲ ဆောင့်ကြီးအောင့်ကြီး ဝင်လာဖူးသည်ကို အမှတ်ရမိပါသေး၏။ အခန်းထဲ ဝင်လာပြီးချိန် တံခါးကိုလည်း ဆောင့်ပိတ်လိုက်ပြီး စိတ်ဆိုးမာန်ဆိုး ပြောဆိုကြိမ်းမောင်းနေသည်။

"ကျွန်မ သူ့ကို သတ်ပစ်မယ်၊ ပျက်စီးရာ ပျက်စီးကြောင်းကို လုပ်ပြလိုက်ဦးမယ်၊ ဒီလူလွန်မသား... တော်တော် လွန်လာပြီ၊ ကျွန်မ သူ့အတွက် ဒီလောက် ဆောင်ရွက်ပေးနေတာတောင် ကျွန်မကို ဒီလိုလုပ်သေးတယ်၊ သတ်မယ် သတ် ကိုသတ်မယ်"

ခဏအကြာတွင်ကား ဆာဒီတစ်ယောက် အနည်းငယ်စိတ်ပြေလာပုံရပါ၏။ ကျွန်တော့်ရင်ခွင်တွင်း သူ့မျက်နှာအပ်လျက် ငိုရှာသည်။ ဆာဒီ၏ မျက်နှာမှာ ကျောက်ပေါက်မာများကြောင့် အရုပ်ဆိုးနေရှာသည်။ ခဏအကြာတွင် မှန်ရှေ့သွားရပ်ပြီး သူ့မျက်နှာ သူ စေ့စေ့စပ်စပ်ကြည့်ပြီး ကျွန်တော့်ကို မေးလာသည်။

"ဟိုမိန်းကလေးဟာ တော်တော်လှသလားရှင့်"

"ကိုယ်ဘယ်လိုလုပ် သိပါ့မလဲ ဆာဒီ"

ကျွန်တော် အနားသို့လာပြန်ပြီ သူ့ဘဝ နောက်ကြောင်း ပြန်သည်ပြန်ပါချေ၏။ ဖခင်အရက်သမားနှင့် မောင်နှမတစ်စု ဆင်းရဲခဲ့ရပုံမှအစ မိန်းမလှတစ်ယောက် တွေ့သောအခါ ယခု သူ့ကို မေ့သွားသူအကြောင်းအထိ ဖြစ်သည်။

"သွားပါစေကွာ၊ ဒါ ဝမ်းနည်းစရာလိုက်လို့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ…သွားပါစေ ဟုတ်လား၊ သွားရပါလိမ့်မယ်၊ ကျွန်မ သတ်ပစ်မယ်၊ ဒါပေမယ့်လေ ကျွန်မဆီ သူပြန်လာမှာပါ၊ ကျွန်မ သူ့အတွက် လိုနေတယ် မဟုတ်လား"

မှန်၏။ ဝီလီသည် ဆာဒီဆီ ပြန်လာသည်သာ ဖြစ်ပါ၏။

လူစီတစ်ယောက် ဘာတွေ သိထားချေသနည်း။ ထိုအချက် ကျွန်တော် မသိပါ။ လူစီသည်လည်း ဆရာကြီးကို စွန့်မသွားပါ။ လူစီသည် သိက္ခာရှိသူ ဖြစ်ပါ၏။ မစ္စတာရိုက်၏ ကိစ္စမှာလည်း နောင်သောအခါ အသေးအဖွဲ ဖြစ်သွားခဲ့ပါ၏။ အဘယ်ကြောင့် ဆိုသော် ယခု မက္ကမာဖီအုပ်စုသည် ဘုရင်ခံ ဝီလီစတာ့ခ် ကိုပင် တရားစွဲနိုင်ရန် စိုင်းပြင်း၍ နေကြသောကြောင့် ဖြစ်ပါ၏။ ထို့ကြောင့်လည်း ဆရာကြီးခမျာ နှစ်ပတ်ခန့်အထိပင် မအိပ်နိုင် မစားနိုင်ဖြစ်ခဲ့ရကြောင်း ခန့်မှန်းရသည်။ အထူးသဖြင့် ညညများတွင် ကားဖြင့် ခရီးအထွက်များနေသည်။ ကားနောက်ခန်းတွင် အိပ်လိုက်ရသည်ကများသည်။ နေ့လယ်ရုံးတွင် ဆိုပါလျှင် လည်း တစ်ဦးဝင်တစ်ဦးထွက် အထူးအလုပ်များလျက် ရှိသည်။

ခရီးထွက်ချိန်များ၌ တစ်နာရီမိုင် ၈၀ နှုန်းခန့်ဖြင့် ပြည်နယ်တစ်ခုလုံး အနှံ့ သွားလျက် တစ်နေ့တစ်နေ့လျှင် တစ်မြို့ပြီး တစ်မြို့ တစ်ခါတစ်ရံ ခုနစ်ခါ ရှစ်ခါအထိ တရားဟောသည်။ သူပြောသည်ကား …

"မြို့လူထုကြီး ခင်ဗျာ … "

"အခုဆိုရင် ဒီမြို့မှာ ပြဿနာနည်းနည်း ရှိနေပါလိမ့်မယ်၊ ကျွန်တော်နဲ့ ဥပဒေပြုအမတ်အုပ်စုနဲ့ မပြေမလည် ဖြစ်နေလို့ပါပဲ၊ လွှတ်တော်မှာက လိပ်အုပ်စုတွေက များနေတယ် မဟုတ်လား၊ ဒီအုပ်စုတွေရဲ့ ဒဏ်ကြောင့် မြို့လူထု ဘယ်လိုများ ဖြစ်ကုန်ကြပြီလဲလို့ ကျွန်တော် အခု မြို့အနှံ့ လျှောက်ကြည့်နေပါ ဘယ်၊ ဒါပေမယ့် လူထုကတော့ မပြောင်းလဲပါဘူး၊ လွှတ်တော်မှာ သူတို့ ပြောကြ ဆိုကြတာကတော့ လူထုကြီးဟာ အသိဉာဏ် မရှိကြဘူး၊ ကျုပ်ကို ဘုရင်ခံအဖြစ် ရွေးကြ မပေးကြကတည်းက အသိဉာဏ် မရှိတဲ့ သတ္တဝါတွေ ဖြစ်ကုန် ပြီ၊ ဘာညာနဲ့ ပြောနေကြတယ်၊ ဒါကြောင့် ခင်ဗျားတို့ ဘယ်လိုတွေများ ဖြစ် ကုန်ကြပြီလဲလို့ လာကြည့်တာပဲဗျို့"

သူ့မိန့်ခွန်း၊ သူ့ တရားဟောချက်များသည် လက်ခုပ်သံ တဖြောင်းဖြောင်း တရားပွဲများ ဖြစ်ကြပါ၏။ တစ်ခါတစ်ရံ ရှည်လျားလွန်းသဖြင့် ဆိုအောင် အတော်စောင့်ရသည်။ ဆရာကြီးမှာလည်း လက်ခုပ်သံများအကြား မျက်လုံး ရောင် တရွှန်းရွှန်းဖြင့် လက်မြှောက်လျက်သာ မိန့်ခွန်းဆက်ပြောရန် စောင့်ရရှာ ချေ၏။ လက်ခုပ်သံရပ်သွားချိန် ဆရာကြီးက တစ်ချက် လှမ်းကြော်လိုက်တတ် သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် အခု ခင်ဗျားတို့မျက်နှာတွေကို လေ့လာမိပါပြီ"

ပရိသတ်က နောက်ထပ် ထပ်အော်ပြီး ဩဘာပေးလိုက်ပြန်၏။

"ဟုတ်ကဲ့ ဘုရားသခင်အရှင်... အခုဆိုရင် ကျုပ် ခင်ဗျားတို့ မျက်နှာပေါ်မှာ အရိပ်လက္ခဏာ တစ်ခု တွေ့ရတယ်"

ပရိသတ်က ထပ်အော်ကြပြန်၏။

"ဟော... အခု ကျုပ် လပေါ်မှာတောင် သွေးကွက်တွေ လှမ်းမြင်ရပါပြီ၊ ဘယ်သူ့ သွေးတွေဆိုတာ ကျုပ်ကတော့ သိပါတယ်၊ ကဲ ပေးကြစမ်းပါဗျာ၊ ဟို သားသတ်ပုဆိန်ကြီး"

ဤကား သူ့တရားပွဲများ၏ အခြေအနေဖြစ်သည်။ အခြား တစ်ခု ကျွန်တော် မှတ်မိပါသေး၏။ တစ်ညတွင် ဆရာကြီးသည် သူ့ကာဒီလက်ကားကြီးဖြင့် မြို့ထဲမှ အိမ်တစ်အိမ်ရှေ့၌ စောင့်နေ၏။ ထိုအချိန် အိမ်ထဲမှ ညအိပ်အဝတ်အစားဖြင့် လူတစ်ဦး ထွက်လာသည်။ အမူအရာမှာ တုန်တုန်လှုပ်လှုပ်ရှိနေပါ၏။

"ဒီကောင်ကို ကားထဲဝင်ခိုင်းပြီး ခေါ်ခဲ့ကြ"

ထိုလူကားထဲအရောက် ဆရာကြီးက ခပ်ပြတ်ပြတ် ကြည့်ပြီး ပြောသည်။

"ဒါ မင်းအတွက် နောက်ဆုံး အခွင့်အရေးပဲ၊ မင်းကို ငါ ဘယ်လို လုပ်နိုင်တယ်ဆိုတာ မင်းသိတယ်နော်"

၁၉၃၃ ခု၊ ဧပြီ ၄ ရက် မွန်းလွဲပိုင်းတစ်နေ့တွင် ဘုရင်ခံ၏ အိမ်သွားရာ လမ်းမကြီးပေါ်၌ ပရိသတ်ညွတ်နေ၏။ ခါတိုင်း မြင်နေကျ လူများ မဟုတ်ကြ။ ၅ ရက်နေ့ မွန်းမတည့်မီ နောက်ထပ် ပရိသတ်တိုးလာပြန်၏။ သူတို့အားလုံးသည် နှုတ်မှ တစ်စုံတစ်ရာ သီဆို ဟစ်ကြွေးခြင်း မရှိဘဲ စံအိမ်ဆီ ချီတက်သွားကြပြီးနောက် မြက်ခင်းများပေါ်၌ နေရာယူလိုက်ကြ၏။ ဓာတ်ပုံသတင်းထောက်များကလည်း ပျားပန်းခပ်မျှ အလုပ်များလျက် ရှိကြကုန်၏။ ရဲအဖွဲ့ဝင်များလည်း မြင်းကြီးများစီးလျက် လူအုပ်ကြီးကို စောင့်ရှောက်ပေးနေကြကုန်၏။ ခဏအကြာတွင် လူအုပ်ကြီးက တညီတညွတ်တည်း ကြွေးကြော်ကြ၏။

"ကျုပ်တို့ ဝီလီကိုပဲ လိုချင်တယ်၊ ဝီလီကိုပဲ သဘောကျတယ်"

အဆောက်အအုံ ဒုတိယပြတင်းမှနေ၍ သူတို့ကို ကျွန်တော် ကြည့်နေခဲ့၏။ လွှတ်တော်ထဲတွင် အမတ်များ ဆွေးနွေးနေကြခိုက် ဖြစ်သဖြင့် လူအုပ်ကြီး၏ ကြွေးကြော်သံကို ကြားရမည်သာ ဖြစ်၏။

"ကျုပ်တို့ ဝီလီကိုပဲ လိုချင်တယ်၊ ဝီလီကိုပဲ ကြိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ကားအနက်ကြီးတစ်စီး လွှတ်တော်အဆောက်အအုံဆီ ဖြည်းဖြည်းမောင်းလာနေ၏။ ခဏအကြာ၌ ကားထဲမှ လူတစ်ဦးထွက်လာပြီး ရဲအဖွဲ့ဝင်များနှင့် လူထုကို လက်ဝှေ့ယမ်းနှုတ်ဆက်၏။ ထိုလူမှာ ဒပ်ဖီပင်တည်း။

ဒပ်ဖီက လူထုကြီးကို မိန့်ခွန်းပြောသည်။ ဘာတွေ ပြောသည်ကား ကျွန်တော် မကြားပါ။ ဘာပြောသည်ကိုတော့ ကျွန်တော် သိပါသည်။ ဘုရင်ခံ ဝီလီစတာ့ခ်က ယခုမှာလိုက်ကြောင်း၊ လူထုကြီးသည် ယခုမြို့ထဲတွင် ငြိမ်းချမ်းစွာ သွားရောက်နိုင်ကြကြောင်း၊ ၈ နာရီ ဤနေရာကို ပြန်လာကြစေလိုကြောင်း၊ ထိုအချိန်တွင် ဘုရင်ခံကိုယ်တိုင် တွေ့ဆုံ မိန့်ခွန်းပြောမည်ဖြစ်ကြောင်း ပြောသွားခြင်း ဖြစ်၏။ ဝီလီ ဘာပြောနေမည်ကိုလည်း ကျွန်တော် သိနေပါ၏။ လူထုကြီးရှေ့အရောက် သွားမတ်တတ်ရပ်လိုက်ပြီးနောက် ယခုအထိ သူသည်သာ ဘုရင်ခံဖြစ်ကြောင်း ပြောမည် ဖြစ်၏။ အဘယ့်ကြောင့် ကျွန်တော် သိနေသနည်းဆိုပါက မနေ့က ညနေစောစောပိုင်းက မက္ကမာဖီတို့ အုပ်စုမှ လွှတ်တော်ခေါင်းဆောင် မစ္စတာလိုဒေါင်းထံ ကျွန်တော့်ကို လွှတ်ပြီး ပုဂ္ဂိုလ်အမည်စာရင်းတစ်ခု ပေးခိုင်းပြီး ဖြစ်သည်။ ထိုစာရင်းကို ဖတ်ကြည့်စဉ် မစ္စတာလိုဒေါင်းသည် ပါးစပ်၌ ခဲထားသော ဆေးပြင်းလိပ်ကြီးကိုပင် ချထားရှာ၏။

ကျွန်တော်က စာရင်းကြည့်နေသော မစ္စတာလိုဒေါင်းကို လှမ်းမေးလိုက်၏။

'အဲဒီစာရင်းထဲမှာ ခင်ဗျားလူတွေ တကယ်လက်မှတ်ထိုးခဲ့ကြတယ်ဗျ၊ မသေချာဘူးထင်ရင် သူတို့ဆီ ဖုန်းဆက်ကြည့်ပါလား"

သူသည် ချက်ချင်း တယ်လီဖုန်းဖြင့် သူ့လူတစ်ဦးဆီ လှမ်းမေး၏။

"ဒီမှာ...မွန်တီ၊ ခင်ဗျားလက်မှတ်ထိုးထားတဲ့ ကြေညာချက်တစ်စောင် အခု ကျုပ်တွေ့ရတယ်၊ ဟို ဘုရင်ခံ ဝီလီစတာ့ခ်ကို တရားစွဲမယ့် ကိစ္စဟာ လုံးဝ မတရားဘူးလို့လည်း ဖော်ပြထားတယ်၊ ဒါကြောင့် အဲဒီကိစ္စ ဆန့်ကျင်မဲ ပေးမယ်လို့ ဖော်ပြထားတယ်၊ ခင်ဗျာ တစ်ယောက်တည်း မဟုတ်ဘူး၊ လူအတော်များများပဲ...၊ အဲဒီစာရင်းထဲမှာ ခင်ဗျာနာမည် ပါတယ်၊ အဲဒါ ဟုတ်သလား၊ အမှန်ပဲလား"

အချိန်အတော်ကြာ မစ္စတာလိုဒေါင်း နားထောင်နေပြီးမှ 'အော်ပြော'သံကို ကျွန်တော် ကြားလိုက်ရသည်။

"ဟေ... ဟုတ်တယ် ...ဒီလိုဆို..."

စကားဆက်မပြောနိုင်ရှာဘဲ တယ်လီဖုန်း ချလျက် ကျွန်တော့်ဆီ ပြန်လာသည်။ ဘာမျှတော့ မပြော။ ထိုကြောင့် ကျွန်တော်က ဆက်ပြောရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ယောက်ကိုကော မေကြည့်ဦးမလား"

"ဒီအတိုင်းဆိုရင်တော့ ဒါဟာ အကျပ်ကိုင်တာပဲ၊ လာဘ်ထိုးပြီး လုပ်ယူတာပဲ၊ ဟိုလူတွေကို အကျပ်ကိုင်လာဘ်ထိုထားပြီ မဟုတ်လား"

"ဒီကြေညာချက်ကို ခင်ဗျားလူတွေ ဘာကြောင့် လက်မှတ်ထိုးသလဲတော့ ကျွန်တော် မသိဘူးဗျာ၊ ဒါပေမယ့် ခင်ဗျားပြောတဲ့အတိုင်းသာ မှန်နေရင်တော့ ခင်ဗျားလူတွေရဲ့ စိတ်ဓာတ်အခြေအနေ ဒီလိုရှိလိမ့်မယ်၊ လာဘ်ထိုးလို့ရမယ့် လူမျိုး၊ အကျပ်ကိုင်လို့ရမယ့် လူမျိုးကို မက္ကမာဖီရွေးခဲ့ပုံရတယ်ဗျ"

"မက္ကမာဖီဟာ..."

သူ တစ်စုံတစ်ခု ပြောရန် ပြင်သေး၏။ သို့သော် မပြောဖြစ်။ ကျွန်တော်က ဝင်ပြောရ၏။

"အကောင်းဆုံးကတော့ တရားစွဲဖို့ကိစ္စ မဲမခွဲခင် ရပ်တန်းက ရပ်လိုက်ရင် ခင်ဗျားတို့အတွက် ပိုအဆင်ပြေမယ် ထင်တယ်၊ ဘုရင်ခံကလည်း အဲလိုဆန္ဒရှိနေတယ်၊ ဒါပေမယ့် ခင်ဗျားတို့ ဘယ်လိုလုပ်လုပ်လေ၊ ဘုရင်ခံကတော့ မှုစရာ မလိုတော့ဘူးဗျ"

ကျွန်တော် သူ့အခန်းထဲမှ ထွက်လာ၏။ နောက်တစ်နေ့၌ ပြဟင်းပေါက်မှ လမ်းပေါ် လှမ်းကြည့်မိရာ လူထုကြီးကို တွေ့ရသည်တွင် ကျွန်တော် ဝမ်းနည်းသွားမိပါ၏။ မသိလျှင် အကောင်းသာ။

တို့ညက ဘုရင်ခံ အိမ်တော်တံခါးမကြီး၌ ဝိလီမတ်တတ်ရပ်လိုက်သည် ဆိုလျှင်ပင် ပရိသတ်ကြီးက တစ်ခဲနက် သြဘာပေးလိုက်ကြသည်။ ငြိမ်ကြရန် ဝိလီကိုယ်တိုင် အတော်ကြာ လက်ပြယူရပါ၏။ ကျွန်တော်သည် အဒမ်တို့ မောင်နှမနှင့်အတူ ပရိသတ်ထဲ ထိုင်နေ၏။ ပြီးသွားချိန်တွင် လူထု၏ သြဘာသံမှာ မစဲဖြစ်နေခဲ့တော့သည်။ ကျွန်တော်သည် အဒမ်နှင့် အင်နီတို့ကို နှုတ်ဆက်ပြီး ဆရာကြီးထံ သွားတွေ့ရ၏။ မိုးသကြားကပင် ကားမောင်းပြီး ဆရာကြီး အိမ် ပို့ပေးသည်။ ဆရာကြီးကတော့ လူစီမှာ အိပ်နေချေပြီတည်း။ လူစီအကြောင်း ဆရာကြီးက စ ပြော၏။

"လူစီ ကိုယ့်ကို မအိပ်ဘဲ စောင့်နေမယ်လို့ ခင် မထင်ဘူးလားကွ၊ ကိုယ့် သားကိုလည်း လူထုကြီး လာကြည့်ဖို့ လွှတ်ခိုင်းထားတယ်၊ ဒါပေမယ့် လူစီက စာကျက်ခိုင်းရမယ်တဲ့ကွ"

မည်သို့ဆိုစေ ဘုရင်ခံကို တရားစွဲရေး အစီအစဉ် ရှုံးနိမ့်သွားသောအခါ လူစီသည် ဆရာကြီးကို မကျွာရှင်း၊ ၁၉၃၄ ခုနှစ်တွင် ဆရာကြီး ဒုဝန်ကြီးအဖြစ် ရွေးခံရချိန်အထိလည်း လူစီက ဆရာကြီးကို မကျွာရှင်း။ သို့သော် ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



အပါးမှ လူစီခွာလေသောအခါ တိတ်တိတ်ကလေးပင် ခွာသွားခဲ့၏။ ကျန်းမာရေးအတွက်ဟု အကြောင်းပြလျက် ညီမတော်သူ၏ ခြံတွင် သွားရောက်နေထိုင်လေသည်။ သို့သော် ဘတ်ခါတစ်ရံ၌ကား ဆရာကြီးနှင့် တွဲပြီး ပရိသတ်နှင့် တွေ့တတ်သည်ကား ရှိ၏။ ဘာဒင်လင်ဒင်တွင် တရားသူကြီး အာဝင်ကို ကျွန်တော်တို့ သွားတွေ့ကြသောအခါက ၁၉၃၆ ခုနှစ် ခရီးစဉ်တွင် လူစီပါခဲ့သေး၏။ လူစီရှိရာခြံသို့ ဆရာကြီးကိုယ်တိုင် ရံဖန်ရံခါ သွားတတ်သေး၏။ ခြံထဲတွင် ဆရာကြီး မိသားစုနှင့် ရှိနေသော ဓာတ်ပုံများ သတင်းစာတွင် သုံးလေးကြိမ် ပါခဲ့ဖူးပါ၏။ ကြက်ခြံအနီး ရိုက်ထားသော ဓာတ်ပုံများ ဖြစ်သည်။ ကြက်မွေးမြူရေးခြံဆိုဘည်မှာ ကိုယ့်အိမ် ကိုယ့်ရာဟူသော အတွေး ခံစားမိတတ်စေသည်။ ထိုအတွေးမျိုးသည် မိမိကိုယ် မိမိ ပိုမို ယုံကြည်မှု ရှိစေသည် မဟုတ်ပါလား။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ကျွန်တော်နှင့် ဆရာကြီးတို့ ညသန်းခေါင်အချိန် တရားသူကြီး အာဝင်ကို သွားတွေ့ပြီး မေဆင်စီးတီးသို့ ကားဖြင့် ပြန်လာစဉ် ဆရာကြီးက ကျွန်တော့်ကို ပြော၏။

"တရားသူကြီးတွေမှာလည်း တစ်ခုခုတော့ အပြစ်ရှိရမှာပဲကွ"

"တရားသူကြီး အာဝင်မှာတော့ မရှိနိုင်ပါဘူး"

"ဘယ်သူ့မှာ ဖြစ်ဖြစ် ရှိတတ်ပါတယ်လေ"

ဆရာကြီးက တရားသူကြီး၏ နောက်ကြောင်းသတင်း ပြန်လိုက်၍ ဖော်ထုတ်ရန် ကျွန်တော့်ကို တာဝန်ပေး၏။ ကျွန်တော်သည် သမိုင်းကျောင်းသားဖြစ်ခဲ့သည်နှင့်အညီ ကျွန်တော့်အတွက် သင့်လျော်သော တာဝန်ဖြစ်သည်။

ထိုညက ကားရပ်တော့မှ ကျွန်တော် အိပ်ပျော်နေရာမှ နိုးလာပါ၏။ ဆရာကြီးအိမ် ရောက်ချေပြီ။

"ကဲ... မင်းအတွက် အပေါ်ထပ်မှာ အိပ်ရာပြင်ထားတယ်၊ သွားအိပ်လိုက်ဦး၊ မနက်ဖြန်ကစ အာဝင်ရဲ့ နောက်ကြောင်း သတင်းလိုက်ဖော်ထုတ်ဖို့ မင်း စလုပ်ရတော့မှာ"

"အချိန်တော့ တော်တော်ကြာမယ်နော်"

"မင်း ဗလုပ်ချင်လို့လား၊ ကိုယ် ဒီပြင်လူခိုင်းလိုက်မယ်၊ မင်း လစာလေဘာလေးလည်း တိုးမယူချင်တော့ဘူး ထင်တယ်"

"တိုးမရချင်ပါဘူးဗျာ"

"လိုချင် မလိုချင် အဲဒါထားလိုက်၊ ခုကစ လတိုင်း မင်းလခ ဒေါ်လာ ၁၀၀ တိုးပေးလိုက်ပြီ"

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားကျောင်းကို လှူလိုက်ပါဗျာ၊ ကျွန်တော် ငွေလိုချင်ရင် တခြားနည်းနဲ့ အများကြီး ရှာတတ်ပါတယ်"

"အမယ် ဒါဆို မင်းကိုယ့်ကိုချစ်လို့ ကိုယ့်အတွက် ဆောင်ရွက်ပေးနေတာပေါ့ ဟုတ်လား"

"ဘာကြောင့်လည်းတော့ မသိပါဘူး၊ ခင်ဗျားကို ချစ်တာလည်း မဟုတ်ဘူး၊ ပိုက်ဆံအတွက်လည်း မဟုတ်ဘူး"

"မင်းကသာ မသိတာ ကိုယ်သိပါတယ်ကွာ"

"ဘာကြောင့်"

"မင်းစိတ်ကြိုက် တွေ့နေလို့ပေါ့၊ မင်းလူတော်ဆိုရင် မင်းဘာသာမင်းလည်း တွေ့နိုင်ပါတယ်၊ ကိုယ်က သူ့စည်း ကိုယ့်စည်း အလုပ်လုပ်တယ် မဟုတ်လား"

"ကျွန်တော်က လူတော် မဟုတ်ဘူးဗျ"

"သတင်းလိုက်ဖော်ထုတ်ဖို့အတွက် မင်းဟာ လူတော်ပါကွ"

"အာဝင့်နောက်ကြောင်းမှာ ဘာမှ ရှိချင်မှ ရှိမှာဗျ"

"တစ်ခုခုကို ရှိတတ်ပါတယ်ကွာ၊ ကဲ သွားအိပ်ချေတော့"

"ခင်ဗျားကော မအိပ်သေးဘူးလား"

"မအိပ်သေးဘူး"

ပြောပြောဆိုဆို သူသည် ခြံထဲသွား လမ်းလျှောက်နေချေရသည်။

ကျွန်တော် ခုတင်ပေါ် ရောက်သော် တရားသူကြီး အာဝင်အကြောင်း စဉ်းစားမိနေပါ၏။ အာဝင်နှင့် ကျွန်တော်တို့၏ နောက်ကြောင်း များ စဉ်းစားရင်း ထိုညက အိပ်ပျော်သွားခဲ့ရသည်။

နောက်တစ်နေ့တွင် ကျွန်တော်၏ သတင်းလိုက် လုပ်ငန်းစ၏။ တစ်နေ့ ရာတည်း တစ်ခါဘည်း လိုက်ခြင်းကား မဟုတ်။ မွန်းလွဲပိုင်းတွင် မြို့ထဲသွားရင်း အရက်သောက် ဆေးလိပ်သောက်လျက် မေးခွန်းများ ကိုယ့်ဘာသာပြန်စမေးကြည့်ခြင်းဖြင့် အလုပ်စခြင်း ဖြစ်သည်။

သိက္ခာမဲ့ လုပ်ရပ်မျိုးကို လူတစ်ယောက် ဘယ်လိုအကြောင်းမျိုးနဲ့ လုပ်တတ်ကြသလဲ...။

ရည်မှန်း ချက်အတွက်၊ အချစ်အတွက်၊ အကြောက်လွန်သောကြောင့်၊ ငွေကြောင့် ဤလေ ချက်ကြောင့် လုပ်တတ်ကြောင်း စဉ်းစား မိ၏။

တရားသူကြီး အာဝင်- ရည်မှန်းချက်၊ အချစ်၊ စိုးရိမ်မှုနှင့်ငွေအတွက် သိက္ခာမဲ့လုပ်ရပ် လုပ်နိုင် မလုပ်နိုင် စဉ်းစားကြည့်၏၏။ ပထမအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သုံးခုအတွက် လုံးဝ မဖြစ်နိုင်ကြောင်း တွေ့ရသည်။ ယင်းသို့ဆိုသော် ငွေအတွက် ကော...။

တရားသူကြီး၏ ဝင်ငွေမှာ ထိုက်ထိုက်တန်တန်ပင် ရနေပြီး ဖြစ်၏။ ယင်းသို့ဆိုသော် တစ်စုံတစ်ခုသော အကြောင်းကြောင့် အာဝင်တစ်ယောက် ငွေလိုခဲ့သလော။

ထိုမေးခွန်းကို ကျွန်တော် မဖြေနိုင်။ ထို့ကြောင့် ခေတ္တစဉ်းစားပြီး အဘွား ကား ငှားလျက် အဖြေသိနိုင်မည့်သူ ရှိရာသို့ ကျွန်တော်သွား၏။

ထိုအဖြေ သိနိုင်မည့်သူမှာကား အာဝင်၏ မိတ်ဆွေ သူငယ်ချင်းတစ်ဦး ဖြစ်၏။ အာဝင်နှင့် ရင်းနှီးခဲ့သော 'ရှေ့နေပညာတတ်ကြီး' တစ်ဦး ဖြစ်သည်။ သူရှိသည့်နေရာ သူနေသည့် နေရာမှာ ဆင်ရဲသားရပ်ကွက် ဖြစ်ပြီး ထမင်းဆိုင် အပေါ်ထပ်တွင် နေနေ၏။ ထမင်းဆိုင်၌ ဆေးလိပ်ဝယ်ရင်း စုံစမ်းကြည့်၏။

"ဟိုရှေ့နေ အဘိုးကြီး အပေါ်ထပ်မှာ ရှိသလားဗျ"

"ဘယ်သိနိုင်ပါ့မလဲတော်၊ လာလိုက်သွားလိုက် ရှိမှာပေါ့"

ထိုအချိန် ထမင်းဆိုင်အရိပ်ထဲ ထိုင်နေသူတစ်ယောက် ထွက်လာရင်း ပြော၏။

"ဒီမှာဟော့ ရှေ့နေအဘိုးကြီးဆိုတာ ငါပဲ"

ကျွန်တော်ထင်သည်ထက် အိုစာနေပြီတကား။ ဆံပင်များ ဆွတ်ဆွတ်ဖြူလျက်၊ ကျွန်တော့်ကို သူမှတ်မိပုံမရ။

"ကျွန်တော့်ကို မှတ်မိပါသလား"

အသေအချာကြည့်ပြီးမှ–

"အေး မှတ်မိတယ်"

ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်နေစဉ် အရိပ်ထဲမှ လူတစ်ယောက်က အဘိုးကြီးကို မေးသည်။

"ပေါင်မုန့်ယူမယ် မဟုတ်လား အဘိုးကြီး" ထိုလူက အဘိုးကြီးကို ပေါင်မုန့်အပိုင်းအစ စက္ကူအိတ်တစ်ခုပေးလာရာ အဘိုးကြီးက ကျေးဇူးတင်ကြောင်း ဘုရိုတသေ ပြောရှာ၏။

အဘိုးကြီးက နောက်ဘက်လှေကားမှတစ်ဆင့် ကျွန်တော့်ကို အပေါ်ထပ် ခေါ်သွားသည်။ အပေါ်ရောက်ရောက်ချင်း ကျွန်တော်က မေးမိ၏။

"ပေါင်မုန့်အပိုင်းအစတွေက ခိုကျွေးဖို့လား"

"မဟုတ်ပါဘူးကွာ၊ ကျုပ်အတွက်ပါ၊ သူက ပန်းချီဆရာလေ၊ အလုပ်အတွက်လည်း သုံး တစ်ခါတလေ စားလည်း စားပေါ့၊ မင်း ကျွေးရပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ကျွန်တော် အပေါ်ရောက်ချိန် တွေ့လိုက်ရပါသည်။ ပန်းချီ ဆရာကြီး ပန်းချီဆွဲနေသည်။

ရော့သည် ပေါင်မုန့်စများကို ဇလုံကြီးတစ်ခုထဲရှိ ရေထဲထည့်လိုက်၏။ တစ်စကို စားနေသည်။ ပန်းပုရုပ် ထုနေခြင်းပါတကား။

"ဒါတွေနဲ့ သူ ပန်းပုရုပ် ဖန်တီးတာကွ၊ ဟိုမှာ ပြီးပြီးသား တစ်ခု ဆေးခြယ်ဖို့ပဲ ကျန်တယ်"

ကျွန်တော် အရုပ်များကို ကြည့်နေစဉ် အဘိုးကြီးက ဗီရိုတစ်ခုထဲမှ စားစရာများ ထုတ်နေသည်။

"ကဲ အဆာပြေ စားပါဦးလား"

ကျွန်တော်က စားပြီ ကြောင်း ဖြေလိုက်ရ၏။ ကျွန်တော်သည် အဘိုးကြီးကို စိုက်ကြည့်ရင်း ကျွန်တော့်စိတ်ထဲ ဖုံးလာသမျှ အရည်ပျော်ကုန်သဖြင့် အဘိုးကြီးကို တိုးတိုးကလေး ကပ်ခေါ်လိုက်မိသည်။

"ဖေဖေ"

"ဘာကွ...မင်းက ဘယ်လိုခေါ်လိုက်တယ်"

ကျွန်တော်က ဖေဖေဟု ခေါ်လိုက်သည်ကို တအံ့တသြ ဖြစ်သွားရာမှ မေးလာခြင်း ဖြစ်ပါ၏။ အမှန်စင်စစ် ဤအဘိုးကြီးသည် ကျွန်တော့်အဖေပင် ဖြစ်ပါသည်။ မေမေနှင့် ကွဲပြီး အိမ်မှဆင်းသွားခဲ့ပြီ နောက် ယခုကဲ့သို့ ဆင်းဆင်းရဲရဲ နေထိုင်နေခြင်းပင်တည်း။

"ဖေဖေ ဟိုတရားသူကြီး အာဝင်အကြောင်း ကျွန်တော့်ကို ပြောပြစမ်းပါ"

"ဒါက ဟိုတုန်းက အခြေအနေတွေပါကွာ"

"ဟုတ်ပါတယ်ခင်ဗျာ၊ အဲဒါတွေ ဖေဖေ မှတ်မိတယ် မဟုတ်လား"

"အဲဒါတွေက ပြီးခဲ့ပါပြီကွာ"

"အဲဒါတွေ ပြီးတာတော့ ဟုတ်တာပေါ့ဖေဖေ၊ ဒါပေမယ့် ဖေဖေတို့ မသေကြသေးဘူး မဟုတ်လား၊ ဒီတော့ မေးခွန်း တစ်ခုခုလောက်တော့ ဖြေပါဦး"

အဘိုးကြီး ကျွန်တော့်ကို စိုက်ကြည့်နေစဉ် ကျွန်တော်က မေးခွန်းတစ်ခု မေးလိုက်၏။

"တရားသူကြီးအာဝင်ဟာ အကြီးအကျယ် ငွေလိုခဲ့ဖူးတဲ့ အခြေအနေမျိုး ဖြစ်ခဲ့ဖူးပါသလား ဖေဖေ"

"မင်း ဘာကြောင့် ဒါကိုသိချင်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လို့တော့ ကျွန်တော်တော့ မသိပါဘူး၊ ဒါပေမယ့် ကျွန်တော့်ကို အလုပ်ခန့်ထားတဲ့ ဘုရင်ခံဝီလီစတာ့ခ်ကတော့ သိချင်နေလေရဲ့"

"မကောင်းပါဘူးကွာ၊ နည်းနည်းမှ မကောင်းပါဘူး"

"ဒါပေမယ့် ဖေဖေ၊ အာဝင်ငွေလိုခဲ့ မလိုခဲ့ ပြောပြစမ်းပါ"

"ဒီလို မကောင်းတဲ့ ကိစ္စတွေ တို့ ဘာမှ မပတ်သက်ချင်တော့ပါဘူးကွာ"

ကျွန်တော် မှားခဲ့ပါပြီ၊ ကျွန်တော် တိုက်ရိုက် သွားမေးမိသဖြင့် မှားသွားခြင်း ဖြစ်သည်။ မည်သို့ဆိုစေ ကျွန်တော် တစ်ခု သိခဲ့ရသည်မှာကား တရားသူကြီး အာဝင်အကြောင်း တစ်စုံတစ်ဦးကတော့ သိထားသည်။ ထို့ကြောင့် ကျွန်တော် ထပ်ကြိုးစားရပေဦးမည်။ တစ်နေ့မဟုတ် တစ်နေ့ ကျွန်တော် သိလာရမည်သာတည်း။

ကျွန်တော်သည် အတိတ် ကမ္ဘာနောက် လိုက်နေခဲ့ရာမှ ပစ္စုပ္ပန်သို့ ချက်ချင်း ပြန်ကူးလာခဲ့၏။

တစ်နေ့တွင် အင်နိုက လှမ်းဖိတ်သဖြင့် ကျွန်တော်လည်း ဘာဒင်လင်ဒင်းသို့ လိုက်ခဲ့၏။ အဒမ်နှင့် အင်နီတို့မောင်နှမ၏ ဖခင် ဘုရင်ခံဟောင်း စတင်တန်၏ အိမ်အထိ ကျွန်တော် လိုက်လည်ရန် ဖြစ်၏။

"အဒမ်က စနေနေ့ဝက်နဲ့ တနင်္ဂနွေပဲ အားတာ၊ အဲဒါ ဂျက်လိုက်ချင်ရင် အလည်လိုက်ခဲ့"

သူတို့ဖခင်၏ အိမ်ရှေ့ ပြတင်းမှ အပြင်သို့ ကျွန်တော် မျှော်ကြည့်နေခိုက် အင်နီက မီးလင်းဖိုကြီး ကို မီးမွှေးနေ၏။ ကျွန်တော် လှမ်းကြည့်လိုက်သောအခါ ထိုင်လျက် မွှေပြီးသွားသော အင်နီက မော့ကြည့်နေ၏။ ကျွန်တော်က လက်ကမ်းပေးလိုက်ပြီး သူ့ကို ထူပေးသည်။ မတ်တတ်ရပ်မိသည့်တိုင် ကျွန်တော် သူ့လက်ကို မလွှတ်ဖြစ်သေး။ ကျွန်တော် သူ့အနား ထပ်တိုးလိုက်သောအခါ အလိုက်သင့် ခေါင်းငုံ့ပေးရာသဖြင့် ကျွန်တော်က သိုင်းဖက်လိုက်ဖို့ကောင်းပါ၏။ ကျွန်တော်ကလည်း မဖက်ဖြစ်။ သို့သော် ပျော်ပျော်ပါးပါး ရယ်နေသော အသံများကား ပျောက်သွားချေ၏။

ကျွန်တော်က သိုင်းမဖက်သဖြင့် ကျွန်တော့်ကို အင်နီ မော့်ကြည့်သည်။ ပြီးနောက် ရယ်သည်။

ကျွန်တော် သူ့လက်ကိုပါ လွှတ်ပေးလိုက်ကာ ကျွန်တော် သိလိုသော မေးခွန်းကိုသာ မေးမိတော့၏။

"အင်နီ တရားသူကြီး အာဝင်တစ်ယောက် တစ်ချိန်တုန်းက အကြီးအကျယ် ငွေလိုဖူးတာ အင်နီသိသလား"

www.burmeseclassic.com

www.burmeseclassic.com



"ဂျက် ဘာကြောင့် သိချင်တာလဲ"

"ကိုယ် သိချင်တာတော့ မဟုတ်ပါဘူးကွာ၊ ကိုယ့်အလုပ်ရှင်က သိချင်နေတာပါ"

"အလို ဂျက် သွားပြီ သွားပြီ၊ ဒါဆို အားလုံး ပျက်စီးတော့မှာပဲ၊ လူတစ်ယောက်ကို ဘာကြောင့် ပျက်စီးစေချင်တာလဲ ဂျက်ရယ်၊ ခုလည်း တို့တစ်တွေ ဟိုတစ်ခါတုန်းကလိုပဲ စိတ်အနှောင့်အယှက် ဖြစ်ရဦးတော့မယ်၊ ဟိုလူ ဟိုလူအတွက် ဂျက် အခု အလုပ် လုပ်ပေးနေတယ်၊ အင်း..."

"ခက်တာပဲ လူတိုင်းလောက်က ဝီလီကို ဟိုလူ ဟိုလူနဲ့ အင်နီကလည်း ဟိုလူတဲ့၊ အင်နီလည်း လူတိုင်းထဲက လူတိုင်းပဲကို"

"ဒါပေမယ့် ဂျက်ရယ် အင်နီကတော့ ဂျက်ရဲ့ ဟိုလူနဲ့ အရင်အပတ်က တွေ့တောင် တွေ့ပြီးပါပြီ"

"ဘယ်လို... တွေ့ပြီးပြီ ဟုတ်လား"

"ဟုတ်တယ်"

"ဘုရား...ဘုရား၊ အင်းလေ ကောင်းပါတယ်၊ ဘုရင်ခံဟောင်း စတင်တန်ရဲ့ သမီးဟာ ဘုရင်ခံ ဝီလီစတာ့ခ်နဲ့ တွေ့တယ်ဆိုတော့ ကိုယ်တို့ သတင်းစာ အမျိုးသမီး ကဏ္ဍအတွက် သတင်းပဲ၊ နေပါဦး...ဘယ်လို အဝတ်အစား အဆင်အပြင်နဲ့ သွားခဲ့တာလဲ ပြောပါဦး၊ အရက် အတူသောက်၊ ထမင်းအတူစား"

"အင်နီ မသောက်ပါဘူး၊ စားတော့စားတယ်၊ သွားရတဲ့ အကြောင်းရင်းလည်း သိချင်သိမှာပေါ့၊ သွားတာက လူငယ်ဂေဟာအတွက် ပြည်နယ်ထောက်ပံ့ကြေး ရရေးတင်ပြတာ၊ ရလည်းရလိမ့်မယ်ထင်တယ်"

"ဒါဆို အဒမ်သိသလား"

"မလိုပါဘူး လေ၊ ဒါ အလုပ်ကိစ္စပဲဟာ"

"အဒမ် ဘာပြောမယ်ဆိုတာ ကိုယ်သိနေတယ်၊ ဘာပဲဖြစ်ဖြစ် အင်နီ၊ မင်း ဝီလီနဲ့ တွေ့တယ်ဆိုတာကတော့ မင်း ဂုဏ်သိက္ခာ ထိခိုက်တော့မယ်"

"ဘာ ဂုဏ်သိက္ခာ ထိခိုက်မှာလဲ၊ ကျွန်မအသက် ၃၅ နှစ်ရှိပါပြီ ဂျက်၊ စောစောက သူပဲပြောသေးတယ် မဟုတ်လား၊ အဘွားကြီး ဖြစ်နေပြီဆို"

"အင်နီရယ်၊ မင်းကိုယ့်ကို လက်ထပ်ခဲ့ဖို့ ကောင်းပါတယ်ကွယ်"

"လက်ထပ်ရုံလောက်က ဘာအရေးလဲ"

"အဓိပ္ပာယ် ဘယ်အထိ ရောက်သွားပြီလဲ အင်နီ၊ ကိုယ့်စကား ကိုယ်ပေ အဓိပ္ပာယ် သိသေးရဲ့လား"

"ဒီည ကျွန်မ ဘာဖြစ်သလဲ မသိတော့ဘူး၊ ဒီရောက်စကတည်းက ပျော်သလိုလို၊ ခုတော့... ခုတော့..."

www.burmeseclassic.com

www.burmeseclassic.com



အင်နီသည် ကျွန်တော့်ရင်ခွင်ထဲ ဝင်လာ၏။ ထို့ကြောင့် ကျွန်တော်ကသည်း ချော့ရပါချေသည်။ အင်နီ၏ ဆံပင်အနံ့ကလေးသည် ငယ်ငယ်က အတိုင်းပင် သင်းနေ၏။ ခဏအကြာတွင် ကျွန်တော့် ရင်ခွင်မှထွက်ပြီး မီးဖိုဘေး သွားရပ်နေ၏။

ထိုအချိန်တွင် အိမ်ရှေ့တံခါးပွင့်လာလျက် အဒမ်တစ်ယောက် ပစ္စည်းတစ်ပွေ့တစ်ပိုက်ကြီးဖြင့် ရောက်လာသည်။ ကျွန်တော်တို့တစ်တွေ စားသောက်ကြရန် မြို့ထဲမှ ဝယ်လာခြင်း ဖြစ်သည်။ ရောက်ရောက်ချင်း ပြုံးနှုတ်ဆက်ရှာ၏။

ရောက်မဆိုက် ကျွန်တော်ကလည်း မေးခွန်းတစ်ခုကို ကတိုက်ကရိုက် မေးလိုက်သည်။

"ဒီမှာ အဒမ်၊ တရားသူကြီး အာဝင်တစ်ယောက် တစ်ချိန်က အကြီးအကျယ် ငွေလိုခဲ့ဖူးတယ်လို့ မင်းသိသလား"

ရောက်မဆိုက် မေးလိုက်ခြင်းဖြစ်၍ သူကလည်း ချက်ချင်း ဖြေသည်။

"ဟာ... ရှိဖူးတာပေါ့၊ ဟို ၁၉၁၃-၁၄ ခုနှစ်လောက်ကပဲ၊ ဒီတုန်းက ကိုယ်က ချာတိတ် ရှိသေးတာ၊ အဲဒီကိစ္စ ကိုယ့်ဖေဖေ အခြားတစ်ဦးနဲ့ ပြောဆိုနေတာ ကိုယ် အခန်းထဲမှာ ရှိမှန်းမသိလို့ ကိုယ်လည်း ကြားလိုက်ရတာပဲ၊ နောက်တော့ အာဝင်ရောက်လာတယ်၊ ကိုယ့်အမေနဲ့ ငွေကိစ္စ စကားပြောကြဆိုကြတယ်"

"ဒီလို သိရတာ ကျေးဇူးပဲ အဒမ်"

"အမယ်၊ ဘာကြောင့် ဒီအကြောင်း မေးရတယ်ဆိုတာ အဒမ်ကို ပြောလိုက်ဦးမယ်"

အင်နီက ဝင်ထောက်သဖြင့် ကျွန်တော်မနေသာ။

"ဘုရင်ခံ ဝီလီအတွက် ဒီကိစ္စ စုံစမ်းပေးရတာပေါ့"

"နိုင်ငံရေးအတွက်လား ကွာ"

ခေတ္တရပ်ပြီး ဆက်ပြောပြန်၏။

"အာဝင် ငွေလိုကြောင်း သိရတာနဲ့ ဘုရင်ခံ ဝီလီစတာ့ခ်နဲ့ ဘာဆိုင်လို့လဲ၊ ငွေလိုတယ်ဆိုတာနဲ့ အရေးယူဖို့ ဘာဥပဒေမှ မရှိပါလား"

အဒမ်က ခပ်ရှင်ရှင်ဖြေရင်း အင်နီကို လှမ်း လက်ဆွဲပြီး ပြောလိုက်သေး၏။

"ကဲ... ညီမလေး၊ ဘယ့်နှယ်ရပ်နေတာလဲ၊ စာစရာတွေ ယူသွားပြီး ချက်တော့လေ"

www.burmeseclassic.com

www.burmeseclassic.com



အင်နီကလည်း ရယ်နိုင်ပြုံးနိုင် ဖြစ်လာသဖြင့် စောစောက အကြောင်းအားလုံး မေ့သွားကြပြီတည်း။

ထိုညက အိပ်ရာခုတင်ပေါ် ရောက်ချိန် ကျွန်တော် စဉ်းစားခိုက် တစ်ခု ကျေနပ်မိ၏။ တရားသူကြီး အာဝင်အကြောင်း ကျွန်တော် သိရပါချေပြီ။ ထိုညက အတိတ်ဖြစ်ရပ်များအတွင်း သတင်းနှိုက်နေခဲ့ရာမှ နောက်တစ်နေ့တွင် ပစ္စုပ္ပန်သို့ ပြန်ရောက်လာရပါ၏။

ဒပ်ဖီက သူ့ရုံးခန်း ကုလားထိုင်၌ ထိုင်ရင်း ပြောပါသည်။

"ကိုယ်တို့ ဆရာကြီးကတော့ ဆေးရုံ ဆောက်ဖို့အတွက် ဒေါ်လာ ခြောက်သန်း လှူမတဲ့ဟေ့"

ဆာဒီက ချက်ချင်း တုံ့ပြန်၏။

"ဟုတ်တယ်၊ ခြောက်သန်းတောင်၊ ဒါပေမယ့် ရှင် တစ်ပြားမှ ရမှာ မဟုတ်ဘူးထင်တယ်"

"အမယ်လေး၊ မက္ကမာဖီ အာကောင်တဲ့ စတုတ္ထခရိုင်ကို ဆရာကြီးအတွက်ရအောင် လုပ်ပေးနိုင်ပါသေးတယ်၊ ဩော်...ကန်ထရိုက်အဖြစ် ဂမ္မီလာဆင် ရသွားတယ်၊ ဆေးရုံဆောက်ဖို့လေ"

"ဒီလိုဆို ဂမ္မီလည်း မက္ကမာဖီကို မေ့သွားတော့မှာပါပဲ၊ ပြီးတော့ ဆရာကြီး လူ ဖြစ်လာတော့မယ်၊ ဒါမဟုတ်ဘူးလား ဒပ်ဖီ၊ ရှင်လည်း ငွေကလေး ဘာကလေး ရမှာပေါ့"

"တို့အတွက် တို့မပြောပါဘူးကွာ၊ ဂမ္မီအကြောင်း ပြောနေတာပါ၊ ဒီအတိုင်းဆို ဆရာကြီးအတွက် မက္ကမာဖီကို ဂမ္မီက ကိုင်ပေးမှာ သေချာတယ်"

"အချိန်ကျလာရင် မက္ကမာဖီကို ဆရာကြီးကိုယ်တိုင် ကိုင်သွားမှာပါ၊ ကိုင်သမှ ထာဝရကို ကိုင်မယ်ထင်တယ်၊ အမှန်ကတော့ ဆရာကြီးနည်းက လူတစ်ယောက်ကို မဝယ်ဘူး၊ ဖျက်ဆီးပစ်တတ်တယ်၊ ဂျက်ကော မသိဘူးလား"

"တို့ ဘယ်လိုလုပ် သိနိုင်ပါ့မလဲ ဆာဒီ"

ကျွန်တော် ဖြေမည့်သာ ဖြေရသည်၊ သိနေသည်မှာ သေချာ၏။ တရားသူကြီး အာဝင်ပျက်စီးရာ ပျက်စီးကြောင်းအတွက် ဆရာကြီးက ကျွန်တော့်ကို တာဝန်ပေးထားသဖြင့် နောက်ကြောင်း ကျွန်တော် လိုက်နေရပြီ မဟုတ်ပါလား။

နောက်တစ်နေ့ ကျွန်တော် အလုပ်မစနိုင်သေးမီ အင်နီထံမှ ဖုန်းလာသည်။

"ဂျက် ရှင် သိပ်တော်တယ်ပေါ့လေ"

"အေးပေါ့...ဒါ ဘာဖြစ်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကရယ်ရင်း ပြောလိုက်ရာ တစ်ဖက်ကလည်း ရယ်နေ၏။

"ဟုတ်မယ်၊ အာဝင်တစ်ယောက် ငွေလိုဖူးတဲ့အကြောင်း အဒမ့်ဆီက သိသွားပြီကိုး၊ ကျွန်မ သိတာကတော့ ဆွေမျိုးဝမ်းကွဲ မာတီဒါဆီကပဲ၊ သူက နှစ် ၁၀၀ အဖြစ်အပျက်အားလုံး မှတ်မိနေတာ၊ ဟုတ်တယ် အာဝင်ဟာ ငွေနဲ့ ပေါက်ပြီး မိန်းမတစ်ယောက်ကို ယူခဲ့တယ်"

ကျွန်တော် ကျေးဇူးတင်ကြောင်းပြောချိန် အင်နီဖုန်းချသွားချေပြီ။

စီးကရက်တစ်လိပ် မီးညှိသောက်ရင်း ကျွန်တော် ဆက်စဉ်းစားသည်။ တရားသူကြီး အာဝင်သည် အိမ်ထောင်နှစ်ဆက် ပြုခဲ့သူ ဖြစ်၏။ ပထမ အိမ်ထောင်မှာ မြင်းပေါ်မှကျပြီး တစ်ကိုယ်လုံး သေသွားသဖြင့် အိပ်ရာထက် ပက် လက် ဖြစ်နေသည်။ ကျွန်တော် ချာတိတ်အရွယ်တွင်ပင် အာဝင်၏ ထိုဇနီး ကွယ်လွန်ခဲ့ရှာ၏။ ရုပ်ဝေးမှ ဒုတိယဇနီးကိုလည်း ကျွန်တော် သိပ်မမှတ်ချင်။ ကျွန်တော် အသက် ၁၅ နှစ်အရွယ်တွင် သူက မိန်းမကြီး။ ထို့ကြောင့် မမှတ်မိ။ ဒုတိယ ဇနီးကလည်း နာတာရှည်ဖြစ်၏။ နောက် တစ်ဖန် ကွယ်လွန်ပြန်၏။ သိသူတို့ အံ့သြခဲ့ရပြန်ပါ၏။ အိမ်ထောင်ရေးကံဆိုးသူ အဖြစ် အာဝင်ကို လူတိုင်းက သနားကြသည်။

ဒုတိယဇနီးမှာ ချမ်းသာသည်ဆို၏။ ဤအချက်သည်ပင်လျှင် ကျွန်တော့် အတွက် အာဝင်သည် မတရားသဖြင့် ငွေရယူခဲ့သူပေတကားဟု မသတ်မှတ်နိုင် ပြီ။ ထို့ကြောင့် ကျွန်တော် ပျော်သည်။ အင်နီလည်း ပျော်သည်။ မကြာမီ ဆရာကြီးထံ ကျွန်တော်သွားပြီး အာဝင်သည် သန့်ရှင်းသူဖြစ်ကြောင်း တင်ပြလိုက် ရုံသာ ရှိသည်။

သို့သော် ကျွန်တော် ဆက်စဉ်းစားမိပြန်သည်။

ငွေလိုသော လူတစ်ယောက် ဘာလုပ်မည်နည်း။ ငွေချေးယူမည်။ အပေါင် အာမခံတင်ရမည်။ အာဝင်ဘာကို အပေါင်ထားမည်နည်း။ သူ့အိမ်နှင့်သူ့ခြံ၊ ငွေသိပ် များများလိုလျှင် မော်တင်ဇီးလ်ရှိ သူ့ခြံကို ပေါင်ရမည်။ ကျွန်တော် ချက်ချင်း မော်တင်ဇီးလ်သို့ ထွက်လာခဲ့သည်။ မော်တင်ဇီးလ် မြေယာရုံးတွင် ခြံမြေများ၏ သမိုင်း မှတ်ပုံတင် စာရင်းရှိ၏။ ကျွန်တော် ရှာကြည့်သောအခါ ၁၉၀၇ ခုနှစ်က ထိုခြံကို ဒေါ်လာ ၄၂၀၀၀ ဖြင့် ပေါင်လျက် ဘဏ်မှ ငွေချေး၏။ ၁၉၁၀ ပြည့် ဇန်နဝါရီလ ၁ ရက်တွင် ပြန်ရွေးရမည်။ ၁၉၁၀ ပြည့် ဇန်နဝါရီလကုန်ပိုင်း၌ ဒေါ်လာ ၁၂၀၀၀ သာ ဆပ်နိုင်၏။ ၁၉၁၂ ခုမှအစပြု၍ အာဝင်သည် ငွေ၌ မှန်မှန်မဆပ်နိုင်တော့။ ထို့ကြောင့် ၁၉၁၄ ခု မတ်လတွင် ဘဏ်က ထိုခြံမြေကို သိမ်းရန် ဥပဒေကြောင်းအရ စီစဉ်သည်။ သို့သော် ထိုနှစ်မေလဆန်း၌ အာဝင် သည် ချေးငွေအားလုံးကို ရုတ်တရက် ပြန်ဆပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တရာ သူကြီး အာဝင်သည် ချမ်းသာသော အမျိုးသမီးနှင့် အိမ်ထောင်ပြုခဲ့သောကြောင့်တည်း။ သို့သော် ထိုအမျိုးသမီး အမှန်တကယ် ချမ်းသာချေသလော။

ရုံးမှတ်တမ်းများနှင့် သတင်းစာ အဟောင်းများတွင် ပြန်ရှာကြည့်ရာ ၁၉၁၄ ခု ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ဆာဗားနားမြို့သူ မေဘယ် (နောင်မစ္စက် အာဝင်) နှင့် မစ္စတာ အာဝင်တို့ လက်ထပ်ခဲ့ကြောင်း တွေ့ရသည်။

ဘဏ်က ခြံမြေသိမ်းရန် စီစဉ်သည်မှာ အာဝင် လက်ထပ်ပြီးမှ ဖြစ်သည်။ ထိုညက ရထားဖြင့် ဆာဗားနားမြို့သို့ ခရီးထွက်ခဲ့သည်။ ရုံးမှတ်တမ်း သတင်းစာ မှတ်တမ်းများမှတစ်ဆင့် မေဘယ်၏ အိမ်ကြီးကို တွေ့ရသည်။ အိမ်ကြီးကြည့်ရသည်ကပင် မေဘယ်၏ ဖခင် ချမ်းသာကြောင်း သိနိုင်၏။ တစ်ဦးတည်းသော သမီး မေဘယ်လ်အတွက် အမွေ ချန်ခဲ့သည်ကိုလည်း တွေ့ရ၏။ မေဘယ်လ်၏ ဖခင် ၁၉၀၄ ခုတွင် ဆုံးခဲ့ရာ ၁၉၁၃ ခုနှစ်အထိ ကိုးနှစ်တာကာလအတွင်း အပြောင်းအလဲများ ဖြစ်နိုင်သည်။ မေဘယ်မှာလည်း အတော် ဖြုန်းတီးသည်ဟု သိရ၏။ သို့သော် သုံးမကုန်နိုင်အောင် အမွေရခဲ့သူဟုလည်း ပြောကြ၏။

ထိုအတိုင်းဆိုက အားလုံး အဆင်ချောနေသည်။ သို့သော် ရုံးမှတ်တမ်းများကို ကြည့်လိုက်သောအခါ မေဘယ်သည် ခုနစ်နှစ်ခန့် ကျသင့်ငွေ အခွန်မှန်သမျှ မှန်မှန် ပေးသွင်းခဲ့နိုင်ခဲ့ပါ၏။ ဝယ်သမျှလည်း ငွေရှင်းနိုင်ခဲ့ပါ၏။ သို့သော် နောက်ပိုင်းတွင်ကား မေဘယ် ကြွေးထူလာသည်။ ရုံးမှတ်တမ်းတစ်ခုတွင် ချေးငွေ ဒေါ်လာ ၇၅၀ ကိစ္စ အမှုတစ်ခု တွေ့ရ၏။ ဆီးဘုတ်ဘဏ်တိုက်မှ ချေးယူပြီး ပြန်မဆပ်နိုင်သော အမှုဖြစ်သည်။ ယနေ့ဆိုသော် ဆာဗားနားမြို့တွင် ထိုဘဏ်ကား မရှိတော့ချေ။ တယ်လီဖုန်းအညွှန်း စာအုပ်၌ပင် မတွေ့ရတော့။ ၁၉၂၀ ပြည့်နှစ်တွင် ဂျော်ဂျီယာဘဏ်တိုက်က ဆီးဘုတ်ဘဏ်တိုက်ကို ဝယ်ယူလိုက်သည်ဟု တရားရုံးမှ မှတ်မိသူတစ်ဦးက ပြောပြ၏။ သို့ဖြင့် ဆက်လက်စုံစမ်းခဲ့ရာ ၁၉၂၀ ပြည့်နှစ်က ဆီးဘုတ်ဘဏ်၏ ဥက္ကဋ္ဌမှာ မစ္စတာ ပါစီဖွိုင်ဒက်စတာဆိုသူဖြစ်လျက် အဘယ်အရပ်၌ နေထိုင်ခဲ့ကြောင်းပါ သိလိုက်ရသည်။ သို့ရာတွင် ယခုအခါ ဆာဗားနားမြို့၌ကား မစ္စတာပါစီ မနေထိုင်တော့။

မည်သို့ရှိစေ၊ ကျွန်တော်သည် မစ္စတာပါစီရှိရာမြို့ကို ရအောင် စုံစမ်း၍ သွားရောက်တွေ့ဆုံခဲ့သည်။ သူသည် အိုမင်းမစွမ်း ယိုင်ယိုင်သာ ရှိနေချေပြီ။ စကားတစ်ခွန်းနှင့် တစ်ခွန်းအကြား အသက်ဝအောင် ရှူ၍ အားယူကာ ပြောဆိုနေရရှာသည်။

"ကောင်းပြီ... လူကလေး... မင်းသိချင်တဲ့အကြောင်းက အင်းလေ... ခုမှတော့ မထူးတော့ပါဘူး ကွယ်... သူတို့အားလုံး သေကုန်ကြပါပြီ၊ လာ ဖွိုင်

www.burmeseclassic.com

www.burmeseclassic.com



ကာရှသာလည်းသေပြီ၊ သူက…ငါ့အချစ်ဆုံး သူငယ်ချင်း…ပြီးတော့ သူ့သမီး ခဓဘယ်၊ ဒီကလေးမအတွက် ငါ တတ်နိုင်သမျှ ကူညီခဲ့ပါတယ်၊ ကလေးမက အားလုံး ဖြုန်းတီးပစ်ခဲ့တယ်၊ ပြီးတော့ ငါ့ဆီ အရှက်မရှိ လာပြန်တယ်…၊ ပြောတယ်…ပိုက်ဆံလိုနေပြန်ပြီတဲ့၊ နောက်…လင်ရသွားတယ်၊ ဟိုအနောက်ဘက် တစ်နေရာရာက လူချမ်းသာ တစ်ယောက်လို့ ဆိုတာပဲ၊ ချက်ချင်း လက်ထပ်ပြီး ကလေးမကို ခေါ်သွားတာပဲ၊ နောက်တော့ ကလေးမသေသွားတယ်၊ အလောင်း ပြန်ယူလာပြီး ဒီမှာ သင်္ဂြိုဟ်တယ်၊ မကောင်းတတ်လို့ လာတဲ့လူ နည်းနည်း ကလေးနဲ့ အသုဘချလိုက်ရတယ်…"

ကျွန်တော်သည် အဘိုးအို မစ္စတာပါစီအား ကျေးဇူးတင်စကားဆိုကာ လက်ဆွဲ နှုတ်ဆက်ခဲ့သည်။ သူ့လက်သည် ကျွန်တော့် လက်ဖဝါးများထဲ၌ အေးစက်စက် ကြီး ဖြစ်နေသည်။

အိမ်ထဲမှ ထွက်ခဲ့ပြီး ကျွန်တော် ငှားလာစေသော ကားဖြင့် ပြည်နယ် မြို့တော်သို့ ပြန်ခဲ့သည်။ ရောက်ရောက်ချင်း အရက်တစ်ခွက် မော့ချလိုက်ရသည်။ သို့မှသာ ကျွန်တော်ရိုးတွင်းချဉ်ဆီများထဲမှ အေးစက်စက် ခံစားချက်ကြီး ထွက် သွားလိမ့်မည်ဟု ထင်သည်။

မေဘယ်တစ်ယောက် သူကြွယ်တစ်ဦးနှင့် လက်ထပ်သည်ဟု ကျွန်တော် သိရှိခဲ့ရပြီ။ သို့သော် စင်စစ်ကား ဟာသပြက်လုံးတစ်ခုလို ဖြစ်ခဲ့ချေသည်။ ထိုသူကြွယ်သည် မေဘယ်၏ အမွေများကို လိုချင်သဖြင့် မေဘယ်ကို လက်ထပ်ခဲ့ခြင်း ဖြစ်သည်မှာ ယုံမှားဖွယ်မရှိ။ 'ကိုလေ့ကွဲနှင့် မသော့တွဲ' ဇာတ် ခင်းခဲ့ကြသော သူတို့နှစ်ဦးသည် အခြေအနေမှန်များ မပေါ်မီအထိတော့ ပျော် မဆုံး ရှိခဲ့ကြပေလိမ့်မည်။

တရားသူကြီး အာဝင်သည် ၁၉၁၄ ခုနှစ်တွင် သူ့ဇနီး၏ ငွေများဖြင့် အကြွေးများ မချေဆပ်နိုင်ခဲ့။ ယင်းသို့ဆိုသော် ထိုနှစ်က ကြွေးချေဆပ်နိုင်ရန် အတွက် အာဝင် ဘာလုပ်ခဲ့ပေသနည်း။ မစ္စတာ စတင်တန် ပြည်နယ်ဘုရင်ခံဘဝက အာဝင်သည် ပြည်နယ်ရှေ့နေချုပ် ဖြစ်ခဲ့၏။ ရှေ့နေချုပ်ဝင်ငွေမှာ တစ်နှစ် ဒေါ်လာ ၃၆၀၀ မျှသာ ဖြစ်၏။ ခြံမှဝင်ငွေမှာလည်း တစ်နှစ် ဒေါ်လာ ၄၂၀၀ မရနိုင်။ ရှေ့နေချုပ် ဖြစ်ရုံမျှဖြင့် သူဌေးမဖြစ်နိုင်။ ၁၉၁၅ ခု မတ်လတွင်ကား တရားသူကြီး အာဝင်သည် လုပ်ငန်းကောင်းတစ်ခု ရခဲ့၏။ ရှေ့နေချုပ်အဖြစ်မှ နုတ်ထွက်လိုက်ပြီး ရှေ့နေလိုက်သည်။ အမေရိကန် လျှပ်စစ်ဓာတ်အား ကုမ္ပဏီတွင်လည်း ဒုတိယ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ တစ်နှစ် ဒေါ်လာ ၂၀၀၀၀ ရသည်။ ထို့အလုပ်ဖြင့် ၁၉၁၄ ခုနှစ်က ကြွေးကို မဆပ်နိုင်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အမေရိကန် လျှပ်စစ်ဓာတ်အား ကုမ္ပဏီမှ အစုရှယ်ယာ တစ်စု ဝယ်လိုက်ရာ၏။ အစုပိုင်ရှင် ဖြစ်လာသောကြောင့် ကုမ္ပဏီ၏ အစုရှယ်ယာ မှတ်တမ်းဟောင်းများကို ကြည့်ခွင့်ရလာသည်။ သို့ဖြင့် သတင်းဆက်လိုက်ရာ ၁၉၃၄ ခု မေလတွင် မွန်တေဂူအမ် အာဝင်သည် အစုရှယ်ယာ ၅၀၀ ကို ကုမ္ပဏီမှ အရာရှိကြီးနှစ်ဦးသို့ ထုတ်ရောင်းခဲ့ကြောင်း၊ သို့ဖြစ်ရာ ၁၉၃၄ ခုနှစ်၊ မေလက အာဝင့်အိတ်ထဲတွင် ကြွေးဆပ်ရန် ငွေအပြည့် ရှိနေခဲ့ကြောင်း သိရှိရသည်။ သို့သော် ထိုအစုများကို အာဝင် ဘယ်တုန်းက ရခဲ့ခြင်း ဖြစ်ပါသနည်း။ ၁၉၃၄ ခု မတ်လတွင် ကုမ္ပဏီ ပြန်လည် ဖွဲ့စည်း၏။ စတော့အသစ်များ ထုတ်ဝေသည်။ အာဝင်၏ စတော့သည် ထိုအသစ်များဖြစ်၏။ အာဝင် မည်သို့ ရခဲ့ချေသနည်း။ ကုမ္ပဏီက လွယ်လွယ်ကလေး ပေးလိုက်ခြင်းလေလား။ သို့ဆိုလျှင် အဘယ်ကြောင့် ပေးခဲ့သနည်း။ သူတို့အပေါ် ကောင်းခဲ့၍သာ ဖြစ်မည်။ ထိုအယူအဆကို အခြေခံ၍ ဆက်တူးဖော် စုံစမ်းသော်လည်း ရေရေရာရာ အချက်အလက် ထပ်မံ၍ မရ။ ရှေ့နေချုပ် ဘဝတွင် အာဝင်နှင့် ကုမ္ပဏီ အပေးအယူ မရှိ။

ရှေ့နေချုပ်ဘဝတွင် အာဝင်သည် မည်သို့ဆောင်ရွက်ခဲ့သနည်း...

ရှေ့နေချုပ် အာဝင်လက်ထက်တွင် အမှုကြီး အမှုငယ်များကား ဖြစ်ပွားခဲ့၏။ အမှုကြီးတစ်ခုမှာ ပြည်နယ်အစိုးရနှင့် ကျောက်မီးသွေး ကုမ္ပဏီတစ်ခုတို့၏ စာချုပ်ကိစ္စ ဖြစ်သည်။ စာချုပ်အရ ကုမ္ပဏီက ပြည်နယ်အစိုးရသို့ ဒေါ်လာ ၁၅၀၀၀၀ ပေးရန်ရှိ၏။ ကန်ထရိုက် စာချုပ်သက်တမ်း ကုန်ချိန်အထိ ဆိုသော် ထိုထက်ပင် များဖွယ်ရှိနေ၏။ သို့သော် စာချုပ်ရေးသားစဉ်က တိကျမှု မရှိခဲ့။ အဘယ်မျှ မတိကျသနည်းဆိုပါက အမှု စတင် ဖြစ်ပွားသည်နှင့် ရှေ့နေချုပ်က ပြဿနာမရှိဟု စာချုပ်ကို အဓိပ္ပာယ် ဖွင့်လိုက်၏။ အများပြည်သူတို့၏ ထုတ်ပြန်ချက်တွင် ရှေ့နေချုပ်က စာချုပ်ရေးဆွဲသူတို့၏ မတိကျမှုကြောင့် စာချုပ်မှာ မရှင်းမလင်း ဖြစ်ခဲ့ရသည်ဟု အပြစ်တင်သည်။ သို့ဖြစ်လင့်ကစား စာချုပ်မှာ တရားဝင် ဖြစ်သည်ဟု အဆုံးအဖြတ် ပေးလိုက်သည်။ ပြည်နယ်အစိုးရဘက်က အမှုရှုံးပြီး ငွေများလည်း ဆုံးရှုံးခဲ့တော့သည်။ ထိုအကြောင်းကို ၁၉၃၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်၊ 'ခရော်နီကယ်လ်' သတင်းစာ၌ ကျွန်တော် ဖတ်ရခြင်း ဖြစ်သည်။ ဘဏ်တိုက်က အာဝင်၏ ခြံမြေများ သိမ်းယူသည့် အစီအစဉ်မတိုင်မီ နှစ်ပတ်နေ့စွဲ ဖြစ်သည်။ အမေရိကန် လျှပ်စစ်ဓာတ်အား ကုမ္ပဏီပြန်လည်ဖွဲ့စည်းမှု မပြုမီ သုံးပတ်အလိုတွင် ဖြစ်သည်။ အမေရိကန် လျှပ်စစ်ဓာတ်အား ကုမ္ပဏီနှင့် ကျောက်မီးသွေး ကုမ္ပဏီတို့မှာ နယူးယောက်ရှိ မတ်ဆီဒင်ကော်ပိုရေးရှင်း

www.burmeseclassic.com

www.burmeseclassic.com



ပိုင် ကုမ္ပဏီများဖြစ်ကြောင်း ကျွန်တော် ထပ်မံတွေ့ရှိရ၏။ တစ်ခုကား လိုနေသေး၏။ သိသူ တစ်ယောက်ယောက်ကို တွေ့ရန် ဖြစ်သည်။ တော်တော်နှင့် ကွင်းဆက် ရှာမရနိုင် ဖြစ်နေခိုက် တစ်နေ့ ကျွန်တော် အိပ်ပျော်သလိုလို ဖြစ်နေစဉ် အတွေးထဲသို့ နာမည်တစ်ခု ဝင်လာသည်။ မွန်တီမာအယ်လ်လစ်တဲလ်ပတ် ဟူသော အမည် ဖြစ်သည်။ နိုးလာသောအခါ ထိုအမည်ကို ပထမဆုံး သတိရနေ၏။ ထိုအမည်ကို သတင်းစာပေါင်း တစ်ခုထဲ၌ ကျွန်တော် တွေ့မြင်ဖူးခဲ့သည်ကို သတိရလာသည်။ မွန်တီမာ မတော်တဆ သေဆုံးခဲ့ရခြင်းဟု ဂျူရီလူကြီးများက ဆုံးဖြတ်လိုက်ပြီ ဟူသော ခေါင်းစဉ်ပါ သတင်းဖြစ်၏။ မွန်တီ မာသည် အမေရိကန် လျှပ်စစ် ကုမ္ပဏီ၏ ရှေ့နေဟောင်း တစ်ဦး ဖြစ်သည်ဟူ၍လည်း ဖော်ပြထားသည်။

ကျွန်တော် သတင်းစာဟောင်း ဖိုင်များကို ပြန်လှန်ရပြန်သည်။ မွန်တီမာ၏ သတင်းကို တွေ့ရ၏။

မွန်တီမာသည် ငါးထပ် အဆောက်အအုံပေါ်မှ လိမ့်ကျသေဆုံးခြင်း ဖြစ်သည်။ မွန်တီမာ၏ နှမတစ်ဦး ထွက်ချက်မှာ မွန်တီမာသည် မကြာမီက နာမကျန်း ဖြစ်နေခဲ့သည်ဟု ဆို၏။ သို့ဖြင့် သူ့ကိုယ်သူ သတ်သေသွားသည်ဟု တချို့က ယူဆ၏။ မွန်တီမာ ထိုသို့ မသေဆုံးမီ တစ်နေ့ညက သူ့နှမ လစ်တဲလ် ပတ်ထံ စာတစ်စောင် ပို့ခဲ့ကြောင်း မှတ်မိသူက မှတ်မိနေ၏။ ထိုစာမှာ အစအန ပျောက်နေသည်။ နှမဖြစ်သူကလည်း ထိုစာကို မရဟု ပြောခဲ့သည်ဆို၏။ ကျွန်တော် သည် မွန်တီမာ၏ နှမကို တွေ့အောင် ငါးပတ်မျှ ရှာခဲ့ရသည်။ အမျိုးသမီးကြီး သည် ပြည်နယ်မြို့တော်မှ အတော်ဝေးသော မြို့တစ်မြို့တွင် ဆင်းရဲနွမ်းပါးစွာ နေထိုင်လျက် ရှိရှာသည်။ တွေ့လျှင်တွေ့ချင်း ကျွန်တော်က လက်ထဲတွင် ငွေစက္ကူ အတော်များများ ဆုပ်ကိုင်ရင်း စကားစပြောသည်။

"ကျွန်တော့်နာမည် ဂျက်ဘာဒင်လို့ ခေါ်ပါတယ်၊ မွန်တီမာ လစ်တဲလ် ပတ်အကြောင်း နည်းနည်း မေးချင်လို့ပါ၊ သူ ဘာကြောင့် သူ့ကိုယ်သူ သတ် သေသွားပါသလဲ" ပြောပြောဆိုဆို ငွေစက္ကူထုပ်ကို စားပွဲပေါ် တင်လိုက်ပြီ

"ဟောဒီမှာ ဒေါ်လာ ၁၀၀ ဗျာ၊ ကဲ...အဲဒါ အဒေါ်အတွက်ပဲ ယူလိုက် တော့" ဟုလည်း ပြောရ၏။

အဘွားကြီးက ငွေစက္ကူများကို ကြောက်ရွံ့စိုးရိမ်စွာ ကြည့်ပြီး ဖြေ၏။ "မတော်တဆ ဖြစ်ခဲ့တာပါရှင်"

ကျွန်တော်က နောက်ထပ် ဒေါ်လာ ၂၀၀ ထပ်တိုးချထားလိုက်ပြန်၏။

"ကဲ...အားလုံးပေါင်း ဒေါ်လာ ၃၀၀ ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း… မယူချင်ဘူး၊ ရှင် ကျွန်မကို လှည့်ပတ်မေးမလို့ မဟုတ်လား၊ ရှင်ဟာ အသက်အာမခံ ကုမ္ပဏီကပဲ ဖြစ်ရမယ်"

"အသက်အာမခံ ကုမ္ပဏီကတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျုပ်သိပါတယ်၊ အသက်အာမခံဆိုတာ ကိုယ့်ဘာသာကိုယ် သတ်သေရင် မပေးဘူးလေ၊ မွန်တီမာကလည်း ဟိုတယ်ပေါ်က ခုန်ချပြီး သတ်သေသွားတာ မဟုတ်လား"

အဘွားကြီးက ကျွန်တော့်ကို အကြာကြီး စိုက်ကြည့်နေပြီးမှ ပြောသည်။

"သတ်သေတာ မဟုတ်ဘူးရှင့်"

"အဒေါ်ရယ် ကျွန်တော့်ကို အမှန်အတိုင်း ဖွင့်ပြောစမ်းပါဗျာ၊ မွန်တီမာလည်း ဘာမှ မထိခိုက်စေရပါဘူး၊ အာမခံ ကုမ္ပဏီကလည်း ဒီကိစ္စ မေ့လိုက်ပါပြီ"

"ဒါဟာ တကယ် မတော်တဆမှုပါရှင်"

"မဟုတ်ဘူးခင်ဗျ၊ သူကိုယ်တိုင် ပြတင်းက ခုန်ချသတ်သေသွားတာ၊ သူ့အပြစ်တော့ မဟုတ်ပါဘူး၊ သူဒီလို သတ်သေသွားလောက်အောင်ကို တစ်ယောက်ယောက်က လုပ်ခဲ့တာ၊ ဟို အမေရိကန် လျှပ်စစ်ကုမ္ပဏီမှာ သူနှစ်ပေါင်းများစွာ အလုပ်လုပ်နေခဲ့ရာက နောက်ဆုံး သူ့ကို ကန်ထုတ်တယ်၊ ပြီးတော့မှ ကုမ္ပဏီအတွက် အကျိုးစီးပွားတစ်ခုခု လုပ်ပေးခဲ့တဲ့ လူငစဉ်းလဲတစ်ယောက်ကို ခန့်ထားတယ်၊ အဲဒီလူ့သစ်ကြောင့် ခင်ဗျားအစ်ကို ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့တာဗျ၊ အဲဒီလို မဟုတ်လား"

အမျိုးသမီးက ကျွန်တော့်ကို အတန်ကြာစိုက်ကြည့်နေပြီးမှ ချက်ချင်းပင် ဝန်ခံချက်ပေးတော့၏။

"ဟုတ်တယ်၊ ဟိုလူကြောင့် ကျွန်မအစ်ကို သတ်သေသွားတာပဲ၊ ဟိုလူကို ကုမ္ပဏီက လာဘ်ထိုးတဲ့အနေနဲ့ ကျေးဇူးဆပ်ရင်း အလုပ်ခန့်လိုက်ကြောင်း ကျွန်မအစ်ကို သိတယ်လေ၊ သိလို့လည်း ဖွင့်ပြောပစ်တယ်၊ ဒါပေမယ့် အဲဒါကို အထောက်အထား မပြနိုင်ဘူးဆိုပြီး ကုမ္ပဏီက ကျွန်မအစ်ကိုကို အလုပ်ထုတ်လိုက်တာပဲ"

"ခင်ဗျားအစ်ကိုက တကယ် အထောက်အထား မပြနိုင်ဘူးလား"

"အစ်ကိုက ဒီကိစ္စ သိသိချင်း ဘုရင်ခံဆီတောင်သွားပြီး တိုင်ခဲ့ကယ်"

"ဗျာ… အဒေါ် ဘာပြောလိုက်တယ်"

"ဟို…ဘုရင်ခံ စတင်တန်ဆီတောင် သွားပြီး တိုင်ခဲ့တာကို ပြောတာပါ၊ ဒါပေမယ့် ဘုရင်ခံကလည်း အစ်ကိုပြောတာကို မယုံဘူး၊ သက်သေလည်း မပြနိုင်ဘူး၊ ဘာညာနဲ့ ပြောသတဲ့၊ အဲဒါကြောင့် မစုံစမ်းပေးနိုင်ဘူးလို့လည်း ပြောသတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ အမှန်ပဲနော်" ကျွန်တော်က အဘွားကြီး၏ လက်မောင်း ပိန်ပိန်ကလေးကို ကိုင်လှုပ်မိရင်း မေးလိုက်သည်။

"ဘုရားသိပါတယ်ရှင်၊ တကယ့် အမှန်တွေပါ၊ ဘုရင်ခံဆီက ပြန်လာပြီ သုတည်းနိုနေတဲ့ ဟိုတယ်ရောက်တော့ ကျွန်မဆီ စာတစ်စောင်ရေးတယ်၊ စာထဲမှာ အဲဒီအကြောင်းတွေ ထည့်ရေးလိုက်တယ်၊ အဲဒီညမှာပဲ ကျွန်မအစ်ကို သတ်သေသွားတယ်" အဘွားကြီးက စိတ်လှုပ်ရှား တုန်ယင်စွာဖြင့် ပြောပြသည်။ ကျွန်တော်က သူမ၏ လက်ကို လွှတ်လိုက်ကာ–

"ဒီလိုဆို အဲဒီစာ ခင်ဗျားဆီမှာ ရှိသေးသလား"

"ဟုတ်ကဲ့...ရှိတယ်"

"အဲဒီစာ ကျွန်တော့်ကို ပေးပါ၊ အဒေါ်စားပွဲပေါ်က ဒေါ်လာ ၃၀၀ ယူလိုက်ပေတော့"

"ဟင့်အင်း...မပေးနိုင်ပါဘူး၊ ရှင်ဟာ ဟိုလူရဲ့ မိတ်ဆွေဖြစ်နိုင်တယ်၊ စာကို ဖျောက်ဖျက်ပစ်ချင်လို့ပဲ ဖြစ်ရမယ်"

"လုံးဝ မဟုတ်ရပါဘူးဗျာ...ယုံပါ"

"ကျွန်မတော့ ကြောက်တယ်၊ ကျွန်မ ဘုရင်ခံဆီသွားတုန်းက..."

"ဗျာ...အဒေါ် ဘုရင်ခံဆီ သွားတယ် ဟုတ်လား၊ ဆက်ပါဦး"

"သွားတယ်၊ ဟိုလူကို တစ်ခုခု ဖြစ်စေချင်လို့ပဲ"

"ဘုရားရေ၊ စာကော ပြလိုက်သေး သလား"

"ပြလိုက်တယ်၊ ဒါပေမယ့် ဘုရင်ခံက ပြောတယ်၊ ခင်ဗျားရဲ့ တော်မှာ သွက်တုန်းကတော့ စာမရပါဘူးဆို၊ ဒီတော့ ရုံးတော်မှာ လိမ်လည်ထွက်ဆိုမှုဟာ ရာဇဝတ်မှု ဖြစ်နေတယ်၊ ဒီစာအကြောင်းများ ရုံးတော်က သိသွားရင် ခင်ဗျား ထောင်ကျမှာပဲလို့တောင် ပြောလိုက်တယ်"

"အဲဒီတော့ အဒေါ် ဘာဆက်လုပ်လဲ"

ဆံပင်များ ဖြူကြောင်လျက် အရိုးပေါ် အရေတင်နေရှာပြီဖြစ်သော အဘွားအိုက ခေါင်းကို ညင်သာစွာ ယမ်းပြပြီး ပြောသည်။

"ဘာဆက်လုပ်သလဲ...ဟုတ်လား၊ ဆင်းရဲသား ကျွန်မ ဘာဆက်လုပ်နိုင်မှာတဲ့လဲဟင်"

"စာကိုတော့ သိမ်းထားတယ် မဟုတ်လား" ဟု ကျွန်တော်က မေးရာ အဘွားအိုက ခေါင်းညိတ်ပြသည်။

"ကဲ...အဲဒီစာပေးပါ၊ ခု ဒီစာအကြောင်း ဘယ်သူမှ ဂရုမစိုက်တော့ပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သူမက အခန်းထောင့်ရှိ သံဖြူဘူး ဟောင်း တစ်ခုထဲမှ ဝါကြန့်နေသော စာရွက်စာတမ်းများကို တုန်တုန်ယင်ယင်ဖြင့် ထုတ်ယူသည်။ ထို့နောက် ကမ်းပေးသော စာအိတ်တစ်အိတ်ကို ဒရောသောပါ လှမ်း ယူပြီး စာအိတ်ထဲမှ စာရွက်ကို ကပျာကယာ ဆွဲထုတ်ကြည့်လိုက်သည်။ ဟိုတယ်နာမည်ခေါင်းစဉ်နှင့် စာရွက်ဖြစ်သည်။ ၁၉၁၅ ခု၊ ဩဂုတ်လ ၃ ရက်နေ့စွဲတပ်ထား၏။ ဓာတ်လမ်းတစ်ခုလုံးကို အထုပ်ဖြေထားသော စာဖြစ်နေချေသည်တကား။ ကျွန်တော်သည် စာရွက်ကို အိတ်ထဲသို့ ပြန်သွင်းကာ ကျွန်တော့်အင်္ကျီအိတ်ထဲ ထည့်လိုက်သည်။

"ကျွန်တော် ဒီစာကို ဓာတ်ပုံရိုက်ယူမယ်၊ ပြီးရင် ပြန်ပေးမယ်နော်၊ ခြော်...ဘုရင်ခံစတင်တန်ဆီ အဒေါ် ကိုယ်တိုင်သွားခဲ့ကြောင်း ထွက်ချက်လက်မှတ်ကိုပါ ထိုးပေးရင် နောက်ထပ် ဒေါ်လာ ၁၀၀ ထပ်ပေးဦးမယ်"

ဤသို့ဖြင့် အဘွားကြီး လစ်တဲလ်ပတ်နှင့် ကျွန်တော် အစီအစဉ်များ ပြုလုပ်ပြီးစီးခဲ့သည်။ ယခုဆိုသော် လ အတန်ကြာ ကြိုးစားခဲ့ပြီးနောက် ကျွန်တော် လိုချင်သမျှ အားလုံး ရရှိပေပြီ။

မည်သည့် ကိစ္စမဆို အစပျောက်သည်ဟူ၍ မရှိတတ်ပါ။ ထာဝရ လက်စပျောက်ပြီဟုသော ကိစ္စ မရှိတတ်ပါ။ သံလွန်စတော့ ကျန်တတ်ပါသည်။ အချိန်ကာလ အားလုံးသည် စင်စင်အာဖြင့် တစ်ခုတည်းသာပင်။ အတိတ်က သေလွန်ခဲ့သူအားလုံးသည် ကျွန်တော်တို့က ပြန်လည် အသက်သွင်းပေးခြင်း မရှိပါက ဘယ်သောအခါမျှ ရှင်သန်လာကြမည် မဟုတ်ပါ။

ယင်းသည်ပင် သမိုင်းကို တူးဆွသည့် သုတေသနသမား ကျွန်တော်တို့၏ ခံယူချက် ဖြစ်ပါသည်။ ကျွန်တော်တို့ကား သစ္စာတရားကို ချစ်မြတ်နိုးကြပါ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

မှန်တီမာအယ်လ်လစ်တဲလ်ပတ်၏ နှမကို ကျွန်တော် ရှာတွေ့ပြီး အာဝင်၏ နောက်ကြောင်း သတင်း အပြည့်အစုံ ရလိုက်နိုင်သည်မှာ ၁၉၃၇ ခုနှစ်၊ မတ်လကုန်တွင် ဖြစ်၏။ စသည်မှ ပြီးသည့်တိုင် အချိန်ခုနစ်လ ကြာ၏။ ထိုခုနစ်လအတွင်း အခြားသော အဖြစ်အပျက်များစွာလည်း ဖြစ်ခဲ့၏။

ဆရာကြီး၏ သား တွမ်စတာ့ခ်သည် တက္ကသိုလ် ဒုတိယနှစ်တွင် ဘောလုံး လက်ရွေးစင် ဖြစ်လာခဲ့၏။ သို့သော် သူ့ဖခင် ဘုရင်ခံကြီး ဝီလီစတာ့ခ် ဖောက်လုပ်ထားသော အဝေးပြေး လမ်းမကြီးပေါ်တွင် အရက်မူးပြီး ကားမောင်းရာမှ အဖိုးထိုက် အဖိုးတန် စပို့ကားတစ်စီး ပျက်စီးမှု ဖြစ်ပွားခဲ့၍ နာမည်ဆိုးဖြင့် ထင်ရှားလာခဲ့ပြန်သည်။ တွမ်နှင့်အတူ ဆံပင်ဝါဝါနှင့် ဂျန်းဆိုသူ မိန်းမလှလေး တစ်ဦးလည်း ပါလာခဲ့ရာ ထိုမိန်းကလေးမှာ အကြီးအကျယ် ဒဏ်ရာရခဲ့၏။ သေကားမသေ။ မိန်းကလေး၏ ဖခင်က တရားစွဲရန် စီစဉ်သည်။ တွမ်ကို ထောင်ကျအောင် လုပ်မည်ဟု ကြုံးဝါးသည်။ သို့သော် ဂျန်းဖခင်၏ လုပ်ငန်းမှာ အငှားကုန်တင်ယာဉ် လုပ်ငန်း ဖြစ်ရာ ကုန်တင်ယာဉ် လုပ်ငန်းသည် ပြည်နယ်အစိုးရနှင့် မကင်းနိုင်ကြောင်း တစ်စုံတစ်ဦးက သတိပေးသဖြင့် လက်လျှော့လိုက်၏။

တွမ်သည် သုံးနာရီခန့်ကြာအောင် ဆေးရုံခုတင်ပေါ်၌ သတိမေ့နေခဲ့သော်လည်း ဒဏ်ရာ တစ်စုံတစ်ရာ မရခဲ့။ ဆရာကြီးသည် ဆေးရုံသို့ အရင်ဆုံး ရောက်လာသည်။ မျက်နှာဖြူဖပ် ဖြူရော်၊ ဆံပင် ဖရိုဖရဲ၊ မျက်လုံးအဝိုင်းသားနှင့်။ မျက်နှာတွင် ချွေးစေးများ ပြန်လျက်။ ထို့နောက် လူစီစတာ့ခ် ရောက်လာသည်။ ထိုအချိန်မှာ မနက် ၄ နာရီထိုးနေချေပြီ။ လူစီသည် မျက်နှာနီရဲလျက် ရှိသည်။

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်မကျ။ တုန်လှုပ်နေဟန်ကား ပေါ်သည်။ တွမ်ဘာမှ မဖြစ်ကြောင်း သိရပြီးချိန်တွင် လင်မယားစကားများကြတော့သည်။

"ရှင်... ရှင် ဒီအတိုင်း တွမ်ကို လွှတ်ထားရင် ပျက်စီးတော့မှာပဲ"

ဆရာကြီး၏ မျက်နှာမှာ ရဲခနဲ ဖြစ်သွားသည်။

"ဘာပြောတယ်... ဘောလုံးကစားတာကို တားဖို့ ပြောတာလား"

"ဘောလုံးကန်တာကို ပြောနေတာ မဟုတ်ဘူးရှင့်၊ ဘောလုံးလက်ရွေးစင် ဖြစ်လို့ နာမည်ကြီးတယ်။ ဒါကြောင့် အပေါင်းအသင်းများလာတယ်၊ ဒီလောက်ဆို တော်ပြီပေါ့၊ ဒါပေမယ့် ဘုရင်ခံသားဆိုပြီး အရှိန်အဝါသုံးပြီး ထင်ရာ စိုင်းနေတာ၊ တစ်ကိုယ်ကောင်း ဆန်နေတာ၊ အဲဒါတွေကို လွှတ်မထားဖို့ ပြောတာရှင့်"

"မင်းကလည်းကွာ ပူစရာမရှိ ပူနေ"

"မဟုတ်ဘူး၊ သားကို ရှင်ဖျက်ဆီးနေတာ" လူစီ၏ အသံမှာ တည်ငြိမ်၍ ပိုင်ပိုင်နိုင်နိုင် ပြောနေပုံ ပေါ်လွင်သည်။

"ကွာ... ယောက်ျားလေးပဲ၊ ယောက်ျားပီပီသသ နေပစေ၊ သားပျော်ပျော်ရွှင်ရွှင်နေတာ ကိုယ်မြင်ချင်တယ်၊ ကိုယ့်ပြည်နယ်က လူတွေ အားလုံးလည်း ပျော်ရွှင်နေကြတာ ကိုယ်မြင်ချင်တယ်၊ ကိုယ်ကသာ ကို..."

သူတို့စကားများ ထိုနေရာအရောက် ကျွန်တော် အခန်းထဲမှ ထွက်ခဲ့ပြီး တံခါးကို ညင်သာစွာ ပြန်ပိတ်ခဲ့ပါသည်။

အဆိုပါ ဆောင်းရာသီတွင် တွမ်၏ ကာတိုက်မှုမျှသာမက အခြားအဖြစ်အပျက်များလည်း ရှိသေး၏။

အင်နီစတင်တန်ကလည်း ကလေးသူငယ်များ စောင့်ရှောက်ရေးဂေဟာအတွက် ပြည်နယ်အစိုးရထံမှ အထောက်အပံ့တောင်းသည်။ တောင်းသလောက်ရသည်။ ထို့ကြောင့် အင်နီတစ်ယောက် ပျော်နေခဲ့ပါ၏။

မက္ကမာဖီတို့ကား တစ်မှောင့်ဖြစ်သည်။ သူတို့အုပ်စုသည် အမှတ် ၄ ခရိုင်တွင် ခြေကုပ်ရထားဆဲ ဖြစ်သည်။ ဝါရှင်တန်ရှိ ကွန်ဂရက်လွှတ်တော် (အမေရိကန် ပြည်ထောင်စု အောက်လွှတ်တော်) တွင် မက္ကမာဖီအုပ်စုမှ အမတ်တစ်ယောက်က ဆရာကြီးအကြောင်း တင်ပြဆွေးနွေးသည်။ ထိုတင်ပြချက်ကို တစ်ပြည်လုံးရှိ သတင်းစာများကလည်း သတင်း ဖော်ပြခဲ့ကြ၏။ ဤတွင် ဆရာကြီးက အသံလွှင့်ဌာနများနှင့် အပေးအယူ လုပ်လျက် ကွန်ဂရက်အမတ် ပီတစ်၏ ဝေဖန်ချက်များကို လေထဲမှ တရားဟော ချေပသည်။ ချေပသည် ဆိုရာတွင် မက္ကမာဖီ၏ အမတ် 'ပီတစ်' ၏ စွဲချက်များကို ပြန်လည်ရှင်းလင်းခြင်း မဟုတ်။ ပီတစ်အား နောက်နောင် မစွာရဲအောင် အလဲထိုး ပြေရှင်းပစ်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒပ်ဖီကလည်း ဂမ္ဘီလာဆင်ကို ဆေးရုံဆောက်လုပ်ရေး ကန်ထရိုက် ပေးရန် ဆရာကြီးထံ ကပ်ပြောနေဆဲ ဖြစ်သည်။ ဒပ်ဖီပြောသမျှကို ဆရာကြီးက အိမ်ခေါင်မိုးပေါ် မိုးစက်မိုးပေါက်များ ကျနေပုံကို နားထောင်နေဘိသကဲ့သို့ နား ထောင်၍ နားထောင်နေခဲ့သည်။ တုံ့ပြန် အဖြေပေးခြင်း မရှိ။ ဒပ်ဖီပြောနေချိန် တွင် ဒပ်ဖီအား တစ်စုံတစ်ခုအတွက် အကဲဖြတ်နေသကဲ့သို့ စိုက်ကြည့်နေရာ နောက်ဆုံးတွင် ပြောသူက သူ့အလိုအလျောက် အပြောရပ်သွားရတော့သည်။

ထိုဆေးရုံကြီး စီမံကိန်းမှာ ဆရာကြီးအတွက် အကြီးအကျယ်ဆုံး စိတ် ကူးယဉ် အိပ်မက်ကြီး ဖြစ်နေသည်။ ဆရာကြီးသည် ပြည်ထောင်စု၏ အရှေ့ မြောက်ပိုင်း ဒေသတစ်ခွင်ရှိ အကောင်းဆုံး အကြီးဆုံး ဆေးရုံကြီးများဆီသို့ လှည့်လည် သွားရောက်လေ့ရှိသည်။ "သူများတွေဆီမှာ ကောင်းသမျှ ကြီးကျယ် သမျှတွေထက် ကိုယ့်ဆေးရုံကြီးက အစစအရာရာ သာလွန်ရမယ်၊ ကိုယ့်ပြည် နယ်ထဲက ဆင်းရဲသား လူနာ ဘယ်သူမဆို ဒီဆေးရုံကြီးမှာ ပိုက်ဆံတစ်ပြား မှ မပေးရဘဲ ဇိမ်နဲ့တက်ပြီး ဆေးကုသခွင့် ခံယူနိုင်စေရမယ်" ဟု ဆရာကြီးက စီမံကိန်းချသည်။

ခရီးထွက်လေ့လာစဉ် ကာလတွင် ဆရာကြီးသည် ဆရာဝန်များ၊ ဆေးရုံ ပုံစံထုတ်သူများ၊ မန်နေဂျာများနှင့် အချိန်အားလုံးပေး၍ ဆွေးနွေး နှီးနှောခဲ့သည်။ ထိုအချိန်များတွင် အမျိုးသမီး တစ်ယောက်နှင့်မျှ အချိန်မသုံး ခဲ့။

သို့ရာတွင် ဒပ်ဖီကား လက်မလျှော့သေး။

တစ်ညတွင် ကျွန်တော်သည် ဘုရင်ခံ အိမ်တော်သို့ သွားရောက်ရာ 'ဖိုးသကြား' သေနတ်တိုက်နေသည်ကို တွေ့ရသည်။ ဆရာကြီးကောဟု မေးရာ စာကြည့်ခန်းဘက်သို့ ခေါင်းဆတ်ပြ၏။ သို့ဖြင့် စာကြည့်ခန်းတံခါးခေါက်လျက် ဝင်အသွား...ဆရာကြီးသည် မီးတောက်မတတ် မျက်လုံးများဖြင့် ကျွန်တော့်ကို ကြည့်နေ၏။ သေနတ်ဖြင့် ချိန်ရွယ်ပြီး ကြည့်နေသော အကြည့်မျိုး။ ကျွန်တော် သည် တုံ့ခနဲ ရပ်လိုက်မိသည်။ ဆရာကြီးသည် ဆိုဖာရှည်ပေါ်တွင် မှီထိုင်နေရာမှ ကိုယ်ကို ဆန့်လိုက်ကာ လှမ်းပြောသည်။

"ကြည့်စမ်းကွာ...ကြည့်စမ်း၊ ဒီလူလွန်မသားက ကိုယ့်ကို ပတ်မလိုက်ကွ"

ဆရာကြီး၏ မျက်လုံးသွားရာကို ကြည့်လိုက်တော့မှ ရှေ့တွင် ရပ်နေ သော ဒပ်ဖီကို တွေ့ရသည်။ ဒပ်ဖီသည် အရည်ပျော်လုမတတ် ဖြစ်နေတော့သည်။

"ဒီငနဲက ဂမ္ဘီလာဆင်ကို ဒီအခန်းထဲခေါ်လာတယ်၊ ကိုယ်နဲ့ စကားပြော ခိုင်းမယ်ပေါ့လေ၊ သူစိမ်းနဲ့ဆိုတော့ ကိုယ်က ယဉ်ယဉ်ကျေးကျေး ဆက်ဆံလိမ့် မယ်လို့ သူက ထင်ပေမပေါ့၊ ကိုယ်ယဉ်ကျေးသလား၊ မယဉ်ကျေးဘူးလား မင်း အသိဆုံးပဲ"

www.burmeseclassic.com



ဆရာကြီးက ဒပ်ဖီအား စွေကြည့်လျက် ကျွန်တော့်ကို ပြောပြနေသည်။ ဒပ်ဖီမှာ ဆရာကြီး၏ ရှေ့တွင် တုန်တုန်ယင်ယင် ဖြစ်နေပါ၏။ ထိုနောက် ရှင်းပြရန် ဟန်ပြင်ရှာသည်။

"မဟုတ်ပါဘူးခင်ဗျား ဒီလိုပါ..."

ဆရာကြီးက သူ့စကားကို နားမထောင်၊ စကားလက်စကို ဆက်ပြောသည်။

"ကိုယ်ဟာ လူယဉ်ကျေး မဟုတ်ဘူး၊ ဒါပေမယ့် လူတစ်ယောက်ကို ကိုယ်တွေ့ချင်ရင် သွားခေါ်ပေးဖို့ ပြောမယ်၊ ဒါမှမဟုတ် ကိုယ်က သွားတွေ့မယ်၊ ဒါပဲ၊ ခုတော့ ခင်ဗျား... ခင်ဗျားက လူလည်လုပ်တယ်" ဆရာကြီးက ဒပ်ဖီကို လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောလိုက်သည်။

"ကျွန်တော် ကျွန်တော် ထင်မိခဲ့တာက" ဒပ်ဖီက စကားပြောရန် ကြိုးစားသည်။ သို့ရာတွင် ဆရာကြီးက အတင်းဖြတ်ပြောသည်။

"ဘာထင်မိတာလဲ... ခင်ဗျားက ဂမ္ဘီကို ကျုပ်ဝယ်ယူလိုက်တဲ့ သဘောရောက်အောင် အကွက်ဆင်တာ မဟုတ်လား၊ ဒီမှာ ကိုယ့်လူ အဲဒီငနဲကို ကျုပ် ဘယ်တော့မှ မဝယ်ဘူး၊ ဒီလိုကောင်မျိုးတွေ အများကြီး ကျုပ်ဆီမှာ ရှိပြီးနေပြီ၊ ကဲ... ဒီတော့ ခင်ဗျားလည်း သွားတော့ တော်ပြီ"

ဒပ်ဖီသည် တစ်ခွန်းမျှ ပြန်မပြောဝံ့တော့ဘဲ ထွက်သွားရသည်။ ဆရာကြီးသည် ဆိုဖာပေါ်သို့ ခြေပစ်လက်ပစ် ပြန်လှဲချလိုက်သည်။

ကျွန်တော်က စကားစလိုက်ရသည်။

"ဆရာကြီးက ဘယ်လို တွေးမိလို့လဲ၊ ဒီဆေးရုံကိစ္စက ဒေါ်လာ ခြောက်သန်းလောက်နဲ့ စရမှာ၊ တကယ်က ဂမ္ဘီလာဆင်ဆိုတာကလည်း ကန်ထရိုက်ကောင်း တစ်ယောက်ပဲ၊ သူဟာ..."

"အမယ် ဒီကိစ္စမှာ မင်းကလည်း ဒပ်ဖီနဲ့ တစ်ကျိတ်ထဲ တစ်ဉာဏ်တည်းပဲလား"

ဆရာကြီးက ကျွန်တော့်စကားကို ဖြတ်၍ ဝင်ပြောလိုက်သည်။

"ဘာမှ မပတ်သက်ပါဘူးဗျာ၊ ဒပ်ဖီတင်ပြတာ မှန်သလားလို့ပါ"

"မင်း ခုထိ နားမလည်နိုင်သေးဘူးလားကွ၊ ဒီဆေးရုံကြီးကို ဒီနိုင်ငံမှာ တင်မက ကမ္ဘာမှာ အကောင်းဆုံး ဖြစ်အောင် ကိုယ်လုပ်မယ်၊ ဒီကိစ္စမှာ ဒပ်ဖီလိုကောင်တွေ ဝင်အရှုပ်မခံနိုင်ဘူး၊ ဗိုလီစတာ့ခ် ဆေးရုံကြီးလို့ ကိုယ့်ဆေးရုံကြီးကို နာမည်ပေးမယ်၊ ကိုယ်သေသွားပြီး နှစ်ပေါင်းမြောက်မြားစွာ ဒီဆေးရုံကြီး တည်တံ့နေမှာကွ၊ လူတိုင်း အခမဲ့ ဆေးကုခွင့်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက ဆိုဖာပေါ်မှ ငေါက်ခနဲ ထပြီး ရှေ့တိုးလာကာ ကျွန်တော့်ကုတ်အင်္ကျီ ရင်ဘတ်ကို ဆွဲလှုပ်၍ စိတ်လိုက်မာန်ပါ ပြောနေသည်။ သူ အရက်သောက်ထားကြောင်း ကျွန်တော် သိလိုက်သည်။ ကျွန်တော်က စကားဆက်မေးလိုက်သည်။

"ဒီတော့ အဲဒီလူတွေက ခင်ဗျားကို မပေးကြမယ်ပေါ့"

"ကိုယ်တို့ အဲဒီတစ်ချိန်မှာ မရှိကြတော့ပါဘူးကွ၊ မင်းလည်း ရှိတော့မှာ မဟုတ်ဘူး၊ ဒီမှာဂျက် မင်း အဲသလို ပြုံးစိစိ လုပ်မနေစမ်းနဲ့၊ မျက်နှာထားပြင်လိုက်စမ်း" ဟု ဆိုကာ ကျွန်တော့်ကို ကြမ်းတမ်းစွာ ဆွဲလှုပ်၍ ဆက်ပြောသည်။

"ဆေးရုံအတွက် ဆေးရုံအုပ်ကြီးအဖြစ် အတော်ဆုံး လူတစ်ယောက်ကို ရအောင် ရှာယူမယ်၊ အဲဒီလူဟာ နယူးယောက်မှာ ရှိနေတယ်လို့ ကြားရတယ်၊ မင်း ရအောင်ခေါ်ပေး"

ကျွန်တော်က သူ့လက်မှ ရုန်းလိုက်ပြီး ကုလားထိုင်ပေါ် ထိုင်ရင်းမေးလိုက်သည်။

"ဘယ်သူလဲဗျ၊ ခေါ်ပေးရမှာက..."

"ဒေါက်တာ စတင့်တန်လေကွာ၊ ဒေါက်တာ အဒမ်စတင်တန်ပေါ့..."

ကျွန်တော် ကုလားထိုင်မှ ခုန်ထမိမတတ် ဖြစ်သွားရသည်။

"အဲဒါ ကျုပ် သူငယ်ချင်းပဲဗျ၊ ညီအစ်ကိုလိုကို ခင်မင်တယ်၊ ဒါပေမယ့် အဒမ်က ခင်ဗျားကို မကြိုက်ဘူးဗျ"

"ကိုယ့်ကိုကြိုက်ဖို့ မလိုပါဘူးကွာ၊ ကိုယ့်ကို ထောက်ခံပါလို့ ဘယ်သူ့ကိုမှ လိုက်မပြောဘူး၊ မင်းလည်း ဒီလိုပဲပေါ့၊ ကိုယ့်ကို ကြိုက်ဖို့ မလိုပါဘူး၊ ဒါပေမယ့် ဒေါက်တာစတင်တန်ကို ရအောင်တော့ ခေါ်ပေးပါ"

ကျွန်တော် ကုလားထိုင်မှ ထလိုက်ပြီး အပျင်းဆန့်လျက် တံခါးဆီထွက်ခဲ့သည်။

"ကဲ...သွားမယ်ဗျာ၊ မနက်ဖြန် ခင်ဗျား အမူးပြေတော့မှ ဒီအကြောင်းထပ်ပြောကြရအောင်"

နောက်တစ်နေ့ သူ အမူးပြေချိန် တွေ့ကြရ၌လည်း ဒေါက်တာ စတင်တန်ကို ရအောင်ခေါ်ဖို့ပင် ထပ်ပြောသည်။

ထို့ကြောင့် ကျွန်တော်လည်း ငယ်သူငယ်ချင်း ဒေါက်တာ အဒမ်စတင်တန်၏ အိမ်ခန်းကလေးသို့ အလည်သွားရပြန်သည်။ အဒမ်ကား မူမပြောင်းဘဲကြိုဆိုညှေ့ခံရှာ၏။ သူ၏မှုပိုင် ငယ်သူငယ်ချင်း အပြုံးကိုလည်း တွေ့ရသည်။ ထိုအပြုံးသည် ရင်ထဲ၌ နွေးသွားစေသည်။ ထိုအပြုံးသည် မေတ္တာပါယူသော အပြုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သူတစ်ပါးကို ခွင့်လွှတ်သော အပြုံးမျိုးလည်း မဟုတ်၊ သူ့ရှေ့တွင် တွေ့မြင်ရသော သင်နှင့်တကွ ကမ္ဘာကြီးတစ်ခုလုံးအား သူမြင်ရသည့်အတိုင်း ဖြောင့်ဖြောင့်ကြီး မြင်မိသည့်အတွက် သူ့ကို ခွင့်လွှတ်ရန် တောင်းပန်နေသော အပြုံးမျိုး။

အဒမ်သည် ပြုံးခဲ့ရယ်ခဲ့သူဖြစ်သည်။ သို့ရာတွင် ကျွန်တော့်ကိုကား အပြုံးနှင့် ကြိုသည်။ ကျွန်တော် ဘာကြီး ညာကြီး ဖြစ်နေသောကြောင့် မဟုတ်၊ ကျွန်တော်သည် သူ့ ငယ်သူငယ်ချင်းဖြစ်သော အကြောင်းတစ်ခုတည်းကြောင့်ပင်။

ကျွန်တော်သည် ကုလားထိုင်တစ်လုံး၌ ဝင်ထိုင်လိုက်ပြီး ခဏအကြာတွင်မှ စကား စပြောရသည်။

"သူငယ်ချင်း နားထောင်ကွာ၊ ကိုယ် တစ်ခုပြောပါရစေ၊ ကြားထဲ ဖြတ်ပြီး မအော်နဲ့၊ ပြီးအောင် နားထောင်နော်"

သူသည် ကျွန်တော့် စကားဆုံးသည်အထိ တကယ် နားထောင်ရှာပါ၏။ ကျွန်တော်ကလည်း တိုတိုပင် ပြော၏။

"ကဲ... သူငယ်ချင်း၊ မင်းကို ဘုရင်ခံ ဝီလီစတာ့ခ်က ဆေးရုံသစ်ကြီးရဲ့ ညွှန်ကြားရေးမှူးတာဝန် ပေးချင်တယ်တဲ့"

အော်တော့မအော်။ သို့သော် ခေါင်း ခါပြ၏။ ထို့နောက် ပြုံးသည်။ သို့ရာတွင် ဤအပြုံးသည်ကား ယခင်ကလို ကျွန်တော့်ကို နွေးမသွားစေပါ။ နှလုံးသားကို ရေခဲနှင့် ထိုးကပ်လိုက်သလို ခံစားလိုက်ရပါ၏။

"ဆရာကြီးက သူငယ်ချင်း လိုလားချက်အားလုံး လုပ်ပေးပါ့မယ်တဲ့ကွာ" ကျွန်တော်က အတွေးကို ဖြတ်၍ စကားဆက်လိုက်ရသည်။

"အေးကွာ၊ မင်းဆရာကြီး ကိုယ့်ကို ဝယ်လို့ မရနိုင်ပါဘူး၊ ခြိမ်းခြောက်လို့လည်း မရနိုင်ပါဘူး၊ မင်းဆရာကြီး ဆိုတာက လာဘ်နဲ့ ခြိမ်းခြောက်မှုတွေ သုံးပြီး စခန်းသွားနေတာပဲကွာ"

"ပြန်စဉ်းစားပါဦးကွာ သူငယ်ချင်း"

ကျွန်တော့် သူငယ်ချင်းသည် အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် နှစ်ခေါက်လောက် လျှောက်ပြီးမှ ဖြေသည်။

"အေးကွာ၊ တို့ကိုတော့ မြှောက်လို့လည်း မမှုဘူး၊ ခြောက်လို့လဲ မမှုဘူးလို့သာ ပြောလိုက်ပါ"

"မင်းကို ဘယ်သူမှ မြှောက်ခိုင်းလို့ မရပါဘူး သူငယ်ချင်းရာ၊ တန်ဖိုးရှိတဲ့ လူဆိုတာ ကိုယ့်တန်ဖိုးကို သူများက ပြောမှ သိတာ မဟုတ်ပါဘူးကွ"

သူက ကျွန်တော့်ကို စိုက်ကြည့်နေသည်။ ဇဝေဇဝါ ဖြစ်လာဟန်ရှိသည်။ ဤတွင် ကျွန်တော်က ထပ်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောပြမယ်၊ ဆရာကြီးက မင်းဟာ အတော်ဆုံ ပုဂ္ဂိုလ်လို့ သိနေတယ်၊ မင်းမှာ ငွေတော့ မရှင်ဘူးပေါ့၊ မင်းက ငွေလည်း လိုမှ မလိုဘဲကိုး၊ ဒါပေမယ့် မင်း ဘာလိုချင်တယ်ဆိုတာလည်း သူက သိတယ်"

"သူ ပေးတာဆို ကိုယ်ဘာမှ မလိုချင်ပါဘူး... သူငယ်ချင်း ရယ်"

"မင်း သေချာရဲ့လား သူငယ်ချင်း"

"ဘာကို ပြောတာလဲ"

"ကိုယ်သိထားတာက ဒေါက်တာ စတင်တန်ဆိုတဲ့ ကိုယ့်သူငယ်ချင်းဟာ ကောင်းရာကောင်းကြောင်း မှန်သမျှတော့ လုပ်ချင်တယ် မဟုတ်လားကွ"

ဒေါက်တာ စတင်တန် ပါးစပ်ဟသွားသည်အထိ အံ့သြသွားပုံရ၏။ ငါ တစ်ကောင် ပါးစပ်ဟပြီး လေရှူနေသည်ကို ကျွန်တော် သတိရလိုက်မိသည်။

"အဲဒါပဲ သူငယ်ချင်း၊ မင်းမှာ ရှိနေတဲ့ လျှို့ဝှက်ချက်ကို သူက သိနေတယ်၊ မင်းစေတနာကို သူက သိနေတယ်၊ လူအများကောင်းစားရေးကို မင်းက သိပ်လုပ်ပေးချင်တယ်၊ အဲဒီအားနည်းချက်ကို ဆရာကြီးက သိတယ်ကွ၊ ဒီတော့ မင်းရဲ့ စေတနာနဲ့ ကောင်းတာတွေ လုပ်ချင်တာ လုပ်ချင်သလောက် ဆရာကြီးက လုပ်ခွင့်ပြုမယ်"

"ကောင်းလိုက်လေကွာ၊ ဒါပေမယ့် ဒီစကားနဲ့ ပီလီစတာ့ခ်လို လူမျိုးနဲ့တော့ မတန်ဘူးကွယ့်"

"ကဲ... ဒါပဲ ကိုယ်သွားမယ်၊ ညသန်းခေါင်ရထားနဲ့ ကိုယ်ပြန်မယ်၊ မင်း စဉ်းစားဦးကွာ၊ မြို့ထဲမှာ မစ္စလစ်တဲလ်ပတ် ဆိုတဲ့ အမျိုးသမီး တစ်ယောက်ကို လိုက်ရှာပြီး သတင်း မေးရဦးမယ်"

ကျွန်တော် သူ့အိမ်မှ အမြန်ဆုံး ထွက်ခဲ့ပြီး ခရီး ဆက်သည်။ ရှေ့နေ ဟောင်း၏ နှမ မစ္စလစ်တဲလ်ပတ်နှင့် တွေ့ဆုံသည့် ကိစ္စပြီး၍ ပြန်အရောက် အဒမ်၏ နှမ အင်နီက ဖုန်းဆက်ရန် မှာထားခဲ့သဖြင့် အန်နီဆီ လှမ်းဆက်သွယ် ရသည်။ အင်နီက ချက်ချင်း လာတွေ့ရန် ပြောသည်။ နေရာမှာ ဆလိတ်၏ ဆိုင်ခန်း ပင် ဖြစ်၏။ ခဏတစ်ဖြုတ် သောက်ကြပြီးနောက် အင်နီကပင် ဦးဆောင် လျက် မြို့ထဲထွက်ခဲ့ကြသည်။ အပြင်တွင် ညသည် အတော် မှောင်နေလေပြီ။

"ဘယ်သွားမှာလဲ အင်နီ"

"ပြောစရာရှိလို့ပေါ့"

"ပြောလေ... အခု"

"နေဦး၊ လမ်းလျှောက်ဦးမယ်၊ ပြီးမှပြောမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် ညစ်ပတ်၍ မှောင်နေသော လမ်းတစ်လျှောက် ဖြတ်လာခဲ့ကြသည်။ အိမ်နံရံများဘေးတွင် ကလေးတစ်စု အော်ဟစ် ဆူညံနေကြသည်။ အင်နီဇ်ရော ကျွန်တော်ပါ စကားတစ်ခွန်းမျှ မပြော။ အတွေးကိုယ်စီဖြင့် လျှောက်လာခဲ့ကြသည်။ မြစ်ကမ်းနားဆီ ရောက်သည်အထိပင်။

မြစ်ရေမျက်နှာပြင်၌ တိမ်ရိပ်မှုန်တစ်ခု ပေါ်နေသည်။ ညအခါ တောင်ထိပ် တစ်ခုပေါ်မှနေ၍ ဟိုအဝေးဆီမှ တိမ်လွှာများကို ငုံ့ကြည့်နေရဘိသကဲ့သို့ ရှိသည်။ ကျွန်တော်တို့သည် ဆိပ်ခံတံတားတစ်ခု၏ အဆုံးအထိ လျှောက်သွားကြသည်။ လက်ရန်းတစ်ခုကို မှီကာ မြစ်ရေပြင်ဆီသို့ မျှော်ကြည့်လျက် ကျွန်တော်က စကားစလိုက်သည်။

"ပြောစရာရှိတယ်ဆို အင်နီ"

"အဒမ်အကြောင်းပါကွယ်"

"သူ သိပါတယ်၊ သူ အဒမ်ဆီ ရောက်ပြီးပြီ မဟုတ်လား"

"ဟုတ်တယ်၊ အလုပ်ကိစ္စတစ်ခု သွားကမ်းလှမ်းတာပဲ၊ သူဟာ လူကြီးတစ်ယောက် ဖြစ်နေပြီ၊ ကိုယ့်ကမ်းလှမ်းချက်ကို လက်မခံနိုင်ရင်လည်း ကိုယ့်ကို အပြစ်တင်နေစရာ မလိုပါဘူး"

"သူ့ကို ဘယ်သူက အပြစ်တင်သေးလို့လဲ"

အင်နီက ကျွန်တော့်လက်မောင်းကို လှမ်းကိုင်လှုပ်ယမ်းလျက် ပြောလိုက်သည်။

"သူ့ကိစ္စသူ မဆုံးဖြတ်နိုင်ဘူးလား"

"ဒါပေါ့...ဒါကြောင့် အဒမ်ထောက်ခံလာအောင် ဂျက်ကပဲ ပြောပေးပါကွယ်"

"ဘယ်လို...ဘယ်လို"

"အင်နီက အဲဒီအလုပ်ကို အဒမ် လက်ခံစေချင်တယ်၊ လက်ခံကိုလည်း လက်ခံရမယ်"

"ဘာကြောင့်..."

"အဒမ်ဆီ အင်နီသွားတော့ ဒီကိစ္စကြောင့် သူ့မှာ ဗျာများနေလိုက်တာကွယ်၊ အဒမ်ကတော့ ကမ္ဘာနဲ့ပါ ကင်းကွာပြီး သူ့အလုပ်ထဲ သူ မြုပ်နေတဲ့ဆရာဝန်ပဲ၊ သူ့ကို တစ်စုံတစ်ခုကတော့ တွန်းအားပေးနေတာအမှန်၊ အဲဒါဟာ ငွေလိုချင်တဲ့လောဘလည်း မဟုတ်ဘူး၊ ဘာမှန်းကိုလည်း အင်နီတော့ မသိနိုင်တော့ပါဘူး

www.burmeseclassic.com

www.burmeseclassic.com



"အင်နီမသိပေမယ့် ကိုယ်သိနေတယ် အင်နီ၊ အဲဒီတွန်းအားက ကောင်းတာလုပ်ချင်တဲ့ အဒမ်ရဲ့ စေတနာတွေပဲ"

"ဟုတ်ပြီ... ဟုတ်ပြီ..., သိပ်မှန်တယ်၊ အဒမ်ဟာ ကောင်းရာကောင်းကြောင်း လုပ်ချင်တယ်၊ ဒါပေမယ့် အဲဒီနေ့က အင်နီနဲ့ အဒမ် ကတောက်ကဆတ် ငြင်းခုံခဲ့ရသေးတယ်၊ အိမ်ပြန်ရောက်တော့ သူ့အတွက် တစ်ညလုံး အင်နီငိုမိတယ်... ဂျက်"

အင်နီတစ်ယောက် ယခုလည်း ငိုလိမ့်ဦးမည်လားဟု ကျွန်တော် စိုးရိမ်မိပါ၏။ သို့သော် ယခုတော့ မငိုပါ။

"အင်နီ အဲဒီနေ့က သူ့ကို တော်တော်ပြောခဲ့တယ်၊ ကောင်းတာလုပ်ချင်တယ်ဆိုရင် ခုဟာ အခွင့်အရေးကောင်း တစ်ခုပဲလို့၊ သူကလည်း ဒို့ပြင်လူက လုပ်ခိုင်းလို့ လုပ်ရတာမျိုး မလိုချင်ဘူး၊ သူ့မာနလို့ ဆိုကြပါစို့၊ အင်နီကို သူ့အိမ်က မောင်းမထုတ်ရုံတမည်ပဲ၊ အဲသလောက်တောင် ရန်ဖြစ်ခဲ့ရတယ်"

"သူတကယ်တော့ အင်နီကို မောင်းမထုတ်ရက်ပါဘူး"

"မသိနိုင်တော့ဘူးကွယ်"

အင်နီက ကျွန်တော့်လက်ကို ဆွဲခါရင်း ဆက်မေးပြန်၏။

"အဒမ် ဘာလို့ ဒီကမ်းလှမ်းချက်ကို လက်မခံနိုင်ရတာလဲ၊ ဘာကြောင့်လဲဟင်... ဂျက်"

"ရှင်းပါတယ်လေ... ဘုရင်ခံ စတင်တန်ရဲ့သား၊ တရားသူကြီးပေတန် စတင်တန်ရဲ့ မြေး၊ ဗိုလ်ချုပ်ကြီး မော်ဂန်စတင်တန်ရဲ့မြစ်မို့လို့ပေါ့၊ သူ့ရင်ထဲမှာ သူဖြစ်စေချင်တဲ့ ကမ္ဘာကြီးရဲ့ပုံကား ရှိတယ်၊ အဲဒီပုံကားနဲ့ ကမ္ဘာကြီးက မအပ်စပ်ရင် ကမ္ဘာကြီးကိုတောင် သူက လွှင့်ပစ်ချင်တဲ့လူမျိုး"

"ဒါပေမယ့် အဒမ်ဒီတာဝန်ကို လက်ခံသင့်ပါတယ်နော်...ဂျက်"

"လက်ခံသင့်တာပေါ့အင်နီ၊ ဒီတော့ သူ့ကို ဒီတာဝန် လက်ခံစေချင်ရင် သူ့ရင်ထဲမှာ ကြို့ပြီး ရှိနေတဲ့ ကမ္ဘာကြီးရဲ့ ပုံကားချပ်ကို အင်နီက နည်းနည်း ပြောင်းပေးရမယ်"

ထိုနောက် ကျွန်တော်တို့ ခေတ္တငြိမ်သက်နေကြပြီး အင်နီက ပြောသည်။

"ဒီတာဝန် အဒမ်လက်ခံလာအောင် သူမတတ်နိုင်ဘူးလားကွယ်"

ကျွန်တော်က အင်နီ၏ မျက်နှာကို စေ့စေ့ကြည့်၍ လေ့လာမိသည်။ လှပသော မျက်နှာကလေး။ လှပသည်ဟု မဆိုချင်လျှင် လှပခြင်းထက် သာလွန်သော ပုံသဏ္ဌာန်ဟု ဆိုရချိမ့်မည်။ ကျွန်တော်သည် အင်နီ၏ မျက်နှာကလေးကို ငေးကြည့်နေရင်း ပြောလက်စ စကားများကိုပင် မေ့နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါ ဂျက်ရယ်၊ ဘယ်သူ့အတွက်မှ ပြောနေတာ မဟုတ်ပါဘူး၊ အဒမ့်အတွက်ပါ၊ သူနဲ့ အသင့်တော်ဆုံးမို့ပါ" ဟု အင်နီက ဆက်ပြောသည်။

"ရပါတယ်၊ အဒမ်ရဲ့အမြင် ပြောင်းလဲသွားအောင် လုပ်ပေးနိုင်ရင် ဖြစ်နိုင်ပါလိမ့်မယ်" ဟု ကျွန်တော်က ပြန်ပြောလိုက်သည်။

"ဘယ်လိုလုပ်မလဲ"

"သမိုင်းသမားပဲ သမိုင်းသင်ခန်းစာက ထုတ်ပြလိုက်ရုံပေါ့၊ ကိုယ်တို့ သမိုင်းသမားတွေ အမြဲစွဲထားတာ ရှိတယ် မဟုတ်လား၊ လူသားဆိုတာ ကောင်းတယ်၊ မကောင်းဘူးရယ်လို့ မရှိဘူး၊ အကောင်းနဲ့ အဆိုးဆိုတာဟာ လူသားတိုင်းမှာ တွဲနေတယ်၊ မကောင်းတဲ့ အထဲက အကောင်းထွက်လာသလို အကောင်းထဲကလည်း မကောင်းတာ ထွက်လာတတ်တာပဲ"

"သဘောတရားတွေ တော်စမ်းပါဦး ဂျက်ရယ်၊ အင်နီ နားလည်အောင် ပြောစမ်းပါဦး"

"အင်နီ တစ်ခု မှတ်မိလား၊ ကိုယ်မေးဖူးတာလေ၊ ဟိုတရားသူကြီး အာဝင် ငွေအကြီးအကျယ် လိုဖူးသလားဆိုတာ၊ အဲဒါ သိရပြီ၊ အာဝင်ဟာ တစ်ချိန်က ငွေအကြီးအကျယ် လိုခဲ့ဖူးတယ်၊ သူ့ဇနီးဟာလည်း သူဌေးမလေး မဟုတ်ဘူး၊ သူကတော့ သူဌေးမ ဆိုပြီး ယူလိုက်တာ၊ ဒီမှာတင် အာဝင် တစ်ယောက် လာဘ်ယူမှုဖြစ်ခဲ့ရော"

"ဘယ်လို...ဘယ်လို ပြောလိုက်တယ်၊ တရားသူကြီး အာဝင် လာဘ်ယူခဲ့တယ် ဟုတ်လား"

"ဟုတ်တယ်၊ ကိုယ့်မှာ အထောက်အထားတွေ ရှိနေတယ်"

"တရားသူကြီးအာဝင်ဟာ ဖေဖေ့ရဲ့ မိတ်ဆွေပဲ ဂျက်"

အင်နီသည် အချိန်အတန်ကြာ စဉ်းစားနေ၏။ ထို့နောက် ထပ်မေး၏။ ကျွန်တော်က ဘာမျှ မပြောဘဲ ငြိမ်နေရာ သုံးခါခန့် ထပ်မေးသည်။

"ပြောပါဦး ဂျက်ရယ်၊ ဒီက မေးနေပါတယ်"

ကျွန်တော် ဘာမျှ မပြောသဖြင့် နောက်ဆုံး တဲ့တိုးမေးလာသည်။

"အာဝင်နဲ့ဖေဖေဟာ မိတ်ဆွေတွေဆိုတော့ ဖေဖေကော ဘုရင်ခံဘဝက ဒီကိစ္စမှာ ပတ်သက်များနေသလား"

ကျွန်တော် ခုထိ ဘာမျှမပြော။

"ဂျက်... အင်နီကို မပြောရဲလို့လားကွယ်"

"ဟုတ်တယ် အင်နီ အမှန်ပဲ"

"ဟင်... ဖေဖေကော လာဘ်ယူခဲ့တာပဲလား၊ ဟုတ်လားဂျက်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ကြီးအထိတော့ မဟုတ်ပါဘူး"

"ဟင့်အင်း... အင်နီ မယုံဘူး"

"ဖြစ်ခဲ့တာကတော့ အမှန်ပဲ အင်နီ၊ တရားသူကြီး အာဝင်ရဲ့ ကိစ္စကို အင်နီရဲ့ဖေဖေ သိခဲ့တယ်၊ ဒါကြောင့် အကာအကွယ်ပေးခဲ့တယ်၊ ကိုယ့်မှာ အထောက်အထား စာရွက်စာတမ်းတွေတောင် ရှိတယ်၊ ဝမ်းတော့ ဝမ်းနည်းစရာပဲ၊ ဒါပေမယ့် အဖြစ်က အဖြစ်မှန်"

"ဘာပြောတယ် ဂျက်၊ ရှင်က ဝမ်းနည်းတယ် ဟုတ်လား၊ ဒီမှာဂျက်... ဂျက်၊ ရှင်... ရှင်... ရှင်ပဲ ဒီမဟုတ်မတရား နောက်ကြောင်းတွေကို ဖော်ထုတ်တာ မဟုတ်လား၊ ဟိုလူ... ဝီလီစတာ့ခ် အကျိုးအတွက် ဖော်ထုတ်ပေးတယ်ပေါ့၊ ဟုတ်လား"

အင်နီက ရန်တွေ့ရင်း ရန်တွေ့ရင်း ဒေါသတကြီး ဖြစ်နေရာမှ အော်ဟစ် ရယ်မောလာသည်။ ထို့နောက် တံတားအစွန်အထိ ပြေးသွားသဖြင့် ကျွန်တော် လိုက်ဆွဲခေါ်ရပြီး အငှားကားခေါ်သည်။ သို့သော် အင်နီက ကျွန်တော့်ကို လုံးဝ စကားမပြောတော့။ ယုတ်စွအဆုံး ထိုညက ကျွန်တော်နှင့် ကားတစ်စီးတည်းပင် စီးပြီး မပြန်တော့။

ထိုညမှ နောက်ထပ် ငါးညမြောက်တွင် အင်နီထံမှ ဖုန်းလာ၏။

"ဟို... စာရွက်တွေဆိုတာ အင်နီဆီပို့ပေးပါလား"

"ယူလာခဲ့မယ်လေ"

"ဟင့်အင်း... မလာနဲ့ ပို့ပေး"

"ကောင်းပြီလေ၊ ခါတိုက်ထားတဲ့ မိတ္တူတွေရှိတယ်၊ မနက်ဖြန်ပို့ပေး လိုက်မယ်"

"ခါတ်ပုံမိတ္တူပဲ ပေးမယ်လား၊ မယုံတော့ဘူးပေါ့"

"မနက်ဖြန် ပို့ပေးပါမယ်လေ"

ထိုနေ့နောက်ပိုင်း ကျွန်တော်အခန်းသို့ ပြန်ရောက်တိုင်း တယ်လီဖုန်း စောင့်နေမိ၏။ အင်နီထံမှ လုံးဝ ဖုန်းမလာ။ ဟိုတယ်စာရေးကိုလည်း တစ်ဦးဦး ဖုန်းဆက်မှာ မမှာ ညတိုင်း မေးမိသည်။ လာတော့ လာပါ၏။ မှာတော့ မှာပါ၏။ အင်နီထံမှ မဟုတ်။

ထိုမှ တစ်ပတ်ခန့်အကြာ တစ်ညသ၌ ကျွန်တော် ဟိုတယ်ခန်းသို့ ပြန်အရောက် ကျွန်တော့် အခန်းတံခါးဝနှင့် မနီးမဝေး ခုံတန်းတစ်ခုပေါ်၌ မိန်းမ တစ်ယောက် ထိုင်နေသည်ကို သတိပြုမိ၏။ သို့သော် မည်သူ ဖြစ်လေမည်နည်း ဟု ဂရုတစိုက် မကြည့်လိုက်မိဘဲ အခန်းတံခါးသော့ ဖွင့်ဝင်ရန် ပြင်စဉ် ထိုမိန်းမ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အနီး လာရပ်သည်။ အံ့အားသင့်ပြီး ကျွန်တော် လှည့်ကြည့်လိုက်ရာ အင်နီ ဖြစ်နေ၏။ တံခါးဖွင့်ပြီးသောအခါ အင်နီပါ အခန်းထဲ ဝင်လိုက်လာသည်။ သို့သော် ကျွန်တော် တံခါးပိတ်နေချိန်၌ အင်နီက ကျွန်တော့်ကို ကျောခိုင်းရပ်နေသည်။ သူမ၏ လက်ထဲ၌ စာအိတ်အညိုကြီးတစ်ခု ကိုင်ထားသည်ကို သတိပြုမိသည်။

ထို့နောက် ကျွန်တော့်ကို မကြည့်ဘဲ လက်ထဲမှ ဓာတ်ပုံစာအိတ်ကြီးကို စားပွဲပေါ် ပစ်တင်လျက် လှမ်းပြောသည်။

"အဲဒီမှာ ရှင့်ဓာတ်ပုံ မိတ္တူတွေ၊ ကျွန်မ ပြန်ပေးပါတယ်၊ မူရင်းရရင်တော့ ခဏလိုချင်ပါသေးတယ်"

"ကိုယ်နားလည်ပါတယ်"

"တော်တော်တော့ ရုပ်ဆိုးတယ်"

"ဒါအတွက်တော့ ကိုယ်လည်း ဝမ်းနည်းပါတယ်ကွယ်"

အခုမှပင် အင်နီက ကျွန်တော့်ဘက် လှည့်၍ စကားပြောတော့သည်။

"ကျွန်မ အဲဒီဓာတ်ပုံတွေကို အဒမ်ကို ပြလိုက်တော့ အဒမ်တစ်ယောက် တော်တော် စိတ်ထိခိုက်သွားတယ်ဂျက်၊ ငိုင်ပြီး မတ်တတ်ရပ်နေရာက သူ့မျက်နှာဟာ စက္ကူအဖြူကြီးလို ဖြစ်သွားတယ်၊ ဖေဖေ့အကြောင်း ဒီလိုသိလိုက်ရတော့ စိတ်တော်တော် ထိခိုက်သွားတာပေါ့၊ ကျွန်မက သူ့ကို လှမ်းကိုင်လိုက်တော့ သတိရလာတယ်၊ ကျွန်မကို အကြာကြီး စူးစိုက်ကြည့်နေတယ်၊ ပြီးတော့ 'နင်၊ နင်' လို့ပဲ ပြောတယ်၊ ရှေ့ကို စကားမဆက်နိုင်အောင် ဖြစ်နေရှာတယ်"

"မဟုတ်တာပဲ၊ အင်နီကို သူ ဘာမှ အပြစ်တင်စရာ မလိုဘူး၊ ဘုရင်ခံစတင်တန်ကိုပဲ အပြစ်တင်ရမယ့်ဥစ္စာ"

"ဟုတ်ပါတယ်ဂျက်၊ အဲဒါကို ပြောမလို့ပါ၊ အဒမ်ကလေ ဖေဖေ့ကို ပြစ်တင်ရှုတ်ချလိုက်တာ၊ အို...ဘယ်လောက်ကြောက်ဖို့ကောင်းသလဲ ဂျက်ရယ်၊ သူ့အဖေကို သူ အပြစ်တင်နေတာ၊ ရှုတ်ချနေတာ၊ ဖေဖေ့ကို ရှင်သိပါတယ်ဂျက်ရယ်၊ ဖေဖေဟာ သားသမီးတွေကို ဘယ်လောက်ချစ်တဲ့ လူစားမျိုးလည်းဆိုတာ၊ အဒမ်ကို ဖေဖေက ဘယ်လိုသင်ကြားပေးခဲ့သလဲ၊ ဘယ်လောက်ချစ်ခဲ့သလဲ၊ သားအတွက် ဘယ်လောက် ဂုဏ်ယူခဲ့သလဲ၊ အို...ဂျက်ရယ်၊ ဖေဖေက မီးလင်းဖိုဘေးမှာ ထိုင်လို့၊ ကျွန်မက ကလေးလေးပဲ ရှိသေးတယ်လေ၊ ကျွန်မတို့ မောင်နှမကို ဖေဖေက စာတွေဖတ်ပြလို့၊ ကျွန်မက ဖေဖေ့ ဒူးပေါ်မှာ မေးတင်ပြီး နားထောင်လို့၊ ဟိုတုန်းက ကျွန်မတို့ မိသားစု ချစ်ချစ်ခင်ခင် နေခဲ့ကြတာတွေ ဂျက်လည်း တွေ့ခဲ့ဖူးတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မှတ်မိတယ်"

"ဂျက်...အခု ကျွန်မ ဘာတွေလျှောက်လုပ်မိပါလိမ့်"

"လုပ်သင့်တယ်ထင်တာကို လုပ်ခဲ့တယ်ထင်တာပဲ အင်နီ"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်နော်"

"အင်း...အခု လုပ်ပြီးသွားပြီ၊ ဒါကြောင့်လည်း အဒမ် ဟိုအလုပ်ကမ်းလှမ်းတာ လုပ်လိမ့်မယ်ထင်တယ် ဂျက်"

"ဘယ်ဟာလဲ အင်နီ" ကျွန်တော်မေးရန် ကြံခြင်းသာ ဖြစ်သည်။ မမေးလိုက်မိပါ။ တစ်ခုကား မေးလိုက်မိ၏။

"အင်နီ အဒမ်ကို တာဝန်လက်ခံဖို့ ရှင်းပြသေးသလား"

"ရှင်းမပြဘူး၊ ဒါပေမယ့် ဟိုဓာတ်ပုံတွေတော့ ပြလိုက်တယ်၊ သုံးရက်လောက်ကြာမှ သူ့ဆီ လာပါဦး ခေါ်လို့ သွားတော့ ဓာတ်ပုံတွေ ပြန်ပေးရင်းကမ်းလှမ်းတာ လက်ခံမယ်လို့ ပြောတာပဲ၊ ကဲ...ကျွန်မ ပြန်မယ်"

အင်နီသည် အခန်းပြင်ရောက်ပြီးမှ ပြန်လှည့်ပြောသည်။

"တစ်ခုတော့ ကျွန်မကို လိုက်လျှောပါဦး၊ ဓာတ်ပုံတွေ အသုံးမချခင်နောက်ဆုံး အခွင့်အရေးအဖြစ် တရားသူကြီးအာဝင်ကို ပြလိုက်ပါ၊ ကြည့်ပါစေဦး"

ထိုအချက်ကို ကျွန်တော် သဘောတူလိုက်ပါ၏။

ကျွန်တော်က အဒမ်စတင်တန်သည် ကမ်းလှမ်းချက်ကို လက်ခံတော့မည်ဖြစ်ကြောင်း ဆရာကြီးထံ သတင်းပို့လိုက်ရာ ဆရာကြီးက အဒမ်ကို တွေ့လိုသည်ဟု ပြော၏။

"ကျွန်တော် ခေါ်လာပေးမယ်လေ"

"ဒီကို ခေါ်လာမလား၊ ကိုယ်ကသွားတွေ့ရင် မကောင်းဘူးလား၊ သူက ကိုယ့်ကို လိုက်လျှောတာ မဟုတ်လား"

သို့ဖြင့် တစ်ညသ၌ ဆရာကြီး၊ ကျွန်တော်နှင့် ဖိုးသကြားတို့ အဒမ်၏ အိမ်ခန်းသို့ သွားလည်ကြ၏။ အဒမ်မှာ အိမ်အိုကြီးတစ်ခု၌ အခန်းငှားနေခြင်းဖြစ်၍ မှောင်မိုက်သော လှေကားမှ ကလေးတို့ ကစားစရာ တိုလီနုပ်စ်များကို ခလုတ်တိုက်လျက် တက်သွားရသည်။

"အင်း...အဒမ်ကတော့ ဖြစ်သလို နေတာပဲနော်" ဟု ဆရာကြီးက မှတ်ချက်ချရာ ကျွန်တော်က ထင်မြင်ချက် ပြောပြလိုက်၏။

"ဟုတ်တယ်၊ ဒါပေမယ့် ဒီလို ဘာကြောင့် သူ နေနေရတယ်ဆိုတာ လူတော်တော်များများက နားလည်ဟန် မတူဘူး"

"ကိုယ်တော့ နားလည်မိတယ် ထင်ပါရဲ့"

www.burmeseclassic.com

www.burmeseclassic.com



အဒမ်၏ အခန်းရှေ့အရောက် တံခါးခေါက်ပြီး အထဲဝင်လိုက်ရာ အဒမ်၏ မျက်လုံးများနှင့် တန်းရင်ဆိုင်လိုက်ရပါ၏။ တစ်ခဏအတွင်း ဖိုးသကြားနှင့် ဆရာကြီးတို့ပါ အထဲဝင်လာကြ၏။ ဆရာကြီးနှင့် အဒမ်တို့ တစ်ဦးနှင့်တစ်ဦး သာမန်မျှ အကြည့်ချင်း ဆုံကြသည်။ ကျွန်တော်က မိတ်ဆက်ပေးလိုက်ပါသည်။

"ဘုရင်ခံ စတာ့ခ်ခင်ဗျား၊ ဟောဒါ ဒေါက်တာ အဒမ်စတင်တန်ပါပဲ"

ဆရာကြီးက ရှေ့တစ်လှမ်းတိုး၍ လက်အရင် ကမ်းပေးရာ ခေတ္တမျှ တုံ့ဆိုင်းပြီးမှ အဒမ်က လက်ဆွဲနှုတ်ဆက်၏။ ထိုအခြေအနေကို ဆရာကြီးကလည်း သတိထားမိပုံရ၏။ ပြုံးနေသည့်ကြားမှပင် ဆရာကြီး မျက်နှာထား တစ်ချက် တင်းမာသွားသကဲ့သို့ အဒမ်လည်း တင်းသွား၏။ ထို့နောက် ဖိုးသကြားနှင့် အဒမ်ကို ကျွန်တော်က မိတ်ဆက်ပေးရပြန်၏။

"အဒမ်... ဟောဒါက မစ္စတာရှိန်းပါပဲ"

ဖိုးသကြားက ရှေ့တိုး၍ လက်ကမ်းပေးကာ "ကျွန်... ကျွန်တော် ဝမ်း... ဝမ်း". ဟု စကားထစ်နေစဉ် အဒမ်က တွေ့ရတာ ဝမ်းသာကြောင်း ပြောပြီး လက်ဆွဲနှုတ်ဆက်၏။ အဒမ်သည် ဖိုးသကြား၏ လက်ဝဲလက်မောင်းရင်း အတွင်း ပိုင်း၌ လွယ်ထားသော သေနတ်ကို သတိထားမိလိုက်ပုံရ၏။ ဤတွင် ဆရာကြီး ဘက် လှည့်ပြီး အဒမ်က စကားစသည်။

"သြော်... ဒါဟာကျွန်တော်တို့ကြားထားတဲ့ ဘုရင်ခံရဲ့ လက်ဖြောင့် သေနတ်သမားတွေထဲက တစ်ယောက်ထင်ပါတယ်"

"အို... မဟုတ်တာပဲ၊ ဖိုးသကြားက သူ့ဝါသနာအလျောက် သွားရာ လာရာ သေနတ်ပါနေတာပါ၊ သူက ကျုပ်ရဲ့ မိတ်ဆွေ တစ်ယောက်ပါပဲ၊ ကားမောင်းတော့ အင်မတန် တော်တယ်"

အဒမ်က ဘာမျှ ပြန်မပြောတော့ဘဲ ရပ်လျက်ရှိသည်။ သည်ပုံအတိုင်း ဆိုလျှင် အလုပ်တော့ ဖြစ်ကြတော့မည် မဟုတ်ဟု ကျွန်တော်ထင်လိုက်မိသည်။ သို့ရာတွင် အဒမ်က ယဉ်ကျေးစွာ ဖိတ်ခေါ်လာသည်။

"ကိုင်း... လူကြီးမင်းများ ထိုင်ကြပါဦး"

ကျွန်တော်တို့ ကုလားထိုင်များတွင် ဝင်ထိုင်လိုက်ကြပါ၏။ ဖိုးသကြား က သူ့ထုံးစံအတိုင်း အင်္ကျီအိတ်ထဲမှ သကြားလုံးနှိုက်၍ ပါးစပ်ထဲ ထည့်မြုံ့ နေ၏။ ကောင်းစွာ အရသာတွေ့ပုံရသည်။

အဒမ်က ဘာမှ မပြောဘဲ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်နေ၏။ ထို့ကြောင့် ဆရာကြီးကပင် စပြော၏။

"ကဲ... ဒေါက်တာ၊ ဟိုကိစ္စ ဘယ်လို သဘောရပါသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဟာပါလဲ"

"ကျုပ်ရဲ့ ဆေးရုံကြီးကိစ္စလေ"

"ဟာ...ပြည်နယ်သားတွေအတွက် ကောင်းတာပေါ့၊ ပြီးတော့ ခင်ဗျား အတွက် မဲလည်းရနိုင်တာပေါ့"

"မဲကိစ္စကို ထည့်မပြောစမ်းပါနဲ့လေ၊ တခြားနည်း မဲရနိုင်တာတွေ အများကြီးပါ"

"ကျွန်တော်ကတော့ အဲသလို နားလည်ထားတာပဲ" ဟု အဒမ်က ပြန်ပြောကာ ငြိမ်နေပြန်သည်။

"ဒါပေမယ့် ဒေါက်တာ၊ ခင်ဗျား တာဝန်မယူရင်တော့ ကောင်းသင့် သလောက် ကောင်းမှာ မဟုတ်ပေဘူး"

"ကျွန်တော် လုပ်ပိုင်ခွင့် အပြည့်ရထားမှ ဖြစ်မယ်ထင်ပါတယ်"

"မပူပါနဲ့လေ၊ ဘာမှ ဝင်မစွက်ပါဘူး၊ စိတ်ချပါ၊ ဒါပေမယ့် မကြိုက်ရင် တော့ ထွက်စာတင်ရမှာပေါ့" ဟု ဆရာကြီးက ရယ်လျက် ပြောလိုက်သည်။

"အလို... ဒါဟာ ခြိမ်းခြောက်လိုက်တာဆိုရင်တော့ ပြန်ပေဦးတော့၊ ခင်ဗျားခေါင်းဆောင်နေတဲ့ ပြည်နယ်အစိုးရအပေါ် ကျုပ်သဘောလည်း ခင်ဗျား သိပြီးသားပါ၊ ဒါ လျှို့ဝှက်နေစရာလည်း မလိုပါဘူး၊ သဘောပေါက်တယ်နော်" ဟု အဒမ်က ပြန်ပြောသည်။ ဖျော့တော့သော မျက်လုံးပြာကြီးများပင် တောက် ပြောင်လာသည်။

"ဒီမယ်ဒေါက်တာ၊ ကျုပ် ပွင့်ပွင့်လင်းလင်း ပြောတော့မယ်၊ ဒေါက်တာ ဟာ နိုင်ငံရေး နားမလည်ဘူး၊ နိုင်ငံရေးသမားအဖြစ်ဆိုရင် အတိုက်အခံ ဘယ် လောက် များများ၊ ခင်ဗျားလိုပဲ မကြိုက်တဲ့လူတွေက ဘယ်လောက် အော်နေ အော်နေ၊ ဒီပြည်နယ်တင်မက နောက်ထပ်ပြည်နယ် ၁၀ ခုလောက်တောင် ကျုပ်ကောင်းကောင်း ကိုင်ထားနိုင်ပါတယ်၊ ဒေါက်တာ့ကို ကျုပ်စော်ကားမော်ကား ပြောတာ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒေါက်တာဟာ နိုင်ငံရေးကို နားမလည်ဘူး ဆိုတာတော့ ပြောချင်တယ်"

"တချို့လောက်တော့ နားလည်ပါတယ်"

"ဟုတ်ပါတယ်၊ တချို့ကိုတော့ နားမလည်ဘူး၊ တချို့ကိစ္စတွေမှာ ကျုပ်လည်း နားမလည်တာတွေ ရှိသလိုပေါ့၊ တစ်ခုပဲကွာတာက နိုင်ငံရေးကိစ္စ တစ်ခု ပြီးအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ ဒေါက်တာ မသိပေမယ့် ကျုပ်က သိနေပါတယ်၊ အားလုံးမရပေမယ့် နိုင်တဲ့ကိစ္စမှာတော့ အင်ပြည့်အားပြည့် နိုင်ရ ပါလိမ့်မယ်၊ လုပ်မယူရင် မရတာတွေ ရှိတယ်၊ ဥပမာ ဒေါက်တာရဲ့ မိဘတွေ

www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်တော့ မျိုးရိုးနာမည်နဲ့ အမွေတွေ ချန်ပေးခဲ့တာ မှန်တယ်၊ ဒါပေမယ့် သူတို့ မပေးနိုင်ခဲ့တာလည်း ရှိပါတယ်၊ အဲဒါကလည်း ဒေါက်တာ သိပါတယ်လေ"

"ဗျာ... ဘာပါလိမ့်"

"စေတနာနဲ့ လုပ်ရပ်ကောင်းပေါ့ ဒေါက်တာ၊ အဲဒါ ဘယ်သူ့မှ ပေးခဲ့လို့ မရဘူးလေ၊ လုချင်ရင် လုပ်ယူရတယ်၊ ဒေါက်တာဟာ ဒါကို အနစ်နာခံပြီး ရအောင်ယူထားနိုင်ပါတယ်၊ ဒီလို လုပ်ယူမှလည်း ဒါမျိုးက ရနိုင်တာကိုး"

အဒမ်က ခုမှကြားဖြတ် ပြောလာသည်။

"တစ်ခုတော့ ကျွန်တော် မေးစမ်းပါရစေ၊ ခင်ဗျား ပြောတဲ့အတိုင်း အစမကောင်းပေမယ့် နောင် ကောင်းလာနိုင်တယ်ဆိုရင် အကောင်းဆိုတာ ဘယ်လိုဟာလဲလို့ ဘယ်လို သိနိုင်ပါ့မလဲ"

"အကောင်းဆိုတာ အဆိုးတွေထဲက ထုတ်ယူရတာမျိုးပဲ၊ လုပ်ရင်း ကိုင်ရင်း ဘယ်ဟာအဆိုး၊ ဘယ်ဟာအကောင်းဆိုတာ သိလာရတာပေါ့"

"ဩော်... လုပ်ရင်း ကိုင်ရင်း အကောင်းကို ဖော်ထုတ်လာနိုင်တယ် ဟုတ် လား"

"ဟုတ်တယ် ဒေါက်တာ၊ လူတွေ နှစ် သန်းချီပြီး လုပ်လာတာတွေကို ဒေါက်တာ ဘယ်လို သတ်မှတ်မလဲ၊ ပထမဆုံး လူသားဟာ လုပ်ရင်း ကိုင်ရင်းနဲ့ အဆိုးတွေကို ဖယ်ပြီး အကောင်းကို တီထွင်ဖော်ထုတ်ထားခဲ့တယ်၊ သူ့အတွက် လိုအပ်မယ့် ကိစ္စ၊ သူ့အတွက် ကောင်းမယ့်ကိစ္စတွေကို သူတီထွင် ဖော်ထုတ်သွားတာပေါ့။ အမှန်တော့ သူတီထွင်ဖော်ထုတ်တာဟာ အကောင်းလို့ ဆိုပေမယ့် သူလိုချင်သလောက်တော့ ဘယ်တော့မှ ကောင်းတယ်၊ ပြည့်စုံတယ် တော့ မရှိဘူး၊ နည်းနည်းကလေးတော့ မမိမကမ်း ဖြစ်နေတတ်တယ်။ ဒီမှာတင် အပြောင်းအလဲဆိုတာတွေ ပေါ်လာတတ်တယ်ပေါ့ ဒေါက်တာ၊ လူတွေ ပြောနေကြတဲ့ အမှန်တရားဆိုတာဟာလည်း ဒီလိုပါပဲ၊ လိုအပ်ချက်ထက် နည်းနည်း မမိမကမ်း နောက်ကျနေတတ်တာချည်းပဲ။ ဥပမာ လူတစ်ယောက်ဟာ လုပ်ငန်း တစ်ခု လုပ်နေရင်း အမှန်တရားဆိုတာ ဘယ်လိုဟာလဲလို့ သိလာတဲ့အခါ ရပ် ထားလိုက်တယ်၊ အဲဒီလူဟာ သူ့ရဲ့ကောင်းကြီး ဖြစ်လာပါလေရော၊ ယေဘုယျ လူထုကြီး...တစ်နည်းအားဖြင့် လူ့အဖွဲ့အစည်းကတော့ ဒီလို မဟုတ်ဘူး၊ ဆက် လုပ်သွားလေ့ရှိတယ်၊ ဒီတော့ လူ့အဖွဲ့အစည်းက အမှန်တရားနဲ့ ပတ်သက်လို့ စံသစ် သတ်မှတ်လာပါလေရော၊ လူ့အဖွဲ့အစည်းဆိုတာက ဘယ်တော့မှ ကိုယ့် သေတွင်း ကိုယ်မတူးဘူး၊ ဒါက ကျုပ်ပြောချင်တဲ့ တကယ့် အဓိကအလက်ပါပဲ ဒေါက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ခင်ဗျား ကျုပ်ကို ခံယူလာစေချင်တဲ့ အခြေအနေဆိုပါတော့၊ ဒါတွေ မလိုပါဘူးဗျာ၊ ကျုပ်ပြောပြီးပြီ မဟုတ်လား၊ ကျုပ် ခင်ဗျားရဲ့ ကမ်းလှမ်းချက်ကို လက်ခံမယ်၊ ဒါပေမယ့် ဒါဟာ ခင်ဗျားကြောင့် မဟုတ်၊ ကျုပ်အကြောင်းနဲ့ ကျုပ် လက်ခံလိုက်တာပါပဲ"

ဆရာကြီးက ဖြည်းဖြည်းသာသာ ပြုံးပြီး ပြောသည်။

"မှန်တယ်၊ ကိုယ့်အကြောင်းနဲ့ ကိုယ်ပေါ့၊ ဒါပေမယ့် ကျုပ်အကြောင်းနဲ့ ကျုပ် ၎င်မြင်ချက်ကိုလည်း ခင်ဗျားသိဖို့ လိုမယ်ထင်တယ်၊ ဘာကြောင့်လဲ ဆိုတော့ ကျုပ်တို့ဟာ လုပ်ငန်းတစ်ခုကို လက်တွဲလုပ်သွားကြရမှာကိုး"

"လုပ်ငန်းသဘော အရကတော့ ကျုပ်က ဆေးရုံကိစ္စ ဦးဆောင်ညွှန်ကြားသွားမှာပဲလေ၊ ဒါကို ခင်ဗျားနဲ့ လက်တွဲလုပ်တယ်လို့ ယူဆချင်လည်း ယူဆနိုင်ပါတယ်"

ဆရာကြီးက ရယ်ပါ၏။ ထို့နောက် ကုလားထိုင်မှ ထလိုက်ရင်း ပြော၏။

"မပူပါနဲ့ ဒေါက်တာ၊ ဒေါက်တာလည်း ဘာမှ မဖြစ်စေရပါဘူး၊ ဒေါက်တာ့ကို အဲဒီ ဒေါ်လာ ခြောက်သန်းတန် ဆေးရုံကြီးမှာ တာဝန်ပေးသွားပါမယ်၊ လိပ်ပြာသန့်သန့်နဲ့ အလုပ်လုပ်ပါ" ဟု ပြောရင်း ဆိုရင်း ဒေါက်တာ့ အနားကပ်သွားပြီး ပခုံးကို ပုတ်လျက် ထပ်ပြော၏။

"ဟုတ်ပြီနော် ဒေါက်တာ၊ ဘာမှ မပူနဲ့တော့"

ဒေါက်တာ ပခုံးပေါ်မှ လက်ကို ငုံ့ကြည့်ရင်း ပြော၏။

"စိတ်ချပါ၊ ကျုပ်ကိုယ်ကျုပ် ထိန်းနိုင်ပါတယ်"

"သိပ်ဟုတ်တာပေါ့" ဆရာကြီးက အဒမ်၏ ပခုံးပေါ်မှ လက်ကို ပြန်ရုပ်ကာ ပြောလိုက်သည်။ အသံမှာလည်း ချက်ချင်းပြောင်းသွားပြီး အလုပ်သဘောဆန်ဆန် ဆက်ပြောသည်။

"ဒေါက်တာ့အနေနဲ့ ကျုပ်တို့ ဘယ်လို စီမံကိန်းတွေ လုပ်ထားတယ်ဆိုတာ သိချင်မှာပေါ့၊ ဒီတော့ ဒေါက်တာနဲ့ တွဲလုပ်မယ့် အလုပ်အဖွဲ့ကို စပြီး စုပေတော့"

ထို့နောက် ဆရာကြီးသည် အဒမ် ဘာမျှ ပြန်မပြောနိုင်မီ တံခါးဘက် လှည့်ထွက်သွားတော့၏။ ကျွန်တော်နှင့် ဖိုးသကြားတို့လည်း နောက်မှ လိုက်သွားကြ၏။

ကာဒီလက်ကားကြီးပေါ် ကျွန်တော်အတက် အဒမ်၏ အခန်းဆီမှ စန္ဒရားသံ ပြန့်ထွက်လာသည်ကို ကြားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် နောက်မှီပေါ် လဲလျောင်းရင်း မျက်လုံးစုံမှိတ်ကာ ဆရာကြီးနှင့် အဒမ်အခန်းထဲ၌ မျက်နှာချင်းဆိုင် ဆုံခဲ့ကြပုံကို ပြန်တွေးနေမိသည်။ ဤမြင်ကွင်းမျိုးကို ကျွန်တော် လုံးဝ မမျှော်လင့်ခဲ့။ သို့ရာတွင် တကယ်ပင် သူတို့ ဆုံခဲ့ကြပြီ။ ကျွန်တော်သည် ဆရာကြီးပြောခဲ့သော စကားများထဲမှ အဆိုးထဲက အကောင်းထုတ်ယူခြင်းဟူသည့် အစိပ္ပာယ်ကို တွေးမိပြန်သည်။ တကယ်ပဲလား။ တစ်ချိန်ချိန်တွင်တော့ *ဆရာကြီးကို ဒီအကြောင်း မေးရဦးမည်။*

သည့်အပြင် အခြား တွေးစရာကလေး တစ်ခုလည်း ခေါင်းထဲ ဝင်လာပြန်သည်။ ဟိုဆိပ်ခံတံတားပေါ်၌ အင်နီနှင့် စကားပြောခဲ့ပြီးသည်မှ စ၍ ဤအတွေးဝင်နေခဲ့သည်။ အင်နီသည် အဒမ်အား ဆရာကြီး၏ ဆေးရုံကြီးအတွက် တာဝန်ယူရန် ကမ်းလှမ်းချက်ကို ဘယ်ပုံဘယ်နည်း သိရှိခဲ့ချေသနည်း။

တစ်ခုတော့ သေချာသည်။ အင်နီကို ကျွန်တော်က ပြောခဲ့ခြင်း မဟုတ်သည်မှာ သေချာသည်။

အဒမ်ကို ကျွန်တော် နောက်ထပ် သွားတွေ့သောအခါ သူ၏ မူလအလုပ်များအပြင် ဆေးရုံသစ်ကြီးအတွက်ပါ တပင်တပန်း အလုပ်များလျက်ရှိနေရှာ၏။ ကျွန်တော်က ဆေးရုံသစ်အကြောင်း မေးသောအခါ စကားစရုံမျှရှိသေး၊ ထိုအကြောင်း မဆွေးနွေးလိုပါဟု ဆို၏။ သူ့အသံမှာ ခွဲစိတ်ဆရာဝန်၏ မာနှယ် စူးရှနေသည်။ ထို့ကြောင့် ကျွန်တော်က တခြားနည်း လှည့်မေးသည်။

"အဒမ်၊ ဆေးရုံကိစ္စ မင်းကို ကမ်းလှမ်းတဲ့အကြောင်း သူငယ်ချင်းက အင်နီကို ပြောပြလိုက်တာလား"

"မဟုတ်ဘူး၊ ကိုယ် သူ့ကို မပြောပါဘူး၊ ကဲ တော်စမ်းပါကွာ၊ ဒီအကြောင်း မပြောပါနဲ့ဆိုနေ..."

"ဒါဖြင့်လည်း ကောင်းပြီလေ" ဟု ကျွန်တော်က ပြန်ပြောလိုက်သည်။ ကျွန်တော့်အသံမှာ တစ်မျိုးဖြစ်နေပုံရသည်။ အဒမ်က ပြန်မေးလာသည်။

"သူငယ်ချင်း ဘာလို့ သိချင်နေတာလဲ"

"စူးစမ်းတဲ့ သဘောပါပဲကွာ၊ ထားပါတော့လေ၊ ကိုယ် သတိရပြီ၊ အင်နီကို ကိုယ်ပဲ ပြောခဲ့တာပဲ"

အမှန်စင်စစ် ကျွန်တော် လုံးဝ မပြောခဲ့။ အဒမ်လည်း မပြောပါဘဲလျက် အင်နီ သိနေခဲ့ချေသည်။ အင်နီကို မည်သူပြောသနည်း။ အမှတ်တမဲ့ ပြောကြရာမှ ကြားသိသွားခြင်း ဖြစ်လိမ့်မည်ဟူ၍သာ တွေးလိုက်ရတော့သည်။

သို့ရာတွင် ယင်းသို့ အမှတ်တမဲ့ အာချောင်မှုမျိုးကို ဆရာကြီး လုံးဝ မကြိုက်။ ဆရာကြီးသည် ရည်ရွယ်ချက်ဖြင့် တမင် အာချောင်ခြင်းမှလွဲ၍ စကားအစွန်းအစ ထွက်ခြင်းမျိုးကို ဘယ်တော့မှ ခွင့်မပြု။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ အင်နီကို ဘယ်သူပြောကြောင်း ကျွန်တော် သိလာရပါချေ၏။

မေလလယ် တစ်ခုသော သာယာလှသည့် နံနက်ခင်းတွင်ဖြစ်သည်။ ကျွန်တော်သည် ရုံးခန်းမှနေ၍ ဘုရင်ခံရုံးကြီးပတ်လည်ရှိ စိမ်းစိုသော သစ်ပင်များကို လှမ်းကြည့်နေမိ၏။ ထိုနောက် ကုလားထိုင်ပေါ် ပြန်မှီထိုင်ရင်း မျက်လုံးစုံမှိတ်ကာ ဟိုစဉ်းစား ဒီစဉ်းစား လုပ်နေသည်။ ထိုအချိန်တွင် ကျွန်တော့်အခန်းထဲသို့ ဒေါသတကြီး ဖြစ်နေသော ဆာဒီဝင်လာပြီး စားပွဲရှေ့၌ ရပ်လာသည်။ တော်တော်နှင့် စကားမပြောနိုင်သေး၊ ယခင်တစ်ခါ ဆရာကြီးက အခြားမိန်းကလေးတစ်ဦးနှင့် အခန်းထဲ ပလူးနေသည်ကို သူတွေ့ခဲ့ရချိန် ဒေါပွသည်မှအပ ယခုပုံစံမျိုး မတွေ့မိဖူးသေး၊ ခဏနေတော့မှ ဆာဒီ စကားစ ပြောနိုင်၏။

"လုပ်ပြန်ပြီ နောက်တစ်ခါ၊ ကျွန်မ သူ့ကို သူ့ကို..."

"သူ ဘာလုပ်ပြန်တာလဲ ဆာဒီ"

"ဘာလုပ်ရမှာလဲ၊ သူ့မှာ နောက်ထပ် တခြား မိန်းမတစ်ယောက် ရနေပြန်ပြီ"

"မဟုတ်တာ ဆာဒီရယ်၊ သူ့မှာ မယားကြီးလူစိ ရှိတယ် မဟုတ်လား"

"ဩ...ရှင်တို့ ဘော်တော် တော်တဲ့ မိတ်ဆွေကြီးတွေပဲ၊ ဘာအကြောင်းမှ ရှင်တို့ မသိဘူး..."

"ဘာတွေ လာပြောနေတာလဲ ဆာဒီ..."

"ကျွန်မဟာ အထက်တန်းကျတဲ့ မိန်းမ မဟုတ်ပါဘူးရှင့်၊ ပြီးတော့ အိမ်စုတ်ကလေးနဲ့ နေနေရသူပါ၊ ဒါပေမယ့် သူဟာ ကျွန်မကြောင့်သာ မဟုတ်ရင် ခုလို ဘုရင်ခံကြီး ဘဝကို ဘယ်လိုမှ ရောက်မလာနိုင်ဘူးဆိုတာ သူလည်း သိပါတယ်၊ ဟင်း... ဒီမိန်းမတော့ သိမယ်၊ သတိသာထားနေပေတော့"

"ဟ...ဘာတွေလဲ ဆာဒီရ ဆိုစမ်းပါဦး"

"ဘာတွေ ပြောနေတာလဲ ရှင်သိပါတယ်လေ၊ ရှင်ကတော့ ဒီမှာ ထိုင်လို့၊ ပြုံးလို့ ဟုတ်လား၊ ရှင် ယောကျ်ားမှ ဟုတ်ရဲ့လားရှင့်၊ ယောကျ်ားဆိုရင်တော့ ရှင် အခုသွားပြီး ဝီလီကို ဆွဲထိုးမှာပဲ၊ ဝီလီနဲ့ အခု နောက်ဆုံး ရှုပ်နေတာ ဘယ်သူလဲ သိရဲ့လား၊ အဲဒါ ရှင့်ရည်းစားရှင့်၊ အင်းလေ ရှင်လည်း အဲ...အ...သွားလုပ်ထားသလားမှ မသိဘဲ၊ ဟို ဒေါက်တာလိုပဲ နေမှာပေါ့၊ ရှင့်ကိုလည်း ညွှန်ကြားရေးမှူးရာထူး ပေးလိမ့်ဦးမယ်ထင်ရဲ့"

ကျွန်တော်သည် ဝေါက်ခနဲ ခုန်၍ ထလိုက်မိပါ၏။ ရုတ်တရက် ထလိုက်သဖြင့် သွေးများဆုဝေကာ ခေါင်းထဲ၌ မိုက်ခနဲပင် ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆာဒီ မင်းပြောနေတာ ဟို... ဟို"

ကျွန်တော်သည် ဒေါသတကြီးဖြင့် မေးရန် ပြင်လိုက်ပြီးမှ အင်နီစတန်၏ အမည်ကို နှုတ်မှ မထွက်ရက် ဖြစ်နေသည်။ ဆာဒီက ကျွန်တော့်အခြေအနေကို သိဟန်ဖြင့် သူကပင် ထုတ်ပြောလိုက်သည်။

"ဟုတ်တယ် ဟုတ်တယ်၊ ဟို အင်နီစတင်တန်ဆိုတဲ့ မိန်းမ"

ကျွန်တော် ဆာဒီကို စိုက်ကြည့်နေမိပြီး သူ့အတွက် ဝမ်းနည်းလာမိပါ၏။ ကိုယ့်ကိုယ်ကိုယ်ပင် အံ့အားသင့်မိသည်။ ကျွန်တော်သည် ဆာဒီအတွက် စိတ်မကောင်း ဖြစ်နေရုံမှအပ အခြား ခံစားချက် မရှိ။ ကျွန်တော့်အတွက် ဝမ်းနည်းစိတ်မပေါ်လာ၊ ကျွန်တော့် တစ်ကိုယ်လုံး သစ်သားတုံးကြီးလို တောင့်တင်းနေသည်။ သို့ရာတွင် အံ့သြစရာပင်။ ကျွန်တော့်ခြေထောက်များသည် ကောင်းစွာ လှုပ်ရှားနိုင်သည်ကို တွေ့ရသည်။ ကျွန်တော်သည် ဦးထုပ်ဆောင်းလိုက်ပြီး အပြင်သို့ တည့်တည့်ထွက်လာခဲ့သည်။

အခန်းအပြင်သို့ ရောက်သော် ကမ္ဘာကြီးသည် ကြီးမားလှပါတကားဟူသော အတွေးတစ်ရပ် ဝင်လာမိသည်။ ကျွန်တော် ခြေဦးတည့်ရာ လျှောက်သွားနေသည်မှာ အတော်ကြာသွားသည်။ နောက်ဆုံးတွင်ကား အိမ်ခန်းတစ်ခု၏ တံခါးဝသို့ ကိုယ့်ဘာသာကိုယ်ပင် သတိမထားမိဘဲ ကျွန်တော် ရောက်နေကြောင်း သိလိုက်သည်။ အင်နီ၏ အခန်းပါတကား။ ထိုနောက် တံခါးပွင့်လာသည်။ ကျွန်တော် ဝင်လိုက်သည်။ အင်နီစတင်တန် ရပ်နေပါသည်။ ဖျော့တော့သော အပြာရောင်ဝတ်စုံနှင့် မိန်းကလေး။ သူမ၏ မျက်နှာကို မကြည့်ဘဲ အင်နီစတင်တန်ဆိုတာ ကျွန်တော် သိပါသည်။ ကျွန်တော်သည် သူမ၏ မျက်နှာကို ကြည့်လိုက်သောအခါ သူမက တည်ငြိမ်စွာ ပြန်ငေးကြည့်နေသည်။ ကျွန်တော် ဘာမှ မပြောပါ။ ပြောဖို့လည်း မလိုပါ။ ကျွန်တော့်ကို ကြည့်လျက် သူမက ဖြည်းညင်းစွာ ခေါင်းညိတ်ပြလိုက်ပါပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

မေလကုန် လှပသော ဃိုလာ့ဖ်နံ့နက်ခွင်းဝယ် အင်နီစတင်တန်၏ အခန်းသို့ ကျွန်တော် ရောက်သွားခဲ့ပြီးနောက် ကျွန်တော်သည် မြို့မှ ရှစ်ရက်ခန့် ကင်းကွာသွားခဲ့သည်။ အင်နီအခန်းမှ ပြန်လာလာချင်း ဘဏ်သို့ သွားသည်။ ငွေထုတ်သည်။ ခရီးဆောင်ပစ္စည်းများ ယူသည်။ ပြီးတော့ ကျွန်တော် ခရီးနှင်ခဲ့ပါသည်။ အမေရိကန် ပြည်ထောင်စု အနောက်ပိုင်းတစ်ခွင်ရှိ တက္ကဆက်၊ နယူးမက္ကဆီကို၊ အာရီဇိုးနားနှင့် ကာလီဖိုးနီးယားပြည်နယ်လေးခု၌ ခရီးလှည့်နေခဲ့သည်။ ကာလီဖိုးနီးယားတွင် လောင်းဘိချ်၌ ခေတ္တနားသည်။ ခရီးတစ်လျှောက်လုံး အရက်မသောက်ဖြစ်ခဲ့။ ယခုတော့ အရက်ပုလင်းဝယ်ပြီး တည်းခိုရာဟိုတယ်သို့ တက်ခဲ့သည်။ အရက်မသောက်လျှင် အိပ်၍လို့ မရတော့ကြောင်း ကျွန်တော်သိသည်။

လောင်းဘိချ်၌ ၃၆ နာရီတိတိ နားနေခဲ့ရာ ဆံပင်ညှပ်ဆိုင်သွားသော မိနစ် ၄၀ မှအပ ဟိုတယ်ခန်းထဲ၌ပင် အောင်းနေခဲ့၏။ ထိုနောက် ကျွန်တော် အပြန်ခရီးစသည်။ အနောက်ပိုင်းသို့ ခရီးနှင်လာခဲ့စဉ်တုန်းက တစ်လျှောက်လုံး သတိရနေခဲ့သော အကြောင်းအရာ အားလုံးကို တစ်ခုမှ စိတ်ထဲ အမှတ်မထားတော့။

သို့ရာတွင် ဟိုရှေးယခင်က အကြောင်းများကို ထူးထူးခြားခြား ကျွန်တော် ပြန်လည် အမှတ်ရမိနေသည်။ ကျွန်တော်သည် မီးလင်းဖိုရှေ့၌ ထိုင်နေစဉ် လူကြီးတစ်ယောက်က ကျွန်တော့်ကို ပွေ့ဖက်ထားသည်။ သူ့လက်ထဲ၌ ချိုချဉ် ထုပ်ကလေး ကိုင်ထားကာ 'တစ်လုံးပဲ စားတော့နော်၊ ညနေစာပြင်ပြီးနေပြီ ခုပဲ "ထမင်းစားတော့မှာ" ဟု ပြောသည်ကို ကျွန်တော် အမှတ်ရနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နံနက်အရုဏ်ရောင်ခြည် ဖြာချိန်တွင် တရားသူကြီးအာဝင်က ကျွန်တော့်ကို ဖက်ထားကာ ဘဲငန်းများ ပစ်ပုံပစ်နည်း သင်ပေးနေပုံကို အမှတ်ရနေသည်။ ကျွန်တော့်မိခင် နောက်အိမ်ထောင်များ ထူခဲ့၍ တွေ့ဆုံခဲ့ရသော ပထွေးများကို အမှတ်ရနေသည်။

အဒမ်စတင်တန်နှင့် ကျွန်တော် လေ့လော့ရှက်တိုက်ခဲ့ကြပုံကို အမှတ်ရနေသည်။ အဲဒီတုန်းက အင်နီစတင်တန်လည်း အမြဲပါလာတာပါပဲလား။

တောက်ပသော နေ့ရက်အားလုံးကို အင်နီကသာ လွှမ်းမိုးနေခဲ့သည်။ ထို့နောက် ကျွန်တော်၏ ညပေါင်းများစွာကိုပါ အင်နီက လွှမ်းမိုးလာခဲ့ပြန်သည်။

ထိုစဉ်က ကျွန်တော် အသက် ၂၁ နှစ်ပြည့်သောနှစ်။ အင်နီက • ၁၇ နှစ်ပြည့်သော နွေရာသီ။ ကျွန်တော်သည် အဒမ်နှင့် တစ်နေကုန် ရှိနေသည်။ အင်နီသည်လည်း ကျွန်တော်တို့နှင့်အတူ။ ညစာစားပြီးချိန်တွင် တစ်ဖန် တပူးတွဲတွဲ ရှိနေကြပြန်သည်။ သူ့အိမ်၊ သို့မဟုတ် ကျွန်တော့်အိမ် ဝရန်တာအောက်၌ ထိုင်ရင်း၊ ရုပ်ရှင်သွားကြရင်း၊ ညည့်ဦးပိုင်းလရောင်အောက် ရေကူးရင်း အချိန်ကုန်လွန်ခဲ့ကြပါ၏။

တစ်ည...

ထိုတစ်ညက ကျွန်တော် အင်နီတို့အိမ် ရောက်သွားချိန် အဒမ်မရှိ။ ကျွန်တော်က အင်နီကိုခေါ်ပြီး ရုပ်ရှင်သွားကြည့်သည်။ အပြန်လမ်း၌ ကားရပ်ပြီး ပင်လယ်ကွေ့အတွင်း လှမ်းမျှော်ကြည့်နေခဲ့ကြသည်။ လရောင်သည် တငြိမ့်ငြိမ့် ရေမျက်နှာပေါ်ဝယ် ဖြူအေးသော မီးတောက်တစ်ခုနှယ် ထင်ဟပ်နေသည်။ ကျွန်တော်နှင့် အင်နီသည် ကားထဲ၌ ထိုင်ကာ ကြည့်ခဲ့သော ရုပ်ရှင်ကားအကြောင်း ငြင်းကြခုံကြသည်။ စကားရပ်သွားချိန် အင်နီ၏ လက်ကလေးကို လှမ်းကိုင်ဆွဲယူလိုက်ရန် စဉ်းစားမိ၏။ သို့သော် မကိုင်ဖြစ်ခဲ့။ နှစ်ဦးအကြား မိုင်တစ်ထောင်ခန့် ကွာလှမ်းနေသည်ဟု စိတ်ထဲဝင်နေမိ၏။

ကျွန်တော့်စိတ်ထဲ ဘာဖြစ်နေကြောင်း အင်နီသိပုံရပါ၏။ ခဏအကြာ ကျွန်တော် သူ့နာမည်ခေါ်လိုက်ရာ ငြိမ်ငြိမ်နေဟု အရိပ်ပြသည်။ လရောင်ကိုကြည့်ရင်း ဖိမ်ခံနေပုံရသည်။

ည ၁၁ နာရီ ၄၅ မိနစ် ရထားဝင်လာသည်။ ဥသြသံ ကြားသဖြင့် ပြန်ချိန်တန်ပြီဟု သတိရ၏။

ထိုညက ဘာမျှ မပြောဖြစ်ကြဘဲ အင်နီကို အိမ်ပြန်ပို့၊ ကျွန်တော်လည်း အိမ်ပြန် အိပ်ရာဝင်သည်။ ထိုညက တော်တော်နှင့် အိပ်မပျော်။ အင်နီနှင့်အတူ ပင်လယ်ကွေ့လရောင်အောက် ရေကူးခဲ့ကြစဉ် အင်နီ၏ အလှသည် ခေါင်းထဲ

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာခဲ့၏။ ခရမ်းပြာ ကောင်းကင်နောက်ခံဝယ် ငှက်ဖြူကလေးများ ပျံဝဲလျက်။ အင်နီသည် ရေထဲ၌ ပက်လက်မျောကာ မျက်လုံးကို စုံမှိတ်ထားသည်။ ခဏအကြာတွင် ကျွန်တော် ဘာဖြစ်နေကြောင်း ကိုယ့်ဘာသာကိုယ် သိလာသဖြင့် အိပ်ရာမှ မြုံးမြုံးကြွကြွထလျက် အသက်ဝအောင် ရှုကာ ကိုယ်ကို ဆန့်ရင်း တစ်ဦးတည်း ရေရွတ်မိသည်။

"ကိုယ့်လူ...မင်းတော့ အင်နီကို ချစ်နေပြီ"

ညည ကျွန်တော်နှင့် အင်နီ နှစ်ဦးတည်း မကြာခဏ တွေ့လေ့ရှိပါ၏။ ဘာဒင်လင်းဒင်း မြို့ပြင်သို့ထွက်၍ အပျင်းပြေ ကားလျှောက်စီးလေ့ ရှိခဲ့သည်။ ကားရပ်လိုက်ပြီဆိုလျှင် သူ့ကို ရင်ခွင်ထဲ ပွေ့ယူရန် ကြိုးစားသဖြင့် ချစ်စနိုး ရုန်းကန်သံများ ဆူညံသွားတတ်ပါ၏။ ရုန်းကား ရုန်း၏။ သို့သော် နောက်ဆုံး အင်နီတစ်ယောက် ကျွန်တော့်ရင်ခွင်ထဲ ရောက်လာသည်သာ ဖြစ်ပါ၏။ ထိုနောက်တွင်ကား လက်ထပ်ပြီးချိန် ဘာလုပ်ကြမည်၊ ညာလုပ်ကြမည် စသဖြင့် ရေ့ရေး ဆွေးနွေးကြ၏။

နွေရာသီကုန်ဆုံးခါနီး ညတစ်ညဝယ် အင်နီက ကျွန်တော်၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ရည်ရွယ်ချက်ကို မေးမြန်းသည်။ တစ်မိနစ်ခန့် ကျွန်တော် မဖြေသေးဘဲနေပြီး ခေတ္တစဉ်းစားကာ ပြန်ပြောလိုက်သည်။

"ဥပဒေပညာဘက် လိုက်မလား စဉ်းစားထားတာပဲ အင်နီ"

"အခု ချက်ချင်း စဉ်းစားလိုက်တာလား ဂျက်" ဟု အင်နီက ပြန်မေးသည်။ မှန်ပါသည်။ ကျွန်တော်သည် ထိုခဏချင်းမှာပင် စဉ်းစားလိုက်ခြင်း ဖြစ်သည်။ ကျွန်တော့် အနာဂတ်ရေးဆိုသည်ကို ရေရေရာရာ စဉ်းစားဖူးခဲ့ခြင်း မရှိ။ ကျွန်တော် ထိုကိစ္စကို ဂရုတစိုက် တွေးဆခဲ့ဖူးခြင်း မရှိ။ တက္ကသိုလ်ဘွဲ့ တစ်ခုခုရပြီးလျှင် အလုပ်တစ်ခုခုတော့ လုပ်ဖြစ်လိမ့်မည်။ ဘာအလုပ်ပဲဖြစ်ဖြစ်လေ။ အလုပ်တော့ လုပ်ဖြစ်မှာပေါ့။ ဒီတော့ လခလေး ဘာလေးရမည်။ သုံးတာလည်း သုံး၊ စုဆောင်းတာလည်း စုဆောင်း။ တနင်္လာနေ့ မနက်တိုင်း အလုပ်ကိုသွား၊ သည်လိုပဲ နေမည်ပေါ့။ ဘာကြီးလုပ်ရမှ၊ ဘာကြီး ဖြစ်ရမှဆိုတဲ့ ရည်မှန်းချက်တွေ ကျွန်တော့်မှာ မရှိခဲ့ပါ။

"ဒီမယ်...အင်နီ၊ ဘာပဲဖြစ်ဖြစ်လေ၊ မင်းကို မငတ်အောင်တော့ ကိုယ် လုပ်ကျွေးနိုင်ပါတယ်၊ မင်းရဲ့ လက်ရှိ အဆင့်အတန်းထက် မနိမ့်စေရဘူး၊ အဲ... မင်းက အိမ်ကြီးဂေဟာကြီးနဲ့၊ အဝတ်အစားတွေ အလျှံပယ်နဲ့ ပါတီပွဲတွေ ပေးချင်နေရင်တော့..."

www.burmeseclassic.com

www.burmeseclassic.com



"ဂျက်…အင်နီ့အကြောင်း သိတယ် မဟုတ်လား။ အဲဒါမျိုးတွေ ဘယ်တုန်းက သဘောကျခဲ့ဖူးသလဲ၊ ရှင့်ကို ကျွန်မချစ်တယ် ဆိုတာ သိတယ် မဟုတ်လား၊ ရှင်နဲ့သာဆိုရင် တူနှစ်ကိုယ် တဲအိုပျက်မှာ နေရနေရဆိုတဲ့ စကားလိုပဲ၊ ဘယ်လိုပဲနေရ နေရ နေနိုင်တယ်၊ ဒါပေမယ့် ပိုက်ဆံမရတဲ့ အလုပ်မျိုးဖြစ်ပစေ ဂျက်အနေနဲ့ တစ်ခုခုကိုလုပ်ဖို့ ဆန္ဒပြင်းပြစေချင်တယ်၊ ရှင့်မှာ တစ်ခုခုကို ရေရေရာရာ လုပ်ချင်တဲ့ဆန္ဒ ရှိကို ရှိဖို့ လိုနေတယ်ဂျက်" ဟု အင်နီက ပြောသည်။ ကျွန်တော်က ရယ်မောကာ နမ်းဖို့ ကြိုးစားသည်။ ဒါပေမယ့် အင်နီက ခွင့်မပြုဘဲ ရှောင်ဖယ် ရုန်းထွက်သည်။ အိမ်ပြန်တော့မည်ဟု ပြောသည်။ ထိုညက ကျွန်တော့်ကို နှုတ်ဆက်အနမ်းလည်း ပေးမသွား။ 'မင်္ဂလာညပါ' လို့ နှုတ်ဆက်စကားကလေးပင် ဆိုမသွားခဲ့ပေ။

နောက်ည တွေ့ကြသောအခါ အင်နီက စမေးသည်။

"ညကအကြောင်း မှတ်မိလား"

ကျွန်တော်က မှတ်မိကြောင်းပြောရာ…

"ကျွန်မ တမင်တကာ အဲလိုလုပ်တာ သိလား"

စက်တင်ဘာလတွင် အင်နီ ကျောင်းပြန်တက်ရတော့မည်။ မပြန်ခင် နှစ်ရက်အလို တစ်ညတွင် ကျွန်တော်တို့ ရုပ်ရှင်သွားကြ၏။ ရုပ်ရှင်မှအပြန် မိုးကောင်းနေသည်။ ကျွန်တော့်အိမ် သွားပြီး ကော်ဖီပူပူ သောက်ကြရန် ရည်ရွယ်လာခဲ့၏။ ည ၉ နာရီခွဲခန့်သာ ရှိသေးရာ မေမေမရှိ။ မိတ်ဆွေတစ်ယောက် အိမ်၌ ပိုကာသွားဆွဲနေသည်။

အိမ်ထဲအရောက် အပေါ်ထပ် အပြေးတက်ခဲ့ကြ၏။ ကော်ဖီနှင့်စားရန် အသားညှပ်မုန့်လုပ်နေစဉ် တယ်လီဖုန်း လာသည်။ မေမေ့ထံမှ ဖြစ်၏။ မေမေနှင့်အဖွဲ့သည် မိုင် ၄၀ ကွာအရပ်သို့ သွားဦးမည်။ ဘယ်အချိန် ပြန်ရောက်မည် မသိ။ တံခါးသော့မပါခဲ့၍ သော့မခတ်ရန် မှာသည်။ ဖုန်းနားထောင်ပြီးချိန် အင်နီ ကျွန်တော့်အနီးတွင် လာရပ်နေကြောင်း တွေ့ရသဖြင့် ရှင်းပြရ၏။ မေမေသည် သူ့အဖွဲ့သားများနှင့် မိုင် ၄၀ ကွာ မြို့တစ်မြို့သွားကြကြောင်း၊ ဘယ်အချိန် ပြန်ရောက်မည်ပင် မသိ၍ အကြောင်းကြားခြင်းဖြစ်ကြောင်း ပြောပြလိုက်ရ၏။

အင်နီကို ယင်းသို့ ပြောပြနေစဉ် တစ်အိမ်လုံး၌ နှစ်ဦးတည်းရှိသည်ကို သတိထားမိ၏။ အင်နီ၏ မျက်နှာကို ကျွန်တော် ကြည့်လိုက်ရာ သူလည်း အခြေအနေကို သတိထားမိပုံရ၏။

အင်း… နွေတစ်လျှောက်လုံး မျှော်လင့်နေခဲ့ရသော အခွင့်အရေး ရခဲ့ချေပြီတကား။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အိမ်အပေါ်ထပ်တက်ခဲ့ရာ အင်နီလည်း နောက်မှ လိုက်လာခဲ့သည်။ ကျွန်တော့် အခန်းတံခါး ကျွန်တော် တွန်းဖွင့်ဝင်လာသည်တွင် အင်နီလည်း ဝင်လိုက်လာရှာ၏။ အင်နီအခန်းထဲ သုံးလေးလှမ်း ရောက်ချိန် ကျွန်တော် တံခါးပိတ်လိုက်၏။ အင်နီက လုံးဝလှည့်မကြည့်။ ရပ်နေသော အင်နီကို နောက်မှ ကျွန်တော် သိုင်းဖက်လိုက်ပြီး သူ့ခေါင်းကို တယုတယ ကျွန်တော် နမ်းနေမိသည်။

ကျွန်တော့်ဘက် အင်နီလှည့်လာပြီး စကားတိုးတိုးလေး ပြောသည်။

"ဂျက်... အင်နီ အခန်းထဲတောင် လိုက်လာမိနေပြီနော်"

ကျွန်တော်သည် အင်နီ၏ ကိုယ်ပေါ်မှ ဝတ်ရုံဖြူကလေး၏ ကျောဘက်ချိတ်ကို ညင်သာစွာ ဖြုတ်လိုက်သည်။ ကျွန်တော် အထူး သတိထားခဲ့ပါသည်။ အင်နီ၏ အသားကို လက်ဖျားကလေးနှင့်ပင် မထိအောင် ဝတ်ရုံဖြူကလေးကို ဖယ်ရှားပါသည်။ ကျွန်တော့် အသက်ရှူသံများ မြန်လွန်းနေသည်။ လည်ချောင်းထဲ၌ တင်းကျပ်နေပြီး ရင်ထဲ၌ တုန်ခိုက်နေသည်။ ကျွန်တော့်စိတ်အတွေးများသည် ဘယ်တော့မှ အပြီးမသတ်ခဲ့သော လက်စပျိုးထားသည့် စာအုပ်တစ်အုပ်ဆီသို့ ရောက်သွားသည်။ ထိုနောက် ကောလိပ်ကို ပြန်ရောက်လျှင် ဘယ်နေရာ နေရင် ကောင်းမလဲဟူသော အတွေး။ ပြီးတော့ ငယ်ငယ်တုန်းက သွားခဲ့ဖူးသော လယ်ကွင်းတစ်ခု၏ မြင်ကွင်း။ ထိုတစ်ဒင်္ဂအတွင်း ကျွန်တော့်စိတ် အတွေးများသည် လွင့်မျော ပျံ့နှံ့လျက် ရှိသည်။

ကျွန်တော် အင်္ကျီကြယ်သီးများကို တုန်တုန်ယင်ယင်ဖြင့် ကြိုးစားဖြုတ်နေချိန်တွင်မှ အင်နီသည် ခုတင်ပေါ် သွားထိုင်လေသည်။ အင်နီသည် ဒူးကလေးကို ယှက်လက် ထိုင်နေကာ ကျွန်တော့်ကိုလည်း အသားနားခံ မျက်နှာကလေးဖြင့် လှမ်းကြည့်နေရှာပါ၏။ သို့မဟုတ်ပါက မေးခွန်းထုတ်နေသော မျက်နှာကလေးဖြင့် လှမ်းကြည့်နေရှာပါ၏။ ထိုနောက် အင်နီသည် အိပ်ရာပေါ် အသာလှဲချလိုက်လျက် မျက်စိစုံမှိတ်နေရှာတော့သည်။

ခရမ်းပြာကောင်းကင်နောက်ခံဝယ် ငှက်ဖြူကလေးများက ပျံဝဲလျက်။

ကျွန်တော် မှားလေပြီလား။

အင်နီ အနားကပ်သွားပြီး ခေါ်လိုက်မိသည်။

"အင်နီလေ"

အင်နီက ပြန်မထူး။ မျက်လုံးကလေးများကိုသာ ဖွင့်ကြည့်ရှာ၏။

"အင်နီလေး၊ ကိုယ်တို့ အခုအချိန် ရှောင်သင့်သေးတယ် ကောင်တယ်ကွယ်၊ မှားမိတော့မလို့ အင်နီရယ်"

www.burmeseclassic.com

www.burmeseclassic.com



ခုတင်ဘေး ဒူးထောက်ထိုင်လိုက်ရင်း အင်နီ၏ လက်ကလေးများကို ကျွန်တော် ဆုပ်နယ်ပေးရင်း ပြောမိခြင်း ဖြစ်ပါသည်။

အကယ်၍များ...

အကယ်၍များ ထိုညက ကျွန်တော်တို့ လွန်လွန်ကျူးကျူး ဖြစ်မိခဲ့သော် အခြေအနေသည် ယနေ့ကဲ့သို့ ဖြစ်လာမည်မဟုတ်။ တစ်မျိုးတစ်ဖုံ ဖြစ်လာချေတော့မည်။ ဝတ်စုံဖြူကလေး ဖွတ်ချချိန်ဝယ် အင်နီ့အသားကို ကျွန်တော် ထိမိပါက၊ အကယ်၍ အင်နီကလည်း ပြုံးကာ ရယ်ကာ ရှင်ပျနေပါက အခြေအနေတစ်မျိုး ဖြစ်ခဲ့ဖွယ် ရှိပါ၏။

ထိုတစ်ခဏကလေးတွင်အိမ်ရှေ့၌ ကားတစ်စီးရပ်သံ ကြားလိုက်ရ၏။

"ဟာ မေမေတို့ ပြန်လာကုန်ပြီ အင်နီ"

ကျွန်တော် အလန့်တကြား အော်ပြောလိုက်ရာ အင်နီလည်း ခုတင်ပေါ် ထိုင်မိပြီးသား ဖြစ်နေ၏။

"ကဲ အင်နီရေ အဝတ်တွေယူ၊ ရေချိုးခန်းထဲသွားလိုက်၊ ဒါဆို အားလုံး ပြေလည်သွားမယ်၊ ကိုယ်တော့ မီးဖိုခန်းမှာ အသားညှပ်မုန့် သွားယူနေလိုက်မယ်၊ ဟုတ်လား"

မေမေတို့အဖွဲ့ အိမ်ထဲရောက်လာချိန်တွင် ကျွန်တော်သည် မီးဖိုခန်း၌ အသားညှပ်မုန့်များနှင့် ရှိနေပေပြီ။ မေမေတို့ မုန်တိုင်းကြောင့် ပြန်လှည့်လာခြင်း ဖြစ်ကြောင်း သိရပါ၏။ မေမေတို့မှာကား ကော်ဖီပူပူနှင့် အသားညှပ်မုန့် အသင့် ဖြစ်နေ၍ သဘောပင် ကျနေကြကုန်၏။

ထိုနေ့တစ်နေ့ ထိုသို့ ကုန်ဆုံးဖူးခဲ့ချေသည်တကား။

နောက်တစ်နေ့တွင်မူ အင်နီနှင့် ကျွန်တော် အဆင်မပြေဖြစ်ကြတော့သည်။ တစ်ဖန် နောက်တစ်နေ့တွင်လည်း ကတောက်ကဆတ် ဖြစ်ခဲ့ကြပြန်ပါ၏။ ယခင်နေ့ကလေးများနှင့် လုံးဝ မတူတော့။

ကျွန်တော်သည်လည်း တက္ကသိုလ်တွင် ပြန်တက်ကာ ဥပဒေ ပညာသင် ယူနေသည်။ သင်ယူနေရင်းပင် ဥပဒေပညာကို မုန်းလည်း မုန်းနေခဲ့သည်။ နောက် တစ်ကြိမ် ကျောင်းပိတ်ရက် ကျွန်တော် အိမ်ပြန်လာသောအခါ အင်နီလည်း ပြန်ရောက်နေ၏။ စတင်တန်အိမ်ကြီး၏ ဧည့်ခန်းဝယ် ထိုင်စကားပြောကြရင်း ကျွန်တော်က ကျောင်းအကြောင်း ပြောမိ၏။

"အင်နီရယ် ဥပဒေ ဘာသာရပ်ကြီးကို ကိုယ်မကြိုက်ဘူးကွာ"

အင်နီက ကျွန်တော့်လက်ကို နှစ်သိမ့်သည့်သဘောဖြင့် ပုတ်လျက် ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"မကြိုက်ရင်လည်း မသင်နဲ့ပေါ့ကွယ်"

"ဒါဖြင့် ဘာလုပ်စေချင်သလဲ အင်နီ"

"ဂျက် ဆန္ဒရှိရာကိုသာ လုပ်ပါလေ၊ ပိုက်ဆံများများရတဲ့ ပညာမျိုး တတ်လည်း အကြောင်းမဟုတ်ပါဘူး"

ကျွန်တော် ထိုင်နေရာမှ ထလိုက်ပြီး ကြေညာလိုက်ပါ၏။

"ကဲ… ဒါဆို ကိုယ်တို့ လက်ထပ်ကြရအောင်လား၊ ဒီညပဲဖြစ်ဖြစ် နက်ဖြန်ဖြစ်ဖြစ်လေ၊ ကိုယ့်ကို ချစ်တယ် မဟုတ်လား"

အင်နီက ဘာမှပြန်မပြောဘဲ မျက်ရည်ရွှမ်းစိုသော မျက်လုံးကြီးများဖြင့် မော့ကြည့်နေသည်။

"ပြောလေ ကိုယ့်ကို ချစ်တယ် မဟုတ်လား"

ကျွန်တော် ဇွတ်မေးတော့မှ ခေါင်းညိတ်ရင်း ဖြေသည်။

"ဂျက်… ရှင့်ကို ကျွန်မချစ်တယ်၊ အမှန်ပဲ၊ ဒါပေမယ့် ချစ်တာနဲ့ လက်ထပ်တာ တခြားစီပဲ၊ လက်ထပ်တယ်ဆိုတာက အတူတကွ လက်တွဲနေထိုင်သွားကြဖို့ ကြိုးစားကြတာ၊ လူ့ဘဝမှာ နေသွားကြရမှာ၊ အင်နီပြောတာ ဂျက်နားလည်ပါတယ်နော်"

"ဒါပေမယ့် အင်နီရေ ကိုယ်ကတော့ ဒီမြို့ ဒီပတ်ဝန်းကျင်မှာ လူစွာလုပ်နေတဲ့ လူတွေလိုတော့ လုပ်လည်း မလုပ်ချင်ဘူး၊ ဖြစ်လည်း မဖြစ်ချင်ဘူး"

"အချစ်ရယ် အင်နီပြောတာက ဂျက် ဆန္ဒရှိရာကို လုပ်ဖို့ ပြောတာပါ၊ ဒါပေမယ့် ဂျက်ဟာ တစ်ခုခု ထူးခြားတာကိုတော့ လုပ်ရမယ်၊ ငွေမရှင်တောင် တစ်ခုခုတော့ ထူးခြားတဲ့ အလုပ်မျိုး ဖြစ်ရမယ်၊ သာမန်ထဲက သာမန် လူတစ်ယောက်အဖြစ်နဲ့ ကျေနပ်မနေစေချင်ဘူး"

ဤသည်ပင် အင်နီ၏ နောက်ဆုံးစကား ဖြစ်သည်။ ထိုသည့်နောက်ပိုင်းတွင် အင်နီနှင့် ကျွန်တော်တို့ ကိုယ့်လမ်း ကိုယ်လျှောက်ခဲ့ကြတော့သည်။ ကျွန်တော့်လမ်းဆိုသည်မှာ သတင်းစာ တစ်စောင်တွင် သတင်းထောက်ဝင်လုပ်ခြင်းနှင့် အမေရိကန် သမိုင်းကို လေ့လာနေခြင်းဖြစ်၏။ ကျွန်တော်သည် 'ခရော်နီကယ်လ်' သတင်းစာ၏ သတင်းထောက် လုပ်ခဲ့သည်။ ကျေနပ်ပျော်ရွှင်သော အလုပ်ဖြစ်ခဲ့ပါသည်။ ထိုမျှသာမက အိမ်ထောင်လည်း တစ်ခါကျလိုက်သေးသည်။ သို့ပေမယ့် စလယ်ဝင် မတည်ခင်ကပင် ကွဲခဲ့ကြပါသည်။

အင်နီစတင်တန် လျှောက်လှမ်းခဲ့သော လမ်းသည်လည်း ထူးခြားလှသည် မဟုတ်၊ တက္ကသိုလ်မှာ နှစ်နှစ်နေပြီးနောက် အိမ်ပြန်သည်။ အစ်ကိုလုပ်သူအဒမ်က ဆေးကောလိပ် ဆက်တက်နေသည်။ အင်နီသည် တစ်နှစ်နဲ့ မြို့ထဲ ပွဲလမ်း

www.burmeseclassic.com

www.burmeseclassic.com



သဘင်ပေါင်းစုံသို့ တက်နေခဲ့သေးသည်။ ထိုနောက်သော်ကား ဘယ်မှ မထွက်တော့ဘဲ အိမ်၌သာနေပြီး ဖခင်ကြီးကို ပြုစုနေတော့၏။ ဖခင်ဘုရင်ခံကြီး စတင်တန် ကွယ်လွန်သောအခါ အင်နီတစ်ဦးတည်း ကျန်ခဲ့သည်။ အဒမ်နိုင်ငံရပ်ခြား၌ ပညာဆည်းပူးပြီး ပြန်လာသောအခါ အင်နီသည် ဘာဒင်လင်းဒင်း၌ မနေတော့ဘဲ အဒမ်နှင့် နီးနီးနေထိုင်ရန် ပြည်နယ်မြို့တော်သို့ ပြောင်းရွှေ့လာခဲ့သည်။

ကိုယ့်လမ်း ကိုယ်လျှောက်နေခဲ့ကြသော်လည်း ကျွန်တော့်ခေါင်းထဲ စွဲနေသည်ကား အင်နီ၏ ရုပ်ပုံလွှာ တစ်ခု၊ လရောင်အောက် ပက်လက်ရေကူးနေသော မိန်းကလေး။

ယနေ့သော် ထိုရုပ်ပုံလွှာကလေးကို ကျွန်တော့်ဆီမှ ဆွဲလုယူသွားခြင်း ခံလိုက်ရချေပြီတကား။

ဝီလီစတာ့ခ်သည် အင်နီ၏ ချစ်သူ ဖြစ်နေပြီဟု ကျွန်တော် သိလာရပြီ၊ အင်နီကို ဝီလီလက်သို့ ကျွန်တော်က တစ်နည်းနည်း အပ်ပေးလိုက်သကဲ့သို့ ရှိနေပါချေ၏။

အင်နီက ကျွန်တော့်ကို ယုံ၍ ပုံအပ်ခဲ့ဖူးသော်လည်း ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် စိတ်မချခဲ့၊ ထိုအချိန်က ကျွန်တော် ဘာမှလည်း နားမလည်ခဲ့၊ ချစ်ချင်ခင်ခင် နေခဲ့ကြသည့် ဘဝကလေး ပျက်သုဉ်းသွားမှာ ကျွန်တော် တွေးကြောက်ခဲ့သကဲ့သို့ အနာဂတ်အရေးကိုလည်း တွေးကြောက်ခဲ့သည်။ ဟိုတုန်းက နားမလည်ခဲ့သည်များကို ခုမှ ကျွန်တော် နားလည်လာပါသည်။ အနာဂတ်ကို ရယူပါမှသာ အတိတ်ကို ထိန်းထားနိုင်မည် မဟုတ်ပါလား။ အတိတ်နှင့် အနာဂတ်ဆိုသည်မှာ ထာဝရ တွဲစပ်နေသည် မဟုတ်ပါလား။ ထိုကာလကမူ ကျွန်တော်သည် ကမ္ဘာကြီးတစ်ခုလုံးကို ယုံကြည်မှု မရှိ။ ကိုယ့်ကိုယ်ကိုလည်း စိတ်ချယုံကြည်မှု မရှိခဲ့။ အင်နီက ထိုအချက်ကို နားလည်ထားပုံရ၏။ ကျွန်တော့်အားနည်းချက်များကို အင်နီ နားလည်ထားသည်။ ကျွန်တော် လုံးဝမသိ။ ဤကား အင်နီပါတကား...ထို အင်နီသည် ယခုဆိုသော် ဝီလီစတာ့ခ်၏ အချစ်တော် ဖြစ်နေချေပြီ။ ကျွန်တော့်ကိုလည်း သစ္စာဖောက်ခဲ့ချေပြီ။ ထိုသို့သော အကြောင်းများကြောင့် ကျွန်တော်သည် ကားတစ်စီးနှင့် အနောက်ဘက် ပြည်နယ်လေးခုအနှံ့ ခရီးပြင်းနှင်ကာ လျှောက်သွားနေမိခြင်း ဖြစ်ပါ၏။ ထိုသို့သော အကြောင်းများကြောင့်ပင် ကျွန်တော်သည် ရုပ်ရှင်ကားတစ်ခုကို ကြည့်သည့်နှယ် ကျွန်တော့် နောက်ကြောင်းများကို ပြန်ကြည့်နေမိခြင်း ဖြစ်ပါ၏။ ကာလီဖိုးနီးယားပြည်နယ်အရောက် ဟိုတယ်ခန်းရှိ အိပ်ရာထက်တွင် အိပ်မက်မြင်မက်ခဲ့ဖူးသည်။ ဘဝဆိုသည်မှာ သွေးများ လှည့်ပတ်နေခြင်းနှင့် အကြောများ ဆွဲနေခြင်းဟူ၍...၊ အင်နီစတင်တန်

www.burmeseclassic.com

www.burmeseclassic.com



ဆော ဘာထူးသလဲ၊ သွေးနှင့်အကြောတွေ လည်ပတ်နေတဲ့ ယန္တရားတစ်ခုပဲ မဟုတ်လား။ ဂျက်ဘာဒင်ဆိုတဲ့ ကျွန်တော့်အတွက် အင်နီစတင်တန်ဆိုတဲ့ နာမည်က ဘာများ ထူးခြားပါသလဲ။ ဂျက်ဘာဒင်ဆိုတာကလည်း တကယ်ကတော့ စက်ယန္တရားတစ်ခုပဲ မဟုတ်လား။ ဒါသည်ပင် ကျွန်တော်၏ အသစ်တွေ့ရှိသော သဘောတရားတစ်ခု ဖြစ်လာပါ၏။ ဘယ်စာအုပ်ထဲကမှ ထုတ်နုတ်ရယူခြင်း မဟုတ်။ ဤခံယူချက်ကြောင့် ကျွန်တော့်တွင် အင်အားများ ပြည့်ဖြိုးခိုင်မာလာပါ၏။ ကျွန်တော့် အိပ်မက်သည် ပြဿနာအားလုံးကို ဖြေရှင်းပေးခဲ့ပါချေပြီ။ ထိုအိပ်မက်ကြောင့်ပင် ကျွန်တော် ရင်မဆိုင်ရဲသဖြင့် ရှောင်ပြေးနေခဲ့သော ပြဿနာများကို ရဲရဲပြန်ရင်ဆိုင်ရဲလာခြင်း ဖြစ်သည်။ အင်နီတစ်ယောက် ဝီလီစတာ့ခ်လက်တွင်း သက်ဆင်းခဲ့ရသည်မှာ အတိတ်၏ အမှန်တရားများကို ကျွန်တော် အတူးအဆွ ကောင်းလွန်းခဲ့သောကြောင့် ဖြစ်သည်ဟူသော အချက်ကိုလည်း ကျွန်တော် ရဲရဲပြန်လည် ရင်ဆိုင်ရဲလာပါ၏။ အကြောင်းရင်းများမှာ ကျွန်တော့် အမှားကြောင့် မဟုတ်။ ဘယ်သူ့ကြောင့်မှလည်း မဟုတ်။ အရာရာသည် ဖြစ်ချိန်တန်တော့ ဖြစ်လာရသည့် သဘောအတိုင်း ဖြစ်လာခဲ့ခြင်းပေတကား။

အမှန်တရားကြီး နှစ်ခုကိုလည်း ထိုခရီးတွင်ပင် ကျွန်တော် သိမြင်လာခဲ့ပါ၏။ ပထမအမှန်တရားမှာ 'ရခြင်း မရှိခဲ့လျှင် ဆုံးရှုံးခြင်း မရှိနိုင်' ဟူ၍ ဖြစ်သည်။ ဒုတိယအမှန်တရားမှာ 'ကျူးလွန်ခြင်းမရှိလျှင် အပြစ်မရှိ' ဟူ၍ ဖြစ်ပါသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

အမေရိကန်ပြည်ထောင်စု အရှေ့ဘက်တစ်ခွင်ဆီ ဦးတည်လျက် သဲကန္တာရကြီးကို ဖြတ် တောင်ခြေလမ်းအတိုင်း ကုန်းမြင့် ကုန်းနိမ့် ဆင်းလိုက်တက်လိုက် ကား မောင်းသွားခိုက် လူပေါင်းများစွာနှင့် တွေ့ခဲ့ကြုံခဲ့ရသည်။ ဘာမျှမရှိသော လွင်တီး ခေါင် နယ်မြေများအတွင်းမှ လူပေါင်းများစွာနှင့် တွေ့ခဲ့ကြုံခဲ့ရာမှ အသိတစ်ခု ပါ ရလာခဲ့ပါ၏။ ယခင်က မသိမမြင်မိခဲ့သော လျှို့ဝှက် အသိတရားတစ်ခုကို ရလာခြင်း ဖြစ်ပါသည်။ ထိုအသိတရားဖြင့် ကျွန်တော်သည် ဘာကိုမဆို ရင်ဆိုင် လာခဲ့ပါ၏။ အသိတရားသည် စွမ်းအားတစ်ခုပင် မဟုတ်ပါလား။

အရှေ့ဘက်တစ်ခွင် ပြုပြစ်ခဲ့ပြီးနောက် ကျွန်တော်လုပ်ငန်းခွင်ရှိရာ မြို့သို့ ပြန်လာခဲ့၏။

ညဉ့်နက်မှ ပြန်ရောက်သဖြင့် အိပ်လိုက်ပြီးနောက် တစ်နေ့နံနက်တွင် ကျွန်တော် အလုပ်ဆင်း၏။ အပြည့်အဝ အနားယူပြီး မှတ်ဆိတ်ကျင်စွယ်များ ကောင်းစွာ ရိတ်ပယ်ထားကာ လန်းဆန်းသန့်စင်စွာဖြင့် ဆရာကြီးကို သွားနှုတ် ဆက်၏။ ဆရာကြီးကို ကျွန်တော် အလွန်အမင်း တွေ့ချင်နေသည်။ အနီးကပ် လေ့လာချင်နေသည်။ ယခင် ကျွန်တော် သတိမထားမိသော အချက်များ ဆရာ ကြီးတွင် ရှိမရှိ သိချင်နေပါသည်။

ဆရာကြီးမှာ ယခင်အတိုင်း လုံးဝ အပြောင်းအလဲ မရှိ။ ကျွန်တော် သွားအတွေ့ သူ့ထုံးစံအတိုင်း နဖူးပေါ်ကျနေသော ဆံစများကို ဖယ်ရှားလိုက်ပြီး ကုလားထိုင်မှထလျက် ကျွန်တော့်ဆီ လျှောက်လာသည်။ ပြီးနောက် လက်ဆွဲ နှုတ်ဆက်ရင်း မေး၏။

"ဘယ်လိုလဲကွက်၊ ဘယ်ပျောက်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အနောက်ဘက်တစ်ကြော လျှောက်လည်ရင်း အနားယူ အပန်းဖြေသွားနေတာပါ"

"ကောင်းကောင်း နားခဲ့ရတယ် မဟုတ်လား"

"အင်မတန် ပျော်စရာပါပဲ"

"ကောင်းတယ် ကောင်းတယ်"

"ဆရာကြီးတို့ကော အခြေအနေ…"

"ဒီမှာလည်း အားလုံးကောင်းတယ်ဂျက်"

ကျွန်တော်သည် အားလုံးကောင်းပါသည်ခင်ဗျားဟု ခေါ်ဆိုရမည့်နေရာဒေသဆီသို့ ပြန်ရောက်ရခြင်းပါတကား။

အချိန်မှာ ဇွန်လဖြစ်၏။ ထို့ကြောင့် ပူပြင်းလှ၏။

အအေးခန်းရှိသော ရုပ်ရှင်ရုံတစ်ရုံသို့ သွားသည်။ ညစာ စားပြီးလျှင် အခန်းသို့ပြန်လာ၊ အဝတ်များကို ချွတ်ပစ်ပြီး အိပ်ရာပေါ် လဲလျောင်းနေလေ့ရှိသည်။ လျှပ်စစ်ပန်ကာကိုလည်း အမြဲဖွင့်ထားသည်။ ထိုနောက် တစ်မြို့လုံး တိတ်ဆိတ် သွားချိန်အထိ စာတစ်အုပ်ဖတ်နေမိတတ်၏။ အားလုံး တိတ်ဆိတ်သွားချိန်တွင်မှ မီးမှိတ်လျက် ပန်ကာဖွင့်ထားမြဲ ဖွင့်ထားကာ အိပ်ပစ်လိုက်တတ်သည်။ ထိုဇွန်လအတွင်း အဒမ်နှင့် အကြိမ်အနည်းငယ် တွေ့ဖြစ်ခဲ့ပါသေး၏။ မကြာမီ အဒမ်တစ်ယောက် အရှေ့ဘက်တစ်ခွင် ခရီးထွက်သွားပြန်သည်။ ပြန်ရောက်ပြီးပြီးချင်းပင် အဒမ်သည် ဆေးရုံညွှန်ကြားရေးမှူးအဖြစ်မှ နုတ်ထွက်သွားလောက်အောင် အဖြစ်အပျက် တစ်ခု ဖြစ်လာခဲ့တော့၏။

တစ်ည ထိုတစ်ညက အဒမ်နှင့် အင်နီတို့၏ အဒမ်၏ နေအိမ်အခန်းတွင် နှစ်ဦးသား ညစာအတူစားနေကြစဉ် ဧည့်သည်တစ်ဦး ရောက်လာ၏။ အမည်မှာ ဟူးဘတ်ကော်ဖီဟု ဆိုသည်။ ပိန်ပိန်ရှည်ရှည်၊ ဝတ်ရုံအဖြူနှင့် ဦးထုပ်ဖြူ ဆောင်းထားသည်။ ဆေးပြင်းလိပ်ခဲထားသည်။ ဧည့်သည်က ခေတ္တ တွေ့ပါရစေဟုဆိုရာ အင်နီကလည်း သာမန်လူနာတစ်ဦးအထင်ဖြင့် ဧည့်သည်နှင့် အဒမ်ကို ထားခဲ့လျက် မီးဖိုအတွင်း ဝင်ရောက်သွား၏။ ထိုနေ့ညတုက အင်နီသည် သူ့အစ်ကိုနှင့် မကြာခဏ လာရောက် အချိန်ဖြုန်းလည်ပတ်နေတတ်၏။ သို့သော် အခြားညဦးပိုင်းများ၌ အဘယ်သူနှင့် အချိန်ဖြုန်းနေကြောင်း အဒမ်သိလျှင်ကား အဘယ်ကဲ့သို့ ရှိလိမ့်မည်နည်းဆိုသော မေးခွန်း အင်နီ၏ ခေါင်းထဲ အမြဲရှိနေသည်။

ထိုညက မီးဖိုချောင်ထဲ အင်နီတစ်ယောက် ပန်းကန်များ ဆေးကြောနေခိုက် ဧည့်ခန်းထဲမှ အော်ဟစ်သံတစ်ခု ကြားရ၏။ သူ့အစ်ကို ဒေါက်တာ အဒမ်၏ အသံဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်လူ ဒီကနေထွက်သွားစမ်း မြန်မြန်"

အင်နီဧည့်ခန်းဘက် ဝင်အလာ အဒမ်သည် ဧည့်ခန်းအလယ်၌ ရပ်လျက် မျက်နှာတစ်ခုလုံး သွေးဆုတ်သလို ဖြူရော်နေကာ တံခါးဆီသို့ ငေးစိုက်ကြည့်နေသည်။

"အစ်ကို ဘယ်သူ့ကိုမှ ကိုယ်ထိလက်ရောက် မလုပ်ခဲ့ဖူးပါဘူး ညီမလေး၊ ခု ဒီလူကိုတော့ ထိုးလွှတ်လိုက်မိတယ်"

အင်နီက စိုးရိမ်တကြီးဖြင့် ဘာကြောင့် ထိုသို့ လုပ်လိုက်ရသည်ကို မေးမြန်းသည်။ ဒေါက်တာ အဒမ်က ရှင်းပြသည်။

ယခု ဟူးဘတ်ကော်ဖီကို စေလွှတ်လိုက်သူမှာ ဂမ္ဗီလာဆင် ဖြစ်သည်။ ဆေးရုံကြီးတည်ဆောက်ရေး ကန်ထရိုက်လုပ်ငန်းကို ဂမ္ဗီလာဆင်လက်သို့ ဘုရင်ခံ ဝီလီစတာ့ခ်က ချပေးရန် ဒေါက်တာအဒမ်က ဝီလီစတာ့ခ်ကို ပြောပေးရေးအတွက် စေလွှတ် ချဉ်းကပ်စေခြင်း ဖြစ်သည်ဆို၏။ ဟူးဘတ်က အဒမ်ထံ ချဉ်းကပ်ရာတွင် ကန်ထရိုက်လုပ်ငန်းကို ဂမ္ဗီလာဆင် ရရှိပါက ဒေါက်တာအဒမ်အတွက် ဆုရရှိမည်ဖြစ်ကြောင်း ပြောလာချိန်၌ အဒမ်က ဟူးဘတ်ကို ထိုးပြီး မောင်းထုတ်လိုက်ခြင်းပင်တည်း။

ရှင်းပြပြီးပြီးချင်းပင် အဒမ်သည် စာရေးစားပွဲသို့ သွားလျက် ဆေးရုံ ညွှန်ကြားရေးမှူးအဖြစ်မှ နုတ်ထွက်ကြောင်း ထွက်စာရေးသည်။ အင်နီကိုလည်း ထိုအကြောင်း ပြောပြသည်။ အင်နီက ဘာမျှ ဝင်မပြောဘဲ ထွက်စာ လတ်တလော သွားတင်လိုက်မည်ကိုသာ ပူနေ၏။ သို့သော် ထိုနေ့က ချက်ချင်း ထွက်စာမတင် ဖြစ်ခဲ့။

စန္ဒရားတွင် သွားထိုင်ပြီး အဒမ်တစ်ယောက် နှစ်နာရီကျော်ခန့် စန္ဒရား တီးနေခဲ့သည်။ ချွေးသီးချွေးပေါက်များ ကျလာသည့်အထိ စန္ဒရားခုံ၌ အချိန်ကုန် စေခဲ့သည်။ အင်နီက ဘေးမှ ထိုင်ကြည့်ရင်း ကြောက်ရွံ့စိုးရိမ်နေသည်။ ဘာကို ကြောက်ရွံ့စိုးရိမ်ကြောင်းကား အင်နီကိုယ်တိုင် မသိဟု ကျွန်တော်နှင့် တွေ့သော အခါ ပြန်ပြောပြ၏။

ထိုညက အင်နီအိမ်ပြန်အရောက် ချက်ချင်း ကျွန်တော့်ဆီ ဖုန်းဆက် သည်။ ထို့နောက် စားသောက်ဆိုင်တစ်ခု၌ တွေ့ဆုံကြသည်။ မေလ တစ်နံနက် တွင် တွေ့ခဲ့ကြပြီးနောက် ကျွန်တော့်မျက်နှာမှ မေးခွန်းကို ခေါင်းညိတ်ပြီး ဖြေခဲ့ပြီးနောက် ပြန်ဆုံကြခြင်းပင်တည်း။ အင်နီက အဒမ်၏ အိမ်ခန်း၌ ဖြစ်ပွား ခဲ့သော အဖြစ်အပျက်ကို ပြန်ပြောပြသည်။

"ဒီတော့ ကိုယ်က ဘာလုပ်ပေးရမလဲ အင်နီ"

www.burmeseclassic.com

www.burmeseclassic.com



"သူ သိပါတယ်"

"ရာထူးက မထွက်အောင် လုပ်ပေးရမယ်လား"

"ဟုတ်တယ်လေ"

"ခဲယဉ်းမယ်ထင်တယ် အင်နီ"

အင်နီက ခေါင်းညိတ်ပြေသည်။

"ကိုယ် ကြိုးစားတော့ ကြည့်မယ်နော်၊ အဒမ်ကို လာပြီး လာဘ်ထိုးဖို့ ကြိုးစားတာကို စဉ်းစားကြည့်တော့ အဒမ်ထက် အာဏာရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ယောက်က ဒီလာဘ်ငွေကို လက်မခံဘဲ ငြင်းပယ်ထားပြီနဲ့ တူတယ်"

"ဒီတော့ ဂျက်က ဘယ်လိုလုပ်ပေးနိုင်မလဲ"

"ဘုရင်ခံ ဝီလီစတာ့ခ်ဆီသွားပြီး လာဘ်ပေးမှုနဲ့ ဟူးဘတ်ကော်ဖီ ဆိုတဲ့ ငနဲကို ဖမ်းခိုင်းရမှာပေါ့၊ အဒမ်က သူ့ကို လာဘ်ထိုးဖို့ ဟူးဘတ်ကြိုးစားခဲ့ကြောင်း ရုံးမှာ အစစ်ခံထွက်ဆိုရမယ်။ ပြီးတော့ ဟူးဘတ်က အမှန်အတိုင်း အစစ်ခံတယ် ဆိုပါတော့ ဂမ္ဘီလာဆင်ကို ဆက်အရေးယူမယ်၊ ဂမ္ဘီကို အမှုဖွင့်နိုင်ပြီ ဆိုတာနဲ့ မက္ကမာဖီတို့ ဘာမှ မတတ်နိုင်တော့ဘူး၊ ဒါပေမယ့် အင်နီက..."

"အင်နီက ဘာလုပ်ရမှာလဲ"

"အင်နီကိုယ်တိုင် တရားရုံးမှာ သက်သေအဖြစ် အစစ်ခံရပါ့မလား"

"အစစ်ခံမယ်လေ"

"အစစ်ခံတာက ကိစ္စမရှိဘူး၊ ရှေ့နေ ကိုလျာရှည်တွေက ပေါက်ကရ မေးရင် အင်နီချေးပြန်မယ်နော်"

"ပေါက်ကရဆိုတာက ဟို..."

အင်နီ၏ ကစားကို ကျွန်တော် နားလည်ပါ၏။

"ဟုတ်တယ်၊ ဟို...ကိစ္စတွေပါ မေးလာရင် အခု ဘယ်သူမှ မသိသေးတာတွေ အထုပ်ဖြေပြသလို ဖြစ်ကုန်မယ်နော်"

"အို...ဘာ ဂရုစိုက်စရာလိုလဲ"

အင်နီက မေးစေ့လေးကိုပင့်လျက် ပမာမခန့် ပြန်ပြောသည်။ သူမ၏ လည်ပင်းကလေးတွင် အရေးအကြောင်းကလေးများကို ကျွန်တော် တွေ့မြင်လိုက်ရသည်။ သေးသေးမျှင်မျှင် အရေးအကြောင်းကလေးများ ဖြစ်ပါသည်။ အချိန်ကာလ နေ့ရက်များစွာကို ဖြတ်သန်းလာခဲ့ပြီးသည့် သဘောလက္ခဏာပင်။ ကျွန်တော် အရင်က ယခုလို တစ်ခါမျှ သတိမပြုမိဖူးခဲ့။ နောင်ဆိုလျှင်ဖြင့် သတိပြုနေမိနေပေတော့မည်။ ကျွန်တော် ရုတ်တရက် မအီမသာ ဖြစ်လာသည်။ အစာအိမ်ထဲမှ နာကျင်သော ဝေဒနာကဲ့သို့ ခံစားလိုက်ရသည်။ ထိုနေ့က ကိုယ့်ဘာသာ

www.burmeseclassic.com



ကိုယ် မသိလိုက်ဘဲ 'ယင်းခံစားမှုသည် ဒေါသအဖြစ် ပြောင်းလဲသွားသည်။ ကျွန်တော်က ရှင်းရှင်းပင် ထုတ်မေးလိုက်သည်။

"ဩ... ဘာဂရုစိုက်စရာလိုလဲ... ဟုတ်လား၊ ဒီမှာအင်နီ၊ မင်း တစ်ခု မေ့နေပြီလား၊ မင်း အဲဒီအကြောင်းတွေ ထွက်ဆိုနေချိန်မှာ သူ့ညီမလေး ရှေ့မှာ ထိုင်ပြီး နားထောင်နေရမယ့် အစ်ကိုကြီး အဒမ်ကို မင်းမေ့နေပြီလားဟင်"

အင်နီ၏မျက်နှာသည် စာရွက်လွတ်တစ်ခုနှယ် ဖွေးခနဲ ဖြူရော်သွားသည်။

"အင်နီရယ်..." ကျွန်တော်က လေသံဖြင့် ခေါ်လိုက်မိသည်။ ထိုနောက် အင်နီ၏ လက်များကို ဆွဲယူဆုပ်ကိုင်ကာ စကားလုံးများ ပေါက်ကွဲပွင့်အန်သွားတော့သည်။

"အင်နီ... မင်းဘာလို့ အဲသလိုဖြစ်ခဲ့ရသလဲဟင်"

ခဏကြာသည်အထိ အင်နီက အဖြေမပေး။ ပြီးမှ မျက်လွှာချထားမြဲ ချထားကာ လေသံကလေးဖြင့် ဖြေသည်။

"ဝီလီဟာ တခြား ဘယ်သူနဲ့မှ မတူဘူးဂျက်၊ ကျွန်မသိခဲ့ဖူးသမျှ လူတွေထဲက ဘယ်သူနဲ့မှ မတူတဲ့ ထူးခြားသူ တစ်ယောက်ဖြစ်နေတယ်၊ ဒါကြောင့် သူ့ကို အင်နီချစ်မိတယ်၊ အင်းလေ... သူ့ကို အင်နီချစ်မိတယ်လို့ ထင်တယ် ဆိုပါစို့"

အင်နီ ရှင်းပြသောအကြောင်းခံကို ကျွန်တော် အစကတည်းက သိဖို့ ကောင်းသည်ဟု ကိုယ့်ဘာသာကိုယ် တွေးမိလိုက်သည်။ အမှန်ပါပဲ။ ဝီလီစတာ့ခ်ဟာ ထူးခြားသူတစ်ယောက် မဟုတ်ပါလား။

အင်နီက ဆက်ပြောသည်။

"အခု သူက အင်နီကို လက်ထပ်ယူချင်နေတယ်"

"အင်နီကကော သူ့ကို လက်ထပ်နိုင်ပါ့မလား"

"ခုတော့ ဘယ် လက်ထပ်နိုင်ပါဦးမလဲ၊ ကွာရှင်းရေးကိစ္စ ခုလုပ်လိုက်ရင် ဝီလီရဲ့ နိုင်ငံရေးတက်လမ်းကို ထိခိုက်နိုင်တယ်လေ၊ ဒီတော့ အခု ဘာမှ မလုပ်သေးပါဘူး"

"နောင်တော့ လုပ်မယ်ပေါ့"

"နောင်ကျရင်တော့ လက်ထပ်မှာပေါ့၊ အထက်လွှတ်တော်ဆီးနိတ်အမတ် အဖြစ် အရွေးခံပြီးတဲ့အချိန် ရွေ့နှစ်ခါလောက်ပေါ့"

ထိုသတင်းကြောင့် ကျွန်တော့်စိတ်ထဲ ထင့်ခနဲ ဖြစ်လျက် လှုပ်ရှားသွားသည်။ ဆီးနိတ်အထက်လွှတ်တော် အမတ်ကိစ္စ ကျွန်တော် မသိသေး။ ဝီလီကလည်း ကျွန်တော့်ကိုပင် ထုတ်မပြောဖူးသေး။ ထိုထက် အင်နီ၏ ဆုံးဖြတ်ချက်ကလည်း ကျွန်တော့်ရင်ထဲ ပူလောင်နေစေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့လည်း အင်နီရေ၊ ကိုယ်ဘာလုပ်နေတယ်ဆိုတာ ကိုယ့်ဘာသာ ကိုယ် နားလည်ရင် ပြီးတာပဲလေ" ဟူ၍သာ ပြောလိုက်မိသည်။

အင်နီကလည်း ကျွန်တော့်အား မျက်လုံးချင်း ဆိုင်ကြည့်လျက် ခိုင်မာစွာ ပြန်ပြောသည်။

"ရှင်... သူ့အကြောင်း မသိသေးပါဘူး ဂျက်၊ ဝီလီကို ရှင်သိခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ၊ ဒါပေမယ့် သူ့အကြောင်း အကုန်အစင် သိလိမ့်ဦး မယ် မဟုတ်ဘူး၊ ကျွန်မကတော့ အခုဖြစ်ခဲ့သမျှတွေအတွက် ဝမ်းမနည်းမိဘူး ဂျက်"

ထိုနောက် ကျွန်တော်တို့ လူချင်းခွဲခဲ့ကြသည်။

နောက်တစ်နေ့နံနက် ၇ နာရီခွဲတွင် ကျွန်တော် အဒမ်၏ အိမ်သို့ ရောက်သွားသည်။ စကား ဟိုပြော ဒီပြော ပြောရင်း နှစ်ဦးသားအတူ အပြင် ထွက်ရန်ပြင်စဉ် အဒမ်က တံဆိပ်ခေါင်းကပ်ပြီးသား စာအိတ်များကို သွားလှမ်း ယူ၏။ အပေါ်ဆုံး စာအိတ်မှာ ဘုရင်ခံဝီလီစတော့ခ်ထံ လိပ်စာတပ်ထားသော စာအိတ်ဖြစ်ကြောင်း တွေ့ရသည်နှင့် သူ့လက်ထဲမှ ဆွဲလုယူလိုက်သည်။ ထိုနောက် အချိုသာဆုံး အပြုံးဖြင့် သူ့ကိုကြည့်ကာ စာအိတ်ကို ထောင့်ဖြတ်ထဲဆွဲဆုတ်ရင်း ပြောလိုက်သည်။

"သူငယ်ချင်း၊ ဒီစာကို မထည့်ပါနဲ့တော့ကွာ"

ထိုနောက် စာရွက်အပိုင်းများကို ကျွန်တော့်အိတ်ထဲ ထည့်ထားလိုက် သည်။

ဤနှစ်ဧွေရာသီမှာ ခါတိုင်းကဲ့သို့ပင် ကုန်လွန်သွားခဲ့ပါ၏။ ရုံးသွားလိုက် ကျွန်တော့်အခန်းပြန်လိုက်။ ညအခါ ပန်ကာတစ်ချိန်လုံးဖွင့်ပြီး ခုတင်ထက် စာဖတ် နေလိုက်ဖြင့် အချိန်ကုန်လွန်သွားခဲ့၏။

ရုံးတွင် တွေ့ရသော မျက်နှာမှာလည်း ဆရာကြီး၏ မျက်နှာ၊ ဒပ်ဖီ၏ မျက်နှာ၊ ဆာဒီ၏မျက်နှာများသာလျှင် ဖြစ်သည်။ သူတို့တွင် အပြောင်းအလဲများ လည်း မရှိကြ။

အဒမ်နှင့် အင်နီတို့ကိုကား ကျွန်တော် ခုတလော မတွေ့ဖြစ်။ ဘုရင်ခံ ကတော် လူစီနှင့်လည်း မတွေ့သည်မှာ အတော်ကြာချေပြီ။ လူစီသည် နယ်ထွက် သွားရောက် နေထိုင်သည်။ ဆရာကြီးက လူစီထံသို့ ရုံဖန်ရံခါ ဆိုသလို သွားရောက် တတ်သည်။ ကြက်ဖြူကလေးများ မွေးမြူထားသည့်ခြံကို နောက်ခံထား၍ မိသားစု ဓာတ်ပုံအရိုက်ခံသည်။ တစ်ခါတစ်ရံ သားဖြစ်သူ တွမ်စတော့ခ်ကိုလည်း ဓာတ်ပုံများ ထဲတွင် တွေ့ရသည်။ သတင်းစာများတွင် ဖော်ပြလေ့ရှိသော မိသားစုဓာတ်ပုံများ

www.burmeseclassic.com

www.burmeseclassic.com



သည် ဆရာကြီးအတွက် အလွန်အရေးပါလှ၏။ ဆရာကြီး၏ မြာမှုကိစ္စများကို ပြည်နယ်သား တစ်ဝက်ခန့်က ကြားဖူးနား၀ ရှိနေကြပြီဖြစ်သော်လည်း ဝိလိစတာ့ခ် သေးစု ခြံထဲ၌ ရိုက်ထားသော ဓာတ်ပုံများက ချေဖျက်ပေးသကဲ့သို့ ရှိနေသည်။ မဲဆန္ဒရှင်များသည် ထိုဓာတ်ပုံများကို ကြည့်ပြီး လှိုက်လှဲနွေးထွေးသော ခံစားမှု ကူးစက်မိကြသည်။ သို့ဖြင့် ကျေနပ်နေကြကုန်၏။

ဆရာကြီး၏ အခြား မြာပွေမှုကိစ္စတို့ကို မဲဆန္ဒရှင်များ သိနေကြသည် ဆိုသော်လည်း အင်နီစတင်တန်နှင့် ကိစ္စကိုကား သိကြဟန် မတူသေး။ ဆာဒီ ဘတော့ သိပြီးဖြစ်သည်။ တခြားလူဆို၍ ဖိုးသကြားသာ သိနိုင်ဖွယ်ရှိ၏။ 'ဖိုးသကြား' မှာ ဆရာကြီးနှင့် ပတ်သက်သမျှအားလုံး သိထားသူ ဖြစ်ချေ၏။

အားလုံး ပုံမှန်ရှိနေခဲ့ရာမှ တစ်နေ့သောအခါတွင် အပြောင်းအလဲတစ်ခု ပေါ်ပေါက်လာချေ၏။ ဆရာကြီး၏သား တွမ်ကြောင့် ပေါ်လာရခြင်းဖြစ်သည်။ ဤပြည်နယ်တွင် ဆရာကြီး၏ နိုင်ငံရေး ပြိုင်ဘက်မှာ မက္ကမာဖီဖြစ်သည်။ မက္ကမာဖီ ကို ဆရာကြီးက မစေ့စပ်သဖြင့် မက္ကမာဖီက ထောင်တိုက်နေခြင်းပေတည်း။

ထို့ကြောင့် ဆရာကြီးကို တိုက်နိုင်မည့် တိုက်ကွက်မှန်သမျှ တွေ့အောင် မက္ကမာဖီက ရှာသည်။ တွေ့လည်း တွေ့သွားသည်။ ဆရာကြီး၏ သားနှင့် အမြဲ တွဲနေသော စီဗီးလ်ခေါ် မိန်းကလေးနှင့် မက္ကမာဖီတို့ တွဲမိကြခြင်းဖြစ်သည်။ မာဗင်ဖရေးသည် သူ့သမီး ရရှိထားသော ကိုယ်ဝန်အတွက် တွမ်၏ဖခင် ဆရာကြီး ထံ မိတ်ဆွေတစ်ဦးနှင့် ရောက်လာပြီး ရှင်းပြ၏။ ထိုကိုယ်ဝန်အတွက် တွမ်တွင် တာဝန်ရှိသည်ဟု စွပ်စွဲသည်။ သို့သော် ဆရာကြီး အခန်းမှ မာဗင်ဖရေး ပြန်ထွက် လာချိန်တွင်မူကား မျက်နှာဖြူဖပ်ဖြူရော် ဖြစ်နေပြီး ဒေါသကြောင့် တုန်နေရှာ သည်။ ချက်ချင်းပင် ဆရာကြီးက ကျွန်တော့်ကိုခေါ်ပြီး တွမ့်ကို ရှာခိုင်းသည်။ မာဗင်ဖရေး၏ နောက်ကြောင်း စုံစမ်းခိုင်းသည်။

ကျွန်တော်က အဝေးပြေး လမ်းမကြီးတစ်ကြောမှ ရဲစခန်းများကို အကူ အညီတောင်းရသည်။ ရဲအဖွဲ့က သူငယ်ချင်း တစ်သိုက်နှင့် မိန်းကလေးတစ်သိုက် နှင့် ငါးဖမ်းစခန်းတစ်ခု၌ စတည်းချနေသော တွမ်ကို ရှာဖွေပေးသည်။

တွမ်က ပထမ သူ့ဖခင် မေးသည်ကို ငြင်းသေးသည်။ နောက်မှ အားလုံး ဝန်ခံ၏။ ဆရာကြီး၏ မျက်နှာမှာ ရဲရဲနီနေပါ၏။ သို့သော် စီဗီးလ် သည် အခြား ယောကျ်ားလေး မိတ်ဆွေအများအပြားနှင့်လည်း တွဲလေ့ရှိကြောင်းကို ကား သိရသည်။ ထိုအချက်ကိုသာ တရားဥပဒေရှုထောင့်မှ ကိုင်ထားနိုင်၏။ မည်သို့ဆိုစေ တွမ်၏ ပြဿနာသည် ဆရာကြီး၏ မာနကို ထိပါးလာချေ၏။

www.burmeseclassic.com

www.burmeseclassic.com



မာဗင်ဖရေး၏အကြောင်းကို ပင်ပင်ပန်းပန်း မစုံစမ်းရပါ။ သူသည် အမှတ် – ၄ ခရိုင်ဒေသရှိ ဟိုတယ်တစ်ခုမှ ဆံပင်ညှပ်သမား တစ်ဦးဖြစ်သည်။ နွမ်းပါးသည်။ ကြောက်တတ်သည်။ သို့ရာတွင် တစ်ခါတစ်ရံ လွဲမှားသော မာနနှင့် ပကာသန မက်မောတတ်သည်။ ဒါမျိုးသည်ပင် မက္ကမာဖီ၏ စိတ်ကြိုက် လူမျိုးဖြစ်သည်။ မက္ကမာဖီက သည်လို လူမျိုးကို ကောင်းကောင်း အသုံးချတတ်သည်။

မာဗင်တစ်ယောက် ဆရာကြီးနှင့် ပထမဆုံးအကြိမ် တွေ့ပြီး ရက်အနည်းငယ်အကြာ၌ မက္ကမာဖီ၏ ဂိုဏ်းသားတစ်ဦး ရောက်လာပြီးနောက် မာဗင်၏ သဘောထားကို ရှင်းပြသည်။ သူ့သမီးကို တွမ် လက်ထပ်ယူရမည်ဟူသော တောင်းဆိုချက် ဖြစ်သည်။ သို့ရာတွင် မက္ကမာဖီက လည်သည်။ ဆုတ်သာတက်သာ တစ်ကွက်ချန်ပေးထားသည်။ လက်မထပ်ဘူးဆိုပါက ကြေးနည်းနည်းကြီးလိမ့်မည်ဟု ပြောသည်။ တန်ကြေး ဘယ်လောက်လဲ။ နစ်နာသူ စီဗီးလ်ကို လျော်ကြေးပေးရမည်လား။ စီဗီးလ်ကို လျော်ကြေးပေးပြီး ကျေနပ်အောင် မက္ကမာဖီ အုပ်စုက စီမံပေးမည်။

သို့ပေမယ့် ထိုမျှနှင့် မပြီးသေး။ ဆီးနိတ်အမတ်အဖြစ် မက္ကမာဖီက ဝင်ရွေးမည်။ ဆရာကြီးက နားလည်မှု လုပ်ပေးရမည်။

အမှန်စင်စစ် အင်နီပြောစကားအရဆိုလျှင် ဆရာကြီးကိုယ်တိုင်က လာမည့်နှစ်၌ အထက်လွှတ်တော် (ဆီးနိတ်) အမတ် အရွေးခံတော့မည် မဟုတ်ပါလား။ အားလုံးစီစဉ်ပြီးဖြစ်သည်။ ပြည်နယ်တစ်ခုလုံးကိုလည်း ဆရာကြီးကိုင်ထားနိုင်ပြီး ဖြစ်သည်။ မက္ကမာဖီ တစ်ဦးတည်းကိုသာ ဆရာကြီး မကိုင်နိုင်ခြင်းဖြစ်၏။ မက္ကမာဖီနှင့် လုံးဝ မဆက်ဆံလိုဟူ၍ပင် ဆရာကြီး၏ သဘောထားရှိနေ၏။

ဆရာကြီး ထိုကိစ္စ စဉ်းစားနေသော အချိန်အတွင်း ဆရာကြီးကတော် လူစီနှင့် ကျွန်တော် တွေ့ရပါ၏။ သူမထံ လာတွေ့ရန် ကျွန်တော့်အား စာရေးခေါ်ခြင်း ဖြစ်သည်။ တွမ်အကြောင်း ဖြစ်၏။ မေးတော့မည်၊ မြန်းတော့မည်။ ကျွန်တော် ချွေးပြန်အောင် ဖြေရတော့မည်။ လူစီက တစ်ခုခုလုပ်ခိုင်းလျှင်ကား ကျွန်တော် လုပ်ပေးလိုက်မည်ဟု စဉ်းစားထားပြီး ဖြစ်ပါ၏။

မက္ကဆီကို ပင်လယ်ကွေ့အနီး လယ်ယာမြေတစ်ခုတွင် သာမန်ထဲက သာမန်အိမ်ငယ်တစ်လုံး၌ လူစီနေထိုင်သည်။ ကျွန်တော် ရောက်သွားသောအခါ လသာဆောင်၌ စကားထိုင်ပြောဖြစ်ကြ၏။ ကျွန်တော့်ကို မကြည့်ဘဲ ကော်ဇောကို ကြည့်ပြောနေသဖြင့် ဖြူစပြုသော ဆံပင်များကိုပင် တွေ့နေရပါ၏။ ကျွန်တော် စတွေ့ဖူးစ ဝီလီ၏ ဖခင်အိမ် ဧည့်ခန်းဆောင်ထဲက ပျို့ရွှယ်သူ လူစီမဟုတ်တော့။

www.burmeseclassic.com

www.burmeseclassic.com



[?]ယ်မှငယ်သွေးတို့သည် ဇရာ၏ ဝါးမျိုမှုခံလိုက်ရပြီတည်း။ ကျန်နေသေးသည်မှာ [?]အား မျက်လုံးရွဲကြီးများဖြစ်၏။ ထိုမျက်လုံးရွဲကြီးများ ပိုမိုရင့်ကျက်လာသည်ကို [?]အား သတိထားမိပါ၏။

လူစီက စပြောသည်။

"တွမ်အကြောင်း သိချင်လို့ ခေါ်ရတာ"

"ဟုတ်ကဲ့"

"တစ်ခုခုတော့ အမှားအယွင်း ရှိပြီထင်တယ်"

ကျွန်တော်က ခေါင်းသာ ညိတ်ပြလိုက်သည်။

"အဲဒါ ပြောပြပါလား"

ကျွန်တော် သက်ပြင်းတစ်ချက် ရှူပြီး နေရာပြင်ထိုင်သည်။ နှုတ်မှ ဘာမျှ ထွက်မလာ။

"ဂျက်...အမှန်အတိုင်း ပြောပြစမ်းပါ၊ အမှန်အတိုင်း သိထားဖို့ လိုမယ် ထင်ပါတယ်၊ ကိုယ်တို့တွေဟာ မိတ်ဟောင်းတွေ၊ မိတ်ကောင်းတွေပါကွယ်"

သို့ဖြင့် အဖြစ်မှန်ကို ကျွန်တော် ပြောပြလိုက်ရသည်။ နားထောင်ပြီး နောက် လူစီက ဦးခေါင်းကို တည့်မတ်စွာ မော့လိုက်ပြီး ပြောသည်။

"ဒီလိုဆို လုပ်ဖို့ တစ်ခုရှိတယ်ဂျက်၊ တွမ် ဒီကလေးမကို လက်ထပ်ယူ ရမယ်"

"ဒါပေမယ့် ကလေးမမှာ တခြားအတွဲတွေလည်း ရှိသေးသတဲ့"

"ဟင်...ဒီလိုလား"

"ဒါတင်မကသေးဘူး၊ ဒီကိစ္စမှာ နိုင်ငံရေးလည်း ပါနေတယ်၊ မက္ကမာဖီ တို့ လက်ရာတွေလေ"

"ဘုရားရေ...နိုင်ငံရေးလည်း ပါတယ် ဟုတ်စ" လူစီက ထိုင်ရာမှ ထကာ တစ်လှမ်းနှစ်လှမ်း လမ်းလျှောက်နေသည်။

"ဟုတ်ပါတယ်၊ နိုင်ငံရေးသမားတွေနဲ့ ပတ်သက်တာဆိုတော့ နိုင်ငံ ရေးလည်း ပါလာတော့တာပေါ့" လူစီသည် ပြတင်းတစ်ခုထိ ထသွားလျက် အပြင်ဘက် အဝေးကြီးသို့ လှမ်းမျှော်ကြည့်နေရာမှ ကျွန်တော့်ဘက်သို့ ပြန်လှည့် ကာ လှမ်းပြော၏။

"ဂျက်ရေ ကိုယ်ကတော့ ကိုယ့်သားကလေးကို မှန်မှန်ကန်ကန် လူလား မြောက်လာအောင် ပျိုးထောင်ခဲ့တာပဲ၊ သားကို ချစ်တယ်၊ ဒါကြောင့် လူကောင်း သူကောင်းကလေး ဖြစ်လာစေချင်တယ်၊ လင်သားကိုလည်း ချစ်တယ်၊ ဒါကြောင့် မယားတာဝန်ကျေအောင် ကြိုးစားခဲ့တယ်၊ သူတို့ကလည်း ကိုယ့်ကိုတော့ ချစ်ကြ ပါတယ်၊ ဒီတော့ ဒါတွေ တို့ထည့်စဉ်းစားရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"မပူပါနဲ့ဗျာ၊ ဆရာကြီးက တခြား တစ်နည်းနည်းနဲ့ ရှင်းသွားမှာပါ"

"ဒါကို ပြောတာ မဟုတ်ပါဘူးကွယ်၊ ကိုယ်ပြောချင်တာက" လူစီက စကားဆုံးအောင် မပြောဘဲ ရပ်လိုက်သည်။

ကျွန်တော့်ကိစ္စ ပြီးပြီဖြစ်၍ ပြန်ရန် နှုတ်ဆက်တော့မှ ဆက်ပြောသည်။

"ကိုယ်ပြောချင်တာက ဗိုက်ထဲက ကလေးကိစ္စပဲဂျက်၊ သူ့ခမျာ မိခင်ဗိုက်ထဲမှာ ရှိရှာသေးတာ၊ အပြစ်ကင်းစင်ပါဘိသနဲ့၊ ဒီကလေးဟာ နိုင်ငံရေးအကြောင်း ပိုက်ဆံအကြောင်း ဘာမှ မသိရှာပါဘူး၊ အင်း တစ်ယောက်ကလည်း အထက်လွှတ်တော်အမတ် သိပ်ဖြစ်ချင်နေတယ်၊ ဒါတွေကို ကလေးက ဘာမှ သိရှာတာ မဟုတ်ဘူး၊ အဲဒီကလေးဟာ ကိုယ့်သားရဲ့ ရင်သွေးလည်း ဖြစ်နိုင်တာပဲ၊ ဒီတော့ တို့ကတော့ ချစ်ရမှာပဲ"

လူစီက သူမ၏ လက်ကို ရှေ့သို့ အနည်းငယ် ကမ်း၍ နှုတ်ဆက်ရန် ပြင်သည်။ ကျွန်တော်က သူမ၏ လက်ကို လှမ်းကြည့်ရုံသာ ကြည့်နေတော့မှ အသာချထားလိုက်သည်။

ကျွန်တော် နှုတ်ဖြင့်သာ နှုတ်ဆက်စကားဆိုပြီး ထွက်ခဲ့ပါ၏။ တောက်ပသော နေရောင်အောက်ဝယ် ကျွန်တော့်ကားကလေးသည် မြို့ဆီသို့ ဦးတည်သွားနေသည်။

ဆရာကြီး ကတော်က သားကိစ္စ...တစ်မျိုး စဉ်းစားနေစဉ် ဆရာကြီးကလည်း တစ်မျိုး စဉ်းစားနေပါချေ၏။

ပထမတစ်နည်းမှာ မက္ကမာဖီမှတစ်ဆင့် မဟုတ်မှုဘဲ မိန်းကလေးဖခင် မာဗင်ဖရေးနှင့် ဆရာကြီး တိုက်ရိုက် တွေ့ဆုံစကား ပြောရန် ကြံစည်ဖွယ်ရှိသည်။ မက္ကမာဖီကလည်း ပါးလွန်းလှ၏။ ဆရာကြီးကိုရော မာဗင်ဖရေးကိုပါ သူက မယုံ။ သို့ဖြင့် မာဗင်ဖရေးနှင့် သမီး စီဗီးလ်ကို အခြားပြည်နယ်တစ်ခုရှိ ယာမြေတစ်ခု၌ သွားရောက် နားနေစေ၏။ မည်သည့်နေရာ၌ ရှိနေကြောင်းပင် အချိန်အတော်ကြာမျှ ကျွန်တော်တို့ မသိနိုင်ခဲ့ကြ။

နောက်တစ်နည်းမှာကား ဆရာကြီးက တရားသူကြီး အာဝင်အကြောင်း စဉ်းစားမိပုံရ၏။ မက္ကမာဖီအပေါ် ဩဇာညောင်းသူ တစ်ယောက်ယောက် ရှိမည်ဆိုလျှင် ထိုသူသည် တရားသူကြီးအာဝင်ပင် ဖြစ်လိမ့်မည်ဟု ဆရာကြီး တွက်ဆသည်။

မက္ကမာဖီအပေါ် အာဝင်၏ ကျေးဇူးများစွာ ရှိခဲ့သည် မဟုတ်ပါလား။

ထိုကိစ္စအတွက် တရားသူကြီးက ကျွန်တော့်ကို လူလွှတ်ခေါ်မေးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ဂျက်၊ တရားသူကြီး အာဝင်အကြောင်း ဘာတွေ သိထားရပြီလဲ"

"ဟုတ်ကဲ့ တချို့တော့ ရထားပါပြီ"

"ဘာတွေလဲကွ"

"ဆရာကြီး၊ တရားသူကြီး အာဝင်ကို ကျွန်တော် နောက်ဆုံး အခွင့်အရေး တစ်ခု ပေးပါရစေ၊ အခု ကျွန်တော် ရထားတဲ့ အချက်တွေ မဟုတ်မှန်ကြောင်း သူ့ဘက်က အထောက်အထား ပြနိုင်ရင် ကျွန်တော် ဒီအကြောင်း ဘယ်သူ့မှ ထုတ်မပြောလိုပါဘူး"

"ဘာကွ…ကိုယ်ပြောထားတာက…"

"ဟုတ်ပါတယ်၊ ဒါပေမယ့် အာဝင်ကို ဒီအခွင့်အရေးပေးပါ့မယ်လို့ လူနှစ်ဦးအပေါ် ကတိလွန်ထားလို့ပါ"

"ဘယ်သူတွေလဲ"

"တစ်ယောက်ကတော့ ကျွန်တော်ကိုယ်တိုင်ပါပဲ၊ ကျွန်တော့်ကိုယ် ကျွန်တော် ပေးထားတဲ့ ကတိပါ၊ နောက်တစ်ယောက်ကတော့…ထားပါတော့"

"မင်းက ကိုယ့်ကိုယ်ကိုယ် ကတိပြုထားတယ်…ဟုတ်စ"

ဆရာကြီးက ကျွန်တော့်ကို ခပ်ထန်ထန် ကြည့်ပြောသည်။ ကျွန်တော် က…

"ဟုတ်တယ်၊ ကိုယ့်ကိုယ်ကိုယ် ကတိပေးထားတယ်" ဟု ပြန်ပြောလိုက်သည်။

"ကောင်းပြီလေ၊ ပြီးရင်သာ တို့ကို အမှန်အတိုင်း ထုတ်ပြောပေတော့၊ ကိုယ် ဘာလိုချင်တယ်ဆိုတာ သိတယ် မဟုတ်လား၊ မင်းရထားတဲ့ အချက်တွေ မှန်လိမ့်မယ်လို့ ကိုယ်မျှော်လင့်တယ်"

"ဟုတ်တယ် ကျွန်တော်လည်း မှန်မှာကိုပဲ စိုးရိမ်နေမိတယ်"

"ဘာ စိုးရိမ်စရာလဲကွ၊ မင်း ဘယ်သူ့အတွက် အလုပ် လုပ်ပေးနေတာ မို့လဲ၊ သူ့အတွက်လား၊ ငါ့အတွက်လား"

"ဒါတော့ မှန်ပါတယ်၊ ဒါပေမယ့် တရားသူကြီး အာဝင်အပေါ် မဟုတ် မတရား မဖြစ်စေချင်ဘူးဗျ"

ဆရာကြီးက ကျွန်တော့်ကို အကဲခတ်ကြည့်လျက် ပြောသည်။

"အေးပါလေ၊ မဟုတ်မမှန်တာလဲ တို့က မလုပ်ခိုင်းပါဘူး၊ အမှန်တွေ ပဲ လိုချင်တာပါ"

"အဲဒါ လူသားသဘာဝရဲ့ အဆင့်မြင့်တဲ့ ရှုထောင့်ပဲ"

ကျွန်တော်တို့ စကားဝိုင်း ဤတွင် ပြတ်သွားပါ၏။ ကျွန်တော်လည်း ချက်ချင်း ကားမောင်းပြီး ဇာတိရပ်မြေ ဘာဒင်လင်းဒင်းသို့ ဦးရုံးထွက်၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်စောစော စားသောက်ပြီးနောက် တစ်ယောက်တည်း ကမ်းခြေဘက် လမ်းလျှောက်ထွက်ခဲ့၏။ ကျွန်တော့် မိခင်မှာ မွန်းတည့်ခါနီးမှ အိပ်ရာက ထတတ်၍ တစ်ယောက်တည်း စားသောက်ခဲ့ရသည်။ ကမ်းခြေတွင် နေသိပ်မပူဘဲ ရာသီဥတုကလည်း သာယာပါဘိ။ ထိုနေ့နံနက် သတင်းစာများ ကျွန်တော့်လက်ထဲ ပါလာ၏။ သတင်းစာများ ဖတ်ပြီး စဉ်းစားနေမိသည်။ အင်း ဒီနေ့ည ဘာတွေ ဖြစ်လာမလဲ။

နေ့လယ်စာ စားချိန်နီးမှ ကျွန်တော် အိမ်ပြန်ခဲ့သည်။

မေမေသည် အိပ်ရာထ နောက်ကျသဖြင့် နေ့လယ်စာသာ ကျွန်တော်နှင့် အတူစားသည်။ ကျွန်တော် ယခု ဘာကြောင့် ပြန်လာကြောင်း အမျိုးမျိုးမေးသည်။ ကျွန်တော်ကလည်း တတ်နိုင်သမျှ မပြောဘဲနေခဲ့၏။ သို့သော် ထမင်းဝိုင်း အနီး၌ ကျွန်တော်က တစ်ခုမေးမိ၏။ တရားသူကြီး အာဝင်အိမ်တွင် ယခု ရှိ မရှိ။ မနေ့ညကတည်းက မေးခဲ့ဖို့ကောင်း၏။ မမေးဖြစ်ခဲ့။ သို့သော် အာဝင်သည် ဤမြို့၌ ရှိနေ၏။ နေ့လယ်စာ စားပြီးချိန် ကျွန်တော် တစ်နာရီခန့် အခန်းသွား အောင်းနေသည်။ ပြီးမှ တိတ်တဆိတ် အပြင်ထွက်ရန် လှေကားဘက် ထွက်ခဲ့ရာ မေမေသည် ဧည့်ခန်းထဲ၌ တမင်လာ ကျွန်တော့်ကို စောင့်နေဟန် တွေ့ရ၏။

"သား တရားသူကြီး အာဝင်ကို သွားတွေ့မယ် မဟုတ်လား"

ကျွန်တော်က ဟုတ်ကြောင်းပြောသည်။

"နိုင်ငံရေးကိစ္စတွေပဲ မဟုတ်လား"

"ဆိုပါတော့မေမေ"

"နောက်မှ သွားပါလား သားရယ်၊ ဒီအချိန်မျိုးမှာဆို သူ အနားယူလေ့ ရှိတတ်တယ်"

"အချိန် မရှိတော့ဘူး မေမေ၊ ကျွန်တော် ပြောပြမယ့် အကြောင်းကလည်း သူ စိတ်ဆိုးစရာ မဟုတ်ပါဘူး"

မေမေက ကျွန်တော့်ကို အဓိပ္ပာယ်တစ်မျိုးဖြင့် ကြည့်ပြီး ပြောလာ၏။

"သားရယ် သူ့ခမျာ ခုတလော မကျန်းမာရှာဘူးကွယ့်၊ ဒီအချိန်မျိုး သူ့ကို သား မနှောင့်ယှက်ပါနဲ့လား"

"မတတ်နိုင်ဘူးမေမေ... သွားမှဖြစ်မယ်"

"ဒီလိုဆိုလည်း ညနေစောင်းမှ သွားပါတော့လားကွယ်"

"မစောင့်နိုင်တော့ဘူး မေမေ၊ မြန်မြန်ပြီးရင် မြန်မြန်ကောင်းတယ်၊ ကျွန်တော် သိပ်သိချင်နေတာ ရှိတယ်၊ မြန်မြန် သိချင်တယ်"

ကျွန်တော်သည် တရားသူကြီး အာဝင်အိမ်ဘက်သို့ လမ်းလျှောက်၍ ထွက်လာခဲ့၏။ နေမှာ အတော်ပင် ပူပြင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် အချိန်ရစေရန်အတွက် ကျွန်တော်က လမ်းလျှောက်၍ လာခဲ့ခြင်း ဖြစ်သည်။

ကျွန်တော် ရောက်သွားချိန်တွင် တရားသူကြီး အာဝင်သည် အိပ်ရာထက်၌ အနားယူနေပုံရသည်။ ကျွန်တော်က အာဝင်၏ အိမ်စေဖြစ်သူ နီဂရိုးအား စာကြည့်ခန်းထဲမှ စောင့်နေမည်ဟု သတင်းပေးလိုက်သည်။ သူ ဆင်းလာချိန်မှ တွေ့သည်။

ကျွန်တော်သည် ယူဆောင်လာသော စာအိတ်ညိုကြီး တစ်ခုကို ဘေး၌ချလျက် သားရေကုလားထိုင်ကြီး တစ်ခုထက် ခြေဆန့်လက်ဆန့် ထိုင်နေလိုက်၏။

ခဏအကြာတွင် အပေါ်ထပ်မှ လှုပ်ရှားသံ ကြားလိုက်ရ၏။ ထို့နောက် အစေခံကို ခေါ်သော ခေါင်းလောင်းသံ ကြားရပြန်သည်။ ၁၀ မိနစ်ခန့်အကြာ၌ အာဝင်ကိုယ်တိုင် စာကြည့်ခန်းထဲ ရောက်လာသည်။ လည်စည်းအနက်နှင့် ကုတ်အင်္ကျီကို ဝတ်ထားသည်။ သူက လက်ကမ်းပေး၍ နှုတ်ဆက်သည်။

"ဟဲလို ဂျက်၊ မြို့ပြန်ရောက်တာတောင် မသိရပါလား၊ ခုမှ ရောက်တာလား"

"ညကတည်းကပါ ခင်ဗျ" ကျွန်တော်က ကုလားထိုင်မှ ထ, လက်ဆွဲနှုတ်ဆက်ရင်း ဖြေရ၏။ တရားသူကြီးသည် အတော်ကြာမျှ ကျွန်တော့်လက်ကို ဆွဲထားပြီးမှ ကုလားထိုင်၌ ပြန်ထိုင်ခိုင်းပြီး ဆက်ပြောသည်။

"တို့ဆီလာတာ ဝမ်းသာပါတယ်ကွာ၊ အိမ်ရောက်ရောက်ချင်း ပြောခိုင်းရေပေါ့၊ မတွေ့ကြရတာလည်း ကြာလှပြီ မဟုတ်လား"

"ဟုတ်ကဲ့...အတော်ကြာပါပြီ"

သူနှင့် ကျွန်တော် နောက်ဆုံး တွေ့ခဲ့ရသည်မှာ ထိုည သန်းခေါင်ယံတွင် ဆရာကြီးနှင့်အတူ သွား၍ တွေ့ရစဉ်က ဖြစ်သည်။ အာဝင်ကလည်း ပြန်လည် သတိရပုံရှိသည်။ သို့ရာတွင် ထိုအကြောင်းကို မေ့လိုက်ဟန်ဖြင့် ကုလားထိုင်၌ ထိုင်ချကာ...

"နှောင်ဆို မကြာမကြာ လာပါကွာ၊ တို့လည်း အသက်ကြီးကုန်ကြပြီ၊ မိတ်ဆွေတွေက လာလည်ရင်ပဲ ဝမ်းသာနေရပါတယ်" ဟု ပြောသည်။

ပြောရင်းဆိုရင်း တစ်စုံတစ်ခု သတိရဟန်ဖြင့် ကုလားထိုင်က ထလိုက်ပြီး ဆက်ပြောသည်။

"ဟော့... နေဦးကွ၊ အချိန်စောသေးပေမယ့်၊ နည်းနည်းပါးပါး သောက်ကြ စားကြရင်း ပြောကြရအောင်လား"

"ကျွန်တော် မသောက်ချင်ပါဘူးခင်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် အာဝင်က မတ်တတ်မှ ခေတ္တမျှ ကျွန်တော့်ကို ငုံ့ကြည့်နေကာ ပြန်ထိုင်ပြီးနောက်...

"အေးလေ...ဒီလိုဆို တို့လည်း မသောက်ပါဘူး၊ စကားပဲ ပြောကြတာပေါ့၊ ကဲ...ဆိုကွာ၊ ခုလာတဲ့ ကိစ္စ"

"အကြောင်းသိပ်မရှိလှပါဘူး"

ကျွန်တော် သူ့ကို စိုက်ကြည့်နေမိပါ၏။ ကျောပြင် ဖြောင့်ဖြောင့်။ ခေါင်းမတ်မတ်နှင့် ဤအဘိုးအိုသည် ကျွန်တော် ရရှိထားသည့် သတင်းအတိုင်း ဖြစ်နေမည်လား။ မမှန်ပါစေနှင့်ဟု ကျွန်တော် ဆုတောင်းနေမိပါသည်။ သူနှင့် အရက်ပဲ အတူထိုင်သောက်ပြီး ဟိုအကြောင်းတွေလည်း လုံးဝ မပြောတော့ဘဲ မြို့ကို ချက်ချင်း ပြန်ပြေးချင်စိတ် ပေါက်လာသည်။ သိထားရသော အချက်များ မမှန်ကြောင်း ဆရာကြီးကို ပြောလိုက်လျှင် ကိစ္စပြတ်ချေပြီ။ ဆရာကြီးလည်း ဘာမျှ ပြောနိုင်ဖွယ် မရှိ။ ဆရာကြီး ဒေါပွကောင်း ဒေါပွမည်။ သို့သော် ကျွန်တော် ပြောသမျှ လက်ခံရမည်သာ။ တစ်ချိန်တည်းမှာပင် မစ္စလစ်တယ်လ်ပတ်ထံမှ ရလာသော အထောက်အထားများကိုလည်း ကျွန်တော် မီးရှို့ဖျက်ဆီးပစ်လိုက်နိုင်သည်။

မည်သို့ဆိုစေ။ ကျွန်တော်သိဖို့တော့ လိုသည်။ အမှန်အတိုင်း ကျွန်တော် သိဖို့ လိုသည်။ အမှန်ဆိုသည်ကလည်း ကြောက်စရာ အမှန်တရား။ တကယ်က အမှန်တရားဟူသည် ဆုပ်ကိုင်၍လည်း မရ။ သို့ပေမယ့် နက်နဲမှု အတိရှိသည်။ ထို့ကြောင့် ကျွန်တော်သည် တရားသူကြီး အာဝင်ကို အသေအချာကြည့်၍ စကားစရန် ဟန်ပြသည်။

ထိုအချိန်တွင် ကျွန်တော်သည် သူ့အား ယခင်နှစ်ပေါင်း များစွာက ခင်မင်ခဲ့ခြင်းနှင့် မတူသော ခင်မင်လေးစားသည့် စိတ် ပေါ်ပေါက်လာသည်။

"အကြောင်း သိပ်မရှိလှပါဘူးလို့ စောစောက ကျွန်တော် ပြောခဲ့တယ်၊ ဒါပေမယ့် နည်းနည်းတော့ ပြောရာရှိပါတယ်ခင်ဗျ"

"ဘယ်ဟာလဲ...ဆို"

"ဦး... ခင်ဗျား.... တစ်ခုတော့ ရှိပါတယ်၊ ကျွန်တော် ဘယ်သူ့ဆီမှာ အလုပ်လုပ်နေတယ်ဆိုတာ ဦးသိပါတယ်နော်"

"အေး... သိတယ်၊ ဒါပေမယ့် အဲဒါကို မေ့ထားလိုက်ပြီး စကားပြောကြရအောင်လား၊ စတာ့ခ်ကို တို့မကြိုက်ပေမယ့် လူတစ်ယောက် အဖြစ်တော့ တန်ဖိုးထား လေးစားပါတယ်၊ တစ်ခါဆို သူ့ကိုတို့အပြည့်အဝထောက်ခံတော့မလို့ပါပဲ၊ သူ့နည်းပရိယာယ်တချို့ကို မကြိုက်လို့သာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် မက္ကမာဖီဘက် ပါသွားတယ်ပေါ့"

"ဂျက်…နိုင်ငံရေး ဆိုတာ အဲဒါပဲပေါ့၊ ကိုယ်ကြိုက်တာ ကိုယ်ရွေးတာပဲ၊ ဒီအတွက် စံစားရတာလည်း ရှိတယ်၊ ခံစားရတာလည်း ရှိတယ်၊ သူ့ရွေးနဲ့ သူပေါ့ကွာ၊ ဒါကို မင်းလည်း သိပါတယ်၊ မင်းဘယ်လောက် ပေးဆပ်နေရတယ်ဆိုတာပါ မင်း တွေ့နေရပြီ မဟုတ်လား၊ တို့တစ်တွေ ဘယ်သူမှားတယ်၊ ဘယ်သူမှန်တယ် ဆိုတာ အချိန်က အဆုံးအဖြတ် ပေးမှာပေါ့ကွာ"

"ဦး စောစောက ပြောတယ်၊ စတာ့ခ်ရဲ့နည်းပရိယာယ်တွေကို မကြိုက်ဘူးဆိုမဟုတ်လား၊ ဒီလိုလုပ်ရင် မက္ကမာဖီရဲ့ နည်းပရိယာယ်တွေ အကြောင်းကိုလည်း ကျွန်တော် ပြောပြချင်တယ်"

မက္ကမာဖီ၏ လုပ်နည်းလုပ်ဟန် တချို့အကြောင်း ကျွန်တော် ပြောပြလိုက်ပြီး တစ်ဆက်တည်း ဆက်မေးလိုက်၏။

"အဲဒီနည်းတွေကကော ကောင်းသလား ဦးရဲ့"

"အေး…ဒါတော့လည်း မကောင်းဘူးပေါ့"

"ဟုတ်ပါတယ်၊ ဘယ်ကောင်းမှာလဲ၊ ဒီတော့ ခု မက္ကမာဖီ လုပ်နေတာကို ဦး ဩဇာနဲ့ တားရင် ရနိုင်မယ် ထင်ပါတယ်၊ ဦး စကားကိုတော့ သူနားထောင်ရမှာပေါ့၊ ပြီးတော့ ကျွန်တော် ပြောနိုင်သေးတာက ဒီကိစ္စမှာ ရှုံးရောက်လည်း ဆရာကြီးက အနိုင်ကိုင်မှာပဲ၊ မက္ကမာဖီ ရှုံးမှာ သေချာနေတယ်၊ ဒါကြောင့် ဦးက မက္ကမာဖီကို တားပေးနိုင်ရင် သူ့အတွက်လည်း ကောင်းမယ်"

တရားသူကြီး အာဝင်တစ်ယောက် အတန်ကြာ စဉ်းစားပြီး ခေါင်းခါပြ၏။ ကျွန်တော်က အသနားခံသော လေသံဖြင့် ပြောလိုက်မိသည်။

"ဦး ဘာကြောင့် မတားချင်ရတာလဲဗျ"

"မက္ကမာဖီကိုယ်တိုင် သူ့ဘာသာသူ အကွက်ရိုက် လုပ်ထားတာပဲ၊ သူ မှားချင်လည်း မှားမပေါ့၊ ဒါပေမယ့် ဒီကိစ္စမျိုးမှာ ဦးကတော့ ကြားမဝင်ချင်ဘူးကွာ"

ကျွန်တော်က ထပ်မံတောင်းပန်သည်။

"ဒီလိုလည်း ဘယ်ဟုတ်မလဲ ဦးရယ်၊ နည်းနည်းကလေး အချိန်ယူပြီး ပြန်စဉ်းစားပါဦး၊ ကဲ… ကျွန်တော် အခုပြန်မယ်၊ မနက်ဖြန်မှ ပြန်လာမယ်၊ အဲဒီတော့မှ နောက်ဆုံး အဆုံးအဖြတ်ကို ပြောပါ"

"လာတော့ လာပါ၊ ဒါပေမယ့် ဘယ်တော့လာလာ၊ အဖြေကတော့ အတူတူပါပဲကွာ"

"မနက်ဖြန်မှ အပြီးသတ် ဆုံးဖြတ်ပါ၊ ဦးရယ်နော်" ကျွန်တော် ထပ်တောင်းပန်သေး၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်းကွာ၊ ဦးကို စိတ်မနိုင်ဘူးများ ထင်နေရော့လား၊ ဘယ်လိုပဲ ဖြစ်ဖြစ်လေ၊ မနက်ဖြန်လည်း လာခဲ့ဦးပေါ့၊ ဒါပေမယ့် နိုင်ငံရေးအကြောင်း တို့မပြောကြဘူးလေကွာ"

ဤအတိုင်း ဖြစ်လာမည်ကို ကျွန်တော်သိနှင့်ဖို့ ကောင်းပါသည်။ သူ့အား ကြည့်၍ ကျွန်တော်က ထပ်မံ ပန်ကြားပါသေး၏။

"ကျွန်တော် အထူးတောင်းပန်ပါတယ် ဦးရယ်၊ ဒါမှမဟုတ်ရင်တော့..."

အာဝင်က ကျွန်တော့်မျက်နှာကို စိုက်ကြည့်လာသည်။ မေးခွန်းထုတ်သော ဟန်မျိုး ပေါ်လာသည်။

"ဘာကွ...ဒါမှမဟုတ်ရင် ဆိုပါဦး"

ကျွန်တော်က မေးခွန်းတစ်ခု ကောက်မေးလိုက်၏။

"ကဲ...ဒီလိုဆိုရင် ဦးဟာ လစ်တဲလ်ပတ်ဆိုတဲ့ လူတစ်ယောက်ကိုများ သိဖူးပါသလားခင်ဗျား"

တရားသူကြီးအာဝင်က "လစ်တဲလ်ပတ်...ဟုတ်လား" ဟု ဆိုကာ မျက်မှောင်ကြုတ် စဉ်းစားနေစဉ် ကျွန်တော်က အမည်အပြည့်အစုံကို ထပ်ပြောလိုက် ၏။

"မစ္စတာ မွန်တီမာအယ်လစ်တဲ့လ်ပတ် ဆိုတဲ့ လူပါဦး၊ မမှတ်မိတော့ ဘူးလား"

"မမှတ်မိတော့ပါဘူးကွာ" ဟု ခေါင်းယမ်း၍ ဖြေသည်။ သူ မမှတ် မိတော့ဘူးဆိုသည်မှာ ဖြစ်နိုင်ပါသည်။ ကြာလည်း ကြာခဲ့ပြီမင့်ကိုး။ ထို့ကြောင့် ကျွန်တော်က တစ်မျိုးလှည့်မေးရပြန်၏။

"ဒါဖြင့်လည်း ဦးရယ်၊ အမေရိကန် လျှပ်စစ်ဓာတ်အား ကုမ္ပဏီကိုကော ဦး မှတ်မိပါသေးသလား"

"ဟာ... ဒါတော့ မှတ်မိတာပေါ့ကွ၊ ကုမ္ပဏီရဲ့ ဥပဒေအတိုင်ပင်ခံ အဖြစ် ၁၀ နှစ်လောက် ဦးလုပ်ခဲ့တာပဲ" သူက အရိုးခံအတိုင်း ပြောသည်။ တစ်စုံတစ်ရာ ထူးခြားချက် မရှိ။

"အဲဒီအလုပ်ကို ဦး ဘယ်နည်းနဲ့ ရခဲ့တယ်ဆိုတာကောက မှတ်မိပါ သလား ခင်ဗျား"

"အင်း...နေစမ်းပါဦးကွယ်၊ စဉ်းစားကြည့်ပါဦးမယ်"

အတော်ကြာ စဉ်းစားပြီးမှ မှတ်မိဟန်ဖြင့် ဖြေသည်။

"အဲ...ဟုတ်ပြီ၊ ဟို မစ္စတာဆက်တာဖီးလ်ဆိုတဲ့ လူကကမ်းဆင့် ရခဲ့တာ ပဲကွ" ယခုအချိန်၌မှ အာဝင်၏ အမူအရာ အနည်းငယ် ပြောင်းလာပြီဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တွေ့ရသည်။ သူ မှတ်မိစပြုလာပြီ။ ကျွန်တော် သူ့အား အတော်ကြာအောင် ကြည့်နေရာ သူသည် ကုလားထိုင်ပေါ်၌ ကျွန်တော့်ဘက် တည့်တည့်လှည့်ကာ မတ်မတ်ကြီး ထိုင်နေသည်။ ကျွန်တော်က ညင်သာစွာဖြင့် ဆက်မေးလိုက် သည်။

"ကဲ… ခင်ဗျား၊ မက္ကမာဖီကို ဦးတားပေးမယ် မဟုတ်လား"

"ဒါတော့ ပြောပြီးသားအတိုင်းပဲကွယ်"

တရားသူကြီးအာဝင်၏ သက်ပြင်းချသံကို ကျွန်တော် သတိထားလိုက် မိပါသည်။ သူ ဘာ စဉ်းစားနေသည်ကို ကျွန်တော် သိချင်နေ၏။ သူလုပ်ခဲ့ သည်များကို ပြန်၍ သတိရချိန်တွင် သူ ဘာတွေ စဉ်းစားပါမည်နည်း။ ထိုအချိန် မှာပင် စောစောက ကုလားထိုင်ဘေးချထားကာ စာအိတ်အညိုရှည်ကြီးကို ကျွန်တော် ကောက်ယူလျက် သူ့ပေါင်ပေါ် တင်ပေးလိုက်သည်။ အာဝင်က မကိုင်ဘဲ စာအိတ် ကြီးကို စိုက်ကြည့်နေခဲ့၏။ ထို့နောက် ကျွန်တော့်ကို တစ်ချက် ကြည့်လိုက်ပြီး နောက်တွင်ကား စာအိတ်ဖွင့် စာရွက်များထုတ်ယူပြီး ဖတ်ကြည့်တော့သည်။ သူသည် ဖြည်းညင်းစွာ ဂရုတစိုက် ဖတ်ကြည့်ပြီးမှ စကားပြောသည်။

"အင်း… လစ်တဲလ်ပတ်၊ ဒီနာမည်ကို တကယ်တော့ မေ့နေပါပြီကွ၊ ဒီစာထဲက အကြောင်းလည်း ဦးတကယ် မေ့နေပါပြီ၊ အင်း… ဒါဟာ အမှန် ဖြစ်ခဲ့တာ မဟုတ်ဘူးလို့တောင် ဦးစိတ်ထဲ ဖြစ်နေမိခဲ့ပါတယ်၊ ခုတော့…အင်းလေ ဒါ တကယ်ဖြစ်ခဲ့တာပါပဲကလား"

"ဟုတ်ကဲ့၊ ဒါအမှန် ဖြစ်ခဲ့တာပါပဲလား ခင်ဗျ"

"မှန်တယ်၊ ယုံတောင် မယုံနိုင်လောက်အောင်ပါပဲကွယ်၊ တကယ် ဖြစ်ခဲ့ တာပါ"

"ကျွန်တော့်အတွက်လည်း မယုံနိုင်အောင် ဖြစ်ခဲ့ရပါတယ်"

"ကျေးဇူးတင်တယ် ဂျက်၊ မင်း ပြန်သတိပေးဖော်ရတာ"

"ဒါဖြင့် ဦးရယ်၊ ဒီကိစ္စ ပြန် သတိရပြီဆိုရင် ဦးလုပ်စရာရှိတာ နောက် တစ်ဆင့်က ဘာလဲ"

"အေး… အခုမှ ဦးသဘောပေါက်တယ်၊ မင်းရဲ့ ဆရာကြီးဆိုသူက ဦးကို ဒါနဲ့ အကျပ်ကိုင်တာကိုးကွ"

"အကျပ်ကိုင်တယ်လို့တော့ မဆိုကောင်းပါဘူး၊ တခြားဝေါဟာရ ရှိပါ လိမ့်ဦးမယ်"

အာဝင်သည် စာအိတ်ကြီးကို လက်နှင့်တွန်းလျက် ကျွန်တော့်ကို ဆင် ပြောလာ၏။

"ဒီကိစ္စတွေက နှစ်ပေါင်း ၂၅ နှစ်ကျော်နေပြီပဲ၊ ခုမှ ဒါနဲ့ ပြန်ကိုင်လို့ ဘယ်ရမှာလဲကွ၊ သေတဲ့လူတွေလဲ သေကုန်ကြပြီလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဦးကတော့ မသေသေးဘူးလေ၊ ဦးကို လူတွေအားလုံးက လည်း တလေးတစား ရှိနေဆဲပဲ၊ အဲဒီကိစ္စကြောင့် လူတွေအမြင် ဦးအပေါ်မှာ တစ်မျိုးပြောင်းသွားရင်..."

"သူတို့ ဘယ်လို ထင်ထင်ကွာ၊ တို့ မှန်တာလုပ်ခဲ့ပြီးပြီ၊ တာဝန်ကို တာဝန်အတိုင်း ဆောင်ရွက်ခဲ့တာပဲ"

ကျွန်တော် သူ့ကို ကြည့်နေရာမှ စာအိတ်ကို ကြည့်လိုက်ပြန်၏။ ကျွန်တော် ကြည့်ရာကို လိုက်ကြည့်နေရာက အာဝင်သည် ပြောလက်စစကားကို ရပ်သွားပြီး ကျွန်တော့်ကို ပြန်မော့်ကြည့်၍ ပြော၏။

"အေးကွာ... မင်းပြောတာလည်း မှန်နေပြန်တယ်"

"အဲဒါ ကျွန်တော် ပြောတာပေါ့ ဦးရယ်"

"နေပါဦး၊ မင်းဆရာကြီးကော ဒီကိစ္စ သိနေပြီလား"

"ကျွန်တော် ခုထိမပြောသေးဘူး၊ ဦးနဲ့ တွေ့ပြီး မေးကြည့်ဖို့က ကျွန်တော့် တာဝန်လေ"

"မင်းသဘောထားက စာနာမှုရှိပါတယ်၊ ဒါပေမယ့် မင်းအလုပ်လုပ် နေတာက အကျပ်ကိုင် အနိုင်ကျင့်တတ်တဲ့ ဗိလိစတာ့ခ်အတွက်ဆိုတော့..."

"ဒါတွေ ပြောမနေပါနဲ့တော့ ဦးရယ်၊ ဒီလိုတမ်းသာ ဆိုရင် ကျွန်တော့် ဘက်ကလည်း ပြောနိုင်တာ တစ်ခုရှိတာပေါ့၊ ဦးကလည်း အကျပ်ကိုင် အနိုင် ကျင့်နေတဲ့ မက္ကမာဖီကို အကာအကွယ်ပေးချင်နေတယ်လို့"

"မက္ကမာဖီကို ဦးက အကာအကွယ် မပေးပါဘူးကွာ၊ ဦးဟာ ကိုယ့်ကိုယ် ကိုယ် အကာအကွယ်ပေးဖို့ ကြိုးစားတာပဲ ဖြစ်ပါလိမ့်မယ်"

"ဒီတော့ ဦး၊ ဒီကိစ္စ ကျွန်တော် ဗိလိစတာ့ခ်ကို လုံးဝ မပြောဘူးလေ၊ ဦးကသာ တစ်ခုခု လုပ်ပေးပေါ့၊ ဘာလုပ်ရမယ်ဆိုတာလည်း ဦးသိပါတယ်"

"အေး...မင်း ဘယ်တော့မှ ဗိလိစတာ့ခ်ကို ဒီအကြောင်း မပြောဖြစ်စေ ရပါဘူးကွာ၊ ဟုတ်ပြီလား"

သူက တည်ငြိမ်လေးနက်သောအသံဖြင့် ပြောလိုက်ခြင်း ဖြစ်ရာ ရုတ် တရက်အားဖြင့် သူသည် လက်နက်တစ်ခုခုကို လှမ်းဆွဲလိုက်လေသလားဟု ကျွန်တော် တွေးလိုက်မိသေး၏။ ကျွန်တော့်အတွေးကို တရားသူကြီးအာဝင်က အကဲခတ်မိပုံရသည်။ ခေါင်းကိုညင်သာစွာ ယမ်းကာ ပြုံး၍ ပြောသည်။

"ဒါမျိုး မလုပ်ပါဘူးကွာ၊ စိတ်ချပါ၊ မင်းကို ထိခိုက်အောင် မလုပ် ပါဘူး၊ ဒါပေမယ့် မင်းကို ရပ်တန့်က ရပ်အောင်တော့ ဦးလုပ်နိုင်ပါတယ်"

"မက္ကမာဖီကို တားတော့မယ်လား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ဒီထက် လွယ်သေးတယ်"

"ခင်ဗျာ... ဘယ်လိုနည်းမျိုးပါလဲ"

"သိပ်လွယ်လွန်းပါတယ်၊ မင်းကို ဦး အဲဒီစကားပြောလိုက်ရုံနဲ့ ပြီးတယ်၊ ဒါပေမယ့် ဦးမလုပ်ပါဘူး" အာဝင်က ထိုင်ရာမှ ထလိုက်ရာ စာရွက်များ ဒူးပေါ်မှ လျှောကျသွားသည်။

"ဘယ်လိုဆိုတာလေးတောင် ပြောမပြနိုင်ဘူးလား ဦးရယ်"

အာဝင်က ပြုံးပြီး ထပ်ပြောသည်။

"ဒါတွေ မေ့ပစ်လိုက်ပါကွာ"

ကျွန်တော် စာရွက်များ ကောက်ယူနေစဉ် အာဝင်က မတ်တတ်ရပ်လျက် စီးကြည့်နေ၏။

"ကဲ... ဦး ကျွန်တော် မနက်ဖြန်လာခဲ့မယ်နော်၊ ပြန်စဉ်းစားပြီး မနက်ဖြန်မှ ဆုံးဖြတ်ချက်ကို ပြောပြပါ"

"ဦး ဆုံးဖြတ်ပြီးနေပြီလေကွာ"

"ဒီတော့..."

"စောစောက အတိုင်းပဲ မပြောင်းလဲဘူး"

"ဘာပဲပြောပြော ဦး၊ ကျွန်တော် မနက်ဖြန်တော့ လာခဲ့မယ်"

"လာတာက လာပါ၊ ဆုံးဖြတ်ချက်ကလည်း ဆုံးဖြတ်ပြီးသား၊ စောစောကအတိုင်းပါပဲ"

ကျွန်တော် နှုတ်ပင်မဆက်ဘဲ သူ့အိမ်မှ ပြန်ရန် ခြေလှမ်းပြင်စဉ် အပြင်ခန်းအထိ လိုက်ပြီး အာဝင်က တစ်ခုပြောသေးသည်။

"မင်းစာရွက်စာတမ်းတွေအရ ဦးအခုမှ တစ်ခုသိရတယ်ကွာ၊ ဘုရင်ခံစတင်တန်ဟာ သူ့နာမည် အပျက်ခံပြီးတော့ ဦးကို ဒီအကြောင်း တစ်ခါမှ မပြောဖူးဘူး၊ ဝမ်းနည်းရမလား ဝမ်းသာရမလားတောင် မသိနိုင်တော့ပါကလား"

ကျွန်တော် ခြေကျင်လျှောက်ပြီး အိမ်ပြန်ခဲ့၏။ နေပူလွန်းသည်မှာ ငရဲအလားပင်၊ ကျွန်တော် ရေသွားကူးရကောင်းမလား။ ကားမောင်းပြီး ဆရာကြီးဆီပြန်၍ သတင်းပေးလျှင် ကောင်းမလား စဉ်းစားမိသည်။ ထို့နောက် တစ်ရက်တော့ စောင့်ကြည့်လိုက်မည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်၏။ တရားသူကြီး အာဝင် စိတ်ပြောင်းကောင်း ပြောင်းလာနိုင်သောကြောင့် ဖြစ်သည်။ ရာသီဥတုကလည်း ပူလွန်းနေသေးသည်။ ထို့ကြောင့် ညနေ နေအေးသည်အထိ အိပ်ရာထဲ လှဲနေရန် ဆုံးဖြတ်လိုက်သည်။

(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အသံတစ်ခုကြောင့် အိပ်ရာမှ လန့်နိုးလာ၏။ မိန်းမတစ်ဦး၏ အလန့်တကြား အော်သံကြောင့် ဖြစ်သည်။ နောက်ထပ် ကျိတ်ပြီး အော်ညည်းနေသံကို ဆက်ကြားရပြန်၏။ ထို့ကြောင့် အိပ်ရာမှထ အပြင်ပြေးထွက်ခဲ့သည်။ အသံမှာ မေမေ့အခန်းမှ ဖြစ်နေ၏။ အခန်းတံခါးပွင့်နေ၍ ကျွန်တော် အခန်းထဲတန်းဝင်သွားရာ တယ်လီဖုန်း လက်ကိုင်ရင်း ခုတင်စွန်း၌ ထိုင်ကာ ကျွန်တော့်ကို ငေးကြောင်၍ ကြည့်နေသော မေမေ့ကို တွေ့ရသည်။ မေမေသည် ရှိုက်၍ ငိုနေရာမှ ဖုန်းကို ကြမ်းပြင်ပေါ် ပစ်ချလျက် ကျွန်တော့်ကို လက်ညှိုး ထိုးပြီး အော်ဟစ် ပြောဆိုပါတော့သည်။

"မင်း... မင်း သူ့ကို မင်းသတ်လိုက်တာပဲ"

"ဘာဖြစ်တာလဲ မေမေ၊ ဘာဖြစ်လို့လဲ"

"မင်း...သူ့ကို သတ်လိုက်ပြီကွယ်" မေမေသည် ပြောရင်း ပြောရင်း ဟက်ဟက်ပက်ပက် ရယ်ပါလေတော့၏။ မေမေ စိတ်ဖောက်သွားလေပြီလား။

ကျွန်တော်က မေမေ့ကျောကိုကိုင်လျက် အရယ်ရပ်သွားအောင် လှုပ်ယမ်း သတိပေးသည်။ မေမေကလည်း ရုန်းသည်။ ကျွန်တော် မတတ်နိုင်၊ အမိန့်ပေးရတော့၏။

"မေမေ ငြိမ်ငြိမ်နေနော်"

ကျွန်တော့်ကို ယခုမှ တွေ့လိုက်ရသည့်အလား မေမေက ပြူးကြည့်နေ၏။ စောစောကလောက် မကျယ်တော့သော်လည်း ခပ်မာမာ ပြန်ပြောပြန်၏။

"မင်း သူ့ကို သတ်လိုက်ပြီ၊ သတ်လိုက်ပြီ"

"ဘယ်သူ့ကိုလဲ မေမေ" မေမေ့ကို ကိုင်လှုပ်ရင်း ကျွန်တော် ထပ်မေး၏။

"မင်းအဖေ... မင်းအဖေ၊ မင်းအဖေကို မင်းသတ်ပစ်လိုက်ပြီ"

ဤကား ကျွန်တော်ရင်ဆိုင် တွေ့လိုက်ရသော အခြေအနေများပါတကား။ သို့သော် ထိုခဏက ကျွန်တော် မည်သို့မျှ မခံစားခဲ့ရ။ မေမေ့ကို ဂရုစိုက်နေရသဖြင့် အလုပ်များနေခဲ့ပါ၏။ ဒေါက်တာဘလင်းကိုယ်တိုင် မေမေ့ကို လာပြုစုပြီး စိတ်ငြိမ်ဆေးတိုက်သွား၏။ မေမေငြိမ်သွားတော့မှ ကျွန်တော်က ဒေါက်တာဘလင်းကို တစ်ခုမေးကြည့်၏။

"ဒေါက်တာ တရားသူကြီးအာဝင် ဘာဖြစ်လို့လဲဗျ"

"ဒီနေ့ မွန်းလွဲပိုင်းမှာ သူ့ကိုယ်သူ ပစ်သတ်သေသွားတယ်၊ အင်း... နာတာရှည်ဆိုတော့ ဒဏ်မခံချင်တော့ဘူး ထင်ပါတယ်လေ၊ တက်တက်ကြွကြွ

www.burmeseclassic.com

www.burmeseclassic.com



အားကစားသမား တစ်ယောက်တောင် ဇရာထောင်းချိန် အိုမင်းမစွမ်းဖြစ်လာတော့ မတက်ကြွနိုင်တဲ့ ဒဏ် မခံနိုင်ဘူးထင်ပါရဲ့"

ကျွန်တော် ဘာမှ မပြောပါ။ ခဏအကြာ ဆရာဝန် နှုတ်ဆက်ပြန်သွား၏။ ကျွန်တော် တံခါးဝအထိ လိုက်မေးမိသေးသည်။

"ဒေါက်တာ သူ ဘယ်နေရာကို ပစ်သွားသလဲဗျာ၊ ခေါင်းကို ပစ်တာ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး၊ နှလုံးသားတည့်တည့်ကို ပစ်သွားတာ"

နောက်နှစ်ရက်အကြာတွင် တရားသူကြီး အာဝင်ကို ဘုရားဝတ်ကျောင်းအတွင်း ဝက်သစ်ချပင်အိုကြီးများအောက်၌ မြှုပ်နှံသဂြိုဟ်လိုက်ကြ၏။ ကျွန်တော်သည် အသုဘပို့ရင်း အခြားသူများ မြေဖို့နေကြစဉ် တစ်စုံတစ်ခုကို စဉ်းစားနေမိ၏။ ပြုသူနှင့် အပြုခံရသူတို့အကြောင်း။

တရားသူကြီး အာဝင်က မစ္စတာမွန်တီမာလစ်တဲလ်ပတ်ကို မေ့နိုင်သော်လည်း မွန်တီမာလစ်တဲလ်ပတ်ကမူကား အာဝင်ကို မမေ့။ မွန်တီမာ သေခဲ့သည်မှာ နှစ် ၂၀ ကျော် ကြာခဲ့ပြီ။ သို့ရာတွင် သူသည် နှစ် ၂၀ ကျော်ကြာသည်တိုင် မမေ့ဘဲ စောင့်နေချေသည်တကား။ ပထမပိုင်းတွင် တရားသူကြီး အာဝင်က မွန်တီမာကို သတ်သေစေခဲ့၏။ ယခုသော်ကား မွန်တီမာက အာဝင်ကို သတ်သေစေခဲ့ပြီတည်း။

နေပါဦး၊ မွန်တီမာက သတ်ခဲ့ခြင်း ဟုတ်ပါလေစ။ ကျွန်တော့်လက်ချက်လည်း ဖြစ်နိုင်သည်။ ဤအတွေး ခေါင်းထဲရောက်လာပြန်သည်။ ကျွန်တော် တာဝန်ရှိနေပြီလော။ မွန်တီမာက အာဝင်ကို သေစေခဲ့ချေပြီ။ အာဝင်က သူ့ကို သေစေခဲ့သောကြောင့် ဖြစ်ပါ၏။ အလားတူပင် ကျွန်တော်ကလည်း တရားသူကြီး အာဝင်ကို သေစေခဲ့သည်သာ ဖြစ်၏။ အကြောင်းမူ ကျွန်တော့်ကို လူ့ဘဝသို့ တရားသူကြီး အာဝင်က ဖန်တီးခေါ်ယူခဲ့သောကြောင့် ဖြစ်သည်။ ထို့ကြောင့် တရားသူကြီး အာဝင်တစ်ယောက် ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးသွားခြင်း ကိစ္စတွင် မွန်တီမာနှင့် ကျွန်တော်တို့သည် ကိရိယာ တန်ဆာပလာများသာ ဖြစ်ခဲ့ချေသည်ဟု ဆိုနိုင်ပါလိမ့်မည်။ သတ်ခြင်းနှင့် ဖန်တီးခြင်းကို သေခြင်းတရားဖြင့် ပြစ်ဒဏ်ခတ်နိုင်သည် မဟုတ်ပါလော။ သေခြင်းတရားသည် ရာဇဝတ်သား၏ လက်ချက်ဖြင့်သာ ဖြစ်ပေါ်လေ့ ရှိသည်။ လူတိုင်းသည် ကိုယ့်ကိုယ် ဖျက်ဆီးသူများသာ ဖြစ်ပါသည်။ လူသည် မည်သို့ နေရမည်သိလျှင် ဘယ်တော့မှ မသေနိုင်ပါချေ။

မြေဖို့ပြီးသွားသော် ကျွန်တော်လည်း ပရိသတ်နှင့် အတူ ပြန်လာခဲ့ပါ၏။ သေသူကို ထားခဲ့ကြပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်၌ကား တရားသူကြီး အာဝင်သည် ကျွန်တော့်အဖေဖြစ်ကြောင်း ကျွန်တော် စဉ်းစားတတ်ပြီ ဖြစ်ပါသည်။ ဟိုရှေ့နေကြီးသည် ကျွန်တော့်ဖခင် မဟုတ်ကြောင်း သိလာပါပြီ။ ရှေ့နေကြီးသည် ကျွန်တော့်ဖခင် မဟုတ်ဟု သိရသဖြင့် စိတ်သက်သာရာပင် ရမိပါသေးသည်။ သူ၏ အားနည်းချက်များ ကျွန်တော့်တွင် ထင်ဟပ်ခဲ့သည်ဟု ကျွန်တော် ခံစားမိခဲ့ဖူးသည်။

ကျွန်တော့် အဖေဟု ကျွန်တော်ထင်ခဲ့သော ရှေ့နေကြီးသည် သူ၏ ငယ်ရွယ်လှပသော ဇနီးသည် (ကျွန်တော့်အမေ) က နောက်ယောကျ်ားတစ်ယောက် နှင့် လိုက်သွားခဲ့သည်ကို ကျိတ်၍ ခံခဲ့ရှာသည်။ သူကပင် ရှောင်ထွက်သွားခဲ့ပါ သည်။ ဤသို့လျှင် သူသည် လူအေး လူကောင်း တစ်ယောက် ဖြစ်ခဲ့သည်။ သို့ရာတွင် သူ ကောင်းပုံကောင်းနည်းမျိုးကို ကျွန်တော် လက်မခံနိုင်ပါ။ ကျွန်တော့် ဖခင် အစစ်ဖြစ်သူ (တရားသူကြီး အာဝင်) ကား 'ကောင်းသည်' မဆိုနိုင်ပါ။ သူသည် သူငယ်ချင်း၏ ဇနီး (ကျွန်တော့်အမေ) ကို ကြာခိုပြီး ခိုးပြေးပေါင်းသင်း ခဲ့သည်။ တံစိုးလက်ဆောင်လာဘ်လာဘများ လက်ခံခဲ့သည့် လူတစ်ယောက် (လစ်တဲလ်ပတ်) အား သူကိုယ်တိုင် မသိလိုက်ဘဲ သေစေခဲ့သည်။ သို့ရာတွင် သူသည် ကောင်းတာတွေ လုပ်ခဲ့ပါသည်။ သူသည် တရားမျှတသော တရား သူကြီးတစ်ယောက် ဖြစ်ခဲ့ပါသည်။ သူသည် ခေါင်းတမော်မော်ဖြင့် နေနိုင်ခဲ့ပါသည်။ သူ့ဘဝ၏ နောက်ဆုံးနေ့ (ကျွန်တော် သွားတွေ့သောနေ့) မှာပင် သူသည် ဤ အတိုင်း နေခဲ့ပါသည်။ နေပါဦး ဂျက်ရယ်၊ မင်း ဒီလို မလုပ်နိုင်ပါဘူး။ မလုပ် ကောင်းပါဘူး၊ ဘာကြောင့်လဲ သိလား၊ ဘာကြောင့်လဲဆိုတော့ ငါဟာ မင်းရဲ့ အဖေပါ ဂျက်ရယ်...ဟူ၍များ ပြောခဲ့ပါသလား၊ ဤစကားမျိုး လုံးဝ မပြော ခဲ့ပါ။

ကျွန်တော် ထိုကိစ္စများကို မစဉ်းစားတော့ရန် ဆုံးဖြတ်လိုက်သည်။ ကျွန်တော်သည် နှစ်မျိုးဆုံးရှုံးခဲ့ရသူ ဖြစ်သည်။ လူအများစုသည် ဖခင်တစ်ယောက် ကိုသာ ဆုံးရှုံးကြသည်။ ကျွန်တော်ကတော့ တစ်ချိန်တည်း နှစ်ဦးကို ဆုံးရှုံးခဲ့ သည်။ အမှန်တရားကို ကျွန်တော် တူးဖော်တွေ့ရှိခဲ့သည်။ ယင်းအမှန်တရားက အဖေ့ကို သတ်ပစ်လိုက်သည်။ ကောင်းပြီ ပျော့ညံ့ခြင်းနှင့် ဆိုးပြီး ခိုင်မာခြင်း နှစ်မျိုးလုံးကို အမှန်တရားက သတ်လိုက်သည်။ ခုတော့ မိမိနှင့် အမှန်တရားသည် သာ အထီးကျန် ရှိနေချေပြီ။

နောက်တစ်နေ့ ကျွန်တော် မြို့သို့ ပြန်ရောက်သောအခါ ဘာဒင်ဟင်းဒင်း မြို့မှ ရှေ့နေကြီး မစ္စတာပက်တတ်ထံမှ ကျွန်တော့်ဆီ တယ်လီဖုန်းလာ၏။ သူသည် တရားသူကြီးအာဝင်၏ ရှေ့နေဖြစ်သည်။ တရားသူကြီး အာဝင်က

www.burmeseclassic.com

www.burmeseclassic.com


သတမ်းစာတွင် သူပိုင်တိုက်နှင့် ခြံမြေကို ကျွန်တော့်အား လွှဲပေးရန် ဖော်ပြထားသည်ဟု အကြောင်းကြားခြင်း ဖြစ်၏။ ထိုတိုက်နှင့် ထိုခြံသည်ကား တရားသူကြီးအာဝင်၏ တစ်သက်တာတွင် တစ်ကြိမ်တည်းသော မရိုးမသား ပြုမှုဖြင့် ပိုင်ဆိုင်ခဲ့သော ပစ္စည်းများ ဖြစ်ချေသည်။ ထိုအကြောင်းကို ဖော်ထုတ်၍ ကျွန်တော်က သူ့နှလုံးသားသို့ သေနတ်ပြောင်း လှည့်ပေးခဲ့သည် မဟုတ်ပါလား။

သူ၏ စိစဉ်သွားပုံမှာ အလွန် ကျိုးကြောင်းဆီလျော်လှ၍ စဉ်းစားရင်း၊ စဉ်းစားရင်း ကျွန်တော် ဟက်ဟက်ပက်ပက် ရယ်နေမိရာ တော်တော်နှင့် မရပ်နိုင်အောင် ရှိတော့သည်။ ကိုယ့်ကိုယ်ကိုယ် သတိထားမိသည့်အခါ ကျွန်တော်သည် ရယ်နေခြင်း မဟုတ်တော့ဘဲ ငိုနေခြင်းပါတကား။ နှုတ်မှလည်း တတွတ်တွတ် ရွတ်နေမိသည်။

"သနားစရာ ဇရာအိုဖေဖေ 'ကောင်းရာသုဂတိလားပါစေ"

ရှည်လျားလှသော ဆောင်းရာသီ အဆုံးတွင် ရေခဲများ ကွဲအက်သကဲ့သို့ပင်။

ဤဆောင်းရာသီကလည်း တကယ်ပဲ ရှည်လျားခဲ့ပါပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ကြီးမားလှသော အခက်အခဲ အကျပ်အတည်းကာလမျိုးကျော်လွန်လာပြီးချိန်တွင် အခြေအနေသစ်၌ နေသားတကျ ဖြစ်လာရသည်မှာ ဓမ္မတာသဘောပင်တည်း။

တရားသူကြီးအာဝင် ကွယ်လွန်သွားပြီးနောက်ပိုင်း၌ ကျွန်တော်လည်း ထိုသို့ နေသားတကျ ပြန်ဖြစ်လာခဲ့ပါ၏။ ဇာတ်လမ်းသည် ပြီးဆုံးသွားပြီဟု ကျွန်တော်ထင်သည်။ သို့ရာတွင် ဇာတ်လမ်းတို့မည်သည် ဆုံးသွားရိုးမရှိပါတကား။ အဘယ်ကြောင့်ဆိုသော် ဇာတ်လမ်းတစ်ပုဒ်ဆိုသည်မှာ အဆုံးမရှိသော ဇာတ်လမ်းကြီးတစ်ခုထဲမှ အခန်းကဏ္ဍ တစ်ခုသာလျှင် ဖြစ်သောကြောင့်တည်း။

ယခု ကျွန်တော့်ဆရာကြီး လှူပ်ရှားပါဝင် ကပြနေသော ဇာတ်လမ်း တစ်ကဏ္ဍသည်လည်း မပြီးဆုံးသေး၊ ကျွန်တော့်မှာမူ မေ့သလောက်ပင် ဖြစ်နေပြီ ဖြစ်သည်။ သို့ရာတွင် တရားသူကြီး အာဝင် ဇာတ်လမ်းသည် ဆရာကြီး၏ ဇာတ်လမ်းရှည်ကြီးထဲမှ တစ်ခန်း တစ်ကဏ္ဍမျှသာ ဖြစ်ခဲ့သည်ဆိုခြင်းကို ကျွန်တော် မေ့နေမိသည်။ ဆရာကြီး၏ ဇာတ်လမ်းရှည်ကြီးဆိုသည်မှာလည်း သူ့ထက် ကြီးမား သော ဇာတ်လမ်းကြီးထဲ၌မူ တစ်ခန်းမျှသာ ဖြစ်ချိမ့်မည် မဟုတ်ပါလော။

တစ်နေ့ ဆရာကြီး အလုပ်ခန်းထဲ ကျွန်တော် ဝင်သွား၏။ သူက ထိုင်နေရာမှ လှမ်းကြည့်ပြီး ပြောသည်။

"ဂျက်ကလည်းကွာ အာဝင်တစ်ယောက် ဒီလောက်ဖြစ်တဲ့အထိ တို့မလုပ် နိုင်ခဲ့ပါလား၊ ဘယ့်နှယ် ခုတော့ ဒီလောက်တောင် ဖြစ်သွားရပြီ၊ မင်းကို တို့ပြော ကာက သူ့ကို လုန့်ရုံလောက် လုပ်ဖို့ပဲ"

"ဒါပေမယ့် ဆရာကြီး၊ အာဝင်ဟာ လုန့်တာကိုလည်း လုံးဝ မကြောက် ခဲ့ပါဘူးခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို ဘာကြောင့် သတ်သေသွားရတာလဲ"

"ဒီအကြောင်း မပြောကြစို့နဲ့ဗျာ"

"မဟုတ်ပါဘူးကွ၊ ဘာကြောင့် သတ်သေသွားသလဲဆိုတာ ပြောစမ်းပါ"

"တော်စမ်းပါတော့ဗျာ၊ ဒီအကြောင်း မပြောပါရစေနဲ့လို့ ကျွန်တော် ခင်ဗျားကို ပြောထားပြီးသားပဲ"

ကျွန်တော့်လေသံကြောင့် သူက အံ့အားတသင့် လှမ်းကြည့်ပြီး ထိုင်ရာမှ ထလာကာ ကျွန်တော့်ကျောကို လက်ဖြင့် ပုတ်လျက် တောင်းပန်စကား ဆိုသည်။

"ဝမ်းနည်းပါတယ်ကွာ"

ကျွန်တော်က သူ့လက်ကို ဖယ်၍ နေရာရွှေ့လိုက်ရာ သူက "ဝမ်းနည်းပါတယ်' ဟု ထပ်ပြောသည်။

"အေးကွာ၊ အာဝင်ဟာ တစ်ချိန်က မင်းနဲ့ သိပ်ခင်ခဲ့တာပဲကိုး"

"ဟုတ်တယ်" ဟု ကျွန်တော်က ပြန်ပြောသည်။

ဆရာကြီးက စားပွဲ၌ ပြန်ထိုင်လျက် စကားဆက်သည်။

"ဒါထားတော့၊ ဟို မက္ကမာဖီကိစ္စ ကျန်သေးတယ်ကွ"

"ဟုတ်တယ်၊ မက္ကမာဖီရှိသေးတယ်၊ ဒါပေမယ့် သူ့ကို အကျပ်ကိုင် ပေးရဦးမယ် ဆိုရင် အဲဒီကိစ္စ ဒီ့ပြင်လူသာ ခိုင်းပေတော့"

"မင်း ကိုယ့်ဆီက အလုပ်ထွက်တာတော့ မဟုတ်သေးပါဘူးနော်"

"အင်း... ထွက်တော့ မထွက်ပါဘူး၊ ဒါပေမယ့် တချို့ ကိစ္စတွေ မလုပ်ချင်ဘူးဗျာ"

"ဟို... တရားသူကြီး အာဝင် လုပ်ခဲ့တယ်ဆိုတာ အဖြစ်မှန် မဟုတ်လား"

ကျွန်တော် မငြင်းသာ။ ဟုတ်ကြောင်း ခေါင်းညိတ်လိုက်၏။ ဆရာကြီးက နဖူးပေါ် ဝဲကျနေသော ဆံပင်များအောက်မှ အိပ်ချင်မူးတူး ဖြစ်နေဟန်ရှိသော မျက်လုံးများဖြင့် ကျွန်တော့်ကို အကဲခတ်ကြည့်နေသည်။

"ကဲ... တို့တစ်တွေ ရှေ့လျှောက် လက်တွဲသွားရဦးမှာပါကွာ၊ ဒီတော့ သိပ် စိတ်ထိခိုက်မနေပါနဲ့တော့၊ စိတ်လည်း ပူမနေနဲ့" ဟု ဆရာကြီးက ချော့မော့သော လေသံဖြင့် ပြောလိုက်သည်။

ဆရာကြီးနှင့် မက္ကမာဖီတို့၏ ဇာတ်လမ်းကား ဆက်၍ ဖြစ်ပေါ်နေခဲ့ပါ၏။ သို့သော် ကျွန်တော့်လက်ရာ မပါတော့။ ကျွန်တော် အလုပ်လည်း မထွက်ပါ။ သန့်သန့်ရှင်းရှင်း လုပ်ပေးရမည့် တာဝန်သစ်တစ်ခု ပေးလာသဖြင့် တက္ကသိုလ် စာကြည့်တိုက်သွားပြီး အခွန်အကောက်ဆိုင်ရာ ဥပဒေများကို ဖတ်သည်။ လေ့လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မှတ်စုထုတ်သည်။ အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းအတွက် လေ့လာရေးတာဝန်သစ် ဖြစ်သည်။

တစ်ညတွင် ဆရာကြီးနှင့် တွေ့ရန်ရှိ၍ ဘုရင်ခံအိမ်တော်သို့ မှတ်စုများယူပြီး ကျွန်တော် ရောက်သွားသည်။ စာကြည့်ခန်းတွင်း၌ ဆရာကြီးတစ်ဦးတည်းမဟုတ်။ တိုင်နီဒပ်ဖီနှင့် ဖိုးသကြားအပြင် ဂမ္ဘီလာဆင်ပါ ရှိနေ၏။ ကျွန်တော့်မှာ အံ့အားသင့်၍ပင် နေမိတော့သည်။ ဖိုးသကြားက တစ်နေရာ၌ထိုင်ပြီး အရက်ခွက်ကို ကလေးများကဲ့သို့ လက်နှစ်ဖက်ဖြင့် ကိုင်မော့နေသည်။ များများကားမသောက်တတ်။

"မူး. . . မူး. . . မူးတတ်တယ်ဗျ" ဟု ယုခင်က သူ ပြောဖူးသည်။

ဒပ်ဖီမှာမူကား မူးအောင် သောက်တတ်သည်။ ထိုညက ဒပ်ဖီ အရက်မသောက်။ ဆရာကြီး အရက်သောက်နေ၍ ဒပ်ဖီ စိတ်မချမ်းသာ ဖြစ်နေသည်ကား အမှန်။ ဂမ္ဘီလာဆင်လည်း မသောက်။ ကျွန်တော် ဝင်သွားချိန်တွင် ဆရာကြီးက ကျွန်တော့်ကို မျက်လုံးနီများဖြင့် စိုက်ကြည့်နေသည်။ အနားရောက်သွားတော့မှပြော၏။

"ကြည့်စမ်းပါဦးကွာ ဂျက်၊ ဒီမှာဒပ်ဖီလေ၊ ဟို. . . ဂမ္ဘီလာဆင်နဲ့ အပေးအယူ လုပ်ချင်နေသတဲ့၊ တို့က မလိုချင်ဘူးလို့ဆိုတော့ ဘာဖြစ်လဲ သိလား"

"ကျွန်တော် ဘယ်သိနိုင်ပါ့မလဲ"

"အေးပါ ပြောပြမှာပါ၊ ဂမ္ဘီလာဆင်ဟာ ဟို ဆေးရုံကြီးဆောက်ဖို့ကန်ထရိုက်ရသွားပြီကွ၊ ဒပ်ဖီက အပေးအယူ လုပ်တယ်လေ၊ ဒါကြောင့် အားလုံးပျော်နေကြပြီ"

"ကောင်းတာပေါ့ဗျာ"

"အေး. . . အကောင်းတယ်၊ အားလုံး ပျော်နေကြတယ်၊ ဒါပေမယ့် ဒီအထဲငါ မပါဘူးကွ"

ပြောပြောဆိုဆို ဆရာကြီးက သူ့ရင်ဘတ် သူထုသည်။

"ဘာကြောင့်လဲ သိလား၊ ငါက ဂမ္ဘီလာဆင်နဲ့ အပေးအယူ မလုပ်ဘူးလို့ ပြောလိုက်တယ်၊ ဒါကြောင့် ကျွန်တော် ဒီလူကို ဒီပြည်နယ်ကတောင် နှင်ထုတ်ပစ်သင့်တယ်လို့ ဃူဆတယ်၊ ခု သူဘယ်မှာလဲကွ ဟေ. . . အူ ဘယ်မှာလဲ"

ကျွန်တော်က ဂမ္ဘီလာဆင်ကို လှမ်းကြည့်မိ၏။ ဂမ္ဘီက မပြုံ။ ဆရာကြီးပြောသမျှ ပေ၍ ခံနေသည်။ သူ့အတွက်မှာ ငွေရရေး အဓိကမဟုတ်လား။ ဆရာကြီးက ဒေါသတကြီး ဆက်ပြော၏။

"အဲဒီလူ ဘယ်မှာမှ မဟုတ်ဘူး၊ ဒီအခန်းထဲမှာ ဟိုမှာ ခုလေးတင်သူ့ရောင်းရင်းကြီး မက္ကမာဖီကိုတောင် သူ ရောင်းစားပြီးပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက ဂမ္ဘီကို လက်ညှိုးတထိုးထိုးဖြင့် ပြောနေဆဲဖြစ်၏။ ဤတစ်ချိတွင်ကား ဂမ္ဘီက ပြန်ရန် ပြင်တော့သည်။ သူ့ကိစ္စပြီးပြီ။ အောင်မြင်ခဲ့ပြီမဟုတ်လား။

"ဘုရင်ခံမင်းခင်ဗျား၊ အလုပ်ကိစ္စပြီးပြီဆိုရင် ကျွန်တော့်ကို ပြန်ခွင့်ပြုပါ"

"ဟုတ်ပြီလေ၊ ဒါပေမယ့်..."

ဆရာကြီးသည် အရက်ခွက်ဖြင့် ဒပ်ဖီ၏မျက်နှာကို ရုတ်တရက်ပက်ထည့်လိုက်ရာ ဒပ်ဖီသည် အံ့အားကြီး သင့်သွားရာမှ မျက်နှာနီရဲလာပြီးလှမ်းမေး၏။ သို့ရာတွင် ကျိုးနွံရှိသေသော အသံဖြင့်...

"ဘုရင်ခံမင်း ဘာကြောင့် ဒီလိုလုပ်တာလဲ ခင်ဗျာ"

"ဒီလိုလုပ်သင့်တာ ကြာလှပြီ ကိုယ့်လူ"

ချက်ချင်းပင် ဆရာကြီးသည် ဂမ္ဘီလာဆင်ဆီ ခွေ့ကနဲ ရောက်သွားပြီးအင်္ကျီလည်ပင်းဆွဲလျက် ကြိမ်းပြန်၏။

"ခုတော့ ပြီးသွားပြီပေါ့ကွာ၊ ဒါပေမယ့် ဆေးရုံဆောက်လို့ သံတစ်ချောင်းကျန်၊ အုတ်တစ်ချပ် ကျိုးတာမျိုးလောက် ဖြစ်ရင်တောင် မင်းကို ငါအရေခွံခွာပစ်မယ်ကွ၊ မှတ်ထား"

လက်နှစ်ဖက်ဖြင့် စုံဆွဲလိုက်ခြင်းကြောင့် ဂမ္ဘီ၏ အင်္ကျီကြယ်သီးတစ်လုံးပင် ပြုတ်သွားသည်။

"ဒီဆေးရုံဟာ ငါ့ဆေးရုံကွ၊ ငါ့ဆေးရုံ၊ သိကြရဲ့လား"

ဂမ္ဘီလာဆင်သည် စကားတစ်ခွန်းမျှ ပြန်မပြောဘဲ အခန်းထဲမှ ထွက်သွားသည်။ တိုင်နီဒပ်ဖီက နောက်က လိုက်သွား၏။

ဆရာကြီးသည် ဒေါသမပြေသေးဘဲ ဆိုဖာပေါ်၌ ပြန်ထိုင်သည်။ ပုလင်းလှမ်းယူကာ ငှဲ၍ သောက်ပြန်သည်။ ထို့နောက် ကျွန်တော့်ဆီ ထလာရင်းဆက်ပြောသည်။

"ဒီလူတွေကို ကိုယ်တစ်ယောက်မကျန် အရေဆုတ်ပစ်မယ်ကွ၊ သိလား၊ သူတို့ကိုယ်တိုင်က ဒီလိုဖြစ်အောင် လုပ်ကြတာ"

ကျွန်တော်က စကားတစ်လုံး ဝင်ထောက်လိုက်သည်။

"တွမ်စတော့ခ်နဲ့ နည်းနည်းတော့ ပတ်သက်မယ်ထင်တယ်"

ဆရာကြီး၏ သား မြာမှုပွေသည့်ကိစ္စအတွက် ကျေးရာ ကျေးကြောင်းလုပ်လိုက်ရခြင်း ဟုတ်မဟုတ်သိချင်၍ မေးလိုက်ခြင်း ဖြစ်သည်။ ထိုစကားကြောင့်ဆရာကြီးမှာ မလှုပ်မရှား တုံ့သွားပြီး ကျွန်တော့်ကို စိုက်ကြည့်နေသည်။ ကျွန်တော့်ကို ဆွဲထိုးတော့မည်ဟန် စိုက်ကြည့်နေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘာမျှ မလုပ်ဘဲ ပြန်လျှောက်သွားလျက် အရက်ငှဲ့သောက်သည်။ ဆိုဖာ၌ မထိုင်တော့ဘဲ ရပ်နေပြီး ပြော၏။

"တွမ်က ကလေးပဲ ရှိပါသေးတယ်ကွာ"

"ကျွန်တော် အိမ်အပြန် ကားပေါ်၌ စဉ်းစားလာပါ၏။ ဆေးရုံကြီးကို မည်သို့ ဆောက်လုပ်မည်ဆိုသည့် အကြောင်းကို အဒမ်စတာန် တစ်ယောက်သိလျှင် မည်သို့ ရှိချေမည်နည်း။ ယခုည ကျွန်တော်အပြန် ဆရာကြီး အရက်မူးပြီး ကုလားထိုင်ပေါ် အိပ်ပျော်နေသည်ကို မြင်လျှင် အင်နီကော ဘာပြောချေမည်နည်း။

တွမ်စတာ့ခ်သည် ကလေးမျှသာ ရှိသေးသည်မှာ မှန်ပါ၏။ သို့သော် ယခု ဖြစ်ပေါ်ခဲ့သော ကိစ္စရပ်များ၌ အကြီးအကျယ် ပတ်သက်နေသူမှာ တွမ်ဖြစ်ပါရှ၏။ သို့သော် တွမ်တစ်ယောက် ယခုလို ဖြစ်လာခြင်းတွင် ဆရာကြီးသည် တာဝန်အရှိဆုံး ပုဂ္ဂိုလ်ပင်တည်း။ သား ဆိုသည်မှာ ဖခင်၏ အဆွယ်အပွားများသာ မဟုတ်ပါလော။ သူတို့သားအဖမှာ ရုပ်ချင်းလည်း တူသည်။ ရုတ်တရက် ကြည့်လျှင် လူချင်းပင် မှားနိုင်သည်။

တွမ်သည် သူ့ကိုယ်သူ ဘယ်လောက်တော်ကြောင်း သိသည်။ ထို့ကြောင့် လေ့ကျင့်ရေး စည်းကမ်းချက်များကိုပင် သိပ်မနာခံချင်တတ်။ ဘောလုံးသမား စည်းကမ်းများကို မကြာခဏ ချိုးဖောက်လေ့ရှိခဲ့သည်။ စနေတစ်ညနေ ဘောလုံးပွဲအပြီးတွင် တွမ်နှင့် သူ့သူငယ်ချင်းနှစ်ဦးသည် မြို့ပြင် စားသောက်ဆိုင်တစ်ဆိုင်၌ လူအချို့နှင့် ရန်ပွဲဖြစ်ပွားသည်။ ထို့ကြောင့် သတင်းစာတစ်စောင်တွင် ဖော်ပြပါရှိခဲ့ရာ နောက်အပတ် ဘောလုံးပွဲတွင် တွမ်စတာ့ခ်အား ပါဝင်ကစားခွင့် မပြုဘဲ တစ်ပွဲပယ်လိုက်သည်။ တွမ်မပါဝင်၍ ထိုပွဲတွင် ကျွန်တော်တို့အသင်း ရှုံးခဲ့သည်။ ထို့ကြောင့် ကျွန်တော်တို့ဘောလုံးအသင်း အနိုင်ရရေးအတွက် တွမ်ကို နောက်စနေ ဘောလုံးပွဲ၌ ထည့်ရသည်။ ဆရာကြီးကိုယ်တိုင်က သူ့သား ပြန်ထည့်ပေးရန် တောင်းဆိုခဲ့သည်။

"ဗိုလ်လုပွဲအတွက် အရေးကြီးတယ်၊ တွမ်ပါမှဖြစ်မယ်" ဟု ဆရာကြီးက ကျွန်တော့်ကို ပြောသည်။ "တကယ်လို့ သူ စည်းကမ်းထပ်ဖောက်ရင် ငါကိုယ်တိုင်ရိုက်ဖြီး ဆုံးမမယ်ကွာ" ဟု ဆရာကြီးက ပြောသည်။

သို့ဖြင့် တွမ်ပါဝင် ကစားခွင့်ရခဲ့သည်။ ကျွန်တော်တို့အသင်း ထိုပွဲတွင် နိုင်ပါသည်။

နောက် နှစ်ပွဲကစားရန် ကျန်သေးသည်။ ပထမပွဲမှာ စင်စစ်အားဖြင့် တွမ် ပါဝင်ကစားဖို့ မလိုပါ။ လွယ်လွယ်ကစားနိုင်မည့်ပွဲ ဖြစ်သည်။ သို့ရာတွင် တွမ်ပါဝင်ခဲ့သည်။ သူ ကစားပုံမှာ ဖျတ်လတ်ပေါ့ပါး၍ လှပသည်။ တစ်ကြိမ်

www.burmeseclassic.com

www.burmeseclassic.com



တွင် တွမ်ဘောလုံး သယ်သွားစဉ် ထိခိုက်မိပြီး လဲကျသွားသည်။ ချက်ချင်း ပြန်မထနိုင်။ သတိလစ်နေချေသည်။ ဝိုင်း၍ ချီမပြီး ကွင်းပြင်သို့ သယ်ထုတ်ခဲ့ရသည်။

ဘောလုံးပွဲကို လာကြည့်နေသော ဆရာကြီးက ဘာမှ မပြော။ ပွဲဆက်ကစားနေသည်ကို အာရုံစိုက်၍ ဆက်ကြည့်နေသည်။ ပွဲမှာ မသွက်ဘဲ လေးနေသည်။ သို့ရာတွင် ဘောလုံးပွဲ ပို၍ လေးလာလေ၊ ဆရာကြီးက စိတ်ပါလက်ပါ ပို၍အားပေးနေလေ ရှိသည်။ ထိုစဉ် ကျွန်တော်နှင့် ဆရာကြီး ရှိရာသို့ လူတစ်ယောက် လာရောက်ပြီး ဘုရင်ခံကို ဆရာဝန်က တွေ့လိုကြောင်း ပြောလာသည်။

"ကျေးဇူးတင်ပါတယ်၊ မိနစ်ပိုင်းအတွင်း ကျုပ်လာခဲ့မယ်လို့ ပြောလိုက်ပါ" ဟု ဆရာကြီးက ပြောပြီး ပွဲပြီးခါနီးအထိ ဆက်ကြည့်နေသည်။ ထိုနောက် ကျွန်တော့်ကို ရုံးသို့ပြန်၍ စောင့်နေရန် ပြောသည်။ ကျွန်တော် အတော်မိုးချုပ်သည် အထိ ရုံးက စောင့်နေရာ ဆာဒီဘတ်က ဖုန်းလှမ်းဆက်ပြီး တက္ကသိုလ်ဆေးရုံတွင် ဆရာကြီး စောင့်နေကြောင်း ပြောမှ လိုက်သွားရသည်။

* * *

ဆေးရုံညှော်ခန်းတွင် ဆရာကြီးက နောက်မြင့် ကုလားထိုင်ကြီး၌ ထိုင်နေရာမှ ဖြည်းညင်းစွာ လှည့်ကြည့်သည်။ ကျွန်တော်နှင့်အတူ ပါလာသော သူ၏ ဇနီး လူစီအား သူစိမ်းတစ်ယောက်သဖွယ် ကြည့်နေသည်။ သူမက အခန်းအလယ်၌ ရပ်နေသည်။ သူ့ဆီသို့ တိုး၍မသွား။ ရပ်နေရာမှ လူစီက မေးသည်။

"သား ဘယ့်နှယ်နေလဲ"

ဆရာကြီးက ကုလားထိုင်မှ ဝုန်းခနဲ ထပြီး ပြောသည်။

"ဒီမယ် သား ဘာမှ မဖြစ်ဘူး၊ ဘာမှ ဖြစ်မှာ မဟုတ်ဘူး၊ နားလည်ရဲ့လား"

"သား ဘယ့်နှယ်နေလဲ" လူစီက ထပ်မေးသည်။

"ပြောပြီးပါပကော၊ ကောင်းသွားမှာပါဆိုနေ"

"ဒါ... ရှင်ပြောနေတာပဲ၊ ဆရာဝန်တွေက ဘာပြောလဲ"

ဆရာကြီး၏ မျက်နှာ ရုတ်တရက် ရဲခနဲ ဖြစ်သွားသည်။

"မင်းက သားကို ဒီလို ဖြစ်စေချင်နေတာ မဟုတ်လား၊ မင်းမျက်စိအောက်မှာ သေစေချင်နေတယ် မဟုတ်လား၊ ဒါပေမယ့် သား ဘာမှ မဖြစ်ဘူး၊ ငါ ပြောတာ ကြားရဲ့လား"

"ဘုရားသခင်က ခွင့်ပြုပါစေရှင်" လူစီက ငြိမ်သက်စွာ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခွင့်ပြုတယ်... ခွင့်ပြုတယ်၊ အခု သားကောင်းနေပြီ၊ ကလေးက အင်မတန် သန်စွမ်းတယ်။ ဘာမှ မဖြစ်ဘူး"

လူစီက ဘာမှ မပြောတော့ဘဲ "သားကို ကျွန်မကြည့်လို့ ရမလား"ဟု မေးသည်။ ကျွန်တော်က အခန်းနံပါတ် ၃၀၅ သို့ ခေါ်သွားရသည်။ တွမ်၏ ခန္ဓာကိုယ်သည် အဝတ်ဖြူ အောက်၌ သစ်တုံးတစ်တုံးကဲ့သို့ ရှိနေသည်။ ပွင့်နေသော ပါးစပ်မှ အသက်မျှင်းမျှင်း ရှူနေသည်။ ပထမတွင် လူစီသည် ခုတင်ဆီသို့ မသွားသေးဘဲ တံခါးဝ အတွင်းဘက်မှ ရပ်ကြည့်နေသည်။ ထိုစဉ် ခုတင် တစ်ဖက်ရှိ သူနာပြု ဆရာမ တစ်ယောက်က တွမ်၏ နဖူးမှ ချွေးများကို အဝတ်ဖြင့် သုတ်ပေးမည် ပြုနေပါသည်။ ထိုအခါမှ လူစီက ရှေ့တိုးသွားပြီး သူနာပြု ဆရာမထံမှ အဝတ်ကို လှမ်းယူသည်။ ပြီးနောက် သား၏ နဖူးကို သုတ်ပေးသည်။ ထိုနောက် အဝတ်ကို သူနာပြုဆရာမလက်သို့ ပြန်ပေးကာ "ကျေးဇူးတင်ပါတယ်" ဟု လေသံဖြင့် ပြောသည်။

ခဏအကြာတွင် ဆရာကြီး ရှိနေသော အခန်းသို့ ကျွန်တော်တို့ ပြန်လာကြသည်။

၁၀ နာရီခွဲတွင် ဒေါက်တာ အဒမ်ကိုယ်တိုင် ဆရာကြီးကို လာပြောသည်။ အတိုင်ပင်ခံအဖြစ် နောက်ထပ် ခေါ်ထားသော ဆရာဝန် လိုက်လာသည့် လေယာဉ်မှာ ယခု နှင်းမုန်တိုင်းကြောင့် ခရီးဆက်မထွက်နိုင်သေးကြောင်း မြူများ ကင်းရှင်းမှ ထွက်လာနိုင်မည်ဖြစ်ကြောင်း ပြောသည်။

ဆရာကြီးက ကုလားထိုင်မှ ထလိုက်ပြီး...

"ဘာ... နှင်းမုန်တိုင်းတွေ ဘာတွေ မလိုချင်ဘူး၊ သူ့ဆီ တယ်လီဖုန်း လှမ်းဆက်၊ ချက်ချင်းလာခိုင်း၊ ဒီမှာ ကျုပ်သား လူနာ သိပ်အရေးကြီးနေတယ်၊ ခု လာပစေ"

"ဟုတ်ကဲ့ လာလို့ဖြစ်နိုင်တဲ့ အခြေအနေရှိရင် ခရီးဆက်ပြီး ရောက်လာ ကြပါလိမ့်မယ် ခင်ဗျား"

ဒေါက်တာ အဒမ်ကလည်း ထိုမျှသာ ပြောတော့သည်။ ထိုနောက် ဆရာကြီးကို မျက်နှာချင်းဆိုင်ကြည့်၍ "ဘုရင်ခံကြီး ခဏလောက် လဲလျောင်း ပြီး နားနေရင် ကောင်းမယ်လို့ ကျွန်တော် ထင်တယ်" ဟု ညင်သာစွာ ပြောသည်။

ဆရာကြီးက "မနားဘူး၊ ရတယ်" ဟု ပြန်ပြောသည်။

"ကျွန်တော်ကတော့ အနားယူနေဖို့ အကြံပေးပါတယ်" ဟု အဒမ်က ညင်သာသော အသံဖြင့် ထပ်ပြော၍ လူစီကို စူးစမ်းသော အကြည့်ဖြင့် လှမ်းကြည့် သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း မနားချင်ပါဘူး ဒေါက်တာ၊ စောင့်နေပါ့မယ်" ဟု လူစီက လေသံမှုဖြင့် ပြောသည်။ အဒမ် အပြင်ထွက်သွားရာ ကျွန်တော်က လိုက်သွားပြီး အခြေအနေ မေးကြည့်သည်။

"အခြေအနေ တော်တော်ဆိုးသလား သူငယ်ချင်း"

"ဆိုးတယ်၊ ခုထိ သတိမရသေးဘူး၊ ခြေတွေ လက်တွေတောင် မလှုပ်နိုင်သေးဘူးကွ၊ ဓာတ်မှန်ရိုက်ကြည့်တော့ လည်ကုပ်ရိုး ကျိုးသလို ဖြစ်နေတယ်"

"ဒါဆို သေတောင် သေနိုင်သပေါ့"

"သေဖို့များတယ်ကွာ"

"ရှင်ကော ရှင်နိုင်မလား"

"အသက်ရှင်ရုံလား၊ ပုံမှန်ပြန်ကောင်းတဲ့အထိလား"

"ပုံမှန်ပေါ့"

"ဒါတော့ ကံပေါ်တည်နေတယ်ကွာ"

"ဟော... မင်းပြောတာ ဘယ်လိုကွ၊ မင်းတို့ ဘာလုပ်နိုင်ဦးမလဲ"

"ခု မပြောနိုင်သေးဘူးကွာ၊ ဆုံးဖြတ်လို့လည်း မဖြစ်သေးဘူး၊ စဉ်းစားရဦးမယ်"

ထိုနောက် တစ်နာရီခန့်တွင် ဆရာမတစ်ဦး ရောက်လာပြီး ဆရာကြီးထံ သတင်းပို့၏။ အတိုင်ပင်ခံ ဆရာဝန်ကြီး ဒေါက်တာ ဘန်ဟမ်၏ လေယာဉ် လာနေပြီဖြစ်ကြောင်း ပြောလာခြင်း ဖြစ်သည်။ ဆရာကြီးက ကျွန်တော့်ကို ညွှန်ကြား၏။

"လေဆိပ်ကို ဖုန်းဆက်ကြည့်ကွာ၊ ဒီကွင်းရာသီဥတု အခြေအနေ ဘယ်လိုလဲ၊ ပြီးတော့ ဖိုးသကြားကို ကားနဲ့လွှတ် အကြိုခိုင်းလိုက်"

အောက်ထပ်ဆင်း ဖုန်းဆက်ပြီး နောက်ပြန်အလှည့် ဆာဒီကို ဖုန်းအနီး၌ တွေ့လိုက်ရ၏။

"တွမ် ဘယ်လိုနေသေးလဲ ဂျက်"

"ဆိုးတယ်၊ လည်ကုပ်ရိုး ကျိုးသွားပြီ ပြောတယ်"

"ခွဲစိတ်ကုသလို့ မရဘူးလား၊ ပြန်ကော ကောင်းနိုင်ပါဦးမလား"

"နောက်ထပ် ဆရာဝန်ကြီးတစ်ယောက် လာနေတယ်၊ သူရောက်မှ ဆုံးဖြတ်လိမ့်မယ်"

"နောက်ထပ် သိရသမျှ ကျွန်မလည်း ပြောဦးနော်"

ကျွန်တော် ဆာဒီကို လှမ်းအော်မိ၏။

"မင်း အိမ်ပြန်ပါတော့လား၊ ဆရာကြီးကို မင်း သိပ်မုန်းတယ်ဆို၊ ခုတော့ အိမ် ပြန်မအိပ်နိုင်အောင် ဘာဖြစ်နေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်လေ၊ စောင့်နေဦးမယ်" ဟု ဆာဒီက ပြန်ပြောသည်။

ညှော်ခန်းဆောင်သို့ ကျွန်တော် ပြန်လာခဲ့သည်။ ခဏအကြာ ဆရာမ ရောက်လာပြန်ပြီး နာရီဝက် မိနစ် ၄၀ ခန့်အတွင်း ဒေါက်တာ ဘန်ဟာမ်ရောက်မည် ဟု ပြောလာ၏။ မကြာမီဆရာမ ပြန်လာပြီး ကျွန်တော့်ထံ ဖုန်းလာနေကြောင်း ပြောသဖြင့် လိုက်သွားပြီး နားထောင်လိုက်ရာ အင်နီထံမှ ဖြစ်နေသည်။

"အင်နီပါ၊ တွမ် ဘယ်လိုနေလဲ"

ကျွန်တော်လည်း သိသမျှ ရှင်းပြလိုက်ရသည်။ အင်နီက ကျွန်တော့်ကို အနှောင့်အယှက်ပေးမိ၍ တောင်းပန်စကား ဆိုသည်။ ကျွန်တော်ကလွဲ၍ တခြားလူ မေးစရာ မရှိသဖြင့် မေးရခြင်း ဖြစ်ကြောင်း ရှင်းပြသည်။ ၄ နာရီခန့်တွင် ဒေါက်တာ ဘန်ဟာမ် ရောက်ပြီဖြစ်ကြောင်း၊ ဒေါက်တာ အဒမ်နှင့် တိုင်ပင်နေပြီ ဖြစ်ကြောင်း ဆရာမတစ်ယောက်က လာပြော၏။ ဆရာကြီးသည် အခန်းထဲ ခေါက်တုံ့ခေါက်ပြန် လျှောက်နေချေပြီ။ ဤလမ်းလျှောက်သံ ကျွန်တော် မှတ်မိသလို လို ရှိသည်။ နောက်ဆုံးတွင် ကျွန်တော် လုံးဝ မှတ်မိလာသည်။ နှစ်ပေါင်း များစွာ လွန်ခဲ့တုန်းက ရွေးကောက်ပွဲ မဲဆွယ်သည့် ကာလတွင် တောနယ် ဟိုတယ် တစ်ခု၌ ကျွန်တော်နှင့် ကပ်လျက် အခန်းတွင် စိတ်မငြိမ်မသက်ဖြင့် ခေါင်းတုံ့ခေါက်ပြန် လျှောက်နေပုံမျိုးပင်။

ထိုစဉ် ဒေါက်တာအဒမ်ဝင်လာသည်။

"ဒေါက်တာ ဘန်ဟာမ်က လူနာ ကို ကြည့်နေပါပြီ၊ ဓာတ်မှန်တွေကို လည်း လေ့လာပြီးပါပြီ၊ ကျွန်တော်တို့ ဘာလုပ်သင့်တယ်ဆိုတာ ညှိနှိုင်းကြ ပါတယ်၊ လုပ်စရာကတော့ နှစ်ခုပါပဲ၊ အခြေအနေ ဘာထူးလာမလဲလို့ စောင့် ကြည့်ချင်ရင် ကြည့်နိုင်တယ်၊ ခွဲစိတ်ကုမယ်ဆိုရင်လည်း ကုနိုင်ပါတယ်၊ ဓာတ် မှန်ထဲမှာက အကုန်မပါနိုင်ဘူး။ ကျောရိုးအဆက် အဆစ်ရိုးတွေ အခြေအနေကို ဒီအတိုင်း မသိနိုင်ဘူး၊ ခွဲစိတ်ကြည့်မှပဲ သိနိုင်မယ်။

"ကျောရိုးအဆက် ကြေမွသွားရင်တော့ လူနာဟာ အသက်ရှင်မှာ ဖြစ်ပေ မယ့် တစ်သက်လုံး ခြေနှင့်လက်တွေ လှုပ်လို့ ရနိုင်တော့မှာ မဟုတ်ဘူး၊ ဒါပေမယ့် ကျိုးသွားတဲ့ အရိုးစ တစ်ခုက ကျောရိုးပေါ် ဖိမိနေတာလည်း ဖြစ်နိုင်ပါတယ်။ အဲဒီလို ဖြစ်နေရင်တော့ ကျွန်တော်တို့ ဖယ်ပစ်လို့ ရနိုင်ပါတယ်၊ သို့သော်လည်း ခုချိန်မှာတော့ ဘာမှ မပြောနိုင်သေးဘူး၊ သိပ်လည်း မျှော်လင့်ချက် ထားလို့ မရတဲ့ အခြေအနေပဲ၊ သဘောပေါက်ပါတယ်နော်"

အဒမ်က အဖြေကို မမျှော်လင့်ဘဲ မေးလိုက်ပြီး ဆက်ပြောသည်။

"ခု ခွဲရမယ့်ကိစ္စက ဦးနှောက်ပိုင်းနဲ့ နီးကပ်လွန်းလို့တော့ အသက် အန္တရာယ် ရှိတယ်ဆိုတာလည်း ပြောထားချင်ပါတယ်" အဒမ်၏ စကားအဆုံး

www.burmeseclassic.com

www.burmeseclassic.com



တွင် တိတ်ဆိတ်နေပြီးကြမှ ဆရာကြီးက နှစ်ကြိမ် သုံးကြိမ်မျှ အသက်ပြင်းပြင်း ရှူကာ ပြန်ပြောသည်။

"ခွဲသာ ခွဲပါတော့"

ဤတွင် အဒမ်က လူစီကို စူးစမ်းကြည့်ဖြင့် လှမ်းကြည့်သည်။ လူစီကလည်း ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြလျက် လေသံမျှဖြင့် ပြောသည်။

"ဟုတ်ကဲ့... ဟုတ်ကဲ့ပါရှင်"

"ဒါဆို ကျွန်တော်တို့ အမြန်ဆုံး ခွဲစိတ်ပါတော့မယ်" ဟု အဒမ်က ပြောသည်။

၆ နာရီတွင် ဒေါက်တာအဒမ် ပြန်ဝင်လာသည်။ မျက်နှာ တည်ငြိမ်စွာပင် ရှိသည်။

"အသက် မစိုးရိမ်ရတော့ပါဘူး၊ ဒါပေမယ့် ကျောရိုးဆက်တော့ ကြေသွားပါတယ် ခင်ဗျား"

ဆရာဝန် အခန်းထဲ ပြန်ဝင်သွားချိန် ဆရာကြီးမှာ ခြေပစ်လက်ပစ် ဖြစ်သွားပြီး ကြောင်တောင်တောင် အနေအထားဖြင့် မချိတင်ကဲ ကြီးထွားလျက်ရှိရာ လူစီက အနီး ကပ်သွားလျက် ကျောပေါ်လက်တင်ကာ နှစ်သိမ့်၏။ ထိုနောက် လူစီကိုယ်တိုင်ကပင် ပြန်ရန်ခေါ်သည်။ ထိုအခါမှ ဆရာကြီး ထိုင်ရာမှ ထတော့သည်။ ကျွန်တော်က နံရံမှ ၎င်းတို့၏ အပြင်အင်္ကျီများကို ယူပေးသည်။ လူစီနှင့် ဆရာကြီး အပြင်အင်္ကျီများဝတ်ရန် ကျွန်တော်က ကူညီပေးသည်။

ထိုနေ့က ကျွန်တော် အိမ်ပြန်အရောက် ကားပေါ်မှ ဆင်းလိုက်သောအခါ အရုဏ်ပင် တက်ပြီးချေပြီ။ စနေနေ့က တွမ်ဒဏ်ရာရသည်။ ယနေ့ တနင်္ဂနွေနေ့ အရုဏ်မတက်မီ ခွဲစိတ်ကုသရသည်။

တကယ့်ပွဲသိမ်းကား တနင်္လာနေ့တွင် ဖြစ်လေသည်။

တနင်္လာနေ့ မနက်စောစော ကျွန်တော်ရုံးသို့ သွားသည်။ တနင်္ဂနွေနေ့ တစ်နေ့လုံး ကျွန်တော် အိပ်ခဲ့ရသည်။ ထို့ကြောင့် အိပ်ရေးဝဝကြီး အိပ်ခဲ့ရပြီးသူတို့ ထုံးစံအတိုင်း ကျွန်တော်သည် လန်းဆန်းလျက်ရှိသည်။

ကျွန်တော်က ဆရာကြီး၏ ရုံးခန်းထဲ ဝင်လိုက်သောအခါ ဆရာကြီး မရောက်သေး။ စာရေးမကလေးတစ်ယောက် ကြေးနန်းစာ တစ်ပုံကြီးပိုက်လျက် ဝင်လာပြီး ပြော၏။

"တွမ် ဒဏ်ရာရတဲ့အတွက် သတင်းမေး ကြေးနန်းတွေလေ တစ်ပုံကြီးပါပဲ"

"နောက်ထပ် တစ်နေ့လုံး လာနေဦးမယ်" ဟု ကျွန်တော်က ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးမ ထွက်သွားပြီးနောက် တိုင်နီဒပ်ဖီ ရုံးထဲဝင်လာ၏။ အခြား ပုဂ္ဂိုလ်များလည်း လာကြသည်။ ဆေးလိပ်မီးခိုးများ ထွလာသည်။ မကြာမီ ဆရာကြီး ရောက်လာ၏။ မျက်နှာအနည်းငယ် မသာယာ။ မျက်ခမ်းများတွင် အရေးအတွန့်များ ပေါ်နေသည်။ မျက်လုံးများကား တောက်ပဆဲ။ ရောက်နေသူ အားလုံးက တွမ်အတွက် စိတ်မကောင်းကြောင်း ပြောကြရင်း လက်ဆွဲနှုတ်ဆက် နေကြသည်။ ဆရာကြီးကလည်း 'ဟုတ်ကဲ့၊ ဟုတ်ကဲ့' နှင့် 'ကျေးဇူးတင်ပါတယ်' ဟူသော စကားများကိုသာချည်း ပြောနေရသည်။ ဆရာကြီးသည် ကြေးနန်းများ ကို ကြည့်ပြန်၏။ စာရေးမကလေး နောက်ထပ် ကြေးနန်းစာ တစ်ပုံကြီး လာပို့ပြန် ၏။ ဆရာကြီးက အားလုံး ပြန်ယူသွားရန် ပြောရ၏။

ရုံးအထိ လာရောက် သတင်းမေးကြသူတို့လည်း ပြန်ကြသည်။

ဆရာကြီးက ဒပ်ဖီကိုလည်း လှမ်းခေါ်ပြီး ပြော၏။

"တို့နှစ်ယောက် စကားပြောချင်တယ်"

ဒပ်ဖီက ပြန်လှည့်လာရာ ကျွန်တော်က အပြင်ထွက်ရန် ဟန်ပြင်စဉ် ဆရာကြီး တားလိုက်ပြီး...

"ဂျက် မင်းလည်း နားထောင်စေချင်တယ်" ဟု ပြော၍ ကျွန်တော်က နံရံအနီးရှိ ကုလားထိုင်တစ်လုံး၌ ထိုင်ချလိုက်သည်။ ဒပ်ဖီကလည်း ဆရာကြီး စားပွဲဘေးရှိ အစိမ်းရောင် သားရေကုလားထိုင်ကြီး၌ ထိုင်ကာ စီးကရက်တစ်လိပ် မီးညှိသောက်ရင်း ဆရာကြီး ပြောမည်ကို စောင့်နေသည်။ ဆရာကြီးက တစ်မိနစ် ခန့် စဉ်းစားနေပြီးမှ ဒပ်ဖီကို မျက်လုံးလှန်ကြည့်၍ ပြောလိုက်တော့သည်။

"ဂမ္ဘီလာဆင်ကို ကန်ထရိုက် မပေးတော့ဘူး"

"ဘယ်လို... ဘယ်လို ဆရာကြီး၊ ဘယ့်နှယ် ဖြစ်နိုင်မလဲ၊ အားလုံး စီစဉ်ပြီးနေပြီပဲ ခင်ဗျာ၊ ဖျက်လို့ မဖြစ်ဘူး"

"ပြန်ဖျက်လိုက်ပါ၊ အချိန်မနှောင်းသေးပါဘူး"

"ကတိမဖျက်သင့်ဘူး ထင်ပါတယ်၊ အထူးသဖြင့် ဒီအချိန်မျိုးမှာ..." ဒပ်ဖီ၏ အသံမှာ ငိုတော့မလို ဖြစ်နေသည်။

"ဂမ္ဘီလာဆင်အပေါ် ကတိတည်စရာ လိုမယ်မထင်ပါဘူး၊ ကျုပ် မကြိုက် ရင် ဘာမဆို ပြောင်းလဲပစ်နိုင်တယ်၊ ကဲ... ဒါပါပဲ" ဆရာကြီးက ကုလားထိုင် မှ ရုတ်တရက် ထလိုက်သည်။

ဒပ်ဖီသည် တစ်စုံတစ်ခုပြောရန် ပြင်သေး၏။ ပါးစပ်ပြင်ပြင်နှင့် နှုတ်ခမ်းများကို လျှာဖြင့် သိမ်းလျက်၊ သို့သော် မပြောဖြစ်၊ ဆရာကြီးကသာ ထပ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဂမ္ဘီလာဆင်ဟာ ခင်ဗျားမိတ်ဆွေပဲ၊ ခင်ဗျား ပြောလိုက်ရင် ပြီးပါတယ်"

ဒပ်ဖီ ဘာမှ မပြောတော့ဘဲ ပြန်သွား၏။ တံခါးပင် ပြန်ပိတ် မသွားနိုင်တော့။

ဆရာကြီးက စားပွဲစွန်းကို ငုံ့ကြည့်နေရာမှ ကုလားထိုင်တွင် ထိုင်လိုက်ပြီး တံခါးပိတ်ခိုင်း၏။ တံခါးသွားပိတ်ပေးပြီး ကျွန်တော် ပြန်မထိုင်သေးဘဲ တံခါးနှင့် စားပွဲကြား ရပ်နေစဉ် ဆရာကြီးက ကျွန်တော့်အား ဘာမျှ မဖြစ်သလိုပင် လှမ်းကြည့်ပြီး ပြောသည်။

"ကဲ… အခြေအနေကတော့ တွေ့တဲ့အတိုင်းပဲ၊ ဒီတော့…"

"ဒပ်ဖီကတော့ အရေးမကြီးပါဘူး၊ ဒီထက်မက ပြောလည်း အကြောင်းမဟုတ်ဘူး၊ သူက အင်မတန် ခံနိုင်ရည်ရှိတယ်၊ ဟို ဂမ္ဘီလာဆင်က တစ်မျိုးနော်"

"ဒီတော့ မင်း အလုပ်တစ်ခု စရမှာပေါ့ကွာ"

"ဘာအလုပ်မျိုး စရမှာလဲ"

ဆရာကြီး ခဏ စဉ်းစားပြီး ချက်ချင်း ပြင်ပြော၏။

"ဒါ ထားလိုက်တော့ကွာ၊ မေ့ပစ်လိုက်တော့"

သို့ဖြင့် ကျွန်တော် ကျွန်တော့်ရုံးခန်းသို့ ပြန်ခဲ့သည်။ ဆရာကြီးလည်း ခဏအကြာ ဆေးရုံသို့ ထွက်သွား၏။ ဆာဒီလည်း အပြင်သွားသည်။ ဘယ်သွားသည်ကား မသိရ။ ညနေ ၄ နာရီခန့်တွင် အင်နီထံမှ ဖုန်းလာသည်။ အရေးတကြီး သူ့အခန်းသို့ လာတွေ့ရန် မှာခြင်း ဖြစ်သည်။

ကျွန်တော် တံခါးခေါက်လိုက်သောအခါ ချက်ချင်းပင် ပွင့်လာပြီး အင်နီသည် မျက်နှာဖြူဖပ်ဖြူရော်ဖြင့် ထိတ်ထိတ်ပျာပျာ ဖြစ်နေလျက် ကျွန်တော့်လက်များကို လက်နှစ်ဖက်လုံးဖြင့် ဖမ်းဆုပ်ထား၏။

"ဂျက် သူ့ကို တွေ့အောင်ရှာ၊ ခုချက်ချင်း တွေ့အောင် ရှာပြီး ပြောပေးပါဦး…"

အင်နီ၏ တစ်ကိုယ်လုံးလည်း တုန်နေရှာ၏။

"ဘယ်သူ့ကို တွေ့အောင် ရှာရမှာလဲ"

"ကျွန်မကြောင့် ကျွန်မလုပ်ခဲ့တာတွေကြောင့်လို့ ပြောနေကြပြီတဲ့ ဂျက်ရယ်"

"အင်နီ ဘာတွေ ပြောနေတာလဲ၊ ဘယ်သူလဲ၊ ဘာဖြစ်တာလဲ"

"အို သူ့ကိုသာ တွေ့အောင်ရှာပါ ဂျက်၊ ပြန်ပြီးခေါ်ခဲ့ပါ"

အင်နီမှာ တုန်တုန်လှုပ်လှုပ် မငြိမ်မသက် ဖြစ်နေသည်။ ကျွန်တော်က သူ့တစ်ကိုယ်လုံး ကိုင်လှုပ်ပြီး မေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ အင်နီ သတိထားစမ်း၊ ကိုယ်က ဘယ်သူ့ကို ရှာပေးရမှာလဲ"

"အဒမ်လေ... အဒမ်"

"ဘာအတွက်လဲ၊ ဘာတွေ ဖြစ်ကြပြန်ပြီလဲ"

"အဒမ် ဒီကို လာသွားတယ်၊ ပြီးတော့ အင်နီ့ကြောင့် အင်နီကြောင့် လို့ ပြောသွားလေရဲ့"

"ဘာတွေ ဘယ်လိုဖြစ်တာလဲ၊ ရှင်းပါဦး အင်နီရဲ့"

"ကျွန်မကြောင့် သူဆေးရုံ ညွှန်ကြားရေးမှူး ဖြစ်တာလို့ ပြောကြသတဲ့၊ ဒါကြောင့် အင်နီကို တွန်းလားထိုးလားတောင် လုပ်သွားတယ်၊ အင်နီ ကြမ်းပေါ် ကျန်ရစ်တုန်း အခန်းပြင် ပြေးထွက်သွားလေရဲ့၊ အဲဒါ သူ့နောက် လိုက်ပေးပါဦး... ဂျက်ရယ်"

အင်နီ ကယောင်ကတမ်း ဖြစ်နေသလော။ ကျွန်တော် သူ့ကို နောက်ထပ်ကိုင်လှုပ်ပြီး အော်ပြောရပြန်၏။

"ဘာတွေ ဖြစ်တာလဲ...၊ ဖြည်းဖြည်း ပြောစမ်းပါဦး အင်နီ"

"၃ နာရီလောက်က အဒမ် ဒီကို ရောက်လာတယ်၊ ကြောက်စရာ တုန်လှုပ်စရာ တစ်ခုခု သိခဲ့ပုံရတယ်၊ ကျွန်မကို လက်မောင်းနှစ်ဖက် ကိုင်ဖမ်းပြီး စကားတစ်လုံးမျှ မပြောဘဲ မျက်နှာစေ့စေ့ကြည့်နေတယ်၊ ဘာဖြစ်လာတာလဲလို့ အတင်းမေးတော့မှ သူ့ဆီ တစ်စုံတစ်ယောက်က တယ်လီဖုန်း ဆက်သတဲ့၊ ယောကျ်ားတစ်ယောက်ဆီကတဲ့၊ ကျွန်မ... ကျွန်မနဲ့... ဟို"

"မင်းနဲ့ ဘုရင်ခံဝီလီတို့အကြောင်း ဆိုပါတော့"

"ဟုတ်တယ်၊ ခက်ကုန်ပြီ ဂျက်ရယ်၊ ကျွန်မအကြောင်းကို ပြောပြီးတော့ သူ ဆေးရုံညွှန်ကြားရေးမှူး အလုပ်ခန့်ခံရတာ ကျွန်မကြောင့်လို့ ပြောသတဲ့၊ ဒါပေမယ့် အခုတော့ အဒမ်က တွမ်ကို ခွဲစိတ်တာ မအောင်မြင်ဘဲ သေလုမြောပါးဖြစ်ခဲ့လို့ အဒမ်ကိုလည်း ရာထူးဓါက ဖြုတ်မယ်၊ ကျွန်မကိုလည်း ဝီလီက စွန့်ပစ်တော့မယ်လို့ ဖုန်းထဲက လူက ပြောသတဲ့၊ ကျွန်မ ရှင်းပြတာလည်း နားမထောင်တော့ဘူး၊ ကျွန်မကို တွန်းလှဲပြီး အပြင်ပြေးထွက်သွားတာပဲ၊ အဲဒါ ဂျက်ရယ် လိုက်ရှာပေးပါဦး"

"အေးပါ... အေးပါ၊ ရှာပေးပါ့မယ်"

"ဒီနေ့ ဝီလီနဲ့လည်း တွေ့တယ်၊ သူနဲ့ကျွန်မ တွေ့နေကျ မြို့ပြင်က တစ်နေရာမှာ၊ သူ ဒီညနေ ချိန်းပြီး ခေါ်ခိုင်းလို့ သွားတွေ့တယ်၊ ဟုတ်တယ်၊ ဝီလီက သူ့မယားကြီးဆီ ပြန်သွားတော့မယ်လို့ ကျွန်မကို ပြောတယ်"

"ကဲ... အင်နီ၊ ကိုယ် အဒမ်နောက် လိုက်ရှာလိုက်ဦးမယ်၊ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ရှာပေးပါ ဂျက်ရယ်၊ အင်နီမှာ သံယောဇဉ်ဆိုလို့ အဒမ်တစ်ယောက်တည်း ကျန်ပါတော့တယ်ကွယ်"

ကျွန်တော်သည် အဒမ်၏ အိမ်ခန်းသို့ ပထမသွား၏။ အိမ်ရှေ့တွင် သူ့ကားကိုသာ တံခါးပွင့်လျက် တွေ့၏။ လူကို မတွေ့။ ကားတံခါး ပိတ်ပေးခဲ့ပြီး ကျွန်တော် သူ့အခန်းမှ ဖုန်းဖြင့် သူရှိနိုင်မည့် နေရာများသို့ လှမ်းဆက်ကြည့်သည်။ ဘယ်မှာမှ မရှိ။ ထိုည ၉ နာရီအထိ အဒမ်ကို ရှာမတွေ့ရသေး။ ၉ နာရီတွင် ပြည်နယ်လွှတ်တော်ရုံးမှ ကျွန်တော့်ကို လှမ်းခေါ်သည်။ ဆရာကြီးက ကျွန်တော့်ကို တွေ့လို၍ လာခဲ့ပါဟု ဆိုသည်။

ပြည်နယ်လွှတ်တော် အဆောက်အအုံမှာ မီးထိန်ထိန်လင်းနေသည်။ လွှတ်တော် အစည်းအဝေး ထိုင်နေဆဲ ဖြစ်ဟန်တူ၏။ ကျွန်တော် ဆရာကြီး၏ ရုံးခန်းထဲ ဝင်သွားသောအခါ ဆရာကြီး အထက် လွှတ်တော်ဘက်သွားကြောင်း သိရ၍ ထိုဘက် ဆက်လိုက်ရသည်။ ပထမ ဆရာကြီးကို မတွေ့ရ။ နောက်မှ လွှတ်တော်ဆောင်တွင် လူတစ်စုနှင့် စကားပြောနေသည်ကို တွေ့ရ၏။ ဖိုးသကြားလည်း နံရံကို မှီကာ သကြားလုံးစုပ်လျက် သူ့အနားတွင် ရှိနေ၏။ လူစုထဲမှ တစ်ဦးက ပြောနေသည်ကို ဆရာကြီးက လက်နောက်ပစ်လျက် ခေါင်းကို ရှေ့သို့ အနည်းငယ် ငိုက်ကာ ရပ်၍ နားထောင်နေသည်။

ကျွန်တော်လည်း သူတို့အနီး ချဉ်းကပ်သွားပြီး ဆရာကြီး မြင်အောင် ကိုယ်ယောင်ပြပြီးမှ ဖိုးသကြားနှင့်အတူ အုတ်နံရံကို မှီ၍ ရပ်စောင့်နေသည်။

လေးငါးမိနစ် ကြာသည်အထိ ဆရာကြီး ခေါင်းကို ရှေ့ငိုက်လျက် လက်နောက်ပစ်လျက် နားထောင်နေဆဲ ဖြစ်သည်။ တစ်ဖက်သား ပြောစကားကို တစ်ခွန်းမျှ ပြန်မပြောဘဲ အကြာကြီး နားထောင်နိုင်ခြင်းမှာ ဆရာကြီး၏ အရည်အချင်း တစ်ခုပင်၊ အတန်ကြာတော့မှ ဆရာကြီးသည် သူ့အား စကားပြောနေသူကို တည့်တည့်ကြည့်လိုက်ပြီး ခေါင်းခါပြလိုက်သည်ကို တွေ့ရသည်။ ပြီးပြီဟူသော သဘောဖြစ်သည်။ ကျွန်တော် နံရံမှီနေရာမှ ခွာလိုက်သည်။ ဆရာကြီး သွားဖို့ အသင့်ဖြစ်ပြီဟု ကျွန်တော် နားလည်လိုက်ရသည်။

ဆရာကြီးက ကျွန်တော့်ကို လှမ်းခေါ်သည်။

"ဂျက်ရေ...တို့ ရုံးခန်းကို သွားရအောင်ကွာ၊ မင်းကို ပြောစရာတွေ ရှိနေတယ်"

ကျွန်တော် ခေါင်းညိတ်ပြရင်း ရုံးခန်းဘက် လျှောက်လာသည်။ ဆရာကြီးက ကျွန်တော်နှင့်အတူ အခန်းတွင်း ဝင်သည်။ ဖိုးသကြားက နောက်ကလိုက်သည်။ အခန်းမကြီးထဲ ရောက်ချိန်တွင် အထဲရှိ ပုဂ္ဂိုလ်များက ဆရာကြီးကို လှမ်းနှုတ်ဆက်ကြ၍ ဆရာကြီးကလည်း ခေါင်းညိတ်ပြပြီး ပြန်နှုတ်ဆက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုခန်းမကြီးမှတစ်ဆင့် စည်းဝေးခန်းမကြီးဘက် ကူးခဲ့ကြ၏။ ထိုနောက် အရှေ့ဘက် နံရံ ကပ်လျှောက်သွားကြရာ ပြည်နယ်၏ ပထမဆုံး ဘုရင်ခံဖြစ်သော ဗိုလ်ချုပ်ကြီး မိုဖတ်၏ 'ရုပ်တုအနီးသို့ ရောက်လာကြ၏။

ရုပ်တုကြီး ခြေရင်းဘေးတွင် တစ်စုံတစ်ဦး မှီရပ်နေကြောင်း ကျွန်တော် တွေ့လိုက်ရသည်။ အဒမ်စတင်တန်ပေတည်း။ ကျွန်တော် သူ့ကို မြင်လိုက်ချိန်တွင် အဒမ်သည် ဆရာကြီးကိုသာ စိုက်ကြည့်နေ၏။ ကျွန်တော်က နှုတ်မှ အသံထွက်သွားသည်။

"အဒမ်... အဒမ်"

အဒမ်က ကျွန်တော်တို့ဘက် စလျှောက်လာသည်။ ခုထိလည်း ကျွန်တော့်ကို မကြည့်။

ဆရာကြီးက အဒမ်ကို တွေ့လိုက်သည်တွင် လက်ကမ်းပေးရင်း နှုတ်ဆက်၏။

"ဟဲလို... ဒေါက်တာ"

ပထမတော့ အဒမ်က လက်ဆွဲနှုတ်ဆက်လိုဟန် ဖြစ်နေသေး၏။ သို့သော် ခဏအကြာ၌ သူကလည်း လက်တစ်ဖက် ရှေ့ထုတ်လိုက်သည်။ အဒမ် လက်ထုတ်ပေးသည်ကို တွေ့ရသော် ကျွန်တော် စိတ်သက်သာရာ ရသွားသည်။ ဗိလီကို သူ လက်ဆွဲနှုတ်ဆက်တော့မည်။ အားလုံး အဆင်ပြေတော့မည်။ သို့သော်...

သို့သော် အဒမ်၏ လက်ထဲတွင် ပါလာသော ပစ္စည်းကို တွေ့လိုက်ရသောအခါ ကျွန်တော် အံ့အားသင့်နေခိုက် ထိုပစ္စည်းထိပ်မှ လိမ္မော်ရောင်မီးနှစ်ပွင့် ပွင့်ထွက်သွားသည်ကို တွေ့လိုက်ရပါတော့၏။

အဒမ်၏ သေနတ်သံကို ကျွန်တော် မကြားလိုက်ရ။ အဘယ်ကြောင့်ဆိုသော် အဒမ်၏ သေနတ်ထက် အသံကျယ်သော သေနတ်သံများက လွှမ်းသွားသောကြောင့် ဖြစ်သည်။ ထိုအသံကျယ် သေနတ်သံများနှင့်အတူ အဒမ်သည် ညာလက်ဆန့်တန်းထားဆဲဖြင့်ပင် နောက်တစ်လှမ်း ယိုင်သွားသည်။ ထိုနောက် ကျွန်တော့်ကို မုန်းတီးရွံရှာစွာ၊ နာကျည်းစွာ စိုက်ကြည့်နေရာမှ မြေပေါ် လဲကျသွားရှာသည်။

ရုတ်တရက် တိတ်ဆိတ်သွားချိန်တွင် ကျွန်တော်သည် အဒမ်ဆီ ပြေးသွားသည်။ ထိုအချိန် မိန်းမတစ်ဦး၏ အော်သံကိုလည်း ကြားလိုက်ရသည်။ အဒမ်သည် ရင်ဘတ်မှ သွေးများ ဒလဟော ထွက်ကျလျက် သေဆုံးနေချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသကြားကို လှမ်းကြည့်လိုက်ရာ ယမ်းငွေ့ထွက်နေဆဲ သေနတ်ကို ကိုင်လျက် ရှိနေ၏။ သူ့အနီးတွင် သေနတ်တစ်လက်နှင့် ရဲအဖွဲ့ဝင်တစ်ဦးကို လည်း တွေ့ရသည်။

ဆရာကြီးကို ကျွန်တော် မတွေ့ရသဖြင့် အဒမ်၏ ကျည်ဆန် ဆရာကြီး ကို မထိမှန်ဟု ကျွန်တော် ထင်မိသည်။ သို့သော် ကျွန်တော့်အထင် မှားချေ၏။ ဖိုးသကြားပြေးသွားရာဆီ ကျွန်တော် လိုက်သွားရာ ဘုရင်ခံ မိုဖတ်ရုပ်တုတစ် ဘက်အေား စကြံလမ်းပေါ်၌ ဆရာကြီးသည် သေနတ်ဒဏ်ရာဖြင့် မှိုထိုင်လျက် အသက်ပြင်းစာ ရှူနေသည်ကို တွေ့ရ၏။ လက်နှစ်ဘက်လုံး ရင်ဘတ်ပေါ် ဖိ ထားသည်။ ဖိထားသော လက်နှစ်ဘက်မှ လက်ချောင်းကလေးများကို အသေ အချာ ကြည့်လိုက်သောအခါ လက်ချောင်းများကြားမှ သွေးယိုစီးနေသည်ကို တွေ့ လိုက်ရ၏။

ဖိုးသကြားက သူ့သေနတ်ကို ကျောက်ဖြူသား ကြမ်းပြင်ပေါ် ပစ်ချ လျက် ဆရာကြီးကို ပွေ့ယူကာ တိရစ္ဆာန်တစ်ကောင် ညည်းညူသံမျိုးဖြင့် မေးနေ သည်။

"ဘ . . . ဘယ် . . . ထိ . . . ထိသွားလဲ . . . ဆရာကြီး . . . သိပ် . . . သိပ် . . . ပြင်း သလား"

ဆရာကြီးသည် ထိုနေရာတွင် မသေပါ။ ဆေးရုံရောက်ပြီး နောက် ရက်အတန်ကြာပြီးမှ သန့်ရှင်း ဖြူစင်သော ဆေးရုံခုတင်ပေါ်၌ ကွယ်လွန်ပါသည်။ ဆေးသိပ္ပံပညာ၏စွမ်းအားရှိသမျှဖြင့် ကုသခွင့် ရသွားခဲ့ပါသည်။ ပထမတွင် ဆရာကြီး လုံးဝ မသေနိုင်ဟုပင် ဆိုကြသည်။ ဒဏ်ရာပြင်းသော်လည်း ခွဲစိတ်ကု၍ ရနိုင်သည်။ လူကလည်း ကြံ့ခိုင်သည်။ သို့ဖြင့် အောင်မြင်စွာ ခွဲစိတ်ပြီးသည်။ နှစ်ရက်ခန့် အခြေအနေကောင်းစွာ ရှိနေသည်။

တတိယမြောက်နေ့တွင်ကား အနည်းငယ် ဆိုးလာသည်။ ထိုနေ့ ညနေ ကျွန်တော် ဆေးရုံရောက်ပြီး လူစိနှင့် တွေ့ရန် ဧည့်ခန်းသို့အသွား ဆရာကြီးက ကျွန်တော့်ကို ခေါ်ခိုင်းသည်။

ဆရာကြီးကို တွေ့လိုက်ရချိန်တွင် အခြေအနေ မကောင်းမှန်း ကျွန်တော် ရိပ်မိသည်။ သူ့အဖေ အဘိုးကြီး စတော့ခ်အရွယ်လောက် ဖြစ်သွားသည်။ မျက်နှာ မှာ ဖြူဖျော့လျက် ရှိသည်။ မျက်လုံးများလည်း ဝေဝါးနေဟန် ရှိသည်။ ကျွန်တော် က ခုတင်နား တိုးသွားတော့မှ မျက်လုံးကျယ်လာပြီး အားနည်းစွာ ပြုံးပြသည်။

"ဟဲလို . . . ဆရာကြီး၊ သက်သာရဲ့လား"

"အေး . . . မင်းကို တွေ့ချင်နေတယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး၏ အသံမှာ လေသံမျှထက် အနည်းငယ်သာ ကျယ်သည်။

"ဟုတ်ကဲ့၊ ကျွန်တော်ကလည်း ဆရာကြီးနဲ့ တွေ့ချင်နေပါတယ်"

တစ်မိနစ်ခန့် တိတ်ဆိတ်နေသေး၏။ ပြီးမှ ကျွန်တော့်ကို လှမ်းကြည့်သည်။ ဆရာကြီး၏ မျက်လုံးများထဲ၌ တောက်ပမှုကို တွေ့နေရဆဲ။

"အဒမ်က ကိုယ့်ကို ဘာကြောင့် ပစ်သတ်ချင်ရတာလဲကွာ"

"အို... ဒါတော့ ကျွန်တော်လည်း ဘယ်သိမလဲ" ဟု ကျွန်တော်က ကျယ်လောင်စွာ တုံ့ပြန်လိုက်မိသည်။ သူနာပြု ဆရာမကပင် ကျွန်တော့်ကို သတိပေးဟန်ဖြင့် လှမ်းကြည့်သည်။

"ကိုယ် သူ့ကို ဘာမှလည်း မလုပ်ခဲ့ဖူးပါလားကွာ"

"ဟုတ်ကဲ့... ဆရာကြီး၊ သူ့ကို ဘာမှ မလုပ်ခဲ့ပါဘူး"

ဆရာကြီး ဘာပြောဦးမည်နည်းဟု ကျွန်တော် စောင့်နေသည်။ ဘာမျှ ထပ်ပြောတော့မည့်ပုံ မရှိ။ ထို့နောက် သူ့မျက်လုံးများ တောက်ပလာပြန်ပြီး လှမ်းပြောသည်။

"မထင်တာတွေ ဖြစ်ကုန်တာပဲနော် ဂျက်"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။ သူနာပြုဆရာမက ကျွန်တော့်ကို မျက်ရိပ်ပြသည်။ ပြန်ပါဟု ဆိုလိုဟန်။

ဆရာကြီးက တစ်စုံတစ်ရာ ပြောရန် ကျွန်တော့်ကို စိုက်ကြည့်နေသည်။ ထို့နောက် အားနည်းလှသော အသံဖြင့် ဆက်ပြောသည်။

"ဟိုဟာသာ မဖြစ်ခဲ့ရင်ကွာ၊ အခြေအနေ ဒီလို ဖြစ်လာမှာ မဟုတ်ဘူး၊ ဖြစ်လာမှာ မဟုတ်..."

ဆရာမက ကျွန်တော့်ကို နောက်ထပ်အချက်ပြ၏။ ထို့ကြောင့် ကျွန်တော် ဆရာကြီး၏ လက်ကို ကောက်ကိုင်ကြည့်လိုက်ရာ ပျော့ခွေပြီး သွေးဆုတ်လျက် ရှိသည်။

"ကျွန်တော် သွားပါဦးမယ် ဆရာကြီး၊ ထပ်တွေ့ပါဦးမယ်" ဟု ကျွန်တော်က နှုတ်ဆက်သည်။ ဆရာကြီးက ပြန်မပြောနိုင်တော့။ နောက်တစ်နေ့ နံနက်လင်းရောင်ခြည်ဖြူစ အချိန်တွင် ဆရာကြီး ကွယ်လွန်သွားပါသည်။

တစ်ပတ်အတွင်း ဒုတိယအကြိမ် ကျွန်တော် အသုဘပို့ရခြင်း ဖြစ်သည်။ ပထမတစ်ခုမှာ ဘာဒင်လင်းဒင်း၌ သင်္ဂြိုဟ်သော ဒေါက်တာ အဒမ်စတင်တန်၏ အသုဘ ဖြစ်ပါ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

သေသူများ သေကုန်ကြပြီဖြစ်သော်လည်း ကျန်သူများလည်း ကျန်ပါသေး၏။ ထိုကျန်သူများတွင် အင်နီစတင်တန်နှင့် ကျွန်တော်လည်း ပါဝင်သည်။

ကျွန်တော်တို့သည် ဘာဒင်လင်းဒင်းမြို့သို့ပြန်၍ နေထိုင်ကြသည်။ ဆောင်းနှောင်းရာသီ လိမ္မော်ဖျော့ရောင် နေခြည်ဖြာချိန်များတွင် ဆင်ဝင် ဝရန်တာ၌ အေးချင်းယှဉ်ထိုင်ရင်း စကားပြောသည်။ နေမသာဘဲ ကမ်းခြေကို ဖြတ်လာသော ပင်လယ်လေတိုက်ချိန်များတွင် ကျွန်တော်တို့သည် ဧည့်ခန်းထဲ၌ ထိုင်စကားပြောဖြစ်ကြပြန်၏။ စကားပြောဖြစ်ကြသည် ဆိုသော်လည်း များများကား မပြောကြ။ ပြောစရာမရှိ၍ မဟုတ်။ ပြောစရာ များလွန်းသောကြောင့် ဖြစ်သည်။ တစ်ခါတစ်ရံ စကားမပြောဖြစ်ကြ။ အချို့သော ညနေခင်းများတွင် အင်နီကို ကျွန်တော်က စာဖတ်ပြနေတတ်သည်။

ယခုလို ဆောင်းနှောင်းရာသီ နေ့ရက်များသည် ယခင်နှစ်ပေါင်း ၂၀ ခန့်က ဤနေရာဒေသ၌ ကျွန်တော် အင်နီအား ပထမဆုံး ချစ်ခဲ့မိခြင်းကို ပြန်လည် သတိရစေပါ၏။ ထိုစဉ်က ဆောင်းကုန်ပြီး နွေတစ်နွေတွင် ကျွန်တော်တို့ နှစ်ဦးတည်း အတူရှိခဲ့ဖူးသည်။ ကျွန်းမျောကလေး တစ်ခုပေါ်မှာ၊ ဒါမှမဟုတ် ကော်ဇောပျံပေါ်မှာ ကျွန်တော်တို့ နှစ်ဦးတည်း ရှိနေသလို ခံစားမိခဲ့ကြဖူးသည်။ ယခုလည်း ကျွန်တော်တို့ချည်း အထီးတည်း ရှိနေကြပြန်ချေပြီ။ ဒီတစ်ခါတော့ မတူ ခြားနားသော ကျွန်းမျောကလေး၊ ဒါမှမဟုတ် ကော်ဇောပျံပေါ်မှာ။

ဟို... တစ်နွေတုန်းက ကျွန်တော်တို့သည် ဘယ်သောင် ဘယ်ကမ်း ဆိုက်မည်ကိုသိ၍ လောမကြီးဘဲ တငြိမ့်ငြိမ့် လူးလွန့်နေသော ရေလှိုင်းတစ်ခုကို စီးခဲ့ကြသကဲ့သို့ ရှိခဲ့သည်။ ယခုတစ်ဖန် ကျွန်တော်တို့ ရေလှိုင်းတစ်ခုကို စီးမိ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီ။ ဒါပေမယ့် သည်ရေလှိုင်းကတော့ ဘယ်သောင်ဘယ်ကမ်း ဆိုက်မည်မသိ
သေး။

တစ်ခါတစ်ရံတော့ မဆီမဆိုင် အတွေးများ ကျွန်တော် တွေးမိသည်။ အင်နီ့သေးမှာ ထိုင်နေခိုက်၊ စာဖတ်နေခိုက်၊ စကားပြောနေခိုက် အဖြေမရှိသော မေးခွန်းတစ်ခုကို တွေးမိသည်။ အင်နီ၏ အိမ်ခန်းသို့ အဒမ် ဒေါသတကြီးဖြင့် လာရောက်သွားသည့် နောက်ဆုံး အဖြစ်အပျက်ကို ပြောပြစဉ်က အဒမ့်ထံ တစ်စုံတစ်ယောက်က တယ်လီဖုန်းဆက်ခဲ့ပုံ၊ အင်နီနှင့် ဘုရင်ခံဝိလီစတော့ခ်အကြောင်း ပြောခဲ့ပုံတို့ကို အင်နီက ကျွန်တော့်အား ပြောပြခဲ့သည်။

သူဘယ်သူလဲ...

အင်နီကို ကျွန်တော် မည်ကဲ့သို့ စမေးရမည်ဟု မစဉ်းစားတတ်အောင် ဖြစ်နေသည်။ နောက်ဆုံး တစ်နေ့တွင်ကား မတတ်နိုင်တော့။ အင်နီကိုပင် မေးရတော့သည်။

"အင်နီ... မေးခွန်းတစ်ခု မေးပါရစေကွယ်၊ ဟို... ဟိုကိစ္စပါပဲလေ၊ ဒီတစ်ခါပြီးရင် နောက်နောင် အင်နီက စမပြောဘဲ ဒီကိစ္စအကြောင်း ကိုယ်တစ်ခွန်းမှ မဟဲတော့ပါဘူးနော်"

အင်နီက ဘာမှ ပြန်မပြောဘဲ ကျွန်တော့်ကို ကြည့်နေရာ ကျွန်တော်က ဆက်မေးရသည်။

"သူ့ဆီ ဘယ်သူ တယ်လီဖုန်း ဆက်တယ်ဆိုတာ အဒမ်က ပြောသွားသလားဟင်"

"မပြောဘူး၊ ယောကျ်ားတစ်ယောက်လို့ပဲ ပြောတယ်"

နောက်တစ်နေ့တွင် ကျွန်တော် ဘာဒင်လင်းဒင်းမှ ခရီးထွက်ခဲ့တော့၏။ မြို့ပေါ်တွင် စနည်းနာခဲ့ရာ ဆရာကြီး၏ အတွင်းရေးမှူးမကလေး ဆာဒီတစ်ယောက် နေထိုင်မကောင်း၍ ဆေးရုံတက် အနားယူနေရသည်ဟု သတင်းရ၏။ ဆာဒီ တက်နေသည်ဆိုသော မီးလက်ဆေးရုံသို့ ကျွန်တော် လိုက်သွား၏။ မီးလက် ဆေးရုံဆိုသည်မှာ ဆေးရုံတစ်ခုနှင့်ပင် မတူပါချေ။ ပြည်နယ်မြို့တော်မှ ၂၀ မိုင် အကွာတွင် လမ်းမကြီးမှ ခွဲထွက်ရသော လမ်းဖြင့် ဆေးရုံသို့ သွားရသော မီးလက် ဆေးရုံမှာ အိမ်ကြီးတစ်အိမ်မျှသာ ဖြစ်ချေသည်။

ဆရာဝန်ထံ ခွင့် မေးမြန်းစုံစမ်းပြီးနောက် ဆာဒီ ရှိနေသော အခန်းထဲ ကျွန်တော် ဝင်သွား၏။ ပြတင်းအနီးရှိ ဆိုဖာရှည် တစ်ခုပေါ်၌ ဆာဒီ လဲလျောင်း နေသည်။ မျက်နှာမှာ ဖြူရော်နေကာ မျက်လုံးများမှာလည်း ယခင်ထက် မှုန်ဝါး တော့။ တောက်ပမှု ကင်းမဲ့နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းတယ်နော် ဆာဒီ၊ ကိုယ် လာပြီး သတင်းမေးတာ အနှောင့်အယှက် မဖြစ်ပါဘူးနော်"

"မဖြစ်ပါဘူး ဂျက်၊ လာပါ လာပါ"

သို့သော် သူ့မျက်လုံးများမှာကား ယခင်ကကဲ့သို့ တောက်ပြောင်ခြင်း မရှိတော့၊ ကုလားထိုင် တစ်လုံးဆွဲပြီး သူ့အနား ကျွန်တော် ရွှေ့ထိုင်ကာ စီးကရက်တစ်လိပ် ထုတ်သောက်သည်။

"ဘယ်လိုနေသေးလဲ ဆာဒီ"

"ကောင်းပါတယ်၊ အားလုံး အဆင်ပြေတယ်၊ ဘာလို့ကော အဆင်မပြေရမှာတဲ့လဲ" ဟု ဆာဒီက ကျွန်တော့်ကို ရီဝေစွာ လှမ်းကြည့်ပြီး ပြောသည်။

"ဒီလိုဆိုလည်း ကောင်းပါ့ကွယ်"

"ကျွန်မ အခု ဆေးရုံလာတက်တာ ဘာမှ ဖြစ်လို့ မဟုတ်ဘူး၊ သက်သက် လာအနားယူတာ၊ ကျွန်မ အားလုံးကို စိတ်ပျက်နေတယ်၊ ရှင်လည်းပါတယ်၊ သိလား ဂျက်"

ကျွန်တော် ဘာမျှ ပြန်မပြော၊ လက်ထဲမှ စီးကရက်တို့ဖြင့် နောက်ထပ်တစ်လိပ် မီးကူးလိုက်ပြီး ကျွန်တော်က ပြောလိုက်ပါသည်။

"အေးပါ ဆာဒီ၊ မင်း ဘယ်လို ခံစားနေရတယ်ဆိုတာ ကိုယ် စာနာမိပါတယ်၊ ဒါပေမယ့်..."

"ဒါပေမယ့် ဂျက်ရယ် ကျွန်မ ဘယ်လောက် ခံစားနေရတယ်ဆိုတာတော့ ရှင်သိမယ် မထင်ပါဘူး"

"အင်း...ဟုတ်မယ်၊ ဩော်...ဆာဒီရေ၊ အခု ကိုယ် ဒီကို လာတာ တစ်ခုမေးချင်လို့ကွယ့်"

"ကျွန်မကို ခင်လွန်းလို့များ လာတာလားလို့"

ကျွန်တော် ခေတ္တဆိုင်းပြီးမှ ပြောသည်။

"အဒမ်စတင်တန်က ဆရာကြီးကို သတ်ခဲ့တယ်၊ ဒါပေမယ့် ဒီလို သတ်အောင် တစ်ယောက်ယောက်က အဒမ်ကို ဆွပေးခဲ့တယ်၊ ဒီလူဟာ အဒမ် ဘယ်လိုလူစားဆိုတာ သိနေတဲ့လူပဲ၊ ပြီးတော့ အဒမ်တစ်ယောက် ဒီဆေးရုံကြီးမှာ အလုပ်တာဝန် ဘယ်လို အခန့်အပ်ခံရတယ်လို့လည်း အဲဒီလူက သိနေတယ်၊ ပြီးတော့..."

ဆာဒီ နားထောင်နေပုံမရသဖြင့် ခေတ္တ ကျွန်တော် နားပြီးမှ သူ့မျက်နှာ အကဲခတ်ပြီး ဆက်ပြောရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ဆရာကြီးနဲ့ အင်နီတို့အကြောင်းလည်း ဒီလူက သိနေတယ်" ဆာဒီ၏ မျက်နှာပေါ်၌ ဘာမျှ ထူးခြားမလာ၊ ထို့ကြောင့် ကျွန်တော် ဆက်ပြောမိ၏။

"ကိုယ်သိခဲ့ရတာက လူတစ်ယောက် အဒမ်ဆီ တယ်လီဖုန်းဆက်ပြီး သူ့ညီမ အင်နီနဲ့ ဆရာကြီးအကြောင်း စပြောတယ် ဆိုပဲ၊ တခြားအကြောင်းတွေလည်း ပြောသေးသတဲ့၊ ဒါကြောင့် အဒမ်တစ်ယောက် မထိန်းနိုင် မသိမ်းနိုင် ဒေါပွပြီး အင်နီဆီ အရင်သွားတယ်၊ အင်နီကလည်း အမှန်အတိုင်း ဝန်ခံသတဲ့၊ မဖုံးမကွယ်ဘူးတဲ့"

"ဟုတ်ကဲ့ရှင့်၊ အင်နီတစ်ယောက် ဘယ်လောက်အထိ မြင့်မြတ်တယ် ဆိုတဲ့ အကြောင်း ပြောပြပါဦး"

ကျွန်တော် ခေတ္တနားပြီးမှ ဆက်မေးရသည်။

"အဲဒီတော့ အဒမ်ဆီကို ဖုန်းဆက်တာ ဘယ်သူဖြစ်နိုင်မလဲ၊ ဆာဒီ ခန့်မှန်းနိုင်ပါ့မလား"

ဆာဒီက လုံးဝမဖြေ။ သူမ ကြားမှ ကြားပါလေစဟု ထင်မိသည်။ ကျွန်တော်က ဆက်မေးရသည်။

"ဘယ်လိုလဲ... မှန်းနိုင်မလား"

"ခန့်မှန်းနိုင်စရာ မရှိပါဘူး" ဟု ဆာဒီက ကျွန်တော့်ကို မကြည့်ဘဲ ပြောသည်။

"မခန့်မှန်းနိုင်ဘူး... ဟုတ်လား"

"ဟုတ်တယ်၊ ခန့်မှန်းလို့ မရဘူး၊ ခန့်မှန်းဖို့လည်း မလိုဘူး၊ အတိအကျတော့ ပြောနိုင်မယ် ထင်တယ်"

"ဘယ်လို..."

"ဘယ် ခန့်မှန်းလို့ ရပါ့မလဲ၊ ကိုယ်တိုင် သိထားတဲ့ဥစ္စာ"

"ဒီလိုဆို ဘယ်သူလဲ"

"ဒပ်ဖီလေ... ဒပ်ဖီပေါ့"

"အေး... ဒီလောက်တော့ ကိုယ်လည်း သိခဲ့ဖို့တော့ ကောင်းတယ်ကွယ်၊ နေပါဦး၊ ဒပ်ဖီလို့ မင်း ဘယ်လို သိသလဲ ဆာဒီ"

"သေလိုက်ပါတော့ ဂျက်ရယ်"

ဆာဒီသည် ချက်ချင်း ဒေါပွလျက် လဲလျောင်းနေရာမှ ထထိုင်လိုက်ပြီး ဆက်ပြောသည်။

"ဂျက်ဘာဒင်... ရှင် ဒီကို ဘာလာလုပ်တာလဲ၊ ဘာဖြစ်လို့ မပြန်သေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဆာဒီ၏ မျက်လုံးများကို စိုက်ကြည့်လိုက်ရာ ဒေါသခိုးများဖြင့် အရောင်တောက်နေသည်ကို တွေ့ရသည်။ သို့သော် ကျွန်တော်ကလည်း မေးဖြစ်အောင် ဆက်မေး၏။

"ပြောစမ်းပါကွာ၊ မင်း ဘယ်လိုလုပ် သိသလဲလို့"

"ဩော်...ဘယ်လိုသိသလဲ ဟုတ်စ၊ သိတာပေါ့၊ သိတာပေါ့၊ ကျွန်မ... ကျွန်မ..."

ဆာဒီသည် အတန်ကြာ စကားထစ်နေရှာ၏။

"ကျွန်မ သိတာပေါ့၊ ဘာကြောင့်လဲဆိုတော့ အဲဒီလိုလုပ်ဖို့ ဒပ်ဖိကို ကျွန်မပဲ ပြောလိုက်တာရှင့်"

အဖြစ်ကတော့ ဤမျှသာပင်။ ကျွန်တော် လုံးဝ မရိပ်မိခဲ့။ မတ်တတ်ရပ်နေသော ကျွန်တော်သည် ကုလားထိုင်ပေါ် ညွတ်ခွေစွာ ထိုင်ချလိုက်ရပါ၏။ ဆာဒီကိုလည်း တစ်ခါမျှ မတွေ့ဖူးသူအလား ကျွန်တော် ငေးကြည့်နေမိသည်။

ခဏနေမှ ကျွန်တော့်ပါးစပ်မှ ထွက်သွားသည်။

"ဒီလိုဆို ဆရာကြီးကို မင်းသတ်တာပေါ့"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ကျွန်မကို အဆက်ဖြတ်လိုက်လို့ပဲ၊ လူစီဆီသူ ပြန်သွားတော့မယ်၊ သူ့အတွက် လုပ်ပေးရတာကျတော့ ကျွန်မ၊ အားလုံး ကျွန်မက လုပ်ပေးခဲ့ရတယ်၊ ပြီးတော့မှ သူတော်ကောင်း အပြုံးကလေးနဲ့ ပြုံးပြပြီး 'ဆာဒီရယ် ကိုယ့်ကို နားလည်ပါကွယ်၊ ကိုယ် လူစီနဲ့ပဲ ပြန်ပေါင်းရပါတော့မယ်' လို့ ကျွန်မလက်ကိုင်ပြီး ချော့လာတယ်၊ ဒါကတည်းက ကျွန်မ သူ့ကို သတ်ချင်နေတာ"

"အဒမ်ကိုလည်း မင်းပဲ သတ်တာကွ"

"ဘုရား...ဘုရား..."

"အဒမ်ကို မင်း သတ်လိုက်တာ" ဟု ကျွန်တော်က ထပ်ပြောသည်။

ဆာဒီက လေသံမျှဖြင့် ပြန်ပြောရှာသည်။

"ကျွန်မ...ကျွန်မ...ဝီလီကိုပဲ သတ်ခဲ့တာပါရှင်၊ ဘုရား...ဘုရား..."

ဆာဒီသည် ပြန်လှဲချလိုက်ကာ မျက်နှာကြက်ကို ငေးကြည့်နေသည်။ ကျွန်တော်လာရင်း အကြောင်းရင်းကို သိရပါပြီ။ ကျွန်တော် စီးကရက်ပင် နောက်ထပ် မညှိဖြစ်ဘဲ ဒီအတိုင်း ထိုင်နေမိပါ၏။ ခဏအကြာမှ ဆာဒီက ပြောသည်။

"ကဲ...ဂျက်၊ ကုလားထိုင် ရွှေ့နားတိုးပါဦး"

ကျွန်တော်က ရှေ့သို့ ရွှေ့သွားပြီး စောင့်နေရာ ဆာဒီက ကျွန်တော့်ကို မကြည့်ဘဲ သူမလက်ကို ဆန့်တန်းပေးသည်။ ကျွန်တော်က ကိုင်ထားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဂျက်ရေ၊ ရှင့်ကို ပြောပြရလို့ ကျွန်မ ဝမ်းသာလှပါပြီ၊ တစ်ယောက်ယောက်ကိုတော့ ဒီအကြောင်း ပြောပြရမှ ဖြစ်မယ်လို့ ကျွန်မ သိနေခဲ့ပါတယ်။ ရှင် ဟဲခါးပေါက်က ဝင်လာကတည်းက ကျွန်မသိနေတယ်၊ ကျွန်မ ရှင့်ကိုတော့ ပြောပြရတော့မယ်လို့၊ ကဲ... ဒီတော့ ဒီအကြောင်း ဘယ်သူသိသိ သိပါစေတော့၊ အင်းလေ... ကျွန်မဟာ ဟို... အင်နီစတင်တန်လောက်တော့ မမွှန်မြတ် ဘူးပေါ့"

ကျွန်တော် ဘာမျှ မပြောတော့ဘဲ ဆာဒီ၏ လက်ချောင်းကလေးများကို ဆုပ်နယ်ပေးရင်း ဘေး၌ ဆက်ထိုင်နေခဲ့ပါ၏။

* * *

ဒပ်ဖီသည် ယခု ပြည်နယ်ဘုရင်ခံ ဖြစ်နေပါပြီ။ အမှန်စင်စစ် ဝီလီကို သူသတ်လိုက်ခြင်း ဖြစ်ကြောင်း ကျွန်တော် သိခဲ့ပါပြီ။ ကိုယ်တိုင် သေနတ်ကိုင်ပြီး ပစ်ခဲ့သကဲ့သို့ပင် ဒပ်ဖီက သတ်ခဲ့ခြင်းပါတကား။ ဆာဒီက ဒပ်ဖီ၏ လက်ထဲ သေနတ်ထည့်ပေးရုံမျှမက ဝီလီဆီသို့ပင် သေနတ်ပြောင်း လှည့်ပေးခဲ့သည်။ သေနတ်ပြောင်းသည် အဒမ်စတင်တန်ဘက်သို့ပါ လှည့်သွားခဲ့သည်။ ဆာဒီသည် သူတို့ နှစ်ဦးစလုံးကို သတ်ခဲ့သူပေတကား။ သို့ပေမင့် ဆာဒီက သွေးပူပူဖြင့် ဒေါသအလျောက် လုပ်ခဲ့ခြင်း ဖြစ်သော်လည်း ဒပ်ဖီကမူကား သွေးအေးအေးဖြင့် လုပ်ခဲ့သူ ဖြစ်ချေသည်။ ထို့ကြောင့် ဆာဒီ၏ လုပ်ရပ်ပျောက်ပြီး ဒပ်ဖီသာလျှင် ကျွန်တော့်ခေါင်းထဲ ရောက်နေသည်။ ဒပ်ဖီသာ တရားခံအစစ်ဟု ကျွန်တော် နားလည်ရပြီ။ ဤသို့ သိမှတ်ခံယူလိုက်ရသည်နှင့် (ထူးဆန်းစွာ) ကျွန်တော်သည် ကြီးမားစွာ စိတ်ပေါ့ပါး သက်သာရာ ရသွားပါတော့သည်။

ဆာဒီကို နောက်ထပ် ကျွန်တော် လူနာမေး သွားခဲ့ရာ နောက်လည်း လာလည်ရန် မှာရှာ၏။ သို့သော် ဟိုအကြောင်း လုံးဝ မပြောကြစတမ်းဟုလည်း ဆို၏။ လိုအပ်လျှင် ဆာဒီက အစစ်ခံချက်အဖြစ် ကျွန်တော့်ကို ပေးမည်ဟု ပြောသေး၏။

နောက်တစ်ပတ်ခန့် အကြာတွင် ဒပ်ဖီထံမှ စာတစ်စောင် ကျွန်တော်ရသည်။ လာတွေ့ရန် ဖိတ်ခေါ်ခြင်း ဖြစ်၏။ ကျွန်တော် သွားတွေ့သောအခါ ယခင်ဆရာကြီးထိုင်သော ဘုရင်ခံစားပွဲ၌ ဒပ်ဖီ ထိုင်နေသည်။ ကျွန်တော့်ကို ကုလားထိုင်မှ ထလာပြီး ဆီးကြို နှုတ်ဆက်ပါ၏။ ကျွန်တော်တို့ နှစ်ဦး ထိုင်စကား ပြောနေစဉ် အင်္ကျီဖြူဝတ်ထားသော လူမည်းအစေခံတစ်ဦးက သောက်စရာများ လာချပေး၏။ ကျွန်တော် တစ်ခွက်ယူသောက်သည်။ ဆေးပြင်းလိပ်ဖြင့် ဧည့်ခံသည်ကိုကား ငြင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒပ်ဖီက ဆရာကြီးကို လွှမ်းဆွတ်သတိရကြောင်း ပြောသည်။ ကျွန်တော့်ကိုလည်း သတိရကြောင်း ပြောသည်။ ထို့နောက်တွင်မှ ကျွန်တော့်ကို အလုပ်စကား ပြောတော့သည်။

"ဂျက်ရေ၊ အလုပ်ကိစ္စတစ်ခု ကမ်းလှမ်းချင်လို့ ခေါ်တာပါပဲ၊ ဆရာကြီးနဲ့တုန်းက ဘယ်လို အစီအစဉ်တွေ ရှိခဲ့ကြတယ်တော့ ကိုယ်မသိဘူးပေါ့၊ ကိုယ့်ကို ပြောပြပါလား၊ အဲ... ကိုယ်နဲ့ အလုပ်လုပ်ချင်ရင်တော့ ဟိုတုန်းက လစာထက် ၁၀ ရာခိုင်နှုန်း ပိုပေးမယ်၊ ဘယ့်နဲ့လဲ"

ကျွန်တော်က ခေါင်းခါပြလိုက်ပါသည်။ ထိုကမ်းလှမ်းချက်မှုမက နောက်ထပ် ကမ်းလှမ်းချက်တစ်ခုပြီးတစ်ခုကိုလည်း ကျွန်တော် ငြင်းဆန်လိုက်သည်။

"နေပါဦး ဂျက်၊ ဘယ်လောက်ရမှ လုပ်နိုင်မှာမို့လဲ"

ကျွန်တော်သည် သည်တော့မှ ရှင်းပြလိုက်ရသည်။

"ဘယ်လောက်ရမှ ဆိုတာ ပြဿနာ မဟုတ်ပါဘူးဗျ၊ ကျွန်တော် ပြောပြပါ့မယ်"

"ဟုတ်ပြီ ဒီလိုပြောပြမှပေါ့ကွာ"

"ဟုတ်ကဲ့၊ ကျွန်တော် ပြောချင်တာ ပြောပြပါ့မယ်၊ ကျွန်တော် ပြောချင်တာက ဟောဒီလို ခင်ဗျာ၊ ဒီမှာ မစ္စတာဒပ်ဖီ၊ ခင်ဗျားဟာ ဒီကမ္ဘာမှာ ဘုရားသခင် ဖန်ဆင်းခဲ့တဲ့ လူသားတွေအနက် အညစ်ဆုံး အယုတ်ဆုံး သတ္တဝါတစ်ကောင်ပဲဗျ"

ရုတ်တရက် ငြိမ်သက် တိတ်ဆိတ်သွားသည်ကို ကျွန်တော် ပီတိ ဖြစ်မိပြီး ဆက်ပြောသည်။

"ခုလည်း ခင်ဗျားက ကျုပ်ကို ဝယ်နိုင်မယ်လို့ ထင်နေတယ်၊ ဘာကြောင့် ခင်ဗျားက ကျုပ်ကို လိုချင်တယ်လို့ ဆိုတာလည်း ကျုပ်သိပါတယ်၊ ကျုပ် ဘာတွေ ဘယ်လောက် သိထားတယ်ဆိုတာ ခင်ဗျား မသိဘူးဗျ၊ ကျုပ် သိထားသမျှကတော့ ဆရာကြီးကို သတ်တာဟာ ခင်ဗျားပဲ"

"မဟုတ်တာတွေကွာ" ဟု ဒပ်ဖီက ဝင်ပြောသည်။

"မဟုတ်တာတွေ မဟုတ်ဘူးဗျ၊ ခန့်မှန်းခြေလည်း မဟုတ်ဘူး၊ ဆာဒီကိုယ်တိုင်က ကျုပ်ကို ပြောပြီးပြီ၊ ဆာဒီက တစ်ကမ္ဘာလုံးကိုပါ ကြေညာသိမ့်မယ်၊ ဆာဒီက ဘယ်သူ့ကိုမှလည်း မကြောက်ဘူး"

"ဒါတော့ မဟုတ်သေးဘူး၊ ကိုယ် ဆာဒီ့ကို..."

"ဒီမယ်... ဆာဒီက ဘာကိုမှလည်း ဂရုမစိုက်တော့ဘူး၊ အားလုံးကို စိတ်ပျက်နေတာ၊ ခင်ဗျားကိုလည်း စိတ်ပျက် စိတ်ကုန်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မကို ငါသတ်မယ်" ဒပ်ဖီက ပြောရင်း နဖူးမှ ချွေးစေးများ ထွက်လာသည်။

"ခင်ဗျား ဘယ်သူ့ကိုမှ မသတ်ရဲပါဘူး၊ ဒီတစ်ခါတော့ ခင်ဗျားအတွက် သတ်ပေးမယ့်လူ ပေါ်မှာ မဟုတ်တော့ဘူး၊ ဆရာကြီးကိစ္စတုန်းကလည်း ကံက ခင်ဗျားဘက်က ပါနေတာပါ၊ ဒီကံကို ခင်ဗျားက အသုံးချလိုက်တာပါပဲ။ ဒီအတွက်တော့ ခင်ဗျားကို ကျုပ် ချီးမွမ်းပါရစေ၊ အမှန်စင်စစ်တော့ ခင်ဗျားလည်း အသုံးခံပါပဲ။ ဥပမာ ပြောရရင် အရက်သမား တစ်ယောက် ခွေးတစ်ကောင်ကို အမြီးသူ့နဲ့မကွာ ခေါ်ထားသလို ခင်ဗျားလည်း အခေါ်ခံခဲ့ရတဲ့ လူပါ။ အရက်သမားဟာ သွားလေရာ ခွေးကလေးတစ်ကောင်ကို ခေါ်သွားတယ်၊ အကြောင်းရင်းကတော့ တံတွေး ထွေးချင်ရင် ကြမ်းပေါ် မထွေးရတော့ ခွေးပေါ်ထွေးချလိုက်ရော၊ ဒီတော့ကာ ကြမ်းလည်း မညစ်ပတ်ဘူးပေါ့၊ ဒါကြောင့် ခင်ဗျားဟာ ဆရာကြီးဝီလီရဲ့ ခွေးကလေးပါ၊ ခင်ဗျားဟာ လူမဟုတ်ဘူး၊ တကယ့် လူအစစ်အမှန် တစ်ယောက် မဟုတ်ဘူး၊ ဒီလိုပဲ ကျုပ်က တွေးထားခဲ့တယ်၊ ဒါပေမယ့် ကျုပ်မှားခဲ့တယ်၊ ခင်ဗျားရဲ့ အတွင်း အစွန်ဆုံးမှာ လူ့သဘာဝ တစ်ခုရှိနေတာကိုး။ တံတွေးထွေး ခံရတာကို ခင်ဗျား နာတတ်တယ်၊ ပိုက်ဆံအတွက်လည်း နာတတ်တယ်"

ကျွန်တော်က တစ်ဝက်သောက်ပြီးသား ဖန်ခွက်ကို ကိုင်ရင်း ကုလားထိုင်မှ ထ၏။

"အခုတော့ ဒပ်ဖီ၊ ခင်ဗျားဟာ အသုံးတော်ခံ လူသား မဟုတ်တော့ပါဘူး၊ တကယ့် ဒပ်ဖီ ဖြစ်လာပါပြီ၊ ဒါပေမယ့် ခင်ဗျားဟာ အိုလည်း အိုပြီ၊ အဆီပြင်တွေနဲ့ ဘုတ်ထိုင်းကြီး၊ ကျန်းမာရေးကလည်း မကောင်း၊ မျက်နှာမှာလည်း ချွေးစေးတွေ ရွှဲလို့၊ စိတ်ထဲမှာလည်း ပူပန်စရာတွေအပြည့်၊ ဒီအတွက် ဝမ်းနည်းပါတယ်၊ စိတ်မကောင်းလည်း ဖြစ်မိပါရဲ့၊ ဒါပေမယ့် ခင်ဗျား တစ်ခုခု ပြောရင်တော့ ခင်ဗျားအတွက် ဝမ်းနည်းတာကို ကျုပ် ရပ်စဲလိုက်ရလိမ့်မယ်၊ ကိုင်း... အခု ခင်ဗျားတိုက်တဲ့ အရက်ကို သောက်မယ်"

ကျွန်တော် မော့ချလိုက်ပြီး ဖန်ခွက်ကို ကြမ်းပေါ် ပစ်ချလိုက်သည်။

ကျွန်တော် တံခါးအနီး အရောက် ဒပ်ဖီက လှမ်းပြောသည်။

"မင်း ဒါတွေကို တရားရုံးမှာ သက်သေ မပြနိုင်ပါဘူးကွ"

"ဟုတ်တယ်၊ ဒါပေမယ့် ဒပ်ဖီ၊ ခင်ဗျား စိုးရိမ်ပူပန်နေရမှာတွေ တခြားအများကြီး ရှိနေသေးတယ်"

တံခါးဖွင့် အပြင်ထွက်လိုက်ပြီးချိန်မှစ၍ ကျွန်တော့်စိတ်ထဲ ကြည်နူးနေမိ၏။ သို့သော် ထိုကြည်နူးမှုမှာ ခံစားမှုတစ်မျိုး ဖြစ်နေရာ ချမ်းချင်းအားလုံးကို

www.burmeseclassic.com

www.burmeseclassic.com



မုန်းတီးရွံ့ရှာလာခဲ့ပါ၏။ ကိုယ့်ကိုယ်ကိုလည်း ရွံ့လာ၏။ ဒပ်ဖီကိုလည်း ရွံ့လာ၏။ ဝီလီ၊ အဒမ်၊ အားလုံးကို ရွံ့မုန်းလာ၏။ အားလုံး အတူတူနှင့် အနူနူကြီးပါတကား။

ကျွန်တော် ဘာဒင်လင်းဒင်းသို့ မပြန်။ အင်နီကိုလည်း မတွေ့ချင်။ ဘယ်သူ့ကိုမျှလည်း မတွေ့ချင်ပြီ။ ထို့ကြောင့် အခန်းထဲ ထိုင်နေပြီး အချိန်ဖြုန်းသည်။ မသွားဖူးသေးသော စားသောက်ဆိုင်များသို့ သွားသည်။ ရုပ်ရှင်များ ကြည့်သည်။ ပြည်သူ့စာကြည့်တိုက် သတင်းစာခန်းတွင် နာရီပေါင်းများစွာ စာသွားဖတ်နေသည်။

တစ်နေ့တွင် စာကြည့်တိုက်၌ ဖိုးသကြားကို ကျွန်တော် လှမ်းမြင်လိုက်၏။ လည်ပင်းသေးသေးကလေးပေါ်၌ ကြီးမားသော သူ့ခေါင်းသည် ရှေ့သို့ ငိုက်ကျနေ၏။ ရုပ်စုံမဂ္ဂဇင်းတစ်စောင်ကို သူကြည့်နေသည်။ ဖိုးသကြားကို ကျွန်တော် မတွေ့ချင်၍ ရှောင်ထွက်အလာတွင် သူက လှမ်းမြင်ပြီး ကုလားထိုင်မှ ထကာ နောက်မှ လိုက်လာသည်။

“နေ...နေ...ကောင်း...”ဖိုးသကြားက စကားထစ်ထစ်ဖြင့် နေကောင်းလားဟု နှုတ်ဆက်ခြင်း ဖြစ်သည်။

“ကောင်းပါတယ်ကွာ...မင်းကော နေကောင်းရဲ့လား”

“ကောင်း...ကောင်း”

ကျွန်တော်တို့ တစ်ယောက်နှင့်တစ်ယောက် ကြည့်နေမိကြသည်။ တစ်ယောက်ကို တစ်ယောက်လည်း နားလည်ကြပါသည်။ စာကြည့်တိုက်မှလွဲ၍ သွားစရာလည်း အခြားနေရာ မရှိကြပြီ မဟုတ်ပါလား။

“ခင်...ခင်...ခင်ဗျား အလုပ်ရပြီလား” ဟု ဖိုးသကြားက မေးသည်။

ကျွန်တော်က ဘုရင်ခံမင်း တိုင်နီဒပ်ဖီ၏ ရုံးခန်းကြီးထဲ ရောက်ခဲ့ပြီး အလုပ်ပေးရန် ကမ်းလှမ်းခံရပုံကို ပြောမိတော့မလို ဖြစ်သွားသေးသည်။ သို့ရာတွင် ဒပ်ဖီ၏ မျက်နှာကြီး ပေါ်လာသဖြင့် မပြောဖြစ်တော့။

“ဒီမှာ...ဖိုးသကြား...၊ ဆရာကြီးကို ဘယ်သူ သတ်သလဲ၊ သိရဲ့လား” ဟု ကျွန်တော်က ကောက်မေးလိုက်သည်။

“ဟာ...ဟို...ဟို ခွေးမသားလေဗျာ၊ ကျွ...ကျွ...ကျွန်တော်ပဲ သူ့ကို ပစ်သတ်လိုက်တာပဲ”

“ဒါပေမယ့်...ဒေါက်တာ အဒမ် ဒီလို လုပ်ဖြစ်အောင် တစ်ယောက်ယောက်က တိုက်တွန်းတာ ဆိုရင်ကောကွာ”

“အဲဒီခွေးမသားကိုပါ... ကျုပ်သတ်မယ်” ဖိုးသကြားက ကျွန်တော့် အင်္ကျီကို ဆွဲကာ အတင်းမေးသည်။ “ခင်...ခင်...ခင်ဗျား ကျွန်တော့်ကို မပြောဘဲ သိထားတာ ရှိသလား၊ ပြော...ပြောဗျာ...”

www.burmeseclassic.com

www.burmeseclassic.com



သူ တကယ်လုပ်မည်။ သူ တကယ်လုပ်မည်ကို ကျွန်တော် သိသည်။ ဟုတ်လိုက်လေ၊ ကျွန်တော် ရယ်ချင်လာသည်။ သို့ရာတွင် ချက်ချင်းပင် ဒပ်ဖီ၏ မျက်နှာကြီးကို မြင်ယောင်မိလိုက်သည်။ ပြည့်ဖောင်းကြီးမားသော ဘုတ်ထိုင်းကြီး၊ ကျွန်တော် သူ့ နာမည်နှုတ်မှ ထွက်အံ့ဆဲဆဲတွင် ကျွန်တော့် အတွေးထဲမှ ဒပ်ဖီက မျက်စိတစ်ဖက် မှိတ်ပြ၏။ ညီအစ်ကိုချင်း မျက်စိမှိတ်ပြသလို မှိတ်ပြ၏။ ဖိုးသကြားကို အသာငုံ့ကြည့်ကာ ကျွန်တော် ပြောလိုက်ရသည်။

"ကိုယ် နောက်တာပါကွာ၊ ရယ်စရာ ပြောတာပါ"

ဖိုးသကြား၏ မျက်နှာမှာ 'ဟာခနဲ' ဖြစ်သွားပြီးနောက် လူသတ်တော့မည့် မျက်နှာကြီး ဖြစ်သွားသည်။ 'ကျွန်တော့်ကိုပဲ သတ်တော့မလား' ထင်မိသည်။ ခဏကြာမှ မူလမျက်နှာထား ပြန်ပေါက်လာပြီး ဖိုးသကြားက ပြောသည်။

"ခ...ခ...ခင်ဗျားဗျာ၊ ကျွန်တော် ဘ ...ဘ...ဘယ်လောက် ခံစားနေရတယ်ဆိုတာ သိလျက်သားနဲ့၊ ဒီလိုတော့ ကျွန်တော့်ကို နောက်ဖို့ မကောင်းပါဘူး"

"အေးကွာ...ငါတောင်းပန်ပါတယ်"

"ဆ...ဆ...ဆရာကြီးလို လူ ဘယ်သူမှ မရှိဘူးဗျ၊ သူ...သူစကားပြောတာ သ...သိပ်ကောင်းတာပဲ၊ ဆ...ဆရာကြီး မိန့်ခွန်းပြောရင် လူ...လူတိုင်း အော်ပြီး ထောက်ခံကြတယ်၊ ကျွ...ကျွန်တော့်ကိုယ်ထဲ တစ်ခုခု ပေါက်ကွဲတော့မလို ဖြစ်ဖြစ်လာတယ်" ဟု ဖိုးသကြားက ဆရာကြီး ဂုဏ်ပုဒ်များကို ပြောနေသည်။ ထိုနောက် သူ့ခြေထောက်ဆီ ငုံ့ကြည့်နေရာမှ ခေါင်းပြန်မော့ပြီး ပြောသည်။

"ကျွ...ကျွန်တော်...သွားတော့မယ်ဗျာ"

သူက လက်ကမ်းပေးရာ ကျွန်တော်က ဆွဲကိုင်၍ နှုတ်ဆက်လိုက်သည်။ ထိုတစ်ကြိမ်သည် ဖိုးသကြားနှင့် ကျွန်တော် နောက်ဆုံး တွေ့လိုက်ရခြင်းပင်။

* * *

ကျွန်တော်သည် ကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်ထားသော ဘဝတွင်ပင် ဆက်လက် ကျင်လည်နေခဲ့ပါ၏။ သို့ရာတွင် ယခုမူ ယခင်ကလိုတော့ မဟုတ်တော့ပါ။ ကျွန်တော့်ဘဝ ဝန်းကျင်၏ ခြားနားချက် မဟုတ်သည့်တိုင် စိတ်သဘောထား အမြင် ခြားနားချက်များ ရှိလာသည်။

နောက်ဆုံးတွင် လအတော်ကြာပြီးနောက် မေလထဲ၌ ယင်းသို့သော ကွဲပြား ခြားနားချက်ကြောင့်ပင် ကျွန်တော်သည် ဆရာကြီး၏ ဇနီးလူကို သွားတွေ့ဖြစ်ခဲ့၏။ အဖြူရောင် အိမ်ကလေး၏ ဧည့်ခန်းထဲတွင် ကျွန်တော်တို့ ထိုင်နေကြသည်။ ကြမ်းခင်းကော်ဇောပေါ်မှ ပန်းပွင့်များကို ငုံ့ကြည့်နေမိသည်။ ဧည့်

www.burmeseclassic.com

www.burmeseclassic.com



ခန်းငယ်ကား အပြောင်းအလဲ လုံးဝမရှိ။ နောင်လည်း အပြောင်းအလဲရှိမည် မထင်၊ လူစီသည် ယခင်ထက်ကား ဆံပင်အနည်းငယ်ပိုဖြူလာ၏။ ဝလည်း ဝလာ၏။ ထိုနေ့က ကျွန်တော်တို့ ရောက်တတ်ရာရာ စကားပြောကြသည်။ သို့ရာတွင် အနှစ်မပါသော စကားချည်းသာ ဖြစ်၏၊ ထိုနောက် သူမကိုယ်တိုင် ဖုတ်သည့် ကိတ်မုန့်နှင့် လက်ဖက်ရည်ဖြင့် ဧည့်ခံပါ၏။ ကျွန်တော်လာမည်ဆို၍ ထိုနေ့ နံနက်ကမှ သူမကိုယ်တိုင် မုန့်ဖုတ်ပြီး ပြင်ဆင်ထားခြင်း ဖြစ်မည်မှာ သေချာပါသည်။ ကိုယ်တိုင် လုပ်ကျွေးပြီး ဧည့်ခံသော မုန့်ကို ဧည့်သည် စားနေသည်ကို မြင်လေသော် ယခင်ကာလများက တနင်္ဂနွေမွန်းလွဲပိုင်း ဧည့်ခံချိန်များ အကြောင်း သတိရဟန်ဖြင့် လူစီက ကျွန်တော့်ကို စကားစ ပြောရှာသည်။

"တွမ်ဆုံးသွားတာ သိတယ်နော်"

"ဟုတ်ကဲ့ သိပါတယ်"

"ဘုရားသခင် စီမံရာပဲလို့ အခုတော့ လူစီလည်း လက်ခံပါပြီ"

ချက်ချင်း တစ်စုံတစ်ခု သတိရဟန်ဖြင့် လူစီက ထိုင်နေရာမှ ထလိုက်ပြီး ကျွန်တော့်ကိုပါ ခေါ်သည်။

"လာ... လူစီနဲ့ လိုက်ကြည့်စမ်း ဂျက်"

အနောက်ဘက် အခန်းတစ်ခုအရောက် ကလေးအိပ် ပုခက်ခုတင်ကလေး တစ်ခုထဲမှ ကလေးငယ်တစ်ဦးကို လူစီက ချီယူလိုက်ပြီး ပြုံးရွှင် ပြောသည်။

"ဒါ တွမ့်ရဲ့သားကွယ့်၊ တွမ်နဲ့ မတူဘူးလား၊ တွမ်နဲ့ တူလွန်းလို့ တွမ်ရဲ့သားမှန်း လူစီသိနေတယ်"

ကလေးမှာ ဝဝဖြိုးဖြိုးနှင့် ကြည့်ကောင်းလှသည်။ ကျွန်တော်က အမည် မေးကြည့်၏။

"နာမည်က ဘယ်လိုတဲ့လဲဗျာ"

"ဝီလီလေ... ဝီလီစတာ့ခ်ပေါ့၊ ဝီလီနာမည်ကိုပဲ ဆက်ပေးထားလိုက်တယ် ကွယ်၊ ဘာကြောင့်လဲဆိုတော့" လူစီက စကားကို ခေတ္တဖြတ်ကာ ကျွန်တော့် မျက်နှာကို ကြည့်လိုက်ပြီးမှ ဆက်ပြောသည်။

"ဝီလီဟာ ကြီးမြတ်တဲ့ လူတစ်ယောက် မဟုတ်လား၊ သူဟာ တကယ်ပဲ ကြီးမြတ်တဲ့ လူပါပဲကွယ်၊ ဟုတ်တယ် မဟုတ်လား ဂျက်၊ လူစီတော့ အဲသလိုပဲ ယုံကြည်လက်ခံရတော့မှာပဲ"

မှန်ပါသည်။ ကျွန်တော်လည်း ထိုသို့ပင် လက်ခံရပါလိမ့်မည်။ ဝီလီ စတာ့ခ်သည် ကြီးမြတ်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း ကျွန်တော် ယုံကြည် ရပါလိမ့်မည်။ ဘယ်လို ကြီးမြတ်သည် ဆိုခြင်းမှာ ပြဿနာမဟုတ်။ သို့သော်ငြား သူသည် ကြီးမြတ်မှု ဟူသည်ကို ရယူနိုင်ခဲ့သည်ကား အမှန်ပင်၊ ဒါကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်လက်ခံရမည်။ ဝီလီစတဲ့ခ်သည် ကြီးမြတ် သော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ခဲ့သည်ဟု ယုံကြည်လက်ခံရင်းကပင် ကျွန်တော် သည် အခြားလူတွေ အားလုံးကိုလည်း ဤကဲ့သို့ပင် ထင်မြင် ယူဆနိုင်ပါသည်။ ကျွန်တော့်ကိုယ် ကျွန်တော်လည်း ကြီးမြတ်သည်ဟု ထင်မြင်နိုင်ပါသည်။ တစ်ချိန် တည်းမှာပင် ကိုယ့်ကိုယ်ကိုယ် ရှုတ်ချနိုင်ပါသည်။ ကျွန်တော့်အဖို့ရာမှ ကိုယ့်ကိုယ်ကိုယ် ရှုတ်ချမိဖို့သာ သေချာပါသည်။

ထိုနှစ်နွေ စောစောပိုင်းတွင် မေမေက လှမ်းခေါ်သဖြင့် ကျွန်တော် ဘာဒင်လင်းဒင်းမြို့သို့ ပြန်ဖြစ်ခဲ့၏။

မေမေသည် ဆင်ဝင်အောက်မှပင် ထွက်ကြိုနေရှာပါ၏။ ဘေးဝရန်တာ ဘက်တွင် စကား စမြည်ပြောရင်း သောက်ကြစားကြသည်။ ထူးခြားသည်မှာ မေမေ သိပ်စကားမပြော၊ ကျွန်တော်ကလည်း မေမေ ဘာကြောင့်ခေါ်သည်ကို လောဆော်၍ မမေးပါ။

ည ၇ နာရီအထိ ပထွေး ပြန်ရောက်မလာသေးသဖြင့် 'ဘယ်သွားနေ သလဲ' ဟု ကျွန်တော်က မေးကြည့်ရာ 'မသိ' ဟု ဖြေ၏။

"သူထွက်သွားတာ ငါးရက်ရှိပြီ သား၊ ဘယ်သွားတယ်လည်း မသိနိုင် တော့ဘူး၊ တစ်ခုတော့ ရှိတယ်၊ မေမေ ဒီက ထွက်သွားမှ သူ ပြန်လာလိမ့်မယ်၊ မေမေကလည်း သူ့ကို စွန့်တော့မလို့"

"ဟာ... မေမေ ကျွန်တော်တော့ အံ့အားသင့်သွားတာပဲ"

မေမေက မျက်နှာကို လွှဲလိုက်ပြီးမှ ပြောသည်။

"ဒါပေမယ့် သားရယ်၊ သိပ်တော့ မဆန်းတော့လို့ သား အံ့ဩမယ် လို့တောင် မေမေ မထင်မိဘူး"

တကယ်က ကျွန်တော်သာမက အခြား မည်သူမဆို အံ့ဩကြမည်သာ ဖြစ်ပါသည်။ မေမေ့လို အရွယ်လွန် အိမ်ထောင်နေသော အမျိုးသမီးကြီး တစ်ယောက် က ယခုမှ ၄၀ ကျော်အရွယ် ရှိသေးသော ယောကျ်ားတစ်ယောက်ကို ဆက်ပြီ ပေါင်းသင်းရန် အလို မရှိတော့ခြင်းမှာ အံ့ဩဖွယ် မဟုတ်ပါလား။

"ဘာကြောင့်ဆိုတာ သားနားလည်ပါတယ်နော်" ဟု မေမေကမေးသည်

"ဟင့်အင်း မေမေ၊ ကျွန်တော် နားမလည်ဘူး" ဟု ကျွန်တော် ပြန်ဖြေလိုက်ပါသည်။

"မနှစ်ကတည်းက စတာပဲကွယ့်၊ ဒီလို ဖြစ်လိမ့်မယ်လို့လည်း မေမေ ထင်ခဲ့ပါတယ်"

"ဘယ်တုန်းက ဘာဖြစ်တာလဲ မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"သား... ဟိုကိုသွားပြီး၊ အဲလေ... တရားသူကြီး မွန်တီ သေပြီးက တည်းကပေါ့"

ကျွန်တော့်ကြောင့် တရားသူကြီး သေခဲ့ရသည်ကို ပြောတော့မည်ပြုပြီးမှ မေမေစကားပြင်ပြောခြင်း ဖြစ်သည်။

မေမေက ကျွန်တော့်ဘက်ကို ကိုယ်ကိုကိုင်းကာ အသနားခံသော အကြည့်ဖြင့် ကြည့်၍ ပြောသည်။

"သား... ဂျက်ရယ်၊ အဲဒါ မွန်တီလေ၊ သားမသိခဲ့ဘူးလား၊ အဲဒါ... မွန်တီပဲ"

ကျွန်တော် ခုမှ သိရပါပြီ။ ကျွန်တော် နားလည်ပြီ ဖြစ်ကြောင်း မေမေ့ကို ပြောလိုက်ပါသည်။

"အာဝင်ဟာ... မွန်တီပဲဆိုတာ မေမေ တကယ် မသိခဲ့ဘူး၊ မေမေတို့ အဆက်အဆံ မရှိတာလည်း ကြာလှပြီ မဟုတ်လား၊ ဒါပေမယ့် မွန်တီကတော့ အမြဲတမ်း မွန်တီပါပဲလေ၊ သူသေမှ မေမေ သိတော့တယ်၊ သိလည်း မသိချင်ပါဘူး သားရယ်၊ ဒါပေမယ့် မေမေ သိခဲ့ရတယ်၊ အားလုံး မှားကုန်ကြတာပဲပါ လား"

မေမေသည် ထိုင်ရာမှ ရုတ်တရက်ထပြီး အိမ်ထဲ အပြေးဝင်သွားသည်။

ခဏအကြာ ကျွန်တော် မေမေ့အခန်း တံခါးအထိ သွားကြည့်၏။ တံခါးခေါက်ပြီး အထဲဝင်မည် စိတ်ကူးသေး၏။ သို့သော် အမှန်တရားကို မြင်လာပြီ ဖြစ်သူ တစ်ယောက်အတွက် တခြားလူက နှစ်သိမ့်ပြောပြရန် လိုပါသေးသလား၊ သူကိုယ်တိုင် ပါဝင်ခဲ့သော ကိစ္စ... ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ အမှန်အတိုင်း မေမေ မြင်ခဲ့ချေပြီတကား။

ကျွန်တော် အိမ်အောက်ထပ်ဆင်း ခြံထဲသွား လမ်းလျှောက်သည်။ လမ်းလျှောက်ရင်း စဉ်းစားနေမိသည်မှာကား၊ ဖေဖေ့ကို ကျွန်တော် သေစေခဲ့ခြင်းဖြင့် မေမေ၏ ဝိညာဉ်ကို ကျွန်တော် အကာအကွယ်ပေးနိုင်ခဲ့ပါချေသည် တကား။ ဖေဖေ့ကိုလည်း အလားတူ ကျွန်တော် အကာအကွယ်ပေးနိုင်ခဲ့သည်ဟု ထင်မိပါ၏။

နောက်တစ်နေ့တွင် မေမေ ဤအိမ်ကြီးမှ ထွက်ခွာသည်။ အနောက်ဘက်ရှိ နီဗားဒါး ပြည်နယ်သို့ သွားပြီး ကွာရှင်းရေးကိစ္စများ ဆောင်ရွက်ရန် ဖြစ်သည်။ ဘူတာရုံသို့ ကျွန်တော် ကိုယ်တိုင် ကားမောင်းပို့ခဲ့ပါ၏။

မေမေက ရုတ်တရက် စကားတစ်ခု ပြောလာ၏။ မေမေ့အိမ်ကိုယခု ကွာရှင်းမည့် နောက်ယောက်ျား သီအိုဒိုအား လွှဲပေးမည့်အကြောင်း ဖြစ်သည်။

"သားရေ... မေမေ့အိမ်ကြီးကိုတော့ သီအိုဒိုကိုပဲ ပေးလိုက်တော့မယ်၊ ၃ ကိစ္စက သူ့အပြစ်လည်း မဟုတ်ဘဲကိုး၊ သူကလည်း ဒီအိမ်ကို အတော်

www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တယ်၊ ပြီးတော့ သားမှာက မွန်တီရဲ့ အိမ်ကြီးကိုလည်း အမွေအဖြစ် ရထားပြီ မဟုတ်လား၊ မွန်တီရဲ့ အိမ်ကြီးကို သားကလည်း ပိုကြိုက်မှာပါ၊ ဘာကြောင့်လည်း ဆိုတော့"

မေမေ စကားမဆက်မီ ကျွန်တော်က ဝင်ဆက်ပေးလိုက်၏။

"ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ဖေဖေရဲ့ အိမ်လေး မေမေ့အိမ်က မေမေပိုင်ပဲ၊ မေမေ ပေးချင်သူကို ပေးနိုင်ပါတယ်၊ ပြီးတော့ မေမေ့ပစ္စည်း မေမေ လုပ်ချင်ရာ လုပ်ပါ၊ ကျွန်တော့်အတွက် ထည့်မစဉ်းစားပါနဲ့၊ ကျွန်တော် အဲဒါတွေလည်း မလိုချင်ပါဘူး"

"ငွေကတော့ သိပ်မရှိလှတော့ပါဘူးကွယ်"

"မေမေ ငွေလိုတယ်လား၊ လိုရင်..."

"လုံလောက်ပါတယ် သားရယ်၊ ခြိုးခြိုးခြံခြံတော့ နေရမှာပေါ့"

ရထားမလာသေးမီ မေမေက တစ်ခုမေး၏။

"သား...မေမေ့ကို တစ်ခုပြောပြပါလား၊ ဟို...မွန်တီဆီ သား သွားတွေ့တုန်းက သားနဲ့ ဘာတွေ ဖြစ်ခဲ့ကြသလဲ"

မေမေ ဘာသိချင်သည်ကို ကျွန်တော်သိသည်။ နေရှိန်ပူနေသည့်ကြားမှ ကျွန်တော့်မှာ ရေခဲတမျှ အေးစက်လာသည်။

"ဘာမှ မဖြစ်ဘူး မေမေ၊ နိုင်ငံရေးအကြောင်းတော့ ငြင်းကြခုံကြပါတယ်၊ ဒါပေမယ့် ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး မေမေ၊ ဖေဖေကတော့ သူ့ကျန်းမာရေး အခြေအနေအကြောင်းပဲ ပြောနေ ညည်းနေတယ်၊ အဲဒီနေ့က ကျွန်တော့်ကို နှုတ်ဆက်တော့လည်း 'ဂွတ်ဘိုင်' ဆိုပြီး ကြာရှည်ခွဲခွာမယ့် နှုတ်ဆက်ဝေါဟာရကို သုံးခဲ့တယ်၊ ခုမှ အဲဒီ အဓိပ္ပာယ် သူ ဘာကို ရည်ညွှန်းကြောင်း ကျွန်တော် သတိထားမိပါတယ်"

"ဒါ...အမှန်ပဲလား သား"

"ဟုတ်ပါတယ် မေမေ"

ကျွန်တော်တို့ ရထားဆက်စောင့်နေကြ၏။ ဘာမျှ ဆက်မပြောဖြစ်ကြ။ ပြောစရာလည်း မရှိတော့ပြီ။ မေးချင်နေသော မေးခွန်းကိုလည်း အောင့်ထားခဲ့ရာမှ မေးပြီး သွားပြီ မဟုတ်လား။

ရထားဆိုက်လာသောအခါ မေမေက "သွားတော့မယ်...သား" ဟု နှုတ်ဆက်သည်။ ကျွန်တော်ကလည်း ပြန်လှန် နှုတ်ဆက်စကားဆိုနိုက် ဘာရားသူကြီး အာဝင်အကြောင်း မေမေ့ကို ကျွန်တော် လိမ်ပြောခဲ့သည်ကို ပြန်စဉ်းစားမိနေ၏။ ကျွန်တော်သည် ခွဲခွာ လက်ဆောင်အဖြစ် မေမေ့ကို မုသားတစ်ခု ပေးလိုက်ခဲ့ပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com



မေမေကလည်း ကျွန်တော့်ကို လက်ဆောင်တစ်ခုပေးခဲ့ပါသေး၏။ ထိုလက်ဆောင်မှာကား မေမေ့အကြောင်း ရုပ်ပုံလွှာသစ် ဖြစ်သည်။ ထိုရုပ်ပုံလွှာသစ်သည်ပင်လျှင် လောကအမြင်သစ် ဖြစ်ပါချေ၏။ ဆာဒီဘတ်က လည်းကောင်း၊ လူစီစတော့ခ်က လည်းကောင်း၊ ဝီလီစတော့ခ်က လည်းကောင်း၊ ဖိုးသကြားက လည်းကောင်း၊ အဒမ်စတင်တန်က လည်းကောင်း ထိုအမြင်သစ် လက်ဆောင်များ ပေးခဲ့ကြပြီး ဖြစ်ပါသည်။ ထိုအမြင်သစ်ကြောင့်လည်း ရှက်ဖွယ်လိလိဟု ယူဆခဲ့သည့် အတိတ်ဖြစ်ရပ်များကို ကျွန်တော် လက်ခံရဲလာပါပြီ။

နှစ်ပေါင်းများစွာပင် မေမေ့ကို ကျွန်တော်က အသည်းနှလုံး ကင်းမဲ့လှသော မိန်းမကြီးဟု သတ်မှတ်မိခဲ့ဖူး၏။ ယောကျ်ားတွေအပေါ် အနိုင်ယူချင်သော မိန်းမဟု ရှုတ်ချမိခဲ့ပါ၏။ ကျွန်တော်က မေမေ့သြဇာမခံ၊ တွန်းလှန်ခဲ့သည်။ သို့ရာတွင် မေမေသည် လှပပါသည်။ သို့အတွက် ကျွန်တော် ဂုဏ်ယူခဲ့သည်။ ကျွန်တော့်ကို မေမေက ချစ်စေချင်သည်။

တရားသူကြီး အာဝင်၏ အိမ် စာကြည့်ဆောင်ထဲတွင် ထိုင်ရင်း ပြတင်းပေါက်မှ ဝင်လာသော ညလေပြည်လေညင်းကို အရသာခံကာ မေမေ့အကြောင်းကို စဉ်းစားနေချိန်တွင် ကျွန်တော်သည် ငြိမ်းချမ်းသာယာ၍ စိတ်ပေါ့ပါးကာ လောက အာရုံသစ်ကို ခံစားမိသည်။

ခဏအကြာတွင် ကျွန်တော်သည် စတင်တန်ဂေဟာသို့ သွားခဲ့ပါသည်။

ဝရန်တာ မှောင်ထဲထိုင်ကြရင်း မေမေ့အကြောင်း၊ မေမေပေးခဲ့သော လက်ဆောင်အကြောင်း အင်နီကို ကျွန်တော် ပြောပြမိခဲ့သည်။ **အတိတ်နှင့် အတိတ်၏ ဝန်ထုပ်ဝန်ပိုးများကို လက်ခံရန် ဝန်လေးနေလျှင် အနာဂတ်ကင်းမဲ့ချေမည်။ အတိတ်ကို လက်ခံမှ အနာဂတ်အတွက် မျှော်လင့်နိုင်မည်။ အနာဂတ်ဆိုသည်မှာ အတိတ်မှ ပေါ်ထွက်လာရခြင်းသာ ဖြစ်သည်။** စသည်…စသည်…

ကျွန်တော့်စကားများကို နားထောင်နေပြီး အတော်ကြာ ငြိမ်နေပြီးမှ အင်နီက ထင်မြင်ချက်ပေးလာ၏။

"အင်နီလည်း အဲဒါကိုယုံတယ်၊ အဲဒီယုံကြည်ချက်မျိုးမှ မထားရင် အင်နီ ခုအချိန် ဒီလောကမှာတောင် မရှိတော့ပါဘူး ဂျက်ရယ်"

* * *

ယခု ကျွန်တော် ရေးခဲ့သော ဇာတ်လမ်းသည် ဝီလီစတော့ခ်အကြောင်း ဖြစ်သည်ဆိုသော်လည်း ကျွန်တော့်အကြောင်းလည်း ဖြစ်နေပါချေ၏။

ဤ ကျွန်တော့်ဇာတ်လမ်းသည် ပတ်ဝန်းကျင်လောကကြီးကို ပထမတစ်မျိုးထင်၊ နောက်တော့ တစ်မျိုးမြင်သိလာခဲ့သော လူငယ်ယောက်အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါ၏။ အပြောင်းအလဲများမှာ ချက်ချင်း ဖြစ်လာသည်ကား မဟုတ်ပါ။ အဖြစ်အပျက် အမြောက်အမြား ဖြစ်ပျက်ခဲ့သော်လည်း ထိုအဖြစ်များအတွက် သူ့အဘယ်မျှ တာဝန်ရှိကြောင်း သူမသိ။ မည်သူ့မျှ တာဝန်မရှိဟုပင် ကာလ တစ်ကန့်၌ သူက ယုံကြည်ခဲ့သူ ဖြစ်၏။ ဤသို့ တွေးထင်ခဲ့မှုကြောင့် ကာလ တကန့်လောက်တော့ သူသည် စိတ်သက်သာရာ ရခဲ့သည်။ အကြောင်းမှု ဘာ အတွက်မျှ အပြစ်ရှိသည်ဟု မဆိုနိုင်သောကြောင့် ဖြစ်သည်။

သူသည် ဖခင်ဖြစ်သူကို သေစေခဲ့သည်။ မိတ်ဆွေနှစ်ဦးကိုလည်း တစ်ဦးလက်ချက်ဖြင့် တစ်ဦးသေစေခဲ့သည်။ သို့ရာတွင် ဤအပြစ်များအတွက် သူ့တာဝန် မရှိဟု ထင်နေခဲ့သူ ဖြစ်သည်။

သို့သော် အချိန်ကြာမြင့်လာသည်နှင့်အမျှ သူ့အမြင် ခံယူချက်များ ပြောင်းလာချေသည်။ သူသည် လူပေါင်းများစွာ အသက်ရှင်နေကြခြင်းနှင့် ကွယ်လွန်သွားကြခြင်းများကို တွေ့ကြုံခဲ့ရသည် လူစီစတာ့ခ်တို့၊ ဖိုးသကြားတို့၊ ပညာရှင် ရှေ့နေကြီးတို့၊ ဆာဒီဘတ်တို့၊ အင်နီစတင်တန်တို့ အသက်ရှင်လျက် ရှိကြသည်။ သူ့ဖခင်အရင်း တရားသူကြီးအာဝင်၊ သူ့မိတ်ဆွေ ငယ်သူငယ်ချင်း ဒေါက်တာ အဒမ်၊ သူ့ဆရာကြီး ဝိလီစတာ့ခ်စသူတို့ကား သေဆုံးသွားကြပြီ။

ဝိလီကဆိုလျှင် သေခါနီး သူ့ကို ပြောသွားဖူးသော စကားပင် ရှိနေပါသေး၏။

"ဂျက်ရေ... ဘယ်နည်းနဲ့မှ ဒီလို မဖြစ်နိုင်ဘူး၊ ဒါတော့ ယုံကြည်ပါကွာ" ဟူ၍

BURMESE CLASSIC

သမိုင်းသမားအဖြစ် ဂျက်ဘာဒင် တွေ့ခဲ့ရသည်မှာကား ဒေါက်တာ အဒမ်သည် "စံ" သမား၊ ဝိလီစတာ့ခ်သည် "လက်တွေ့" သမား။ ထိုနှစ်ဦးသားတို့ တစ်ဦးကို တစ်ဦး ချေမှုန်းခဲ့ကြချေသည်တကား။ တစ်ဦးက တစ်ဦးကို အသုံးချရန် ကြိုးစားရင်း တစ်ဦးစိတ်ကို မပြည့်ဝကြသောအခါ ဖျက်ဆီးခဲ့ကြရကုန်၏။

ယခုသော်ကား ဂျက်ဘာဒင်ဟူသော ကျွန်တော်သည် ကျွန်တော်၏ ဖခင် အမွေပေးခဲ့သော အိမ်၌ နေထိုင်လျက် ရှိပါ၏။ ကျွန်တော်နှင့် အတူ ကျွန်တော့်ဇနီး ဖြစ်လာသော အင်နီလည်း ရှိနေသည်။ အခြားတစ်ဦးမှာကား တစ်ကြိမ်က ကျွန်တော့်မိခင်နှင့် လက်ထပ်ခဲ့ပြီးသော ပညာရှင် ရှေ့နေကြီး ဖြစ်သည်။ အိုမင်းမစွမ်း ဖြစ်နေပြီး ထမင်းဆိုင်အပေါ်ထပ်၌ ဆင်းဆင်းရဲရဲဖြစ်နေသူ ထိုအဘိုးအိုကို သူ့အခန်းကျဉ်းထဲ၌ နာမကျန်း ဖြစ်နေကြောင်း မကြာမီက ကျွန်တော် တွေ့ခဲ့ရသဖြင့် အိမ်သို့ ခေါ်လာခဲ့ခြင်း ဖြစ်သည်။

အဘိုးအိုသည် ခွန်အား အတော် ဆုတ်နေပါပြီ။ ကွယ်လွန်လျှင် ဤအိမ်ကြီး၌ သူမရှိတော့ပြီ ဖြစ်သဖြင့် ကျွန်တော်တို့လည်း တရားသူကြီး အာဝင်

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှိစဉ်က ဆပ်ရန် ကျန်ခဲ့သော ကြွေးများပေးဆပ်ရန် ဤအိမ်ကြီးကို ရောင်းချလိုက်ရပါမည်။ ကွယ်လွန်ချိန်၌ ကျွန်တော့်ဖခင်ဖြစ်သူ တရားသူကြီး အာဝင်မှာ သူဌေးတစ်ဦး မဟုတ်တော့။ သူ့အိမ်ကို ရောင်းပြီး ပိုသမျှ ငွေများ မှာလည်း ဟိုယခင်က ကျွန်တော့်ဖခင်၏ ဒဏ်ရာဒဏ်ချက်ကို ခံစားခဲ့ရသူ မစ္စလစ်တဲလ်ပတ်အတွက်သာ ဖြစ်ရမည်။ သို့သော် အဘွားကြီးလည်း ကွယ်လွန် သွားပြီ ဖြစ်ကြောင်း ကျွန်တော် သိခဲ့ရပြန်ပါသည်။

ထို့ကြောင့် ထိုငွေများကို ယခု ကျွန်တော် စာအုပ်ရေးနေစဉ် စားဝတ်နေ ရေးအတွက် သုံးစွဲရပေတော့မည်။ အဘိုးကြီးလည်းဆုံး၊ ကျွန်တော့်စာအုပ်လည်း ပြီးသွားလျှင် ဤအိမ်ကြီးတွင် ကျွန်တော်တို့ ဆက်နေမည် မဟုတ်တော့ပါ။ ယခုနှစ် နွေဦး၌ ကျွန်တော်နှင့် အင်နီတို့ ဘာဒင်လင်းဒင်းမြို့မှ ခွာကြပါမည်။

ဤမြို့သို့ ပြန်တော့ ပြန်လည်လာပါဦးမည်။ ပင်လယ်ကွေ့ ကမ်းခြေ တစ်လျှောက် အင်နီနှင့် ကျွန်တော်တို့ လမ်းလျှောက်ကြပါဦးမည်။ သို့သော် အချိန်လိုပါသေးသည်။ ယနေ့ မနက်ဖြန်တွင်ပင် ကျွန်တော်နှင့် အင်နီတို့ ဤအိမ် ကြီးမှ ခွာရပြီး အနိဋ္ဌာရုံ ပတ်ဝန်းကျင်အတွင်း ရောက်လျှင် ရောက်သွားနိုင် ကြပါသေးသည်။ အဓိပ္ပာယ်မှာ သမိုင်းစဉ်၏ အပြင်ဘက်မှ သမိုင်းဝင် လောက အတွင်း ပြန်ရောက်လာခြင်း…ဟု ဆိုနိုင်မည် ထင်ပါသည်။ အလားတူပင် တာဝန် ကျေပွန်ဖွယ်ရာ အတိုပြီးသော ကာလသမယတစ်ခုအတွင်း ကျွန်တော်တို့ ပြန်လည်ရောက်ရှိ ကျင်လည် ရပါလိမ့်ဦးမည် ထင်ပါ၏။ ။

(ပြီးပါပြီ)

ရေဘာတ်၊ ပင်း၊ ဝါးရင်း

မောင်ဝံသ
(မြန်မာပြန်သူ)

www.burmeseclassic.com